www.burmeseclassic.com

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# သက်မင်းကြေကျိုး

မြွေနတ်သမီးကျိန်စာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၄၄၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၆၈၀၉၀၉

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန် ( ၀၄၂၃၂ )၊ သင်းစာပေ

ပုံနှိပ်သူ

ဦးဇော်မင်းအေး ( မြ/၀၇၁၂၅ )၊ ဇော်ပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်း

ပန်းချီ ရှုနော်လ်

အတွင်းအပြင်အဆင်နှင့် စာစီ

ထက်ဝေယံစာအုပ်တိုက်

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်

ထုတ်ဝေသည့်ကာလ

ဧပြီလ – ၂၀၁၀

အုပ်ရေ

၁၀၀၀

တန်ဖိုး

၁၁၀၀

၈၉၅.၈၃

သက်မင်းဂျူလိုင်

မြွေနတ်သမီးကျိန်စာ/သက်မင်းဂျူလိုင် – ရန်ကုန်

သင်းစာပေ ၊ ၂၀၀၉ ။

၃၃၀ – စာ ၊ ၁၂ × ၇ စင်တီ။

(၁) မြွေနတ်သမီးကျိန်စာ


## ပါဝင်သောအခန်းစဉ်များ


နိမိတ်နိဒါန်းအဖွင့်…

အခန်း (၁) - ဆာဒူးကြီးနှင့်အိပ်မက်စေတမန်…

အခန်း (၂) - (၁၉၄၀)ခုနှစ်လွန်များက မြန်မာ့မြင်ကွင်း

အခန်း (၃) - ဗွန်ဂန်တောင်မှ အန္တရာယ်နိဒါန်း…

အခန်း (၄) - ဗွန်ဂန်တောင်တွင် ဘီလူးပေါ်ခြင်း…

အခန်း (၅) - စုပြုံတိုးဝင်လာကြသည့် အန္တရာယ်ကောင်ကြီးများ

အခန်း (၆) - ထူးဆန်းသောဆာဒူးကြီးရောက်ရှိလာခြင်း

အခန်း (၇) - မြေရာပျောက်သို့ မြေရာကောက်ခြင်း

အခန်း (၈) - သံယောဇဉ်အတွက်လက်စားချေကြသူများ

အခန်း (၉) - စစ်မီးလျှံများကြားမှ ပျောက်ဆုံးသွားသောဘဝများ

အခန်း (၁၀) - ဗွန်ဂန်တောင်မှ စောင့်ကြိုနေသူတစ်ယောက်

အခန်း (၁၁) - သေတွင်းမှလွတ်မြောက်လာကြသူများ

အခန်း (၁၂) - ဆာဒူးကြီးပြောသော…ရှေ့ဖြစ်နိမိတ်ပုံရိပ်များ


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၃) - ရွှေရောင်နတ်သမီးတစ်ပါးနှင့်တွေ့ဆုံခြင်း

အခန်း (၁၄) - မျှဉ်းပြိုင်နှစ်ကြောင်း၏ ဝင်္ဂပဏ္ဏသံယောဇဉ်

အခန်း (၁၅) - သံယောဇဉ်ပါတော်မူခန်း…သို့မဟုတ်

အခန်း (၁၆) - အန္တရာယ်ရင်ခွင်သို့တိုးဝင်ကြခြင်း

အခန်း (၁၇) - ရေလယ်ကျွန်းမှ မြွေနတ်သမီးကျောင်းဆောင်

အခန်း (၁၈) - တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူများ…သို့မဟုတ်

အခန်း (၁၉) - တော၏ဟူလက် တော၏မာယာ…

အခန်း (၂၀) - တောနက်ကြီးထဲမှ ကြောက်မက်ဖွယ်သတ္တဝါကြီးများ

အခန်း (၂၁) - ကယ်တင်ရှင်မြွေနတ်သမီးလော…

အခန်း (၂၂) - သက်ရောက်လာသည့် မြွေနတ်သမီး၏အာဏာစက်များ

အခန်း (၂၃) - မပြီးဆုံးနိုင်သော မြွေနတ်သမီး၏ကျိန်စာ

အခန်း (၂၄) - အသက်ဝင်လာသော မြွေနတ်သမီး၏မျက်ရှင်တော်

အခန်း (၂၅) - ပြည်တော်ပြန် မျက်ရှင်တော် သို့မဟုတ်…

အခန်း (၂၆) - မြွေနတ်သမီး၏ ကျိန်စာနိဂုံး…နိဒါန်း


# "မြွေနတ်သမီးကျိန်စာ

- ငါသည်…လောကကိုစောင့်ရှောက်၏။
- ငါသည်…မြေရေလေမီးကို ပိုင်ဆိုင်၏။
- ငါ၏ မျက်လုံးတော်နှစ်လုံးတွင် သန္တေတည်ကိန်းဝပ်သော (MOON STARS) ခေါ် တန်ဖိုးအနဂ္ဃထိုက်တန်လှသည့် အဖြူရောင် လကြယ်စင်စိန်ကြီးနှစ်လုံးတွင်…အဖိုးတန် မြကျောက်ရတနာများကိုစီချယ်ကာ မျက်ရှင်တော်… ဟု ဖန်ဆင်းထားခဲ့သည်။
- ငါ၏ မျက်ရှင်တော်မှာ…လပြည့်လကွယ်ညဉ့်များတွင် ထူးခြားသောရောင်စဉ်တန်းများကို စေလွှတ်၍…ကောင်းကင်ယံထက်တွင် ပျော်ပါးကျက်စားလေ့ရှိသည်။
- ငါ့အား ယုံကြည်စွာချဉ်းကပ်ကိုးကွယ်သူများကို… သင့်တင့်မျှတသော မြေရေလေမီးဓာတ်လေးပါးကိုပေး၍ ထူးခြားသောအကျိုးလာဘ်လာဘများကို ပေးစွမ်းပါ၏။
- ထို့အတူ…

ငါ့အား မထီမဲ့မြင်နှင့် ပြစ်မှားစော်ကားမှုပြု၍… လောဘအမှောင်ဖုံးကာ ငါ၏မျက်ရှင်တော်များအား ယူပါ အံ့…။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူတို့သည်...ကုန်းသော၊ ရေသော၊ မီးသော၊ လေသော၊ စားလုံလက်နက်...မီးပေါက်လက်နက် စသောဘေးဆိုးများဖြင့် သင့်ရုံမျှမက...

ငါ၏ ကိုယ်စားကိုယ်ပွား...

မြွေအမျိုးပေါင်းတစ်ထောင်ကျော်တို့က ထိုသူအားလည်းကောင်း၊ မိသားစုအားလည်းကောင်း၊ ချစ်ခင်သူတို့အားလည်းကောင်း...သေးဒုက္ခကပ်ဆိုးကြီးများပေးကာ နောက်ဆုံး၌...သေခြင်းတရားနှင့် ရင်ဆိုင်ကြုံတွေ့ရပါစေသတည်း။

"ရှန်ကာဒေဝီမြွေနတ်သမီး"

BURMESE CLASSIC .com

## ❖ နိမိတ်နိဒါန်းအဖွင့် ❖

နှင်းတွေ၊ နှင်းခဲ၊ နှင်းဖတ်များက တဖွဲဖွဲကျဆင်းလျက် ခန်းကျင်တစ်ခုလုံးဝိန်းပိတ်၍အုပ်ဆိုင်းနေကြသည်။ နေလည်းမမြင် နှင်းတမြူမြူတွင် နှင်းခိုးနှင်းငွေ့တို့ကသာ လေပြည်ညင်းညင်းတွင် ဝေ့ဝဲလွင့်ပျံ့နေပါလေ၏။

ရံဖန်ရံခါ လေပြင်းတစ်ချက်ရိုက်ခတ်လိုက်တိုင်း အဆုပ်လိုက်၊ အခဲလိုက်ပိတ်ပိတ်သည်းသည်း လွင့်မျောလာသည့် နှင်းမှုန်ထွေးထွေးများက မင်းမောင်၏ခန္ဓာကိုယ်ကြီးအား ဖုံးအုပ်သွားယုမတတ်ရှိနေပါ၏။ သို့သော် ...တောင်စောင်းဆင်ခြေလျှောတစ်လျှောက်အတားအဆီးမဲ့ တလိမ့်လိမ့်ကျဆင်းလာသည့် မင်းမောင်၏ကိုယ်ခန္ဓာကြီးကမူ နှင်းထွေး၊ နှင်းဖတ်၊ နှင်းခဲများနှင့် ရောထွေးလျက် ...။

www.burmeseclassic.com

တစ်ခါတစ်ရံ . . . အောက်ထိုးမိုးမျှော်ဖြစ်သွားလိုက်၊ တစ်ဖန် နှင်းထွေးတောင်စောင်းဆင်ခြေလျှောအတိုင်း လျှောထိုး၍ကျသွားလိုက်၊ တစ်ခါတစ်ခါ . . . ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သုံးလေးပတ်ခန့်လိမ့်ဆင်းကျသွားလိုက်နှင့် မင်းမောင်ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာ နှင်းထွေးခြားရဟတ်ကြီးတစ်ခု ချာချာလည်နေသည်သို့ ရှိနေပါ၏။

'ဝေါ . . ဝေါ . . ဝုန်း . . ဖရော . . ဖျော . .'

တောင်ကုန်းအမြင့်ပေါ်မှ အတားအဆီးမဲ့ထိုးကျလာသော မင်းမောင်၏ခန္ဓာကိုယ်ကြီးက ချုံနွယ်များကိုလည်း တိုးတိုက်သွားသည်။ နှင်းဖုံးကျောက်စွန်းများပေါ်မှလည်း ဖြတ်ကျော်သွားသည်။ နွယ်ဒါန်းကြီးများနှင့်လည်း ငြိတွယ်လိုက်၊ ပြုတ်ကျသွားလိုက်နှင့် ခန္ဓာကိုယ်တစ်ကိုယ်လုံး သွေးခြင်းခြင်းနီလျက် ထိတ်လန့်ကြောက်ရွံ့မှုများနှင့်ဆုပ်မိဆုပ်ရာ ချုံနွယ်သစ်ပင်ကျောက်စွန်းများကို ဆုပ်ကိုင်မိသော်လည်း ပြုတ်ကျလာသည့်အရှိန်အဟုန်က ပြင်းသဖြင့် မည်သို့မျှချိတ်တွယ်မရဖြစ်နေပါ၏။

ထိုစဉ်မှာပင် အဝေးတစ်နေရာမှ ကိုကို . . . အနီးဆုံးနေရာဆီမှ ကိုကို . . . ခေါ်ငင်သံသဲ့သဲ့ကို မင်းမောင်ကြားလိုက်ရသည်။

"လူကလေးရေ . . . လူကလေး . . . ဟောဒီ ပဝါဖြူစ



ကို မိအောင်ဖမ်းဆွဲယူလိုက်နော်"

အော်ဟစ်ပြောဆိုသံသဲ့သဲ့နှင့်အတူ သူ၏အနီးတစ်ဝိုက်သို့ ဟိုသည်ဝှေ့ယမ်း၍လွင့်မျောနေသည့် ပဝါဖြူတစ်စက တလွင့်လွင့်နှင့်ဝဲပျံကျလွင့်လာသည်ကို နှင်းမှုန်မြူငွေ့များကြားတွင် မင်းမောင်တွေ့မြင်လိုက်ရပါ၏။

"အား . . . ဟို . . . ဟို . . . ဟိုမှာ ပဝါဖြူတစ်ပိုင်း"

ထိုအချိန်တွင် မင်းမောင်ခမျာ နှင်းဖုံးတောင်စောင်းတစ်လျှောက် တလိမ့်လိမ့်ဆင်းနေချိန်ဖြစ်သည်။ သူ့အနီးသို့ လေအလျှင်ဖြင့် လွင့်ပါးရောက်ရှိလာသည့် ပဝါဖြူစလေးကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်သည်။ ပထမတစ်ကြိမ် မမိလိုက်။ ဒုတိယအကြိမ်တွင်လည်း ချော်ထွက်သွားပြန်သည်။

"စိတ်ငြိမ်ငြိမ်ထားပြီး သေသေချာချာဖမ်းဆုပ်လိုက်ပါ လူကလေး"

နားနားသို့ကပ်၍ အမိန့်ဆန်ဆန်ပြောဆိုလိုက်သော အသံကြောင့် အနီးသို့ဝေ့ဝဲလွင့်ကျလာပြန်သည့် အသံရှင်၏ပဝါဖြူစလေးကို တတိယအကြိမ်မြောက် မင်းမောင်ဖျတ်ခနဲဖမ်းဆုပ်လိုက်သည်။ အမှတ်မထင် ပဝါဖြူစလေးကို ဖမ်းယူဆုပ်ကိုင်နိုင်လိုက်သဖြင့် လိမ့်ဆင်းပြုတ်ကျနေသည့်အရှိန်က ရုတ်ချည်းရပ်တန့်သွားပြီး မင်းမောင်၏ခန္ဓာကိုယ်ကြီးမှာ လေဟာနယ်ထဲတွင် တန်းလန်းကြီး လွဲရမ်းနေပါလေ၏။

www.burmeseclassic.com



ထိုစဉ်မှာပင် ... နက်ရှိုင်းလှသော ချောက်ကမ်းပါးအမှောင်ထုကြီးထဲသို့ ထိုးကျသွားလုဆဲဆဲ ... မင်းမောင်၏ ခန္ဓာကိုယ်ကြီးကို နူးညံ့ပျော့ပျောင်းသော အိစက်ညက်ညောသော အရာတစ်ခုက ပွေ့ချီခေါင်လိုက်သကဲ့သို့ ခံစားလိုက်ရပြီးနောက် ... မင်းမောင်တစ်ယောက် သတိလစ်မေ့မြောသွားပါလေတော့သည်။

မင်းမောင်ခမျာ မည်မျှကြာကြာ သတိလစ်မေ့မြောသွားခဲ့သည်မသိ ... နူးညံ့သောအထိအတွေ့နှင့် ညှို့ငင်အားကောင်းလှသော အသံတစ်ခုကြောင့် ပြန်လည်၍ သတိရလာခဲ့သည်။ သတိရလာသည်နှင့် ဦးစွာမြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် မင်းမောင်ခမျာ ယောင်ရမ်း၍ပင် ဟစ်အော်လုလုဖြစ်သွားပါ၏။

"ဟာ ... မြွေ ... မြွေကြီး ... မြွေဖြူကြီး"

"ဟော ... လူကလေးသတိရလာပြီထင်တယ် ... မကြောက်ပါနဲ့ကွယ် ဒီမြွေဖြူကြီးက ... မင်းကို အန္တရာယ်မပြုပါဘူးကွယ်"

မြင်တွေ့နေရသည့် ဆန့်ကျင်ဘက်မြင်ကွင်းနှစ်ခုကို မင်းမောင်ခမျာ ငေးကြောင်၍ မိန့်မိန့်မှုးမှုးကြည့်နေမိပါသည်။ ဟုတ်ပါသည် ...။ သူ၏ရှေ့တွင် တင့်တယ်ချောမောသော ရုပ်ဆင်းအင်္ဂါဖြင့် ဖြူဝင်းစွတ်စိုလှပသော နတ်သမီးလေးတစ်ပါးကို မြင်တွေ့လိုက်ရသည်။ သို့သော် ... ထူးခြားသည်မှာ ထို ပြစ်မျိုးမွဲမထင် ... နတ်သမီးလေး၏ သွယ်လျသော ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့တွင် ကြီးမားလှသော မြွေဖြူကြီးတစ်ကောင်က ရစ်ပတ်တွယ်ငင်ထားခြင်းပင်တည်း ...။



ထို့ထက်ပို၍ ထူးခြားသည်မှာ မြွေကြီး၏မျက်လုံးများနေရာတွင် သွေးစိမ်းရှင်ရှင်တို့ ယိုစီးကာထွက်ကျနေကြပါ၏။ ထို့အပြင် ... မြွေဖြူကြီးမှာ မျက်လုံးနှစ်လုံးစလုံးမရှိတော့ဘဲ သွေးစက်လက်ဖြင့် ဟောင်းလောင်းပေါက်လက်ကြီးဖြစ်နေသည်ကိုလည်း အံ့သြစွာတွေ့မြင်လိုက်ရသည်။

"ဟာ ... ဘုရား ဘုရား ... မြွေ ... မြွေဖြူကြီးမှာ မျက် ... မျက်လုံးနှစ်လုံးစလုံး မရှိတော့ဘဲ သွေးစိမ်းရှင်ရှင်ထွက်နေပါလား ... ဘယ် ... ဘယ်လိုဖြစ်တာပါလိမ့်"

"အေး ... ဟုတ်တယ် လူကလေး ... ငါဟာ မြန်မာပြည်မြောက်ဖျားဒေသက ရှန်ကာဝီကျွန်းမှာရှိတဲ့ 'ရှန်ကာဒေဝီ' ဆိုတဲ့ မြွေနတ်သမီးပဲ လူကလေး၊ ငါတို့ဟာ ... ကိုယ့်ဒေသ, ကိုယ့်နယ်မြေ, ကိုယ့်ရဲ့ကျွန်းပေါ်မှာ ကိုယ်မျိုးနွယ်နဲ့ကိုယ် အေးအေးချမ်းချမ်းနေထိုင်ခဲ့ကြတာပါ လူကလေး"

သူနှင့်သက်တူရွယ်တူခန့်ပင်ရှိနိုင်မည့် ချောမောလှပသော မြွေနတ်သမီးလေးက သူ့အားထူးခြားစွာပင် လူကလေးဟု ထပ်ခါတလဲလဲခေါ်ငင်နေသဖြင့် စိတ်ထဲတွင် အတန်ငယ်မကျေမနပ်ဖြစ်နေသည်သို့။ တစ်ချိန်တည်းမှာပင် ... မင်းမောင်

www.burmeseclassic.com



မှာ သူရောက်ရှိနေရာဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ စင်စစ် မင်းမောင်တစ်ယောက် ကျောက်ဖြူသားများဖြင့် ဆောက်လုပ်ထားဟန်တူသည့် ကျောက်သားဘုရားကျောင်းဆောင်ကြီးထဲသို့ ရောက်ရှိနေခြင်းဖြစ်သည်။ သူ၏နံ့အေးပတ်ပတ်လည် ကျောက်ဖြူသားနံရံတွင် မြွေတစ်ကောင်ကိုနင်းကာ ပလွေမှုတ်နေသည့် နှစ်တောင်ကျော်ခန့်ရှိ ကျောက်ဆစ်ရုပ်တုလေးများက ... မြောက်မြားလှစွာ စီစီရီရီနှင့်ရှိနေကြသည်ကိုလည်း အံ့သြစွာ မြင်တွေ့နေရပါသည်ကော။ ဂငယ်သဏ္ဌာန် ဝိုင်းပတ်ထားသည့် ကျောက်ခုံလေးများထက်တွင် ဆီမီးခွက်လေးပေါင်းများစွာကို ထွန်းညှိပူဇော်ထားသဖြင့် ကျောက်သားခန်းဆောင်ထဲတွင် လင်းလက်နေပါ၏။

"အေး ... သေသေချာချာလေ့လာထားပါ လူကလေး၊ တစ်ချိန်ချိန်မှာ လူကလေးကိုယ်တိုင် ဟောဒီ 'ရှန်ကာဒေဝီ' မြွေနတ်သမီးကျောင်းဆောင်ကြီးထဲကို ရောက်လာရဦးမှာလေ၊ နောက်ပြီး ... လူကလေးနဲ့အတူပါလာကြတဲ့ လူမျိုးခြားတွေက ငါ့ရဲ့အစောင့်တော်ဖြစ်တဲ့ ဟောဒီ ... မြွေဖြူကြီးရဲ့ မျက်လုံးနှစ်လုံးကိုလည်း ရက်ရက်စက်စက် ဖောက်ထွင်းခိုးယူသွားကြတယ်လေ"

သည်တစ်ကြိမ်တော့ မင်းမောင်မှာ အာစေးမိထား သူတစ်ယောက်ကဲ့သို့ မည်သည့်စကားမျှမဆိုနိုင်တော့ဘဲ သူ့အား



ညှို့ချက်ပြင်းပြင်းနှင့် စူးစူးနစ်နစ်စိုက်ကြည့်နေသော မြွေနတ်သမီးကိုသာ အသိမဲ့စွာငေးမောကြည့်နေမိပါသည်။

"အဲဒါတွေအပြင် အပြစ်မဲ့တဲ့ ငါတို့ရဲ့မျိုးနွယ်စု ကျွန်းသားတွေကိုလည်း ဟို ... မီးပေါက်လက်နက်တွေနဲ့ ပစ်ခတ်သတ်ဖြတ်သွားကြသေးတယ်၊ အေး ... ဒါပေမဲ့ အဲဒီအထဲမှာ လူကလေးက မပါဝင်ခဲ့ဘူးလေ၊ လူကလေးမှာ အပြစ်မရှိမှန်းသိလို့လည်း မင်းရဲ့အသက်အန္တရာယ်ကို ငါကိုယ်တိုင်ကယ်တင်ပေးခဲ့တာပေါ့ ...၊

"နောက်ပြီး ... လူကလေးမှာ လုပ်စရာတွေအများကြီးရှိသေးတယ်လေ၊ ဒီမှာကြည့်စမ်း လူကလေး ... ဟို နှာခေါင်းချွန်ချွန်, အသားနီစပ်စပ်နဲ့ လောဘသားကောင်တွေ မြင်သွားတဲ့ ငါ့ရဲ့ကိုယ်ပွားရုပ်တုနဲ့ ဘိုးဘေးစဉ်ဆက်ကမှည်းထိုးထားတဲ့ မြွေနတ်သမီးကျိန်စာ ပုရပိုက်တွေ၊ ရော့ ... လူကလေးကိုယ်တိုင် သေသေချာချာဖတ်ကြည့်စမ်း"

ထိုအခါကျမှ ... ရွှေသားစစ်စစ်နှင့် သွန်းလုပ်ထားသည့် မြွေနတ်သမီးရုပ်တုငယ်လေးနှင့် ကြေးပုရပိုက်များထဲတွင် မြွေနတ်သမီးကိုယ်တိုင်ရေးထိုးထားသည့် ကျိန်စာများကို တစ်လုံးချင်း၊ တစ်ပိုဒ်ချင်း သေချာစွာဖတ်ရှုလိုက်ပါတော့သည်။

'မြွေနတ်သမီး၏ကျိန်စာ'

ကြေးပုရပိုက်အဖွင့် ခေါင်းစည်းစာတန်းကိုဖတ်ရှုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရကတည်းက မင်းမောင်တစ်ကိုယ်လုံး ကြွက်သီးမွေးညင်းများပင် တဖြန်းဖြန်းထသွားကြသည်သို့

ငါသည် ... လောကကိုစောင့်ရှောက်၏။ ငါသည် မြေ ရေ လေ မီးကို ပိုင်ဆိုင်၏။ ငါ၏ မျက်လုံးတော်နှစ်လုံးတွင် သန္တေတည်ကိန်းဝပ်သော ... (MOON STARS)ခေါ် တန်ဖိုးအနန္တ ထိုက်တန်လှသည့် အဖြူရောင်လကြယ်စင်စိန်ကြီးနှစ်လုံးတွင် အဖိုးတန်မြကျောက်ရတနာများကို စီခြယ်ကာ မျက်ရှင်တော်တု ဖန်ဆင်းထားခဲ့သည်။

ငါ၏ မျက်ရှင်တော်မှာ ... လပြည့်လကွယ်ညဉ့်များတွင် ထူးခြားသောရောင်စဉ်တန်းများကိုစေလွှတ်၍ ကောင်းကင်ယံထက်တွင် ပျော်ပါးကျက်စားလေ့ရှိသည်။ ငါ့အား ယုံကြည်စွာ ချဉ်းကပ်ကိုးကွယ်သူများကို သင့်တင့်မျှတသော မြေရေလေမီး ဓာတ်လေးပါးကိုပေး၍ ထူးခြားသောအကျိုးလာဘ်လာဘများကို ပေးစွမ်းပါ၏။

ထို့အတူ ... ငါ့အား မထီမဲ့မြင်နှင့် ပြစ်မှားစော်ကားမှုပြု၍ လောဘအမှောင်ဖုံးကာ ငါ၏မျက်ရှင်တော်များအား ထိပါးအံ့ ...။ ထိုသူတို့သည် ... ကုန်းဘေး၊ ရေဘေး၊ မီးဘေး၊ လေဘေး၊ ဓားလှံလက်နက် ... မီးပေါက်လက်နက် စသော ဘေးဆိုးများဖြင့် သင့်ရုံမျှမက ... ငါ၏ကိုယ်စားကိုယ်ပွား မြွေအမျိုးပေါင်းတစ်ထောင်ကျော်တို့က ထိုသူ့အားလည်းကောင်း၊



မိသားစုအားလည်းကောင်း၊ ချစ်ခင်သူတို့အားလည်းကောင်း ဘေးဒုက္ခကပ်ဆိုးကြီးများပေးကာ နောက်ဆုံး၌ ... သေခြင်းတရားနှင့် ရင်ဆိုင်ကြုံတွေ့ရပါစေသတည်း။

သွေးပျက်ချောက်ချားဖွယ် ကြောက်ခမန်းလိလိရေးသားထားသည့် ကျိန်စာအောက်တွင် 'ရန်ကာဒေဝီမြွေနတ်သမီး' ဟု ရေးထိုးထားသည့်ကျိန်စာကို ဖတ်ပြီးသည်နှင့် မင်းမောင်၏ ခန္ဓာကိုယ်အနှံ့ရှိသွေးကြောများက ဆူဝေပွက်လျှံလာကြသည်သို့။

"တွေ့တယ်မဟုတ်လား လူကလေး ... ဒါတင် ဘယ်ကမလဲကွယ် ... ငါ့ရဲ့ မျက်ရှင်တော်ကိုပဲဖြစ်ဖြစ်, ငါ့ရဲ့ခန္ဓာကိုယ်ကအစိတ်အပိုင်းတစ်ခုခုကိုပဲဖြစ်ဖြစ် ... မသန့်ရှင်း မစင်ကြယ်တဲ့စိတ်ဆန္ဒနဲ့ ကိုင်တွယ်ယူငင်မိခဲ့ရင်လည်း မိုးအဆုံး,မြေအနှံ့ မတွေ့မနေ ရှာဖွေပြီး ကလဲ့စားချေတတ်သေးတယ်ကွယ့် ...၊

"အင်း ... အခုတော့ ဒီတာဝန်ကို မင်းကိုလွှဲပြောင်းပေးလိုက်မယ်၊ အဲဒါကြောင့် အခုလောလောဆယ်မှာ လူကလေး သေသွားလို့မဖြစ်သေးဘူးလေ"

သူ၏ရှေ့တွင် မြွေဖြူကြီးနှင့်အတူ ယှမ်းနွဲ့လှုပ်ယမ်းနေသည့် မြွေနတ်သမီးက မင်းမောင်အား လက်ညှိုးညွှန်၍ တာဝန်ပေးနိုင်းစေသည့်နှယ် ပြောဆိုနေသဖြင့် အံ့အားသင့်ကာ ကြည့်လိုက်မိပါ၏။

"ဘယ်လိုလဲ လူကလေး ... သိပ်ပြီးအံ့သြသွားသလား၊

www.burmeseclassic.com



ဒါတွေဟာ တကယ်တော့ ဘာမှအံ့ဩစရာမဟုတ်ပါဘူးကွယ်၊ ငါ့ရဲ့မျက်ရှင်တော်ကို ပြန်ပြီးယူပေးနိုင်တာဆိုလို့ လူကလေး တစ်ဦးတည်း ရှိတာမို့ မင်းဆီမှာ အကူအညီတောင်းခံရတာပါ၊ ဒီလိုမှမဟုတ်ရင် ငါတို့တိုင်းပြည်ရဲ့ တန်ဖိုးရှိတဲ့ ရတနာတစ်ပါးဖြစ်တဲ့ မျက်ရှင်တော်နှစ်လုံးဟာ လူမျိုးခြားမိစ္ဆာဝိသမလောဘသားတွေကတစ်ဆင့် တိုင်းတစ်ပါးကိုရောက်ရှိသွားနိုင်တယ်လေ ...၊

အဲဒီအတွက် လူကလေးသေသွားလို့ မဖြစ်သေးဘူးလို့ ပြောတာပေါ့၊ လူကလေးမှာ တာဝန်တွေအများကြီး ပေးဆပ်ဖို့ ရှိသေးတယ်၊ လူမျိုးခြား မိစ္ဆာကောင်တွေရဲ့လက်ထဲက ငါ့ရဲ့မျက်ရှင်တော်တွေကို ပြန်လည်ရယူပြီး ငါ့ဆီကိုလာပို့ပေးရဦးမယ်၊ ဒါဟာ ငါ့ရဲ့ဘိုးဘေးစဉ်ဆက်တွေ ညွှန်ကြားခဲ့တဲ့ မြွေနတ်သမီးရဲ့ တာဝန်ပေးစေခိုင်းမှုပဲကွယ့်၊ ဘယ်လိုလဲလူကလေး ... မင်း ဒီတာဝန်ကို ထမ်းဆောင်နိုင်ပါ့မလား''

ယခုအချိန်ထိတိုင် အင်အားပြင်းထန်လှသော ညို့စက်ကွင်းတစ်ခုအောက်မှ မင်းမောင် ရုန်းမထွက်နိုင်သေးပါ။ သို့သော် ... မြွေနတ်သမီး၏တာဝန်ပေးမှု၊ အကူအညီတောင်းခံမှုသည်၊ အမျိုး၊ ဘာသာ၊ သာသနာနှင့်တိုင်းပြည်၏ ရတနာပစ္စည်းများအား လူမျိုးခြားမိစ္ဆာများ၏လက်ဝယ်သို့ မရောက်ရှိစေရေးအတွက် တရားမျှတသောတောင်းဆိုမှုဖြစ်သဖြင့် ခေါင်းညိတ်သဘောတူလိုက်ပါ၏။



မြွေနတ်သမီးမှာ ... မင်းမောင်၏သဘောတူလက်ခံမှုကြောင့် သောကရိပ်တို့စွန်းထင်းနေသည့် မျက်နှာတွင် အပြုံးနုတစ်ပွင့်လင်းလက်သွားသည်။

"ကောင်းပါလေ့ လူကလေးရယ် ဒီတာဝန်ကို ထမ်းဆောင်ရတဲ့အတွက်လည်း လူကလေးအဖို့လည်း အကျိုးမမဲ့စေရပါဘူးကွယ်၊ ထိုက်သင့်တဲ့အကျိုးတစ်ခုတော့ ခံစားစေရမှာပါ၊ ဒါနဲ့ ... မြွေနတ်သမီးရဲ့မျိုးနွယ်စုကို ကယ်တင်စောင့်ရှောက်တဲ့ လူကလေးကိုလည်း မြွေနတ်သမီးနဲ့ ကောင်းကင်ဘုံကမျိုးနွယ်စုတွေကစောင့်ရှောက်ပါလိမ့်မယ်ကွယ်''

ထိုစဉ်မှာပင် နှင်းပွင့်၊ နှင်းထွေး၊ နှင်းဖတ်များက သိပ်သည်းထူထပ်စွာကျဆင်းလာကြပြီး မြွေနတ်သမီးနှင့်မင်းမောင်တို့အကြားတွင် တစ်ဦးနှင့်တစ်ဦး မမြင်ရလောက်အောင် တဖွဲဖွဲကျဆင်းလာကြပါချေပြီကော ...။

ထူးဆန်းလှသော ဖြစ်ရပ်ကြောင့် မင်းမောင်အံ့ဩထိတ်လန့်စွာကြည့်နေစဉ်မှာပင် သူ၏ရှေ့တွင် ယိမ်းထိုးလှုပ်ယမ်းနေသည့် မြွေနတ်သမီးနှင့် မြွေဖြူကြီးတို့မှာ တဖွဲဖွဲကျဆင်းလာနေသည့် နှင်းမြူမှိုင်းငွေ့များအောက်တွင် တဖြည်းဖြည်းပျောက်ကွယ်သွားပါလေတော့သတည်း။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## ဆားကြီးနှင့်...အိပ်မက်စေတမန်

နှင်းပွင့် နှင်းခဲများက မင်းမောင်၏ပတ်ဝန်းကျင်တွင် ဖွေးဖွေးလှုပ်နေသည်။ လေပြင်းယှယှတစ်ချက်တိုက်လိုက်တိုင်း နှင်းမှုန်နှင်းဖတ်များက မင်းမောင်၏ကိုယ်ပေါ်သို့ ပိကျလာသည်။ အေးလိုက်သည်မှာလည်း မင်းမောင်၏ခန္ဓာကိုယ်ရိုးတွင်းခြင်ဆီထိအောင်ပင် စိမ့်ဝင်နေသည်သို့ ... ရေ့သို့ခြေတစ်လှမ်း လှမ်းလိုက်တိုင်း နှင်းခဲများက ခြေခုံအထိတိုင်နစ်မြုပ်သွားပါ၏။

ထင်းရှူးပင်များပေါ်မှ တဖြောက်ဖြောက်ကျဆင်းနေသည့် နှင်းပေါက်နှင်းစက်များမှာ မိုးမှုန်မိုးစက်များသဖွယ် ပတ်ဝန်းကျင်တစ်ဝိုက်ဝယ် မှုန်ဝါးဝါးဖြစ်နေသည်။ အေးလွန်း၍လားမသိ၊ သစ်ပင်များတွင်အရွက်ဟူ၍တစ်ရွက်တလေမျှပင် မရှိ



ကြတော့။ အရိုးတံကျဲကျဲနှင့် တစ္ဆေတစ်ကောင်၏ လက်ဖျံရိုးကြီးများနှယ် တွေ့မြင်နေရပါ၏။ မင်းမောင်မှာတောင်စောင်းကို ဝတ်၍တည်ရှိနေသော လမ်းကြောင်းလေးအတိုင်း တောင်ထိပ်ဆီသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ မင်းမောင်၏ မျှော်လင့်ချက်မှာ ထောင်ထိပ်သို့ရောက်လျှင် ကျောက်ဂူတစ်ခုခု သို့မဟုတ် နားခိုစရာနေရာတစ်ခုခုကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားမိသည် မဟုတ်လား ...။

ဟုတ်သည် ...၊ သည်အတိုင်းသာ နှင်းတောကြီးထဲသို့ မိုက်မိုက်မဲမဲဆက်လက်၍ တိုးဝင်နေမည်ဆိုလျှင် မကြာမီ အအေးဒဏ်ကိုမခံနိုင်တော့ဘဲ အေးခဲ၍သေဆုံးသွားနိုင်ပါ၏။ အကယ်၍သာ မင်းမောင်၏မျှော်လင့်ချက်အတိုင်းဖြစ်လာခဲ့မည်ဆိုလျှင် ထို ...ကျောက်ဂူ ...သို့မဟုတ် နားခိုစရာသည် သူ့အတွက်အအေးဒဏ်ကိုလောလောဆယ်ကာကွယ်ပေးနိုင်ပါလိမ့်မည်။ နာရီဝက်နီးပါးမင်းမောင် ကြိုးစား၍တက်လာခဲ့မိရာ ရှေ့တွင်ရှည်မျောမျော မည်းမည်းအရိပ်တစ်ခုကို တောင်စောင်းတွင် မြင်တွေ့လိုက်ရသည်။ စင်စစ်ထို မည်းမည်းသဏ္ဌာန်မှာ မင်းမောင်မျှော်လင့်ထားသည့် ကျောက်ဂူတစ်ခု၏ အပေါက်တစ်ခုပင် ဖြစ်ပါသည်။

"ဟူး ...တော်ပါသေးရဲ့ ကျောက်ဂူတစ်ခုကို အချိန်မီရှာဖွေတွေ့နိုင်လို့သာပေါ့ နို့မို့ဆိုရင် ...ငါ ...မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်သည် ကျောက်ဂူဝတွင် ရပ်ကာအတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ လှုသူအရောက်အပေါက်နည်းသော ကျောက်လိုဏ်ဂူများထဲတွင် သားရဲတိရစ္ဆာန်တို့ ခိုအောင်းနေထိုင်တတ်လေ့ရှိသည်မဟုတ်ပါလား ...။ သို့သော် ... မင်းမောင်၏ရှေ့မှ ကျောက်ဂူကြီးကတော့ မည်သည့်သက်ရှိသတ္တဝါမျှ မရှိသလိုပင် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ အပြင်ဘက် ဝန်းကျင်တစ်ဝိုက်မှာတော့ နှင်းခဲ နှင်းဖတ်တို့က မိုးဖွဲများကဲ့သို့ ရွာချနေကြသဖြင့် ပိုမို၍ထူ[illegible]ပါးလာသည်။ ထို့ကြောင့်လည်း မင်းမောင်မှာလက်ထဲမှ [illegible]ရိုင်ဖယ်သေနတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ကျောက်ဂူအတွင်းသို့ တစ်လှမ်းချင်းဝင်ရောက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျောက်ဂူအတွင်းဘက်မှ အနွေးဓာတ်ကို သိသိသာသာခံစားလိုက်ရပါ၏။ အတန်ငယ်သွားမိသည်နှင့် မင်းမောင်မှာ ကျောက်ဂူနံရံမှ ထိုးထွက်နေသည့် ကျောက်တုံးထက်တွင်ထိုင်ချလိုက်သည်။

"အင်း ... ဂူကြီးတစ်ခုလုံး တိတ်ဆိတ်နေပါလား။ အရိပ်အခြည်ကြည့်ရတာကတော့ ငါ့အတွက် အန္တရာယ်တော့မရှိနိုင်ပါဘူး"

မင်းမောင် တစ်ကိုယ်တည်းရွတ်ဆိုရင်း သားရေဂျာကင်ပေါ်တွင်ကပ်ငြိနေသည့် နှင်းပွင့်နှင်းဖတ်ကလေးများကို အသာအယာခါချလိုက်ပါ၏။ ထိုစဉ်မှာပင် မင်းမောင်၏နှာခေါင်းထဲတွင်



မီးခိုးနံ့ကဲ့သို့သော အနံ့မျိုးရလာသည်။ မီးခိုးနံ့ဟု အလွယ်တကူဆိုရသော်လည်း သူ၏နှာခေါင်းအတွင်းသို့ တိုးဝင်လာသော အနံ့မှာ အမွှေးနံ့ပါသော သစ်တုံးတစ်ခုကိုမီးရှို့ထားသော အနံ့မျိုးသာဖြစ်၏။ သို့ဖြင့် အတန်ငယ်မှောင်နေသည့် ကျောက်ဂူကြီး၏အတွင်းပိုင်းသို့ သတိနှင့်တိုးဝင်လာခဲ့သည်။ မကြာမီ ကျောက်ဂူကြီးအတွင်းပိုင်းလောက်ဆီမှ မီးရောင်လက်လက်ကို တွေ့မြင်လိုက်ရသည်။ တစ်ချိန်တည်းမှာပင် မီးပုံတစ်ခုနှင့် ထိုမီးပုံနံဘေးတွင် လူတစ်ယောက်ထိုင်နေသည့် အရိပ်သဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်။

"ဟင် ... ကျောက်ဂူထဲမှာ လူတစ်ယောက်ရှိနေတာပါပဲလား"

မီးရောင်နှင့်အတူ လူတစ်ယောက်ကိုပါ တွေ့မြင်လိုက်ရသဖြင့် မင်းမောင်ဝမ်းသာသွားပါ၏။ ထို့ကြောင့်သွက်လက်စွာပင်မီးပုံရှိရာသို့ တိုးဝင်လာခဲ့သည်။ သို့သော် ...။

မီးပုံအနီးသို့ရောက်သည်နှင့် မင်းမောင်၏ခြေလှမ်းများမှာ တုံ့ခနဲရပ်ဆိုင်းသွားပါလေ၏။ မီးပုံနံဘေးတွင် တင်ပျဉ်ခွေထိုင်နေသူကတော့ တစ်ကြိမ်တစ်ခါမျှမမြင်ဖူးသော ဆာဒူးအဘိုးအိုတစ်ယောက် ဖြစ်နေခြင်းကြောင့်ပါတည်း။

ခေါင်းပေါ်မှ ဆံပင်မွှေးများမှာ ငှက်သိုက်ကဲ့သို့ တွန့်လိမ်ရှုပ်ထွေးရှည်လျားလျက်ရှိပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး

www.burmeseclassic.com

www.burmeseclassic.com



တို့မှာလည်း ချေးညှော်များနှင့်ညစ်နေသည့် လည်ပင်းနှင့် ရင်ဘတ်ပိန်ပိန်လေးပေါ်တွင် ဖွာရာကြဲ၍ကျနေသည်။ ဆာဒူးကြီးမှာ အင်္ကျီဝတ်မထားဘဲ ခန္ဓာကိုယ်အောက်ပိုင်းတွင် အရှက်လုံရုံလေးမျှသာ အဝတ်စကလေး(လံကွတ်တီ) တစ်ခုဖုံးအုပ်ထားသည်မှအပ အခြားဘာမျှမရှိပေ။ အကယ်၍သာ သူ၏ရှေ့တွင် မီးဖိုတစ်ခုသာမရှိပါက ရေခဲအောင်ပင်အေးနေသည့် နှင်းတောင်တန်းထက်တွင်သွေးခဲကာသေဆုံးရမည် မလွဲပါတည်း ...။

ဆာဒူးကြီးမှာ သူ့အနီးသို့လူစိမ်းတစ်ယောက် ရောက်ရှိနေသည်ကိုသိဟန်မတူပါ။ သူ၏ရှေ့တည့်တည့်တွင်သာရှိသော မီးဖိုကြီးကိုသာစူးစူးနစ်နစ်ကြည့်နေပါ၏။ ယခုမှပင် ဆာဒူးကြီး၏ခန္ဓာကိုယ်ကြီးအား အနီးကပ်တွေ့မြင်လိုက်ရသည် ... မင်းမောင်မှာ ရုတ်တရက်ယောင်ယမ်း၍ဟစ်အော်မိတော့မလိုဖြစ်သွားပါ၏။

"ဟာ ... ဘုရား ဘုရား ... ဆာဒူးကြီးကိုယ်ပေါ်မှာ အဆိပ်ပြင်းတဲ့ပုရွက်နီကြီးတွေတက်နေတာ မနည်းမနောကြီးပါလား"

ဟုတ်ပါသည်။ ရှေ့တူရူရှိ မီးဖိုကြီးကိုသာစူးစူးနစ်နစ်ကြည့်ကာ ငြိမ်သက်စွာထိုင်နေသည့် ဆာဒူးကြီး၏အဝတ်မဲ့ ခန္ဓာကိုယ်ကြီးပေါ်တွင် အဆိပ်ပြင်းလှသော ပုရွက်နီကောင်များက တရွေ့ရွေ့နှင့်တက်နေကြသည်မှာ အသည်းယားစဖွယ်မြင်ကွင်း



...ခုပင်မဟုတ်ပါလား။ မင်းမောင်၏စိတ်ထဲတွင်မူ ခန္ဓာကိုယ်...၌ ဤမျှ ပုရွက်နီကြီးများ တရွရွတက်နေသည်ကို မသိနိုင်...ာက်အောင်ပင် မိန်းမောနေသည့် ဆာဒူးကြီးကိုသာ အံ့သြ...မိပါတော့သည်။

ထို့နောက် လက်ထဲမှသေနတ်ကြီးကို ကျောက်ဂူနံရံတွင် ...သာအယာထောင်လိုက်ရင်းမီးဖိုအနီးတွင် အသံမကြားအောင် ...ိုင်ချလိုက်သည်။ ပြီးလျှင် အနားတွင်အသင့်တွေ့ရသော သစ်...ိုင်းခြောက်နှစ်ခု သုံးခုကို မီးဖိုထဲသို့ထည့်လိုက်ပါ၏။ ချက်ချင်း...င် မင်းမောင်၏နှာခေါင်းထဲသို့ အမွှေးနံ့သာတစ်ခုက တိုးဝင်...ာသည်။ ထိုအမွှေးနံ့မှာ မီးဖိုထဲမှထွက်လာသောအနံ့ပင်ဖြစ်ပါ...၏ စောစောပိုင်းက ကျောက်လှိုဏ်ဂူထဲသို့အဝင်တွင် ရှူရှိုက်...ခဲ့ရသောအမွှေးနံ့သာမှာလည်း ... ဤမီးဖိုထဲမှထွက်လာသော အနံ့ပင်ဖြစ်သည်။

ဤသို့ဆိုလျှင် ဆာဒူးကြီးဖိုထားသည့် မီးဖိုမှာ နံ့သာဖြူ...သို့မဟုတ် ... ရှားပါးသော နံ့သာနီ ဟုခေါ်သည့် နံ့သာကိုင်း...ခြောက်များသာဖြစ်ပေလိမ့်မည်။ မင်းမောင်မှာ ဆယ်မိနစ်ခန့် ...ိတ်ဆိတ်စွာထိုင်နေသည့်တိုင် မီးဖိုအနီးတွင် ထိုင်နေသည့် ဆာဒူးကြီးကတော့ မင်းမောင်ရောက်နေသည်ကိုပင် စိုးစဉ်းမျှ သိဟန်မတူပေ။ သက်မဲ့ကျောက်ရုပ်တစ်ခုကဲ့သို့ပင် မလှုပ်မယှက်နှင့်ငြိမ်သက်စွာထိုင်နေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုရွက်နီကြီးများကလည်း ဆာဒူးကြီး၏ အဝတ်မဲ့ခန္ဓာကိုယ်တစ်ခုလုံးဖုံးအုပ်လုနီးပါးတရွရွနှင့် အသည်းယားစဖွယ် တက်နေကြဆဲ ... မင်းမောင်ကလည်း တစ်သက်နှင့်တစ်ကိုယ် ဤတစ်ကြိမ်သာ တွေ့ဖူး မြင်ဖူးရသည့်ဆာဒူးကြီး၏ ထူးခြားသော အပြုအမူကြီးကိုစိတ်ဝင်တစားဖြင့် ငေးမောကြည့်နေမိပါသည်။

ဆယ်မိနစ် ... ဆယ့်ငါးမိနစ် ... မိနစ်နှစ်ဆယ်။

နာရီဝက်ခန့်ကြာသည့်တိုင် ... ဆာဒူးကြီးမှာ လုံးဝမတုန်မလှုပ် ... ကျောက်ရုပ် ...။

ထိုစဉ်မှာပင် မင်းမောင်၏နားထဲတွင် လေချွန်သံလိုလို အသံတစ်မျိုးကိုကြားလိုက်ရသဖြင့် ထိတ်ခနဲရင်ခုန်သွားသည်။

'ရှီ ..ရှီ ..ရှီ ..ရှီ'

'ဖျော ..ဖရော ..ဖျော'

မင်းမောင်၏စိတ်ထဲတွင်ကျောက်ဂူထဲသို့ အပြင်မှ သတ္တဝါတစ်ကောင်ကောင်ဝင်လာသည်ထင်လိုက်မိသဖြင့် ကျောက်ဂူဝသို့လှည့်ကြည့်လိုက်သည်တွင် ဆာဒူးကြီး၏နောက်ဘက်ကျောက်နံရံမှ ရွှေ့လျားသံသဲ့သဲ့ကိုကြားလိုက်ရသည်။

''ဟင်''

ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မင်းမောင်ထိုင်နေရာမှ ဝုန်းခနဲပင်ထခုန်လိုက်မိသည်။ ဟုတ်သည်



လုံးပတ်အားဖြင့် ထွာဆိုင်ကျော်ကျော်မျှရှိပြီး အရှည်ကိုမူ မမြင်ရသဖြင့် ခန့်မှန်း၍မရသော ငန်းမြွေနက်ကြီးတစ်ကောင်က ဘယ်အချိန်ကတည်းက ကျောက်ဂူထဲတွင်ခိုအောင်းနေလေသည်မသိ။ တင်ပျဉ်ခွေကာထိုင်နေသည့် ဆာဒူးကြီးနောက်ဘက်မှ ကြီးမားပြန့်ကားလှသော ပါးပျဉ်းကြီးကိုထောင်ကာ ဆာဒူးကြီး၏ ခေါင်းပေါ်တွင်အုပ်မိုးထားသည်ကို ချောက်ချားစွာတွေ့မြင်လိုက်ရသည်။

သို့ရာတွင် ... ဆာဒူးကြီးကမူ သူ၏ဦးခေါင်းထက်တွင် မြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး လှုပ်ယမ်းလျက်မိုးနေသည်ကို စိုးစဉ်းမျှသိဟန်မတူ။ ငြိမ်သက်တိတ်ဆိတ်စွာပင် မလှုပ်မယှက် ထိုင်နေပါလေ၏။

"ဟာ ... ဘုရား ဘုရား ... ဆာဒူးကြီးတော့ မြွေပေါက်ခံရပြီး မရှုမလှသေပွဲဝင်ရတော့မယ်ထင်တယ်၊ ငါ့ရဲ့သေနတ်ကလည်း ငါနဲ့ တော်တော်လေးအလှမ်းကွာနေတယ်၊ သေနတ်ကို ငါ ... ထပြီး ပြေးယူလိုက်ရင်တော့ မြွေကြီးက ငါ့ကို သေချာပေါက်ရန်မူမှာပဲ ... ဟင်း''

မင်းမောင်၏စိတ်ထဲတွင် ဝေခွဲမရခြင်းများနှင့်အတူ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်းစသော ဝေဒနာများကကြီးစိုးမင်းမူလာကြသည်။ ထူးခြားသည်မှာ မြွေကြီး၏ မျက်လုံးနှစ်လုံးမှာ အရောင်တဖိတ်ဖိတ်နှင့် စူးယှဉ်းလက်နေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်တည်း။ ဆိုရပါမူ . . . ညဥ့်ကောင်းကင်မှ ဝင်းလက်တောက်ပနေသော သောက်ရူးကြယ်ညီနောင်ကဲ့သို့ ထူးထူးခြားခြားလင်းလက်နေခြင်းမှာ အံ့သြဖွယ်ရာတစ်ခုပင်ဖြစ်ပါ၏။

ထိုအချိန်တွင် ကြီးမားလှသော မြွေဦးခေါင်းကြီးမှာ မင်းမောင်ထံသို့ ရုတ်ခနဲတိုးဝင်လာသဖြင့် ကြောက်လန့်တကြားဟစ်အော်လိုက်သည်။ သို့ရာတွင် . . . မင်းမောင်၏ပါးစပ်ထဲမှ အသံကတော့ လုံးဝထွက်မလာပေ။ မင်းမောင် . . . အကြိမ်ကြိမ်ကြိုးစား၍အော်ဟစ်လိုက်သည်။

"အ . . . အား . . . အား"

နောက်ဆုံး . . . မင်းမောင်၏လည်ချောင်းထဲမှ စူးစူးယုယုထွက်ပေါ်လာသည့် အော်ဟစ်သံကြီးများနှင့်အတူ ဆောင်းညဥ့်အိပ်မက်ဆိုးကြီးထဲမှ ရုန်းထွက်နိုးထလာခဲ့ပါတော့သည်။

* * *

## ၁၉၄၀ လွန်နှစ်များမှ...မြန်မာ့မြင်ကွင်း

အချိန်က . . . ၁၉၄၁ ခုနှစ်ကာလ . . . ။

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာ့မြေပေါ်မှစတင်၍ ဆုတ်ခွာလာချိန်ဖြစ်သည်။ တစ်နည်းဆိုရသော် အင်္ဂလိပ်အပြေးဂျပန်အဝင်ဟုဆိုနိုင်သောအချိန်ကာလည်းဖြစ်ပါ၏။ ထိုနှစ် ဒီဇင်ဘာ (၂၃)ရက်နေ့တွင် ရန်ကုန်မြို့ကြီးအား ဂျပန်တို့၏ဗုံးကြဲလေယာဉ် (၁၀၀)ကျော်ခန့်က ဗုံးကြဲတိုက်ခိုက်ပြီးသည့်နေ့မှစ၍ အာရှတစ်ခွင်၌စစ်ရေးစစ်ရာမျက်နှာပန်းမလှခဲ့သော အင်္ဂလိပ်တို့သည်ဖြစ်ပေါ်လာမည့်စစ်ရေးအခြေအနေများကိုသုံးသပ်ကာ သူ၏နောက်လိုက်သြဇာခံများနှင့်အတူ မြန်မာ့မြေမှအိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ဦးတည်၍ဆုတ်ခွာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တစ်ဖက်စစ်မျက်နှာတွင် [illegible]လိမ့်မှူးကြီးဆူဇူကီးဦးဆောင်သော ဂျပန်ဘုရင့်တပ်[illegible]မဟာ(၃၃)နှင့်ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) ဦး[illegible] (BIA) ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် [illegible]င်အားအလုံးအရင်းဖြင့် မြန်မာနိုင်ငံအားနယ်ချဲ့အင်္ဂလိ[illegible]အောက်မှပြန်လည်သိမ်းပိုက်ရန်အပြင်းချီတက်လာနေပြီဖြ[illegible]ပါသည်။

ထိုအတောအတွင်းဝယ် စစ်၏ဆိုးကျိုးရလဒ်အဖြစ် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်တွင် စစ်ပြေးဒုက္ခသည်များ၊ စစ်ဘေးမှပြေးရှောင်ပုန်းရှိုးသူများဖြင့် တစ်ပြည်လုံးလုံးအုံးကျွတ်ကျွတ်ဖြစ်နေကြပါလေ၏၊ စင်စစ် အရပ်သားများသည်သာ စစ်ဘေးမှရှောင်ပြေးကြရသည်မဟုတ် . . . ရန်ကုန်မြို့တော်ကြီးအား ခုခံကာကွယ်ရန်အတွက်ထားရှိသည့် အင်္ဂလိပ်မြို့စောင့်တပ်ဖြစ်သည့် (British-Indian.1& DIV) ဗြိတိသျှ–အိန္ဒိယအမှတ် (၁၇) တပ်မကြီးသည်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော စစ်ရေးအခြေအနေဆိုးကြီးမှရှောင်ထွက်နိုင်ရန်အတွက် ရန်ကုန်မြို့ပေါ်မှစတင်၍ထွက်လာခဲ့ကြပါသည်။

အမှတ် (၁၇)ဗြိတိသျှတပ်မကြီးသည် ရန်ကုန်မြို့၏ ဝင်ပေါက်မြို့ငယ်လေးတစ်ခုဖြစ်သည့် ထောက်ကြံ့မြို့ကိုဖြတ်ကျော်ကာ ရန်ကုန်–ပြည်ကားလမ်းမကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင်ရှိတည်ရှိသော ကိုးလုံးကွင်း၊ ကြက်ဖြူကန်၊ ဆပ်သွားတောအစရှိသော ရွာငယ်လေးများ၏ရှေ့မှ တသီတတန်းကြီးစုန်ဆင်းဆုတ်ခွာနေကြပါသည်ကော . . .။



ထိုသတင်းကို ကြိုတင်သိရှိထားကြသောရွာသားများအား အင်္ဂလိပ်တပ်မကြီးမဆုတ်ခွာမီရက်အနည်းငယ်ကပင် စစ်သမ်းကြောင်းကျရာ ကားလမ်းနံဘေးတွင်တည်ရှိနေကြသော ရွာငယ်များကို စွန့်ကာ စစ်လမ်းကြောင်းနှင့်လွတ်ကင်းရာ တောရွာများဘက်သို့အချိန်မီပြေးဝင်ခိုလှုံသွားကြပြီဖြစ်ပါ၏။

ရန်ကုန်မှဆုတ်ခွာလာခဲ့သော အင်္ဂလိပ်တို့၏ စစ်ယာဉ်တန်းကြီးမှာ တပ်မကြီးတစ်တပ်ဖြစ်သောကြောင့် ကားလမ်းတစ်လျှောက်စီတန်းကာပြည့်ကျပ်လျက်ရှိပါသည်။ မျက်နှာဖြူအရာရှိကြီးများနှင့် အိန္ဒိယနွယ်ဖွားစစ်သားများကိုတင်ဆောင်လာခဲ့သော စစ်ကားကြီးများ၊ ရိက္ခာတင်စစ်ယာဉ်တန်းများ၊ သံချပ်ကာယန္တရားများစသည့် စစ်လက်နက်ယာဉ်မျိုးစုံတို့သည် ကားလမ်းမကြီးတစ်လျှောက်တွင် မုရွက်ဆိတ်တန်းကြီး စီတန်းလာသတဲ့သို့ မည်းမည်းလှုပ်လျက်ရှိပါလေ၏။

ရှည်လျားသော ယာဉ်တန်းကြီးမှထွက်ပေါ်လာသော စက်သံကြီးများကလည်း ပတ်ဝန်းကျင်ဝဲယာတစ်ဝိုက်တွင် မြေဟုန်ဟည်းလုမတတ်ဆူညံလျက်ရှိပါသည်။ သခါရသဘောတရားဟူသည်မှာ ဤစစ်မြေပြင်တွင် လွန်စွာမှလျင်မြန်စွာဖြစ်ပေါ်ပြောင်းလဲတတ်သောအရာဖြစ်ပါ၏။ ယခုပင်ကြည့်ပါ . . . တစ်

www.burmeseclassic.com

www.burmeseclassic.com



ချိန်သောအခါကာလတစ်ခုစီက 'နေမဝင်အင်ပါယာကြီး၏ အရှင်သခင်များ' ကမ္ဘာ့အလယ်တွင် ခေါင်းတစ်ထောင်ထောင် လည်တဆန့်ဆန့်နှင့် စိတ်ကြီးဝင်ကာ စစ်မာန်ဝင့်ခဲ့သော ဗြိတိသျှအင်္ဂလိပ်တပ်မကြီးသည် ရေစီးတစ်ခါ ရေသာတစ်လှည့်ဟူသော သဘောတရားကို မလွန်ဆန်နိုင်တော့သောအဖြစ်သို့ မကြာခင်ရောက်ရှိခဲ့ရပါတော့သည်။

အချိန်က ညနေလေးနာရီခန့်ရှိပြီမို့ တိမ်ရောင်စုံတို့က ဆည်းဆာကောင်းကင်ကို အလှဆင်နေကြသည်သို့ ...။ နောက်ထပ်တစ်နာရီခန့်သွားလျှင် ထူထပ်သောတောအုပ်ထဲသို့ ရောက်ရှိတော့ပြီမို့ တပ်မကြီးတစ်ခုလုံးလုံခြုံစိတ်ချမှုရှိစေရန် ခရီးကြမ်းကိုနှင်နေပါ၏။ ထိုအချိန်တွင် ...

တိမ်ရောင်စုံတို့ စီးမျောနေသည့်ဆည်းဆာကောင်းကင်ထက်မှ ရုတ်တရက်ထွက်ပေါ်လာသော ဂျပန်ဘုရင့်တပ်မတော်မှ နာမည်ကျော် (Zero)တိုက်လေယာဉ်များက မည်းမည်းလှုပ်မျှသွားနေကြသည့် ဗြိတိသျှအင်္ဂလိပ်တပ်မကြီးပေါ်သို့ တရစပ်ပစ်ခတ်တိုက်ခိုက်ပါလေတော့သည်။

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်'

'ဒိန်း ..ဒိန်း ..ဒိန်း ..ဂျိမ်း ..ဝုန်း'

စစ်ပရိယာယ်ကြွယ်ဝလှသော နေမျိုးနွယ်ဖွားဂျပန်သားတို့၏ လက်စွမ်းပြတိုက်ခိုက်မှုများကြောင့် အင်္ဂလိပ်တို့၏ စစ်



ယာဉ်တန်းကြီးမှာ ကစဉ့်ကလျားနှင့်ပျက်စီးပြိုလဲကာ တစ်ခဏအတွင်းမှာပင် အလောင်းချင်းထပ်သွားပါလေတော့သည်။ ဟုတ်ပါသည်။ စစ်ယာဉ်တန်းကြီး၏ တစ်ဝက်နီးနီးသည် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ပါလေ၏။

ဤသို့ဖြင့် အင်္ဂလိပ်တပ်မကြီးသည် ဂျပန်တပ်မတော်၏ တိုက်လေယာဉ်များ၏ ရက်ရက်စက်စက်ပစ်ခတ်ချေမှုန်းခံခဲ့ရသဖြင့် စစ်ကြောင်းကြီးမှာတစ်ကွဲတစ်ပြားစီဖြစ်သွားကာ နောက်ဆုံးရည်မှန်းချက်ဖြစ်သည့် အင်ဖာသို့ရောက်ရှိနိုင်ရန်အတွက် ခက်ခက်ခဲခဲဆုတ်ခွာခဲ့ကြပါတော့သည်။ ထိုအထဲတွင် ဗြိတိသျှတပ်မ (၁၇)မှ တပ်ခွဲမှူးဖြစ်သည့် ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်နှင့်စစ်ကားသုံးစင်းတို့သည် ထူထပ်သောတောအုပ်ကြီးထဲသို့ တရကြမ်းမောင်းနှင်ဝင်ရောက်ခဲ့ကြသဖြင့် ဂျပန်တို့၏ တိုက်လေယာဉ်ဒဏ်မှကံကောင်းထောက်မစွာ လွတ်ကင်းလာခဲ့ရပါလေ၏။

ထိုအချိန်တွင် ဆည်းဆာနေလုံးကြီးသည် လုံးဝတိတ်လျှိုးကွယ်ပျောက်သွားပြီဖြစ်သဖြင့် အမှောင်ထုကြီးများက ကာနယ်ဝီလ်ဆင်တို့အားလုံခြုံစွာကာကွယ်ပေးလိုက်နိုင်ခဲ့ပါတော့သည်။ ထိုသည့်အချိန်မှစတင်၍ ရန်ကုန်မြို့ကြီးမှဆုတ်ခွာခဲ့သော (British-Indian 1&DIV) ဗြိတိသျှ-အိန္ဒိယအမှတ် (၁၈) မြို့စောင့် တပ်မကြီးသည် အစိတ်စိတ်အမွှာမွှာကွဲပြန့်ပျက် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းရာ လွတ်မြောက်ရာနယ်မြေဖြစ်သော အင်ဖာစစ်မြေပြင်ရှိရာသို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အလွတ်ရုန်းကာ ကသောင်းကနင်းဆုတ်ခွာခဲ့ကြရပါတော့သည်။

စင်စစ် ဥရောပတိုက်တွင် ဂျာမန်နာဇီတို့ မွှေးခဲ့သော မီးကြောင့်တောက်လောင်ခဲ့သော စစ်မီးကြီးကြောင့် မြန်မာနိုင်ငံရှိ အင်္ဂလိပ်တပ်များမှာလည်း စစ်၏တပ်လှန့်သံကို တထိတ်ထိတ်ဖြင့် နားစွင့်နေကြရသည်မဟုတ်ပါလား။ ဟုတ်သည်။ အာရှတိုက်တွင်နေ့ချင်းညချင်း တန်ခိုးထွားလာခဲ့သော ဂျပန်ဖက်ဆစ်တို့သည် မြန်မာနိုင်ငံအား နေ့ဝင်တိုက်မည်လား၊ ညဘက်ကြီးတွင်ဝင်တိုက်မည်လေလားဟု စိုးရိမ်ပူပန်နေရသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့်လည်း အင်္ဂလိပ်အစိုးရသည် ဂျပန်များစတင်၍ ထိုးစစ်ဆင်လာနိုင်သည့်ရှမ်းပြည်နယ်ဘက်များတွင် သူ၏စစ်တပ်များကိုအများအပြားချထားခဲ့သည်။

ထင်သည့်အတိုင်းပင် ... ၁၉၄၁ခုနှစ် ဒီဇင်ဘာ (၈) ရက်နေ့တွင် ဂျပန်တို့က မဟာမိတ်တို့အားစတင်၍ စစ်ကြေညာခဲ့ကြသည်။ သို့သော် ဂျပန်တို့သည် အင်္ဂလိပ်မဟာမိတ်တို့ မျှော်လင့်မထားသည့် တနင်္သာရီကမ်းရိုးတန်းဘက်မှတစ်ဆင့် ကော့ကရိတ်တောင်ကြားလမ်းကိုဖြတ်ကာ အမှတ်မထင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြပါ၏။ ထိုအချိန်မှစ၍ ဂျပန်တို့သည် မော်လမြိုင်၊ သထုံ၊ ဘီလင်း၊ ကျိုက်ထိုမြို့များအား စစ်အင်အားအလုံးအရင်း



ထိုးစစ်ဆင်တိုက်ခိုက်ကာ သိမ်းပိုက်လာခဲ့ကြသည်။ ဒီဇင်
ဘာ (၂၃)ရက်နှင့် (၂၅)ရက်တို့တွင် ရန်ကုန်မြို့ကြီးအား အကြီး
ယလေကြောင်းမှ ဗုံးကြဲ၍တိုက်ခိုက်ကာ ကြည်းကြောင်း၊
ကြောင်းနှစ်ဖက်ညှပ်၍ မီးကုန်ယမ်းကုန် တိုက်ခိုက်ခဲ့ကြ
ည်။ အမှတ် (၁၇) အိန္ဒိယတပ်မကြီးသည် စစ်တောင်းတံတား
အား မိုင်းဖြင့်ခွဲကာ ဂျပန်၏စစ်ဆင်ရေးလမ်းကြောင်းကို
တ်တောက်ခဲ့သော်လည်း အရာမထင်ပါ။ တစ်ဖန် ပဲခူးရိုးမ
ကျော်ဖြတ်လာခဲ့သော ဂျပန်စစ်တပ်ကြီးသည် ရန်ကုန်မြို့
င်းတိုက်ပွဲကိုဆင်နွှဲရန်အတွက် နီးကပ်စွာရောက်ရှိလာကြသ
ည်သို့ မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့သော ဗမာ့လွတ်လပ်ရေး
ပ်မတော် (ရဲဘော်သုံးကျိပ်)တို့သည်လည်း (BIA)တပ်မတော်
အမည်ပေးဖွဲ့စည်းကာ မြန်မာပြည်တွင်းသို့ ဂျပန်တပ်မတော်
ကြီးနှင့်အတူ ပြန်လည်ဝင်ရောက်၍ ဗြိတိသျှအင်္ဂလိပ်တို့အား
င်မြိုင်ဆိုင်ဆိုင်ကြီးတိုက်ထုတ်လျက်ရှိကြပါချေပြီကား။ ထိုကဲ့
သို့ မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်ချဲ့အင်္ဂလိပ်ဗြိတိသျှတို့အား ဂျ
န်တို့နှင့်ပူးပေါင်းကာ တက်ညီလက်ညီတိုက်ထုတ်နေကြချိန်တွင်
န်မာပြည်အထက်ပိုင်းဖွန်ဂန်တောင်ခြေရှိ နန့်ဟူရွာကြီးသည်
အားစိမ့်သောနှင်းမြူလွှာထုကြီးအောက်ဝယ် အေးချမ်းစွာ
သည်ရှိနေပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## ဖွန်ဂန်တောင်မှ...အန္တရာယ်နိမိတ်

ကိုးရပ်တစ်ခွင်လုံး ဆီးနှင်းထုများကသာ ရစ်သိုင်းခြုံလွှမ်းလျက်ရှိသည်။ မျှော်လေတိုင်း ဘော်ငွေရောင်ဖြူလွလွနှင်းပွင့်များက ဝေနေပါ၏။ သစ်ပင်သစ်ကိုင်းများပေါ်မှ တဖြောက်ဖြောက်ကျဆင်းလျက်ရှိသော နှင်းစက်၊ နှင်းပေါက်များက မိုးမှုန်မိုးစက်များသဖွယ် ဖွန်ဂန်တောင်စောင်းထက်ဝယ် မှုန်ရီဝေဝါးလျက်ရှိသည်။

ရှေ့သို့ခြေတစ်လှမ်းလှမ်းလိုက်တိုင်း နှင်းခဲနှင်းဖတ်များက ဇော်ဘောက်၏ခြေခုံအထိနစ်မြုပ်သွားကြသည်။ လက်ထဲမှ တူမီးသေနတ်ကြီးကိုအသင့်ကိုင်လျက် လျှောက်နေသောဇော်ဘောက်၏ခြေသံတစ်ခုကို ကြားလိုက်ရသဖြင့် ဇော်ဘောက်



နောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

သူ၏နောက်ဘက်တွင် အရိုးပြိုင်းပြိုင်းကျနေသည့် သစ်ပင်ကျိုးတိုးကျဲတဲနှင့်အဖြူရောင်နှင်းလွှာထုကြီးကိုသာ မြင်လိုက်ရသည်။ မည်သည့်ထူးခြားသောအရိပ်သဏ္ဍာန်ကိုမျှ မတွေ့ခဲ့ရ။ ထိုစဉ် လေပြင်းတစ်ချက် သုတ်ခနဲတိုက်ခတ်လိုက်သဖြင့် ဇော်ဘောက်၏ကိုယ်ပေါ်သို့ နှင်းမှုန်နှင်းခဲများကပိကျလာခဲ့သည်။ အတန်ကြာမျှနေရာတွင်ပင်ရပ်လျက် ထူးခြားသောအသံကို ဂရုတစိုက်နားထောင်ကြည့်နေပါ၏။ သို့သော် . . . မည်သည့်အသံမျှ မကြားရပါလေတော့။

ထို့ကြောင့် ဇော်ဘောက်မှာ သူ၏ဦးတည်ရာအရပ်ဆီသို့ ဆက်လက်၍လျှောက်လှမ်းလာခဲ့သည်။ မကြာမီ ဇော်ဘောက်သည် မိမိ၏ခြေသံများနှင့် နှင်းစက်ကျသံများနှင့်ရောထွေးလျက် လိုက်ပါလာသည့် အခြားတစ်ပါးသောခြေသံတစ်သံကို ထပ်မံ၍ သတိပြုလိုက်မိပြန်သည်။

ဇော်ဘောက်မှာ ဝါရင့်မုဆိုးကျော်တစ်ဦးဖြစ်ပါ၏။ ထို့ကြောင့် ဤဖွန်ဂန်တောင်ပေါ်ရှိ နှင်းလွှာထုကြီးထဲမှခြေသံကိုနားစွင့်အာရုံခံလိုက်သည်နှင့် မည်သည့်သတ္တဝါအမျိုးအစားဖြစ်မည်ကို ကြိုတင်၍ခန့်မှန်းနိုင်သည်။ သို့သော် . . . ယခု သူ၏နောက်ဘက်မှကြားနေရသော ခြေသံမှာ ခြေလေးချောင်းသတ္တဝါမျိုးမဟုတ်ဘဲ ခြေနှစ်ချောင်းသတ္တဝါ (လူတစ်ယောက်)၏ ခြေသံမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသောကြောင့် လွန်စွာအံ့ဩသွားရပါသည်။ ထို့အပြင် ထူ
ခြားသောခြေသံရှင်သည် ပါးနပ်လွန်းသည်။ စိတ်ရှည်လွန်းသ
ဟု ဖော်ဘောက်ထင်မြင်မိပါ၏။ အဘယ်ကြောင့်ဆိုသော် သူ
နောက်မှတိတ်တဆိတ်လိုက်လာသည့် ခြေသံရှင်သည် သူ
တန့်လျှင်လိုက်၍ရပ်နေလိုက်ပြီး သူလျှောက်လှမ်းမှသာသူ၏
သံနှင့်ရောနှော၍ ခြေသံဖျောက်ကာပိပိရိရိလိုက်ပါလာခဲ့ခြင်း
သည်။

"ရော် ...ငါ့နောက်ကနေ ဘယ်သူများခြေရာခံလို
နေတာပါလိမ့် ဘယ်သူမှလည်း လိုက်လာစရာအကြောင်း မ
ဘူး ...ငါ့စိတ်ကပဲ ထင်မြင်နေမိတာများလား"

ဟုတ်သည် ...နှင်းကျသံများ၊ သူ၏ခြေသံများ
ရောနှောကာကြားနေရသည့် ထူးခြားသောအသံမှာ တစ်ခါတ
ငြိမ်သက်သွားလေ့ရှိသဖြင့် တိတ်ဆိတ်နေသည့်ဖွန်ဂန်တော
ကြောပေါ်တွင် အာရုံများကာကြားမိသည်လားဟုပင် ဝိုးတ
တွေးနေမိပါလေ၏။ နောက်ဆုံး မိမိစိတ်ကိုမိမိထိန်းချုပ်ပြီး ဖွ
ဂန်တောင်ကြောပေါ်သို့သာ ခရီးဆက်ခဲ့ပါတော့သည်။ ယခု
သို့ ဆောင်းအကုန်နွေအကူးအချိန်တွင် ဖွန်ဂန်တောင်စော
ဝါးတောကြီးထဲတွင် မျှစ်စို့ကြီးများအပြိုင်းအရိုင်းထွက်နေကြ
ရော့မည်။ ထို့အတူ ထိုမျှစ်စို့ပေါက်များကို လွန်စွာကြိုက်နှစ်သ
ကြသည့် ကတိုးကောင်များက ဖွန်ဂန်ဝါးတောကြီးဆီသို့ ရော



ရှိလာကြပေတော့မည်။

ကတိုးကောင်မှာ လွန်စွာရှားပါးသောတိရစ္ဆာန်ဖြစ်သောကြောင့် ဖမ်းဆီးရမိရန်လွန်စွာမှခက်ခဲပါ၏။ ဝိရိယဖွဲ့ခတ်၍ အသွယ်သွယ်ကိုရင်ဆိုင်ကျော်လွှားဖြတ်သန်းနိုင်ခဲ့သည့်တိုင် ဖမ်းဆီးရမိသော ကတိုးကောင်မှာအမဖြစ်နေခဲ့လျှင် မျော်လင့်ချက်နှင့်လွဲရပြန်ပါချေသည်။ အကြောင်းမှာ ကတိုးအမဖြစ်နေခဲ့လျှင် နံ့သာခဲမရရှိနိုင်၊ ကတိုးအထီးကောင်ဖြစ်မှသာ လိုချင်သည့် မျှော်လင့်ချက်(ကတိုးမွှေး)ကို ရရှိပါ၏။ ယခုလိုအချိန်မျိုးတွင် ကတိုးမွှေးတစ်ကျပ်သားလျှင် သောင်းဂဏန်းနီးပါးဈေးရရှိနေခြင်းက ဖော်ဘောက်တို့ကဲ့သို့သော ဖွန်ဂန်မုဆိုးများအတွက် လာဘ်ကြီးတစ်ပါးပင်တည်း။

ကတိုးဆိုသည်မှာ ဒရယ်မျိုးနွယ်ဝင်ဖြစ်ပြီး ဖွန်ဂန်တောင်ကဲ့သို့သော ရေခဲတောင်များတွင်သာကျက်စားနိုအောင်းလေ့ရှိသည့်ရှားပါးသတ္တဝါတစ်မျိုးဖြစ်သည်။ အရွယ်အစားမှာ ပခုံးအမြင့် လက်မ (၂၀)ခန့်ရှိပြီး အလျားမှာ သုံးပေခန့်အရွယ်ရှိသည်။ ကတိုးကောင်၏ခွာမှာ ချွန်ခွာနှင့်ဆင်ဆင်တူပြီး အဖျားပိုင်းချွန်၏။ ကိုယ်ခန္ဓာအပေါ်ပိုင်းတွင် လုပသောမီးခိုးနုရောင်ရှိပြီး ဝမ်းပိုက်ပိုင်းတစ်ဝိုက်တွင်သာ အဖြူရောင်အဆင်းသဏ္ဌာန်ရှိသည်။

ကတိုးအထီးကောင်မှ မေးအောက်မှ ထိုးထွက်နေသော အစွယ်နှစ်ချောင်းရှိပြီး ကတိုးအမတွင်ကား ထိုကဲ့သို့သော အစွယ်

www.burmeseclassic.com



များမရှိကြ၊ ကတိုးအထီးနှင့်အမများတွင် ဦးချိုများမပါရှိကြဘဲ တိုနံ့နံ့အမြီးတိုကလေးများသာပါရှိကြသည်။ ကတိုးကောင်များ မိတ်လိုက်ပုံကလည်း လွန်စွာမှထူးဆန်းအံ့သြဖွယ်ရာပင် ဖြစ်ပါ၏။ ကတိုးအထီးကောင်၏အမြီးဖျားသည် နို့သီးခေါင်းကဲ့သို့ အဖျားချွန်ပြီးထိပ်တွင်လည်း နို့သီးခေါင်းမှအပေါက်ကလေးများကဲ့သို့ အပေါက်များပါရှိသည်။ ထိုအပေါက်ကလေးများမှပင် ကတိုးကောင်၏သန္ဓေရည်ထွက်ရှိပါ၏။

ကတိုးကောင်များသည် လပြည့်၊ လကွယ်ရက်များတွင် မိတ်လိုက်တတ်ကြပြီး တစ်နှစ်လျှင် နှစ်ကြိမ်သာ သားပေါက်ကြသည်။ တစ်ကြိမ်ပေါက်လျှင် တစ်ကောင်သာဖြစ်ပြီး နို့တိုက်သတ္တဝါအမျိုးအစားဖြစ်ပါ၏။ မိတ်လိုက်ချိန်တွင် ကတိုးအမသည် သန္ဓေသားရရှိစေရန်အတွက် ကတိုးအထီးကောင်၏အမြီးဖျားကို ပါးစပ်ဖြင့်စုပ်ယူ၏။ ကတိုးကောင်အထီးသွားလေရာနောက်မှ တကောက်ကောက်ဖြင့်လိုက်ကာ စုပ်ယူနေရခြင်းဖြစ်သည်။

တန်ဖိုးကြီးရှားပါးသလောက် ဆေးဖက်ဝင်သော ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေး၊ နံ့သာခဲသည် ကတိုးအထီး၏ချက်အထက်အိတ်ငယ်နှင့်တည်ရှိသည်။ ထိုအိတ်အတွင်းမှ နီညိုရောင်အဆင်းရှိရန့်မွှေးသော နံ့သာခဲကိုရရှိသည်။

ထို့ကြောင့်လည်း ဇော်ဘောက်တစ်ယောက် ဖွန်ဂန်တောင်ကြောပေါ်တွင် ကတိုးကောင်ရရှိရန်အတွက် ဝါးတော



ကြီးရှိရာသို့ ဦးတည်လာနေခြင်းပင် ဝါးတောကြီးမှ ဝါးမျှစ်စို့အပေါက်ကြီးများကလည်း ထိုးထိုးထောင်ထောင်အထွက် မျှစ်စို့ကြိုက်သောကတိုးကောင်များကလည်း အလုအယက်ဝင်အစားသူ၏တွေးထင်ထားချက်သာ မှန်ခဲ့ပါလျှင် ဖွန်ဂန်တောင်အပြန်ခရီးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိပင်တည်း။

မကြာမီ ကျယ်ပြောရှည်လျားလှသော ဖွန်ဂန်တောင်တောင်းရှိ စိမ်းစိုသောဝါးရုံတောကြီးဆီသို့ ဇော်ဘောက်ရောက်ရှိလာခဲ့သည်။ ပစ်ကွင်းကောင်း၊ နေရာကောင်းဖြစ်သည့် လုံခြုံစိတ်ချရာ တောင်ကုန်းတစ်ခုအကွယ်တွင် ဇော်ဘောက် ကျကျနန နေရာယူလိုက်ပါ၏။ သူ၏တူမီးသေနတ်ကို ကျည်စစ်ပြီး စိတ်ကြိုက်နေရာယူထားသည့် တောင်ကုန်းအကွယ်မှ စိတ်ရှည်လက်ရှည်ဖြင့် စောင့်နေမိပါတော့သည်။

နေလုံးသည် တစ်စတစ်စမြင့်တက်လာပြီဖြစ်သောကြောင့် တောင်စောင်းတစ်လျှောက်မှာ . . . နှင်းဖတ်၊ နှင်းခဲများသည် တဖြည်းဖြည်းအရည်ပျော်စပြုလာခဲ့သည်။ စောစောပိုင်းက နှင်းမြူများဖြင့်ပိတ်ဖုံးနေသည့် ဝိုးတဝါးမြင်ကွင်းသည်ပင် ရှင်းရှင်းလင်းလင်းတွေ့မြင်နေရပါချေပြီ။ မကြာမီ ဖွန်ဂန်လျှိုကြီးထဲမှ ယုန်ဖြူတစ်အုပ် တလှုပ်လှုပ်နှင့်တက်လာကြပြီး မျှစ်နုများကိုလာရောက်ရှာစားသောက်နေကြသည်ကို ဇော်ဘောက်တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာမျှ ကိုက်ခဲသောဝေဒနာလာသည်အ စိတ်ရှည်ရှည်နှင့်စောင့်ဆိုင်းလျက်ရှိစဉ် ဖွန်ဂန်လှိုဏ်ဘက်မှ ဝါ တောကြီးဆီသို့လှမ်းဝင်လာနေသည့် ကတိုးနှစ်ကောင်ကို ရုတ် ရက်တွေ့မြင်လိုက်ရပါ၏။ မမျှော်လင့်သော မျှော်လင့်ခြင်း ပြည့်စုံလာသဖြင့် ဇော်ဘောက်ရင်ထဲတွင် ဒိတ်ခနဲခုန်လှုပ်သွ သည်။ ဇော်ဘောက်ကြည့်နေစဉ်မှာပင် ရှေ့မှစိုက်စိုက်နှင့် ဝင်လ သည့် အောက်မေးအစွယ်နှစ်ချောင်းနှင့် အထီးကတိုးကောင် မြင်တွေ့လိုက်ရပြီး သူ၏နောက်မှ ကတိုးအမကောင်ကတစ်လှ ချင်းလိုက်ပါလာပါ၏။

ဇော်ဘောက်က လက်ထဲမှတူမီးသေနတ်ကိုပစ်ခတ် ရ သေနတ်ဒင်အား သူ၏ပခုံးဆီသို့ ခပ်တင်းတင်းဆွဲကပ်လိုက် ပစ်မှတ်ကိုချိန်ရွယ်လိုက်သည်။

ကတိုးကောင်နှစ်ကောင်ကမူ အကွယ်မှချောင်းမြောင် နေသည့် ရန်သူတော်ဇော်ဘောက်ကို ... မသိမမြင်နိုင်ရှာခဲ့ နှင်းတောထဲမှထိုးထွက်နေသည့် ဝါးမျှစ်နုလေးများကိုသာ သ မဲမဲ တူးဆွစားသောက်နေကြပါ၏။

ဇော်ဘောက်မှာ ကြုံကြိုက်ခဲလှသောရှားပါးသတ္တဝါ ဖြ သည့် ကတိုးကောင်ကိုအလွတ်မခံတော့ ... စိတ်ကိုတည်ငြိမ် အောင်ထိန်း၍ ညာဘက်လက်ညှိုးနှင့်သေနတ်မောင်းကွင်း ပိုင်ပိုင်နိုင်နိုင်ညှစ်ဆွဲတော့မည်အပြု ...



သူ၏နောက်ဘက်မှ ထူးခြားသော အသံတစ်ခုနှင့်အတူ အရိပ်မည်းကြီးတစ်ခုထိုးကျလာသဖြင့် ဖျပ်ခနဲနောက်သို့လှည့် ကြည့်လိုက်သည်။

"ဟာ"

မမျှော်လင့်ဘဲ သူ၏နောက်မှ ကြောက်မက်ဖွယ်ရာ အန္တရာယ်ကောင်ကြီးကို ဖြုန်းခနဲတွေ့မြင်လိုက်ရသဖြင့် ပစ်ခတ်တိုက်ခိုက်ရန်ပြင်ဆင်လိုက်သော်လည်း ဇော်ဘောက်အတွက် အချိန်များစွာနောက်ကျသွားခဲ့ရပြီ။ ကြောက်မက်ဖွယ်ရာ ဟစ်အော်သံကြီးတစ်ခု၏အောက်တွင် ဇော်ဘောက်၏ထိတ်လန့်တကြား ဟစ်အော်သံလေးက ဖွန်ဂန်တောင်တန်းကြီးတစ်ပိုက်တွင် ပဲ့တင်တိုက်ခတ်သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## ◈ ဖွန်ဂန်တောင်တွင်ဘီလူးပေါ်ခြင်း ◈

နံနက်ခင်း နှင်းကြမ်းလေနှင့်အတူ ကြားလိုက်ရသော သတင်းဆန်းကြီးတစ်ခုကြောင့် နမ့်ဟူရွာခေါင်းကြီး ဦးဖော်ထန်းလျှံ မျက်လုံးမျှားပင် ပြူးကျယ်သွားရပါ၏။ ထိုသတင်းထူးကို သယ်ဆောင်လာသူမှာ မုဆိုးတူးဂျာဆိုသူပင်ဖြစ်ပါသည်။

"ဘယ်လိုကွယ့် တူးဂျာ . . . ဖွန်ဂန်အရှေ့ဘက်ခြမ်းမှာ ဘီလူးပေါ်နေတယ် . . . ဟုတ်စ"

"ဟုတ်တယ် ရွာခေါင်းကြီး . . . အဲဒီဘက် တောင်ခြေ ရွာတွေဆို ညဥ့်ဘက်တွေမှာတောင် ကောင်းကောင်းမအိပ်ရဲ ကြဘူးတဲ့လေ"

"ဟင် . . . ဘယ်လိုဖြစ်တာလဲဟေ့ . . . ဟို . . . ဗြိတိ



သျှအင်္ဂလိပ်တွေကလည်း အင်ဖာဘက်ကို အလုံးအရင်းနဲ့ ဆုတ် ာနေကြတယ်ဆိုလို့ စစ်ကြောင်းနဲ့နီးတဲ့ ရွာတွေအတွက်စိုးရိမ် နေရတဲ့အထဲ ဘယ်ကဘယ်လို . . . ဒီ . . . ဘီလူးကောင်ရဲ့ သတင်းက ထွက်လာရပြန်တာလဲဟေ့"

ရွာခေါင်းကြီးဦးဖော်ထန်းလျှံက မီးညှိတော့မည့်ဆဲဆဲ သုဓါဝါးဆေးတံရှည်ကြီးကို ပါးစပ်မှချွတ်ကာ တူးဂျာဘက် သို့လှည့်ကာမေးမြန်းစုံစမ်းလိုက်သည်။

"အင်း . . . ကျုပ်ကြားရတာကတော့ လွယ်မန်းတို့ တညင်ချောင်း၊ ကျားအော်ကွေ့တို့ ရွာတွေတစ်ဝိုက်မှာ လူတွေ ခဏ ခဏပျောက်သွားကြသတဲ့၊ တချို့ဆိုရင် အလောင်းတောင် ရှာမတွေ့ဘူးတဲ့ ရွာခေါင်းကြီး၊ ရှာလို့တွေ့တဲ့အလောင်းကျပြန် တော့လည်း လည်ပင်းရိုးတွေကျိုးပြီး အချို့အလောင်းတွေဆို ာက်တခြား၊ ပေါင်တခြားစီတောင် ပြတ်နေကြသတဲ့၊ တချို့ အလောင်းတွေရဲ့ လည်ကုပ်တွေမှာဆို အစွယ်ရာကြီးတွေ ထင်းသားတွေ့ကြရတယ်တဲ့ ရွာခေါင်းကြီးရဲ့"

"အို . . . ဘုရားသခင် . . . အခုမှပဲ ဒုက္ခမျိုးစုံဆိုက်ပြီ ာင်တယ်၊ စစ်ဘေးစစ်ဒဏ်ကြောက်ရတာ တစ်မျိုး၊ ဒီ ဘီလူး ကောင်ပေါ်လာတာက တစ်မျိုးနဲ့တော့ . . . ရွာသားတွေတော့ ာပ်ဆိုက်ကြပြီပေါ့"

ဤသည်မှမစ၍ နမ့်ဟူရွာကြီးနှင့် နီးစပ်ရာရွာစဥ်တစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက် ဖွန်ဂန်တောင်ပေါ်တွင် ဘီလူးပေါ်နေသည်ဆိုသော သတင်းကတောမီးလောင်းသည့်နှယ် လျှင်မြန်စွာပျံ့နှံ့သွားပါလေတော့သည်။

ထိုသတင်းကြောင့် နမ့်ဟူရွာစွန်မှ မုဆိုးညီနောင်ဖြစ်သည့် ညီဖြစ်သူ မင်းမောင်တစ်ယောက်စိတ်ပူပန်သွားမိသည်။ သူ၏အစ်ကိုဖော်ဘောက်သည် ကတိုးကောင်ပစ်ခတ်ရန်အတွက် ဖွန်ဂန်တောင်ပေါ်သို့တက်သွားသည်မှာ ရက်တစ်ပတ်ခန့်ရှိပါပြီ။ ခါတိုင်းဆိုလျှင် သုံးလေးရက်မျှသာ ကြာလေ့ရှိသော်လည်း ယခုတစ်ခေါက်ကျမှ ထိုက်တိုက်ဆိုင်ဆိုင်ပြန်သင့်သည့်ရက်ထက် ကျော်လွန်လာခဲ့ပြီမို့ မင်းမောင်စိုးရိမ်ပူပန်နေမိခြင်းဖြစ်သည်။

“သိပ်လည်းစိတ်မပူပါနဲ့ မင်းမောင်ရာ … ဖော်ဘောက်က ဝါရင့်, သမ္မာရင့်မုဆိုးတစ်ယောက်ပါ၊ သူ့အန္တရာယ်ကိုတော့ သူကာကွယ်နိုင်ပါတယ်၊ သတင်းစကားကလည်း မရေရာတဲ့ ပါးစပ်သတင်းတွေပါ၊ ငါ သေချာစုံစမ်းကြည့်ပါဦးမယ်”

သူငယ်ချင်းဖြစ်သူ မိုင်းနော်က မျက်စိမျက်နှာမကောင်းဖြစ်နေသည့် မင်းမောင်ကိုအားပေးနှစ်သိမ့်နေသည့်တိုင် သူ့နောက်မှရောက်လာသည့် ခြိမ်းချင်းစောရွှေသာက အာဘောင်အာရင်းသန်သန်နှင့် စကားဝိုင်းထဲသို့ဝင်ရောက်ပြောဆိုလာပါ၏။

“ဟကောင် မိုင်းနော်ရဲ့ … ဘယ့်နှယ့် ဒီသတင်းက မရေရာရမှာလဲ၊ ကောလာဟလလည်းမဟုတ်ပါဘူး။ တကယ့်



ပ်မှန် အနိဋ္ဌာရုံအဖြစ်ဆိုးကြီးတစ်ခုပဲ မင်းမောင်၊ မနေ့က ညင်ချောင်ရွာက ငါ့တူတော်မောင် ရောက်လာတယ်၊ ဖွန်ဂန် င်မှာ ဘီလူးဆိုတာ တကယ်ပေါ်နေတာတဲ့ကွ၊ ကညင် င်ရွာကြီးက လူနှစ်ယောက်, ကျွားအော်ကွေ့က သုံးယောက်နဲ့ ယ်မန်းဘက်မှာလည်း မနည်းတော့ဘူးတဲ့၊ နောက်ပြီး ဖွန်ဂန် င်ခြေမှာ မျှစ်စို့ချိုးတဲ့ ရွာသူတချို့လည်း အဲဒီဘီလူးအကိုက် ကြရလို့ နှစ်ယောက်တောင် သေကျန်ရစ်ခဲ့တယ်တဲ့၊ အင်း ငါတို့ဘက်အခြမ်းကိုတောင် အဲဒီဘီလူးကောင်ကြီး ဘယ် ့ရောက်လာမယ် မသိဘူးဟေ့။ တချို့ရွာတွေဆို ညဦးတောင် ာင်းကောင်းနကြီး မအိပ်ရဲကြတော့ဘူးတဲ့ … ရွာစည်းရိုးတွေ ုင်ခိုင်ခတ်ကြပြီး ယောကျာ်းတွေက ဓားတွေ,လှံတွေနဲ့ ကင်း င့်ပြီးတောင်နေကြရတယ်”

စောရွှေသာက သူ၏တူတော်မောင်ထံမှ ကြားသိရသော တင်းစကားများကို ပြန်လည်၍ဖောက်သည်ချနေခြင်းဖြစ်ပါ၏။ ားရသောသတင်းများကို မင်းမောင်တစ်ယောက်ချင့်ချိန်စဉ်း ၍ကြည့်ပသည်။ တစ်နေ့တခြား တိုးတက်ပြောင်းလဲလာ သည့် ခေတ်ကြီးတွင် ဘီလူး၊ သရဲ၊ တစ္ဆေစသည်များက နိုင်မည်ဟုမထင်ခဲ့ပါ။ လူအများကြောက်လန့်တုန်လှုပ်ကြစေရန် လေးသူငယ်များသွေးပျက်ထိတ်လန့်စေရန် ခြောက်လှန့်ပြော လေ့ရှိသော တစ္ဆေသူရဲပုံပြင်ခေတ်မှာ ယခုဘဝတွင်ကျန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီဖြစ်ပါ၏။

ဤသို့ဆိုလျှင် . . . ဖွန်ဂန်တောင်ကြီးပေါ်မှာ ဘီလူးသရဲတစ်ကောင်သည် နေ့ချင်းညချင်းပေါ်ထွက်လာသည်မှာ အဘယ်ကြောင့်နည်း။ တိတိကျကျသိလို၊ စုံစမ်းလိုလျှင်မူ ကိုယ်တိုင်ကိုယ်ကျပင် ဖွန်ဂန်တောင်ကြီးပေါ်သို့တက်ရောက်ကြည့်မှသာ သိမြင်နိုင်မည်ဖြစ်ပါ၏။ ယခုတော့ ကြားသိခဲ့ရသော သတင်းစကားများက မယုံနိုင်စရာပုံပြင်တစ်ပုဒ်ကဲ့သို့သာဖြစ်နေပါချေတော့သည်။

သို့သော် . . . ဘီလူးပေါ်သည်ကို ယုံသည်၊ မယုံသည် အပထား လောလောလတ်လတ် ခြေပြတ်၊ လက်ပြတ်၊ လည်ကုပ်တွင်အစွယ်ရာကြီးများနှင့် သေကျေပျက်စီးခဲ့ကြရသော သို့မဟုတ် . . . ပျောက်ဆုံးနေကြရသော ရွာစဉ်များမှ ရွာသူရွာသားများ၏ အနိဋ္ဌာရုံအဖြစ်ဆိုးကြီးများက လက်တွေ့သာဓကဖြစ်နေခဲ့သည်မဟုတ်ပါလား။

ထိုသတင်းကြောင့် စစ်ရေးအခြေအနေအတွက်တိုင်ပင်ဆွေးနွေးကြရန်ရောက်ရှိလာကြသည့် ရွာခေါင်းကြီးများမှာ နမ့်ဟူရွာခေါင်းကြီးဦးဇော်ထန်းလျှံ၏ နေအိမ်တွင်ပူပူနွေးနွေး ဘီလူးတစ်ကောင်၏သတင်းကိုသာ ဆွေးနွေးနေကြရပါတော့သည်။ နမ့်ဟူရွာခေါင်းကြီး၏ သစ်လုံးအိမ်အပေါ်ထပ်တွင် ရွာလေးရွာမှ ရွာခေါင်းကြီးများနှင့် သူတို့၏တပည့်လက်သားများဖြင့် စုံ



ထိုင်လျက်ရှိသည်။ အသက်ခြောက်ဆယ်ကျော်ခန့် စောင်ကြားတစ်ထည်ကိုခန္ဓာကိုယ်တွင်ပတ်ကာ တဘက်တစ်ထည်ကို ခေါင်းပေါင်းထားသည့် ကညင်ချောင်ရွာခေါင်းကြီး ဦးထန်ခူးက ဖြူရော်ရော်မျက်နှာဖြင့် ယခုတိုင် တုန်တုန်ယင်ယင်ဖြစ်နေသည့် သူ၏ရွာသားမောင်ဆိုင်ကို တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီး . . .

"ကိုင်း . . . မောင်ဆိုင် . . . ဒီရှေ့နားကိုတိုးလာခဲ့၊ မင်းတို့ညီအစ်ကိုတွေ့ခဲ့ရတဲ့ ဖွန်ဂန်တောင်ပေါ်က ဘီလူးကြီးရဲ့အကြောင်းကို ဟောဒီရွာခေါင်းကြီးကို သေသေချာချာပြောပြလိုက်စမ်း"

မျက်နှာသုတ်ပဝါထူထူညစ်ညစ်ကြီးကို ခေါင်းတွင်ပေါင်းထားသည့် အသက်သုံးဆယ်ခန့် ပိန်ပိန်ပါးပါးနှင့် မောင်ဆိုင်ဆိုသူက ရွာခေါင်းကြီးဦးဇော်ထန်းလျှံအနီးသို့ ရိုကျိုးစွာကပ်လာခဲ့သည်။

"ဒီ . . . ဒီလိုပါ . . . ရွာ . . . ရွာခေါင်းကြီး . . . ငါတို့ညီအစ်ကိုက တောင်ပေါ်မှာ . . . မချစ်ဥတို့၊ ဆေးဂမုန်းတို့တွေ ဘယဆေးပင်တွေရှာဖွေပြီးရောင်းချစားသောက်ကြရပါတယ်၊ အဲ . . . အဲဒါ တစ်နေ့တော့ ဗိန္ဒောဆေးဆရာကြီး တစ်ယောက်က ဖွန်ဂန်တောင်ထိပ်က မရဏလျှိုကြီးကိုသိရင် ပို့ပေးပါ . . . တစ်ယောက်ကို လမ်းပြခ ငွေငါးဆယ်စီပေးပါ့မယ်ဆိုလို့ ငါတို့နှစ်ယောက် လိုက်ပြီးပို့ကြတယ် ရွာခေါင်းကြီး"

"နေ . . . နေပါဦး မောင်ဆိုင်ရဲ့ . . . အဲဒီ ဗိန္ဒောဆရာ

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းက မရဏာလျှိုကြီးမှာ ဘာသွားလုပ်တာလဲကွယ့်"

ရွာခေါင်းကြီးဦးဖော်ထန်းလျှံက ကြားဖြတ်မေးမြန်းလိုက်သည်။

"မသိပါဘူး ရွာခေါင်းကြီးရယ် ... သူဆေးဖော်စပ်ဖို့အတွက် ဆေးတစ်ဖုံလိုတာ မရဏာလျှိုကြီးမှာရှိတယ်ဆိုလို့ ငါတို့ကိုလမ်းပြငှားသွားတာပါ၊ အဲဒါ ... သူတို့နဲ့ အသွားအပြန်အတူတူလိုက်ပြီး လမ်းမမှားအောင်လမ်းပြဖို့ တာဝန်ယူပေးရတယ်၊ ဒါနဲ့ သုံးယောက်သား ကျားအော်ကွေ့စခန်းကနေ စပြီးတက်သွားကြတာ ကိုးလောင်းကွေ့ကိုလွန်တာနဲ့ ဖွန်ဂန်တောင်ခါးပန်းကြီးကိုစပြီးတက်ရတော့တာပဲ၊ အဲဒါ တစ်ရက်နဲ့ တစ်မနက်လုံးလုံး ဖွန်ဂန်တောင်ကြီးပေါ်ကိုတက်ကြတာ နေ့လယ် နှစ်နာရီလောက်မှာ နောက်ဆုံးစခန်းဖြစ်တဲ့ မရဏာလျှိုကြီးနားကိုရောက်လာကြတော့တယ် ...၊

အဲဒီမှာ ငါတို့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမတွေ့ဖူး၊ မကြုံဖူးတဲ့ ချောက်ကြီးတစ်ခုကို နှင်းခဲထုတွေကြားမှာ ထင်ထင်ရှားရှားတွေ့လိုက်ရတော့တာပဲ၊ အဲဒီချောက်ကြီးက တစ်တောင်လောက်နီးပါးလောက်ရှိပြီး ဗျက်ကလည်း နှစ်တွာနီးနီးလောက်ရှိတယ်ဟ ...၊

"အေး ... အဲဒီချောက်ကြီးကိုလည်းတွေ့ရရော ဟို ... ဟို ... ဗိန္ဒောဆရာ မျက်စိမျက်နှာပျက်သွားတာ တွေ့ရတယ်၊



ငါတို့ညီအစ်ကိုလည်း ရှေ့ခရီးကိုဆက်သွားဖို့ ကြောက်ရွံ့သွားကြတာပေါ့၊ ဟုတ်တယ်လေ ... ငါတို့မှာပါတာက ဒူးလေးလောက်သာ ဘေးဆီးရန်ကာ ပါလာတာမဟုတ်လား၊ ဒါ ... ဒါပေမဲ့ ဟို ... ဗိန္ဒောဆရာမှာတော့ လုံချည်နဲ့ထုပ်ပတ်ထားတဲ့ ရှည်မျောမျောပစ္စည်းတစ်ခု ပါတယ်ဟ"

ရွာခေါင်းကြီး ဦးဖော်ထန်းလျှံတို့အိမ်ကြီးပေါ်မှာ လူအားလုံး မောင်ဆိုင်ပြောပြနေသော ဘီလူးကောင်ကြီးအကြောင်းကို စိတ်ဝင်တစားနှင့်နားထောင်နေကြသည်။

"အဲဒီမှာ ... ဗိန္ဒောဆရာက အခင်းကြီးသွားချင်တယ်ပြောပြီး ချုံထဲကို ရှည်မျောမျောအထုပ်ကြီးကိုင်ပြီး တိုးဝင်သွားတယ်၊ ငါတို့ညီအစ်ကိုနှစ်ယောက်ကလည်း နည်းနည်း ခရီးပန်းတာနဲ့ သစ်ပင်တွေမှာ မှီပြီး ခဏတစ်ဖြုတ်နားနေကြတုန်း ... ဗိန္ဒောဆရာ ချုံတိုးဝင်သွားတဲ့ ရှေ့တစ်ခေါ်လောက်ဆီကနေ ဝူးဝူးဝါးဝါးအော်သံကြီးနဲ့အတူ သေနတ်ပစ်သံလိုလို ဒိုင်းခနဲ တစ်ချက်ကြားလိုက်ရတယ် ရွာခေါင်းကြီး ...

အေး ... မကြာပါဘူး ... အဲဒီ ဗိန္ဒောဆရာကောင် ငါတို့ဆီကို ထိတ်ထိတ်လန့်လန့်နဲ့ပြေးလာပြီး အန္တရာယ်ရှိတယ် ... ရှေ့ကိုမသွားတော့ဘူး၊ ရွာကိုသာအမြန်ဆုံးပြန်ကြမယ်လို့ပြောပြီး တောင်အောက်ကို မပြေးရုံတမယ်နဲ့ပဲ ပြေးဆင်းလာကြတယ်လေ၊ အဲ ... သူပြေးတာနဲ့ပဲ ငါတို့လည်း ဘာမှမသိ ဘ

www.burmeseclassic.com

www.burmeseclassic.com



မသိနဲ့ ဖွန်ဂန်တောင်ပေါ်ကနေ ထွက်ပြေးလာကြရာက ကျား အော်ကွေ့ရောက်လာကြတော့ ငါတို့အားလုံး အမောဆိုက်နေကြ ပြီပေါ့၊ မမောဘဲခံနိုင်ရိုးလားဟေ့ . . . တစ်နေ့ခရီးလောက် သွား ရတဲ့လမ်းကြောကို နေ့တစ်ဝက်လောက်နဲ့ ရောက်အောက်ပြေး လာကြတဲ့အပြေးနှုန်းကို ခန့်မှန်းသာကြည့်တော့ပေါ့ ရှာခေါင်း ကြီးရေ''

အဲ . . . ခဏတစ်ဖြုတ်ကလေးနားလို့မှ ရေဘူးထဲက ရေကို သောက်မယ်မကြံရသေးဘူး . . . ငါတို့နောက်ဘက် တော ကြီးထဲကနေ တဝုန်းဝုန်း တဝေါဝေါနဲ့ တောတိုးသံကြီးထွက်လာ တယ်လေ၊ ဒီမှာတင် ဗိန္ဒောဆရာက သူ့ရဲ့ဆေးလွယ်အိတ်ကြီး ကိုတောင် မကောက်နိုင်တော့ဘဲ . . . ဟာ . . . လိုက် . . . လိုက် . . . လိုက်လာပြီဟေ့ . . . ပြေးကြဟေ့ . . . ပြေးကြ . . . လွတ် အောင်ပြေးကြ . . . လို့အော်ရင်း ကြောက်ကြောက်လန့်လန့် ထွက်အပြေးမှာ ခလုတ်တိုက်မိပြီး တောင်စောင်းအတိုင်း တလိမ့် ခေါက်ကွေးကျသွားတော့တယ် . . .၊

ငါတို့ညီအစ်ကိုနှစ်ယောက်ကတော့ ရုတ်တရက်မို့ အံ့ အားတသင့်နဲ့ တောတိုးသံကြီးတွေကြားရတဲ့နေရာကို ကြောက် ကြောက်လန့်လန့်နဲ့ကြည့်လိုက်ကြတာ . . . ဘုရား ဘုရား . . . ငါ့ တစ်သက်မှာ တစ်ခါမှမမြင်ဖူးတဲ့ အကောင်ကြီးဟေ့ . . . ဘီလူး ကြီးတစ်ကောင်လိုပဲ၊ အရပ်ကြီးက လူနှစ်ရပ်စာလောက် ကမယ်



မထင်ဘူး၊ မျက်လုံးကြီးတွေက ပြူးလို့၊ သစ်ပင်တွေကြားက မည်းမည်းအကောင်ကြီးတစ်ကောင် ဝေါခနဲပြေးထွက်လာတော့ တာပဲဟေ့၊ ငါတို့လည်း ကြောက်ကြောက်လန့်လန့်နဲ့ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးလာခဲ့ရတယ်''

"ဒါနဲ့ . . . ဒီလောက်ခရီးတွေဝေးခဲ့တာတောင် ဒီဘီလူး ကောင်ကြီးက မင်းတို့နောက်ကို တတန်းတန်းနဲ့ ထက်ကြပ်မကွာ လိုက်လာတာဆိုတော့ . . . မှန်မှန်ပြောစမ်း . . . ဒီဘီလူးကောင် ကို မင်းတို့ဘာတွေလုပ်ခဲ့, ရန်မူခဲ့ကြသလဲ မောင်ဆိုင်''

မောင်ဆိုင်ပြောသမျှ စကားများကို သေချာစွာ ဂရုစိုက် နားထောင်နေသည့် လွယ်မန်းရွာခေါင်းကြီးဦးထောင်လန်းမှာ လစ်ဟာကျန်ခဲ့သည့် အချက်တစ်ချက်ကိုထောက်၍မောင်ဆိုင် အားပြန်လည်မေးခွန်းထုတ်လိုက်ပါ၏။

"ဟာ . . . ရွာခေါင်းကြီးရယ် . . . ဘုရားပေးပေး ကျမ်း ပေးပေါ့ပါဟာ . . . ငါတို့လက်ထဲမှာ ဒူးလေးလောက်ပဲပါတာ ပါ၊ ဒီလောက်ကြီးတဲ့အကောင်ကြီးကို ပစ်ဖို့နေနေသာသာ . . . ရဲရဲတောင် မကြည့်ရဲဘူး၊ အဲ . . . ဘာကြောင့် ငါတို့နောက်ကို သဲသဲမဲမဲလိုက်နေရတာလဲဆိုတာတော့ ငါလည်းမသိဘူး''

"အေး . . . ဒါဆိုရင် ဟိုဗိန္ဒောဆရာလက်ထဲက ရှည် မျောမျောအထုပ်ကိုပိုက်ပြီး အခင်းကြီးသွား(တောထိုင်)တုန်းခိုင်း ခနဲထွက်လာတဲ့ သေနတ်သံလိုလိုဆိုတာ ဘာလဲ . . . သေချာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစမ်း၊ အဲဒီသေနတ်သံဟာ ဗိန္ဒောဆရာဝင်သွားတဲ့ ချုံကြီးထဲကနေကြားရတာလား ... မောင်ဆိုင်''

ရွာခေါင်းကြီးဦးထောင်လန်းက တစ်ခုချင်း စစ်စစ်စိစိ မေးခွန်းထုတ်နေခြင်းကြောင့် မောင်ဆိုင်တစ်ယောက် မျက်လုံးကြီးတလယ်လယ်နှင့် ပြန်လည်၍စဉ်းစားကာ ဖြေကြားနေရသည်။

''အေး ... ဟုတ်တယ် ... ဒီဗိန္ဒောဆရာဝင်သွားတဲ့ ချုံတွေဘက်က အဲဒီ ... သေနတ်သံလိုလိုကြားခဲ့ရတာ၊ နောက်ပြီး ဘီလူးကောင်ကြီးကလည်း အဲဒီ ... ဗိန္ဒောဆရာဝင်သွားတဲ့ ချုံတွေထဲကပဲထွက်ပြီးလိုက်လာတာ ရွာခေါင်းကြီးရဲ့''

''ဒါဆိုရင် ... အဲဒီဗိန္ဒောဆရာနဲ့ မင်းရဲ့ညီရော ဘယ်မှာကျန်ရစ်ခဲ့ကြသလဲ၊ သူတို့နဲ့ ငါနဲ့ တွေ့လိုက်ချင်သေးတယ်၊ ဒါမှ ဖြစ်ပျက်သမျှနဲ့ ဘီလူးကောင်ကိစ္စကို သေသေချာချာသိရမှာ မောင်ဆိုင်''

ဦးဇော်ထန်းလျှံက ဗိန္ဒောဆရာနှင့် မောင်ဆိုင်၏ညီကို တွေ့လိုသေးကြောင်းပြောလိုက်သဖြင့် မောင်ဆိုင်တစ်ယောက် ခေါင်းကို တရမ်းရမ်းဖြစ်သွားပါ၏။

''အင်း ... ရွာခေါင်းကြီးရေ ... ငါ့ရဲ့ညီ သတ္တိခဲကြီးကတော့ ဘီလူးကောင်ကြီးနဲ့တွေ့ပြီး ပြန်ရောက်လာကတည်းက မနည်းကြီးကိုနာနှပ်ယူရတယ်၊ အကြောက်လွန်ပြီး သတိ



လစ်နေတာလည်းအကြာကြီးပဲဟေ့ ... အဲဒါ ခုချိန်ထိ ကောင်းကောင်းသတိမရသေးဘဲ ကယောင်ကတမ်းတွေပဲ အော်ဟစ်နေတယ်လေ၊ ဒီကြားထဲ ကိုယ်တွေက ခြစ်ခြစ်တောက်ပူပြီး ဖျားနေသေးလို့ ရွာခေါင်းကြီးတွေ့ရင်လည်း ဘာမှမေးလို့မြန်းလို့ရမှာမဟုတ်ဘူး၊ အိုး ... ဟို ... ဗိန္ဒောဆရာကောင်ကတော့ ငါတို့နောက်မှာ ပြတ်ပြီးကျန်ရစ်ခဲ့တယ်၊ ဘီလူးကောင်ကြီးက မိသွားသလား, လွတ်သွားသလားဆိုတာ ငါလည်း မပြောတတ်တော့ဘူး ရွာခေါင်းကြီးရေ ... ဟူး''

''ဟုတ်တယ် ဇော်ထန်း ... သူ့ရဲ့ညီ မောင်လိုင်ကတော့ အကြောက်လွန်ပြီး ရူးသလိုလိုဖြစ်နေတယ်၊ ရွာဦးကျောင်းဆရာတော်ကြီးကိုယ်တိုင် ကြပ်ကြပ်မတ်မတ်နဲ့ ကုသပေးနေတာတောင် မသက်သာချင်သေးဘူးကွယ့်၊ လောလောဆယ်တော့ ဖွန့်ဂန်တောင်မှာ အဲဒီဘီလူးကောင်ကြီးနဲ့ ရင်ဆိုင်တိုးမိကြတဲ့ ရွာသားတွေအဖို့တော့ မသက်သာဘူးဟေ့ ... လက်တွေခြေတွေပြတ်, လည်ပင်းရိုးတွေကျိုးပြီးသေကြတာနဲ့ အင်း ... တကယ့်ကို အန္တရာယ်ကပ်ဆိုးကြီးပဲ ဇော်ထန်းရေ''

ကညင်ချောင်ရွာခေါင်းကြီး ဦးထန်ခူးက မောင်ဆိုင်တို့ညီအစ်ကိုနှင့်ဘီလူးကောင်တို့၏ နောက်ဆက်တွဲအနိဋ္ဌာရုံသတင်းများကို ဦးဇော်ထန်းလျှံအား ရှင်းလင်းပြောပြနေပါ၏။

''အင်း ... ဒီရက်ပိုင်းအတွင်း ရွာသားတွေအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဂန်တောင်ကြီးဘက်ကို တစ်ယောက်မှပေးမထွက်ကြပါနဲ့၊ ဒီဘီလူးကောင်ကြီး ဘယ်အခြေအနေထိ ဆက်ပြီးသောင်းကျန်းနေဦးမလဲဆိုတာ ရွာတိုင်းမှာ လုံခြုံရေးကောင်းကောင်းကြီးချထားပြီး နေ့ညမပြတ်စောင့်ကြည့်ကြရမယ်၊ ဒီလိုမှမလုပ်ရင် တောင်ပေါ်တက်ကြတဲ့သူတိုင်း အကုန်လုံး မရှုမလုနဲ့ သေကုန်ကြလိမ့်မယ်"

"ဟုတ်တယ် ဖော်ထန်းလျှံ ... နင်ပြောသလို ငါ့ရွာမှာလည်း စည်းကမ်းချက်တွေထုတ်မှ ဖြစ်တော့မယ်၊ ဟူး ... အခုမှတကယ့်ကို ဒုက္ခရောက်ကြတော့မယ်၊ ဆုတ်ခွာလာတဲ့ ဗြိတိသျှအင်္ဂလိပ်စစ်သားကောင်တွေကတစ်မျိုး, တိုက်ပွဲတွေက တစ်ဖက်နဲ့ ကျိုးလန့်စာစားဖြစ်နေကြရတဲ့အထဲ ဒီ ... ဘီလူးကောင်ကထပ်ပြီးပေါ်လာပြန်တော့ ကြာရင် ရွာသားတွေတော့ ဒုက္ခရောက်ကြရဦးတော့မှာပဲ"

ဤသို့ဖြင့် ထိုနေ့က ရွာခေါင်းကြီး ဦးဖော်ထန်းလျှံ၏ ရွာကြီးလေးရွာဆွေးနွေးပွဲကို မပြီးမပြတ်နှင့် နိဂုံးချုပ်လိုက်ကြပါတော့သည်။ သို့သော် ရွာသူရွာသားများ၏ ရင်ထဲမှာတော့ အမျိုးအမည်မသိသည့် ဖွန်ဂန်တောင်ပေါ်မှအန္တရာယ်ဘီလူးကောင်ကြီးနှင့်ပတ်သက်၍ အကြောက်တရားများ ကိန်းအောင်းလျက်ရှိပါချေပြီတည်း။

* * *

# အခန်း(၅)

## ❖ စုပြုံတိုးဝင်လာကြသည့်...အန္တရာယ်ကောင်များ ❖

နံနက်ခင်းနေခြည်နွေးနွေးအောက်တွင် နန့်ဟူရွာကြီးသည် နှင်းခဲ၊ နှင်းထွေးကြီးများဖြင့် ပိန်းပိတ်၍ဆိုင်းနေပါ၏။ အဝေးတွင်မြင်တွေ့နေရသည့် တောင်စဉ်တောင်တန်းကြီးများနှင့် ဖွန်ဂန်တောင်ကြီးသည် မြူနှင်းလွှာထုများနှင့် ဘော်ငွေရောင်နှင်းမြူတို့ ရစ်ဆိုင်းနေသည့်ကြားတွင် တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေကြသည်။

ရွာခေါင်းကြီး ဦးဖော်ထန်းလျှံ၏ အိမ်အောက်မှာတော့ အမဲလိုက်ဝတ်စုံအပြည့်၊ လက်နက်အပြည့်အစုံဖြင့် မင်းမောင်နှင့် မိုင်းနော်တို့ရောက်ရှိနေကြပါ၏။ အိမ်အောက်ရှိ ဝါးခွေပ်ပျစ်ပေါ်မှာတော့ ဦးဖော်ထန်းလျှံက ရေနွေးကြမ်းနီနီကြင်ကြင်ပူပူ

www.burmeseclassic.com

www.burmeseclassic.com



ကို မှုတ်၍သောက်နေသည်။ အတန်ကြာမှ သောက်လက်စရေနွေးကြမ်းပန်းကန်ကိုအသာချကာ သက်ပြင်းပူတစ်ခုကို မှုတ်ထုတ်လိုက်ပါ၏။

"ဟူး . . . ခက်တော့ခက်တယ် မင်းမောင် . . . မနေ့ညက ငါကိုယ်တိုင်ထုတ်ခဲ့တဲ့စည်းမျဉ်းဥပဒေကို ငါကိုယ်တိုင် ပြန်ပြီးဖျက်ရမလိုဖြစ်နေတယ်၊ ဘီလူးတောင်ကိုစွက်ကို ရေရေရာရာမသိရမချင်း ရွာသားတွေအားလုံးကို ဖွန်ဂန်တောင်ဘက်ကို တစ်ယောက်မှမသွားရဘူးလို့ပြောထားတာ . . . မင်းတို့လည်း သိရဲ့သားနဲ့ မင်းမောင်ရယ်"

"ဟုတ်ပါတယ် ရွာခေါင်းကြီး . . . အဲဒီကိစ္စအတွက်ပဲ ငါတို့သွားကြမှာလေ၊ တကယ်လို့သာ ဖွန်ဂန်တောင်ပေါ်မှာ ဘီလူးကောင်ကိုတွေ့ခဲ့ရင် တစ်ခါတည်း လက်စသိမ်းသတ်ဖြတ်ခဲ့မှာပါ၊ ငါတို့ညီအစ်ကိုနှစ်ယောက်အကြောင်းလည်း ရွာခေါင်းကြီးသိရဲ့သားနဲ့ . . . အခုဆိုရင် ဖော်သောက်ပြန်မလာတာ တစ်ပတ်ကျော်သွားပြီ၊ ခါတိုင်း ဒီကောင်ကြာရင် လေးရက်,ငါးရက်ပဲ၊ အခုဟာက ပြန်ရောက်သင့်တဲ့အချိန်ကို ကျော်နေပြီဆိုတော့ . . . ငါ့အစ်ကိုကို ငါသွားပြီးရှာချင်တယ်၊ ဒီကြားထဲမှာ ရွာသားတွေကို ဒုက္ခပေးနေတဲ့ ဘီလူးဆိုတဲ့သတ္တဝါကြီးကိုလည်း ငါကိုယ်တိုင်သုတ်သင်ပေးမယ်"

"ဟုတ်သားပဲ ရွာခေါင်းကြီးရယ် . . . ငါတို့သွားတာ



တာ ဖွန်ဂန်တောင်ပေါ်က ဘီလူးဆိုတဲ့အန္တရာယ်ကောင်ကြီးကိုရှင်းလင်းသုတ်သင်ဖို့ . . . ရွာကြီးလေးရွာရဲ့ကိုယ်စား သွားတာလို့ပဲ ရွာသားတွေကိုကြေညာလိုက်ပေါ့၊ နောက်ပြီး . . . မင်းမောင်ရဲ့လက်စလက်နကိုလည်း ရွာခေါင်းကြီးသိရဲ့သားနဲ့"

အတူလိုက်ပါမည့် မိုင်းနောင်ကပါ တရားနည်းလမ်းကျကျတင်ပြတောင်းခံနေသဖြင့် ရွာခေါင်းကြီး ဦးဖော်ထန်းလျှံမှာ သူ၏ခေါင်းတွင်ပတ်ထားသည့် ခေါင်းပေါင်းတဘက်ကြီးကိုဖြည်တာ ခေါင်းကိုတဗျင်းဗျင်းနှင့်ကုတ်နေပါ၏။

"သိတယ်ဟေ့ . . . သိတယ် . . . တော်နေကြာ အစ်ကိုကိုပူပန်တဲ့စိတ်တွေနဲ့ မိုက်ရူးရဲလျှောက်လုပ်မှာစိုးလို့ ဒီကောင့်ကိုစိတ်မချတာဟ . . . မိုင်းနောင်ရေ့ ကိုင်း . . . ဒီလောက်တောင်မှ စိတ်သန်နေရင်လည်း သွားကြပေါ့ကွာ၊ ဒါပေမဲ့ မင်းတို့နှစ်ယောက် ဖွန်ဂန်တောင်ကိုသွားပြီး ဘီလူးကြီးရဲ့သတင်းကိုစုံစမ်းဖို့ ငါလွှတ်လိုက်တာဆိုပြီး ရွာသားတွေကို ကြိုတင်ပြီး ပြောပြထားမှဖြစ်မယ်"

"ရတယ် ရွာခေါင်းကြီး . . . ဘယ်လိုပဲပြောပြော . . . ငါတို့ကတော့ သွားပြီး တစ်ပတ်အတွင်း ငါကိုယ်တိုင် ဘီလူးကြီးဆိုတဲ့ မကောင်းဆိုးဝါးကောင်ကြီးကို ဖမ်းဆီးသတ်ဖြတ်ပြီး ရွာကိုယူလာခဲ့မယ် ရွာခေါင်းကြီးရေ"

ထို့နောက်မှာတော့ နမ့်ဟူရွာ၏ နာမည်ကျော် မုဆိုး

www.burmeseclassic.com

www.burmeseclassic.com



ညီတောင်မှ အငယ်ဖြစ်သူ တဇောက်ကန်းသမားလေး မင်းမောင်နှင့် မိုင်းနောင်တို့မှာ ရွာစည်းရိုးတံခါးရှိရာသို့ သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်သွားကြပြီး ထိုမှတစ်ဆင့် ပေတစ်သောင်းကျော်မြင့်သော နှင်းဖုံးဖွန်ဂန်တောင်ကြီးဆီသို့ ထွက်ခွာသွားကြပါလေတော့သည်။

အကုသိုလ်ကြမ္မာဆိုးသည် . . . တစ်ကောင်တည်းမလာ အဖော်အပေါင်းများနှင့် ရောက်လာလေ့ရှိသည်ဟူသော စကားပုံတစ်ခုသည် နမ့်ဟူရွာကြီးအတွက်မူ မှန်ကန်ခဲ့လေပြီထင့်။ ဘီလူးပေါ်သည်ဟူသော သတင်းဆိုးကြီးကြောင့် တစ်ရွာလုံး ကျီးလန့်စာစားဖြစ်နေကြရသည့်အထဲ . . . မင်းမောင်တို့ထွက်သွားကြသည့် ထိုနေ့ညနေ နေဝင်ရီသရောအချိန်လောက်တွင် တိုက်တိုက်ဆိုင်ဆိုင် ဆုတ်ခွာလာသည့် အင်္ဂလိပ်စစ်ကြောင်းတစ်ခု နမ့်ဟူရွာအတွင်းသို့ ရုတ်တရက်ရောက်ရှိလာခဲ့ကြပါတော့သည်။

'ဝေါ . . ဝေါ . . ဂူး . . ဂူး . . ဂူး'

တဂူးဂူးနှင့် သံစုံမြည်ဟည်းကာ ရွာတွင်းသို့ရောက်လာကြသည့် စစ်ထရပ်ကားကြီးငါးစီးနှင့် အစိမ်းပုပ်ရောင် ဂျစ်ကားတစ်စီးက စည်းရိုးတံခါးကိုတိုက်ဖွင့်ကာ ရွာလယ်လမ်းမကြီးအတိုင်း မောင်းနှင်၍ဝင်လာခဲ့ကြသည်။ မကြာမီ ရွာလယ်ရှိ အရိပ်ကောင်းသော ညောင်ပင်ကြီးနှစ်ပင်အောက်တွင် ကားများကိုရပ်လိုက်ကြပြီး စစ်ယူနီဖောင်းအပြည့်အစုံနှင့် အင်္ဂလိပ်စစ်သားများ



ဝုန်းဝုန်းနှင့်ခုန်ဆင်းလာကြသည်။

ထို့နောက် အမိန့်ပေးသံ၊ အော်ဟစ်သံ၊ စစ်ဖိနပ်သံများနှင့်အတူ ရွာအတွင်းနှင့်ရွာထိပ်စည်းရိုးတံခါးဝတို့တွင် လျင်မြန်သွက်လက်စွာ လုံခြုံရေးယူလိုက်ကြပါ၏။

နမ့်ဟူရွာသားများကမူ အင်္ဂလိပ်စစ်ကားကြီးများ တဝေါဝေါနှင့် ဆူညံစွာဝင်ရောက်လာကြကတည်းက မိမိတို့၏ အိမ်တံခါးများကို အလျှိုလျှိုပိတ်ကာ အိမ်ထဲမှပင် ကြောက်ကြောက်လန့်လန့်နှင့်ချောင်းမြောင်းကြည့်နေကြပါလေ၏။

ဟုတ်သည် . . . အင်္ဂလိပ်စစ်ကြောင်းသည် အင်ဖာသို့ ဆုတ်ခွာလာသည့်စစ်ကြောင်းတစ်ခုပင်ဖြစ်ပုံရသည်။ နမ့်ဟူရွာအတွင်းသို့ ဝင်ရောက်လာပုံကလည်း သွေးပျက်ချောက်ချားစွာဖြင့် မည်းမည်းမြင်တိုင်းကြောက်ရွံ့ထိတ်လန့်နေဟန်တူသည်။ သေနတ်ကြီးများတကားကားနှင့် အိမ်ကြိုအိမ်ကြား မသင်္ကာဖွယ်နေရာမှန်သမျှ စစ်ဖိနပ်သံပြင်းပြင်းဖြင့် ဝင်ထွက်သွားလာနေကြသည့် အင်္ဂလိပ်စစ်သားများအား နမ့်ဟူရွာဆော် ခွေးကြီးလေးငါးကောင်က ရူးရူးဝါးဝါးပင် ထိုး၍ဟောင်ကြပါတော့သည်။

"ဝုတ် . . . ဝုတ် . . . ဝုတ် . . . ဂူး . . . ဂူး . . . ဝုတ်"

ရပ်ကျော်ရွာကျော်ခွေးကြီးများမှာ သေနတ်ကြီးတကားကား အရပ်ကြီးများကလည်း ကလန်ကလားနှင့် ကိုးရိုးကားယားနိုင်လှသည့် အင်္ဂလိပ်စစ်သားများကို မျက်စိနောက်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ ပြေးဝင်ဆွဲကြတော့မည့်ကဲ့သို့ သဲသဲမဲမဲထိုးဟောင်ကြရာ နောက်ဆုံးသေနတ်သံလေးငါးချက်ခန့်ထွက်ပေါ်လာပြီး ခွေးဟောင်သံများပျောက်သွားပါလေတော့သည်။

"ဝုတ် . . . ဝုတ် . . ဝုတ် . . ဂူး . . အူး'

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

နောက်ဆုံးတော့ စစ်ဆုတ်ခွာလာသဖြင့် ပင်ပန်းစိတ်တိုနေကြသည့် အင်္ဂလိပ်စစ်သားများ၏သေနတ်သံများအောက်ဝယ် ခွေးသံရဲရဲနှင့် သေဆုံးကုန်ကြပါလေ၏။ ထို့နောက်မှာတော့ နမ့်ဟူရွာတစ်ရွာလုံး အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားကြပါတော့သည်။

နမ့်ဟူရွာတစ်ရွာလုံး အိမ်ကြိုအိမ်ကြားပါမကျန် လုံခြုံရေးအပြည့်ယူပြီးသည်နှင့် စစ်သုံးဂျစ်ကားပေါ်မှ ဗြိတိသျှတပ်မ (၁၇)မှ တပ်ခွဲမှူးဖြစ်သည့် ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်နှင့် သမီးဖြစ်သူ ဟယ်လင်တို့ဆင်းလာကြသည်။ ကာနယ်ဝီလ်ဆင်က သူ၏ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်တွင် စစ်ယူနီဖောင်းအပြည့်အစုံနှင့် ခါးတွင် (၄၅)ဗို့စစ်သုံးပစ္စတိုကြီးကိုချိတ်ကာ ကားပေါ်မှဆင်းလာရင်း သူ၏လက်အောက်မှစစ်ဗိုလ်တစ်ဦးနှင့် စကားပြောဆိုနေပါ၏။

ဘိုမလေး . . . ဟယ်လင်ကမူ လေတွင်ဝဲပျံလွင့်နေသည့် သူမ၏ရွှေရောင်ဆံပင်များကို လက်နှင့်သိမ်းလိုက်ရင်း ပြာလဲ့လဲ့မျက်ဝန်းအစုံဖြင့် ရွာအတွင်းသို့ ဝေ့ဝဲကြည့်နေပါ၏။ ဆင်စွယ်



နှစ်ကဲ့သို့ ဖြူဝင်းချောမွတ်သည့်အသားအရေတွင် အနောက်တိုင်းသွေးရောယှက်နေသည့်အလှက . . . အစိမ်းပုပ်ရောင် ယူနီဖောင်းအောက်တွင် ရှုချင့်စဖွယ်တစ်သွင်သန်းနေသည်။ သို့သော် ချောမောလှပသော ဘိုမလေး၏မျက်နှာပြင်ထက်မှာတော့ သောကအရိပ်တို့က စွန်းထင်းပေကျံလျက် . . .။

ထို့နောက်မှာတော့ စစ်ဗိုလ်လေးဦးနှင့် ရွာသားတစ်ယောက်တို့က ကာနယ်ဝီလ်ဆင်တို့သားအဖအား ရွာလယ်ရှိ ရွာခေါင်းကြီးဦးဇော်ထန်းလျှံ၏ နေအိမ်ကြီးဆီသို့ခေါ်ဆောင် သွားပါလေ၏။ အဆင်သင့်ပင် ဆူဆူညံညံသေနတ်သံများကြောင့် ခြံတံခါးဝမှထွက်ကာ ရပ်ကြည့်နေသည့် ရွာခေါင်းကြီးဦးဇော်ထန်းလျှံနှင့် ရွာသားလေးငါးယောက်ကိုတွေ့လိုက်ကြရသည်။

စစ်ဗိုလ်လေးခေါ်ဆောင်လာသည့် ရွာသားက ဦးဇော်ထန်းလျှံအားလက်ညှိုးညွှန်ပြပြီး ဤရွာလေး၏ ရွာခေါင်းကြီးဖြစ်ကြောင်းပြောပြနေပါ၏။ ထိုအခါမှ အင်္ဂလိပ်စစ်ဗိုလ်လေးက ရွာခေါင်းကြီးဦးဇော်ထန်းလျှံအားခေါ်ယူလိုက်ပြီး . . .

"ဒီမှာ သူကြီး . . . ဒီရွာကို ဂျပန်တွေနဲ့ တော်လှန်ရေးတပ်သားတွေ လာဖူးကြသလား"

"ဟင့်အင်း . . . ဘယ်သူမှ မလာကြဘူး၊ ငါတို့ရွာလေးက တောင်ခြေနဲ့နီးတာရယ်, စစ်လမ်းကြောင်းနဲ့အလှမ်းဝေးတာရယ်ကြောင့် ခုချိန်ထိအေးအေးချမ်းချမ်းနဲ့နေရတယ်၊ နင်တို့

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်သားတွေ စပြီးရောက်လာမှပဲ သေနတ်သံဆိုတာ ကြားရတော့တယ်''

ဦးဖော်ထန်းလျှံက သူ၏ရွာထဲသို့ စည်းရိုးတံခါးကို တိုက်ဖျက်ကာ နိုင်ငံထက်စီးနင်းဝင်ရောက်လာကြပြီး သေနတ်သံတဒိုင်းဒိုင်းနှင့်ရမ်းကားနေကြသဖြင့် စိတ်ထဲတွင် မကျေမနပ်ဖြစ်နေခြင်းကြောင့် ထိုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် စစ်ဗိုလ်လေး၏ မျက်နှာတွင် မည်သည့်အပြောင်းအလဲမျှဖြစ်မသွားခဲ့ပါ။ သူ၏အထက်အရာရှိ ကာနယ်ဝီလ်ဆင်ကိုသာ အကျိုးအကြောင်းပြောပြနေပါ၏။ ပြီးမှ ...

"ဒီမှာ သူကြီး ...ဟောဒါက ကျွန်ုပ်တို့ ဗိုလ်မှူးကြီး ကာနယ်ဝီလ်ဆင်၊ ဒါကတော့ ...ဗိုလ်မှူးကြီးရဲ့သမီး ဟယ်လင်လို့ခေါ်တယ်၊ နောက်ထပ်ရောက်လာကြမယ့် တပ်မတစ်ခုကို စောင့်ရင်းနဲ့ ဒီရွာမှာ သုံးလေးရက်လောက်နေမယ်၊ အဲဒါ ... လုံခြုံရေးအတွက် ကျွန်ုပ်တို့ရှိတဲ့ သုံးလေးရက်အတွင်းမှာ ဟောဒီရွာထဲကလူတွေ အပြင်ကို တစ်ယောက်မှမထွက်စေဖို့ သူကြီးက ကူညီပေးပါ''

အင်္ဂလိပ်စစ်ဗိုလ်၏ အကူအညီတောင်းပုံတောင်းနည်းကို ဦးဖော်ထန်းလျှံက နားထောင်နေရာမှ တစ်ချက်မဲ့ပြုံးပြုံးလိုက်သည်။ ဘီလူးကောင်၏အန္တရာယ်ကြောင့် မည်သူမျှရွာအပြင်သို့ အကြောင်းမဲ့မထွက်ရဟူသော အမိန့်ကို ယနေ့နံနက်စောစော



တပင် ထုတ်ပြန်ကြေညာထားခဲ့သည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ဦးဖော်ထန်းလျှံ၏သစ်လုံးအိမ်ကြီးကို လှည့်တ်ကြည့်နေသည့် ဟယ်လင်မှာ သူ၏ဖခင်ကြီးကာနယ်ဝီလ်ဆင်အား အနီးကပ်၍ တတွတ်တွတ်ဖြင့်ပြောဆိုလိုက်သဖြင့် ကာနယ်ဝီလ်ဆင် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ...

"ဟေး ...စမစ် ...ဒီမှာ ဟယ်လင်ကပြောနေတယ်၊ ...ကားထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ မနေချင်ဘူးတဲ့၊ ဟောဒီအိမ်ကြီးမှာပဲ နားချင်တယ်တဲ့လေ''

"အိုကေ ကာနယ် ...ဟယ်လင်အဆင်ပြေသလို နားနေပါစေ၊ ကျွန်ုပ် လုံခြုံရေးအပြည့်ချထားပါတယ်၊ ဒြော် သူကြီး ...ဟောဒီက ကျွန်ုပ်တို့ရဲ့ ဗိုလ်မှူးကြီးတို့သားအဖကို သူကြီးအိမ်မှာ ခေတ္တခဏတည်းခိုခွင့်ပေးပါ၊ အဲဒီအတွက် သူကြီးတို့မနစ်နာစေရပါဘူး''

"ရပါတယ် ...ငါတို့ကတားလည်း ရမှာမှမဟုတ်တာ၊ တစ်ခုတော့ရှိတယ် ... ငါရဲ့ရွာသားတွေကိုတော့ အန္တရာယ်ပေးကြပါနဲ့ နင်တို့အင်္ဂလိပ်စစ်သားတွေ ဒီရွာမှာ အေးအေးချမ်းချမ်းနဲ့နားခိုကြပြီး အေးအေးချမ်းချမ်းပဲထွက်ခွာသွားကြပါလို့ ငါပြောချင်တယ် ဗိုလ်လေး''

"အိုး ...ရက်စ် ...ရက်စ် ...ဝဲရီးဂွတ် ... သင့်ယူ''

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် . . . အင်္ဂလိပ်စစ်တပ်နှင့် ရွာခေါင်းကြီးဦးဖော်ထန်းလျှံတို့ နှစ်ဦးအပေးအယူတည့်သွားကြပါလေ၏။ မတတ်နိုင်။ ဤကဲ့သို့သော စစ်ရေးအကျပ်အတည်းကြားကာလတွင် သူ၏ကျေးရွာလူထု မထိခိုက် မနစ်နာစေရေး၊ အန္တရာယ်မကျရောက်စေရေးအတွက် ဥပါယ်တံမျဉ်ဖြင့် အတတ်နိုင်ဆုံးသည်းခံလိုက်လျောခြင်းသည်သာ အကောင်းဆုံးသောလုပ်ဆောင်မှုတစ်ခုဟု ဦးဖော်ထန်းလျှံ မှတ်ယူလိုက်ပါတော့သတည်း။

* * *

## အခန်း(၆)

### ❖ ထူးဆန်းသောဆာဒူးကြီးရောက်ရှိလာခြင်း ❖

အမှန်တော့ နမ့်ဟူရွာခေါင်းကြီး ဦးဖော်ထန်းလျှံသည် အမျိုးသားရေးတွင် သွေးနည်းသူမဟုတ်ပါ။ သို့သော် အမျိုးဘာသာ၊ သာသနာအတွက် နှလုံးရည် သတ္တိသွေးရှိခြင်းနှင့် မိုက်ရူးစိတ်ဓာတ်တို့မှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင် မြန်မာပြည်ကိုကျူးကျော်နယ်ချဲ့ကာ တောင်ပေါ်မြေပြန့်အား သွေးခွဲသပ်လျှိုနေသည့် အင်္ဂလိပ်ဗြိတိသျှများကို လုံးဝကျေနပ်ခဲ့သူမဟုတ်ပါ။ အခါအခွင့်သင့်လျှင် သင့်သလို တိုက်ခိုက်ချေမှုန်းလိုသောစိတ်ဓာတ်က ရင်ဝယ် စူးစူးနစ်နစ်ရှိပါလေ၏။ သို့သော် . . .

ကာလ၊ ဒေသ၊ ပယောဂနှင့် လက်ရှိပစ္စုလက္ခဏာအခြေအနေ တို့အခြင်းအရာအားလုံးကို တွက်ချက်လေ့လာပြီးမှ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်ချကာလုပ်ကိုင်ဆောင်ရွက်ရသည်။ ယခု သူ၏ နမ့်ဟူရွာသို့ရောက်ရှိလာခဲ့ကြသော အင်္ဂလိပ်စစ်တပ်မှာ အပျော်ခရီးထွက်လာကြသူများမဟုတ်ကြ။ ဘေးဆိုး၊ ကပ်ဆိုးအမျိုးမျိုးနှင့် ဂျပန်လေကြောင်း၊ ကြည်းကြောင်းတို့၏ ဒဏ်ကိုမခံနိုင်ကြတော့သဖြင့် ဆုတ်ခွာလာခဲ့ရသည့် စစ်ကြောင်းတစ်ခုဖြစ်သည်။ စစ်ရှုံးသူတို့၏ ထုံးစံအတိုင်း မည်းမည်းမြင်ရာပစ်ခတ်တိုက်ခိုက်ချင်နေကြသည်။ ဒေါသထွက်နေကြသည်။ သွေးရူးသွေးတန်းဖြစ်နေကြသည်။

ဤသို့သော အခြေအနေမျိုးတွင် သေမထူး၊ နေမထူး ဖြစ်နေကြသည့် စစ်ရှုံးသူ အင်္ဂလိပ်စစ်သားများနှင့် ဖက်ပြိုင်၍ ရန်သတ္တုရမပွားလို။ မီးဇာကုန်ဆီခမ်းသူတို့ ထုံးစံအတိုင်း သူ့စားရိတ်နှင့်သူသွားကြမည်သာဖြစ်ပါ၏။ ထိုအထဲတွင် အဓိက အရေးကြီးသော အချက်မှာ သူ၏နမ့်ဟူရွာသားများအပေါ် အန္တရာယ်မကျရောက်စေရေးနှင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးပင်မဟုတ်ပါလား။ ထို့ကြောင့် ဦးဇော်ထန်းလျှံ စိတ်ကိုလျှော့ချလိုက်ပြီး စစ်ရှုံးသူအင်္ဂလိပ်တို့အား အတတ်နိုင်ဆုံးသည်းခံ၍ အဆင်ပြေစေရန် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်။

ဦးဇော်ထန်းလျှံတို့ ရွာသားများ ကံကောင်းသည်ဟု ဆိုရချိမ့်မည်။ အကြောင်းမှာ သူတို့ရွာသို့ရောက်ရှိလာသည့် အင်္ဂလိပ်စစ်တပ်သည် အုပ်ချုပ်သူ အကြီးအကဲ၊ ဗိုလ်မှူး၊ ဗိုလ်လေးတို့



ရှိသဖြင့် စည်းပျက်ကမ်းပျက်နှင့် ဟောဟောရမ်းရမ်းမရှိကြ။ ရွာသူရွာသားများကို နှိပ်စက်ညှဉ်းပန်းချင်းမပြုကြ။ သူတို့လိုအပ်သည့် ပစ္စည်းများကို သူတို့ထံတွင်ရှိသည့် စစ်ဘောင်းဘီ၊ စစ်အင်္ကျီ၊ စစ်စောင်၊ ခြေအိတ်၊ မျက်နှာသုတ်ပဝါ၊ သကြား၊ နို့ဆီ၊ ငါးသေတ္တာဘူး စသည်တို့နှင့်လဲလှယ်၍ ယူငင်ကြသည်။ အင်္ဂလိပ်စစ်သားများသည် ကြက်ဥစိမ်းများကို လွန်စွာကြိုက်နှစ်သက်ကြသည်။

ရွာခေါင်းကြီး ဦးဇော်ထန်းလျှံ၏နေအိမ်တွင်ဆိုလျှင် နို့ဆီဘူး၊ ဘီစကစ်ထုပ်များ၊ ငါးသေတ္တာဘူးများနှင့် သိုးသားဘူးစသော ပစ္စည်းများကအလျှံပယ်ရှိနေပါ၏။ ဦးဇော်ထန်းလျှံ၏ သမီးနှင်းယောက်နှင့် ဘိုမလေးဟယ်လင်တို့မှာ မိန်းမသားအချင်းချင်းမို့ ရင်းနှီးလွယ်ကြပါ၏။ ဟယ်လင်မှာ အသက်ဆယ်နှစ်သမီးအရွယ်လောက်ကပင် မြန်မာပြည်သို့ဖခင်ကြီးနှင့်အတူရောက်ရှိလာခဲ့သည်မို့ ယခုအသက်ဆယ့်ကိုးနှစ်ကျော်ရှိလာသည့်အချိန်တွင် မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပင် တတ်မြောက်နေပြီဖြစ်ပါသည်။

စင်စစ် စစ်ဗိုလ်ကြီးကာနယ်ဝီလ်ဆင်သည် တပ်မ (၁၇) နှင့်ဆုတ်ခွာရင်း ကွဲကွာသွားသည့်တပ်ရင်းမှူးကြီးမက်ဒေါ်နယ်လ်၏ စစ်ကြောင်းအားနမ့်ဟူရွာမှ ခေတ္တစောင့်ဆိုင်းနေခြင်းသာဖြစ်ပါ၏။ ထိုသို့ရှိစဉ် သုံးရက်မြောက်နံနက်ခင်းတစ်ခုမှာတော့ နမ့်ဟူ

www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်လုံခြုံရေးတံခါးဝတွင် ရုတ်ရုတ်သဲသဲနှင့် အခင်းတစ်ခုဖြစ်ပွားနေကြောင်းသိရသဖြင့် ကာနယ်ဝီလ်ဆင်ကိုယ်တိုင်သွားရောက်ခဲ့သည်။ ဂျပန်သူလျှိုလား၊ စပိုင်လား သို့မဟုတ် တော်လှန်ရေးအင်အားစုများထဲမှ သတင်းပေးအထောက်တော်လားဟူသော လားပေါင်းများစွာမှာ ရွာထိပ်တံခါးဝသို့ရောက်သည်နှင့် ပျက်ပြယ်သွားခဲ့ရပါသည်။

ဟုတ်သည် ... ရွာထိပ်လုံခြုံရေးကင်းတဲတွင် မေဂျာစမစ်ကိုယ်တိုင်မေးမြန်းနေသူကိုကြည့်ကာ ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်မှာ စိတ်ပျက်သွားပါလေ၏။ မေဂျာစမစ်ရှေ့တွင် တွေ့မြင်နေရသောသူမှာ ညစ်ပတ်ပေရေနေသော ကုလားသူတောင်းစားကြီးတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။ ခေါင်းထက်မှ နီကြောင်ကြောင်ကောက်ကောက်ကွေးကွေး ဆံပင်ရှည်ကြီးများမှာ ငှက်သိုက်ကြီးတစ်ခုကဲ့သို့ တွန့်လိမ်ရှုပ်ပွလျက်ရှိသည်။ ချမ်းအေးလှသည့် နှင်းလွှာထုကြီးထဲတွင် အင်္ကျီလေးတစ်ထည်သော်မှ ဝတ်ဆင်ထားခြင်းမရှိသဖြင့် လည်ပင်းနှင့်ရင်ဘတ်တို့တွင် ကျိုးကြောင်းများကိုပင် ညစ်ပေစွာတွေ့မြင်နေရသည်။ ခန္ဓာကိုယ်အောက်ပိုင်းတွင်မူ အရှက်လုံရုံလေးမျှသာ ညစ်ထေးထေးပိတ်ဖြူစတစ်ပိုင်းကိုဖုံးအုပ်ထားသည်မှအပ ဘာမှမရှိပေ။

ကုလားသူတောင်းစားကြီး၏ ညာလက်တွင် သံကွင်းတပ်ထားသည့် သံချောင်းတစ်ချောင်းကိုကိုင်ထားပြီး ဘယ်လက်



တွင်မူ ရေဘူးသဏ္ဍာန်ကြေးအိုးတစ်လုံးကို ကိုင်ထားပါ၏။ ထူးခြားသည်မှာ ချေးညှော်အထပ်ထပ်ဖြင့် ညစ်ပေနေသည့် ကုလားသူတောင်းစားကြီး၏လည်ပင်းတွင် မဟူရာနက်ပြောင်နေသည့် ဗိုပ်ပုတီးတစ်ကုံးပင်တည်း။

“စမစ်ရေ ... ကုလားသူတောင်းစားအဘိုးကြီးထင်ပါရဲ့ ... ငါးသေတ္တာဘူးလေး, သီးသားဘူးလေးတွေ ပေးလိုက်ရင်ပြီးတာပဲကွယ့်”

“အိုး ... နိုး နိုး ... ကာနယ် ... ပိုက်ဆံပေးလည်း မယူဘူး၊ ကာနယ်ပြောသလို ငါးသေတ္တာဘူးပေးလည်း မယူဘူး၊ ရွာထဲကိုပဲ အတင်းဝင်မယ် တကဲကဲလုပ်နေလို့ ကျွန်တော်သေချာစစ်မေးနေတာပါ ကာနယ် ... ဒါပေမဲ့ ဒီညစ်ပေပေ သူတောင်းစားကြီးက တစ်ခွန်းမှမဖြေဘဲ ပေကတ်ကတ်လုပ်နေတယ်”

မေဂျာစမစ်၏ အဖြေစကားကြောင့် ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်ကိုယ်တိုင် ကုလားသူတောင်းစားကြီးအား စူးစူးစိုက်စိုက်ကြည့်ကာ မေးမြန်းလိုက်သည်။

“ဒီမှာ အဘိုးကြီး ... ဒီရွာထဲကို ဝင်ထွက်သွားလာခွင့်မပြုဖို့ ကျွန်ုပ်ပိတ်ပင်ထားတယ် ... အဲဒါ ဘာကိစ္စရှိလို့ ရွာထဲကိုဝင်ချင်ရတာလဲ”

ကာနယ်လ်ဝီလ်ဆင်၏မေးခွန်းကြောင့် ကုလားသူတောင်းစားကြီးက ကာနယ်ကြီးအား တစ်ချက်မျှစူးစူးစိုက်စိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ချက်ချင်းပင် ကာနယ်ဝီလ်ဆင်၏စိတ်ထဲ၌ အံ့ဩခြင်း၊ မဝေခွဲနိုင်ခြင်းစသော ခံစားမှုနှစ်ခုကတစ်ပြိုင်တည်း ဖြစ်ပေါ်လာကြပါ၏။ ကာနယ်ဝီလ်ဆင် အံ့ဩမိခြင်းမှာ အဘိုးကြီး၏အကြည့်စူးရှူးပင်တည်း။

ဟုတ်ပါသည် . . . လူကိုယ်ခန္ဓာကြီးတစ်ခုလုံး ညစ်ပတ်နံစော်နေသည့်တိုင် သူ၏မျက်လုံးအစုံမှာ သန်းခေါင်ယံတွင် ပေါ်လာသည့် သောက်ရှူးကြယ်ညီနောင်ကဲ့သို့လင်းလက်တောက်ပလျက်ရှိသည်။ ဤကဲ့သို့သော မျက်လုံးမျိုးမှာ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သောသူများတွင်သာရှိတတ်သည်ဟု စိတ်ပညာပိုင်းဆိုင်ရာ စာအုပ်တစ်အုပ်တွင် ဖတ်ဖူး၊ မှတ်ဖူးခဲ့သည်။ ထို့ကြောင့် ဤသူတောင်းစားအဘိုးအိုကြီးသည် မည်သူဖြစ်သနည်း။ အယောင်ဆောင်များလေလားဟု စိတ်ထဲတွင် ဝေခွဲမရနိုင်ဖြစ်နေမိသည်မဟုတ်ပါလား။

ထို့အပြင် . . . ကုလားအဘိုးကြီး၏ အကြည့်မှာစူးယှထက်မြက်လှသည်။ သူ၏အကြည့်စူးစူးသည် ကာနယ်ဝီလ်ဆင်၏နှလုံးသားထိတိုင် ဖောက်ထွင်းဝင်ရောက်သွားလေသည်လားဟု ထင်မြင်မိပါ၏။ ထိုစဉ်မှာပင် ရွာခေါင်းကြီးဦးဖော်လျှံထန်းတစ်ယောက်ရေးကြီးသုတ်ပြာနှင့် ကာနယ်ဝီလ်ဆင်တို့အနီးသို့ ရောက်ရှိလာသည်။

"အိုး . . . ဗိုလ်မှူးကြီး . . . ဒီကုလားအဘိုးကြီးဟာ



ောင်းစားမဟုတ်ပါဘူး။ ဟို . . . ဟို . . . ဖွန်ဂန်တောင်မှာ ရားကျင့်နေတဲ့ ဆာဒူးတစ်ယောက်ပါ၊ ဒီရွာကိုလည်း သူဝင်က်သွားလာနေကျပါပဲ၊ သူ့အကျင့်က ဒီလိုပဲ . . . မလိုအပ်ဘဲ ား မပြောဘူး၊ နောက်ပြီး . . . ပိုက်ဆံပေးလည်းမယူဘူး၊ ာက် သားငါးတွေကိုလည်း မစားဘူး . . . သစ်သီးသစ်ရွက်နဲ့ တွေ့ ပေါင်မုန့်တွေလောက်ကိုပဲ စားတယ်၊ ဗိုလ်မှူးကြီး"

ရွာခေါင်းကြီး ဦးဖော်ထန်းလျှံက ကုလားသူတောင်းစား ၏အကြောင်းကို ရှင်းလင်းပြောပြနေစဉ်မှာပင် ကုလားအဘိုး သည် ကာနယ်ဝီလ်ဆင်အား ဒုတိယအကြိမ်ထပ်မံ၍ စူးစူး ိုက်ကြည့်လိုက်ပြီး သူ၏ရှေ့မှပိတ်ဆို့ကာရပ်နေသည့် မေ မစ်ကိုရှောင်ကွင်းကာ ရွာလယ်လမ်းမကြီးအတိုင်းတရွေ့ရွေ့ ဝင်ရောက်သွားပါလေ၏။ မေဂျာစမစ်တို့လူစု အံ့ဩမှင်တက် နေကြစဉ်မှာပင် ကုလားအဘိုးကြီးမှာ လမ်းချိုးတစ်ခုသို့ ချိုး တွ့ဝင်ရောက်သွားပါလေတော့သည်။

"သူ့ကို ရွာထဲဝင်ထွက်ခွင့်ပေးလိုက်ပါ၊ သူ့အတွက် ကိုယ်တိုင် အာမခံပါတယ် ဗိုလ်မှူးကြီး၊ နောက်ပြီး . . . သူ ာ ဘာမှအန္တရာယ်မပေးနိုင်တဲ့ ဆာဒူးအဘိုးကြီးတစ်ယောက် "

ရွာခေါင်းကြီး ဦးဖော်ထန်းလျှံ၏စကားကြောင့် မေဂျာ မစ်က ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်၏ မျက်နှာအားမော့မံ၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်ကိုယ်တိုင် အတန်ကြာမျှ ငေးငိုင်တွေဝေနေပြီးမှ မေဂျာစမစ်အားခေါင်းရမ်းပြလိုက်ကာ ရွာထိပ်ရှိ လုံခြုံရေးကင်းတဲအတွင်းမှ ခေါင်းငိုက်စိုက်နှင့်ထွက်ခွာသွားပါလေတော့သည်။

ထိုနေ့တစ်နေ့လုံး ကာနယ်ဝီလ်ဆင်တစ်ယောက် သူ့အခန်းထဲရှိ အိပ်ရာထက်တွင်သာ လှဲလျောင်းနေပါ၏။ သူ၏စိတ်ထဲတွင်မူ သူတောင်းစားအဘိုးကြီး၏ရုပ်ပုံလွှာက ဖျောက်ဖျက်၍မရအောင် စွဲထင်လျက်ရှိသည်။ သူတည်းခိုသည့် အဆောင်ထဲတွင် သမီးဖြစ်သူ ... ဟယ်လင်ရှိမနေပါ။ ရွာခေါင်းကြီး၏ သမီးငယ်နှစ်ယောက်နှင့်အတူ ရွာထဲတွင် ဟိုသွားသည်သွားလာနေမည်ထင်ပါ၏။ ပြတင်းဝမှ ဖြတ်တိုက်တိုးဝင်လာသည့်လေနုအေးလေးက တောင်တောင်အီအီတွေးရင်း အိပ်ရာထက်တွဲ လှဲလျောင်းနေသော ကာနယ်ဝီလ်ဆင်ကို ချော့၍သိပ်နေလေသည်သို့ ...။

မကြာမီ ကာနယ်ဝီလ်ဆင်တစ်ယောက် မှေးခနဲအိပ်ပျော်သွားပါလေတော့သည်။ မည်မျှကြာကြာအိပ်မောကျသွားလေသည်မသိ။ ခြံတံခါးဝမှ ဆူဆူညံညံအသံတချို့ကိုကြားနေရသလိုလို ... ကုလားဘာသာဖြင့်တစ်စုံတစ်ယောက်ကို မောင်းထုတ်နေသံမျိုးကို ကာနယ်ဝီလ်ဆင်ကြားလိုက်ရသဖြင့် အိပ်ရာထက်မှထလိုက်သည်။ ဟုတ်သည် ... ရွာခေါင်းကြီးဦးဇော်ထန်း



ချိုတစ်ယောက် သူ၏အိမ်၌မရှိချိန်တွင် ပြဿနာတစ်ခုခုဖြစ်သည်ထင်သဖြင့် ကာနယ်ဝီလ်ဆင်အခန်းထဲမှ ထွက်လာခဲ့သည်။

ထိုအချိန်တွင် တပ်ကြပ်ကြီးရမ်းမဟာဒူးရောက်ရှိလာပြီး ကာနယ်ဝီလ်ဆင်ထံသတင်းပို့သည်။

“ဗိုလ်မှူးကြီးခင်ဗျား ... ကုလားသူတောင်းစားကြီးတစ်ယောက် ခြံထဲကိုအတင်းဝင်လာလို့ ကျွန်တော်တို့တားနေတာပါ၊ ဒါပေမဲ့ မရဘူး ... အဘိုးကြီးက ဒီအိမ်မှာရှိတဲ့ အကြီးအကဲတစ်ယောက်နဲ့တွေ့ချင်တယ်ပြောလာလို့ ဗိုလ်မှူးကြီးဆီကို သတင်းလာပို့တာပါ”

“ကုလား ... သူ ... တောင်း ... စား ... ကြီး”

ကာနယ်ဝီလ်ဆင် တစ်လုံးချင်း ရေရွတ်နေရာမှ ဖျတ်ခနဲ မနက်ခင်းကရွာထိပ်လုံခြုံရေးကင်းတဲတွင် ပြဿနာတက်ခဲ့သော ဆာဒူးအဘိုးကြီးမှန်းရိပ်စားမိလိုက်သည်။ ထို့ကြောင့် တပ်ကြပ်ကြီးရမ်းဗဟာဒူးနှင့်အတူ ခြံဝသို့ကမန်းကတမ်းလိုက်လာခဲ့ပါ၏။ ခြံတံခါးဝတွင် အစောင့်အင်္ဂလိပ်စစ်သားများက ကုလားသူတောင်းစားကြီးတစ်ယောက်ကို ရိုက်နှက်မောင်းထုတ်တော့မည့်ပုံစံဖြင့် သေနတ်များကိုမြှောက်ကိုင်ထားသည်ကိုတွေ့လိုက်ရသဖြင့်

“HI .. NO ... NO ... STOP ... STOP”

ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်၏ ဟစ်အော်တားမြစ်သံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကုလားအဘိုးကြီးအားဝိုင်းရံထားကြသည့် အင်္ဂလိပ်စစ်သားများ နောက်သို့ရှဲသွားကြသည်။ သို့တိုင်အောင် တပ်ကြပ်ကြီးတစ်ယောက်က ကာနယ်ဝီလ်ဆင်အားတိုင်တန်းလိုက်သေးသည်။

"ကုလားသူတောင်းစားအဘိုးကြီးပါ ဗိုလ်မှူးကြီး၊ ကြည့်ရတာ စပိုင်လား, သူလျှိုလားမသိဘူး ဖမ်းချုပ်ပြီးစစ်ဆေးလိုက်ရင် ပေါ်မယ်ထင်ပါတယ် ဗိုလ်မှူးကြီး"

"NO . . . DON'T SHUT UP}'

ကာနယ်ဝီလ်ဆင်မှာ ထိုအင်္ဂလိပ်စစ်သားအား ဆူပူငေါက်ငန်းလိုက်ပြီး ဝိုင်းအုံနေကြသည့် သူ၏စစ်သားများကိုလည်း အဝေးသို့မောင်းထုတ်လိုက်ပါ၏။

"သွားကြမ်း . . . မင်းတို့အားလုံးကိုယ်တာဝန်ကျတဲ့ နေရာကိုသွားကြတော့၊ ငါ . . . ဒီကုလားအဘိုးကြီးကိုမေးစရာရှိတယ်၊ ဗဟာဒူး . . . ငါ့အခန်းထဲမှာ နွားနို့နဲ့ပေါင်မုန့်ခြောက်တွေ ရှိတယ် . . . ဒီကိုယူလာပြီး ဒီအဘိုးကြီးကို ကျွေးလိုက်ပါ"

ထို့နောက် ကုလားအဘိုးကြီးအား ကာနယ်ဝီလ်ဆင်က ဟိန္ဒူစတန်တီစကားဖြင့် မေးလိုက်ပါ၏။

"ဒီမှာ အဘိုးကြီး . . . ခင်ဗျား ထမင်းစားပြီးပြီလား၊ မစားရသေးဘူးဆိုရင် ကျွန်ုပ်ကျွေးမွေးတဲ့ပေါင်မုန့်နဲ့ နွားနို့ကိုစားပါ၊ ခဏကြာရင် ရောက်လာပါလိမ့်မယ်"

ကာနယ်ဝီလ်ဆင်၏စကားကြောင့် ကုလားအဘိုးကြီးက



တစ်ချက်မျှမော့ကြည့်ကာ ဦးခေါင်းကိုအသာညိတ်လျက် တစ်စုံတစ်ရာကိုခပ်တိုးတိုးရွတ်ဆိုနေပါ၏။ မကြာခင် နွားနို့တစ်ပုလင်းနှင့် ပေါင်မုန့်ခြောက်ထုပ်နှစ်ထုပ်ကို ရမ်းဗဟာဒူးယူဆောင်လာပြီး ကုလားအဘိုးကြီးအားပေးလိုက်သည်။

ကုလားအဘိုးကြီးသည် ကာနယ်ဝီလ်ဆင်အား ကျေးဇူးတင်သည့်အမူအရာဖြင့် တစ်ချက်မော့ကြည့်ကာ ခြံတံခါးအနီးရှိ မြက်ခင်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်ပါ၏။ ပြီးလျှင် နွားနို့နှင့်ပေါင်မုန့်ခြောက်တို့ကို အားရပါးရစားလေသည်။ စားသောက်ပြီးသည်နှင့် သူ၏ကြေးအိုးထဲမှရေဖြင့် လက်ကိုဆေးကြောကာ နို့ပုလင်းအား ရမ်းဗဟာဒူးအားပြန်၍ပေးလိုက်သည်။

"ကိုင်း . . . စောစောက ခင်ဗျားပြောတယ် . . . ဟောဒီခြံကြီးထဲက အကြီးအကဲတစ်ယောက်ယောက်နဲ့ တွေ့ချင်တယ်ဆို၊ လောလောဆယ်တော့ ကျွန်ုပ်ဟာ ဟောဒီခြံကြီးနဲ့ ဒီရွာလေးရဲ့ အကြီးအကဲတစ်ယောက်ပဲ အဘိုးကြီး၊ ဘာကိစ္စနဲ့တွေ့ချင်တာလဲဆိုတာ ပြောနိုင်ရင် ပြောပေတော့"

ကာနယ်ဝီလ်ဆင်က အနီးရှိသစ်မြစ်ဆုံတစ်ခုပေါ်တွင် ထိုင်လိုက်ရင်း ကုလားအဘိုးကြီးအား မေးလိုက်သည်။ ကုလားအဘိုးကြီးမှာ အနီးရှိ ရမ်းဗဟာဒူးအား တစ်ချက်မျှစောင်းငဲ့ကြည့်လိုက်ပြီး ဆိတ်ဆိတ်သာနေလျက်ရှိသဖြင့် ကာနယ်ဝီလ်ဆင်က ရမ်းဗဟာဒူးအား လက်ပြ၍ တခြားသွားနေရန်နိုင်းစေလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခါ ကုလားအဘိုးကြီးက ကာနယ်ဝီလ်ဆင်၏မျက်နှာကို အတန်ကြာမျှ စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ...

"ဒီမှာ ဝီလ်ဆင် ... ကျွန်ုပ်ပြောတဲ့စကားကို သေချာနားထောင်ပါ ... သင်ကျွေးမွေးတဲ့ နွားနို့နဲ့ပေါင်မုန့်ခြောက်ရယ်၊ သင့်ရဲ့ဖြူစင်တဲ့စိတ်စေတနာရယ်ကြောင့် သင့်ရဲ့နိမိတ်ကို ကျွန်ုပ်ဖတ်ကြားပေးမယ် ... ကြားရဲ့လား ဝီလ်ဆင်"

ရုတ်တရက် ကုလားအဘိုးကြီးက သူ၏နာမည်အားတိတိပပခေါ်၍ ပြောဆိုလိုက်သဖြင့် ကာနယ်ဝီလ်ဆင်မှာ ဒိတ်ခနဲပင် ရင်ခုန်သွားပါ၏။ သူနှင့်တစ်ကြိမ်တစ်ခါမျှ မဆုံစည်းဖူးသော မျက်နှာစိမ်းအဘိုးကြီးတစ်ယောက်က သူကဲ့သို့သော အဆင့်မြင့်စစ်ဘက်အရာရှိကြီးတစ်ဦးအား ရိုင်းပျရင့်သီးစွာ နာမည်ခေါ်ဆိုလိုက်သဖြင့် စိတ်ထဲတွင်ကသိကအောင့်ဖြစ်သွားပါလေ၏။

"အမည်နာမဆိုတာ ပညတ်ချက်တစ်ခုပါ ဝီလ်ဆင်၊ သင့်ရဲ့စိတ်ထဲမှာ ဘာမှမကျေမနပ်ဖြစ်နေစရာမလိုပါဘူး၊ ကျွန်ုပ်ပြောတဲ့စကားဆုံးသွားရင်တောင်မှ သင် ကျွန်ုပ်ကို ကျေးဇူးတင်နေမှာပါ ဝီလ်ဆင်၊ ဒီမှာ ... သေသေချာချာနားထောင်ပါ ... သင်ဟာ ဗြိတိသျှတပ်မဟာ (၁၇)က တပ်ခွဲမှူးအဆင့်ရှိတဲ့အရာရှိတစ်ယောက်ဖြစ်တယ်၊ နောက်ပြီး သင့်မှာ ဟယ်လင်ဆိုတဲ့



အင်မတန်လှပတဲ့ သမီးလေးတစ်ယောက်လည်း ရှိသေးတယ်လေ၊ အင်း ... သင်တို့ရဲ့ဆုတ်ခွာစစ်ကြောင်းကို ဒီရွာလေးမှာ သာယီခဏဝင်ပြီးခိုလိုက်တာ ဘုရားသခင် ကယ်တင်စောင့်ရှောက်လိုက်တာလို့ဆိုရမယ်"

ကာနယ်ဝီလ်ဆင်မှာ ကုလားအဘိုးကြီး၏ အံ့သြဖွယ်စကားများကြောင့် ထိုင်နေရာမှပင် ဝုန်းခနဲထ၍ရပ်လိုက်မိသည်။ သူ၏စိတ်တွင်းမှအကြံအစည်များနှင့် သူ၏ဖြစ်စဉ်ကို ဤကုလားအဘိုးကြီးဘာကြောင့် သိရှိနေရပါသနည်း။

"အိုး ... ဂေါ့ ... သင် ... သင်ဘယ်သူလဲ အဘိုးကြီး ... မှန်မှန်ပြောပါ ... ဘာကြောင့် ကျွန်ုပ်ရဲ့အကြောင်းတွေကို သင်ကြိုပြီးသိနေရတာလဲ"

ကာနယ်ဝီလ်ဆင်၏မေးခွန်းကြောင့် ကုလားအဘိုးကြီးက ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်ပါ၏။

"ကျွန်ုပ်နာမည်ကို ဘာဖြစ်လို့သိချင်ရတာလဲ၊ နာမည်ကို သင်သိရင်လည်း ခေါ်ဆိုတတ်မယ်မဟုတ်ဘူး၊ ကျွန်ုပ်နာမည်က 'သီဟကုမာရ' လို့ခေါ်တယ်၊ သင်တို့ထင်သလို သူတောင်းစားကြီးတစ်ယောက်မဟုတ်ဘူး၊ ဖွန်ဂုန်တောင်နဲ့ နှင်းဖုံးတောင်တန်းတွေမှာ ကျင့်စဉ်အရကျင့်ကြံအားထုတ်ရင်း တစ်ခါတလေ ရွာစဉ်တစ်လျှောက်ဝင်ပြီး တောင်းရမ်းစားသောက်နေတာပါ"

"ဒါဆိုရင် ကျွန်ုပ်ရဲ့စိတ်ထဲက ကြံစည်နေတာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုသိနေတာကရော''

"ဟင်း ဟင်း ဟင်း ... ကျွန်ုပ်မှာ သင်မမြင်တွေ့နိုင်တဲ့ မျက်စိတစ်လုံးရှိသေးတယ်လေ''

"ကျွန်ုပ်မမြင်နိုင်တဲ့ မျက်စိတစ်လုံးဆိုတာ ဘယ်ဟာကိုခေါ်ပါသလဲ အဘိုးကြီး''

ကာနယ်ဝီလ်ဆင်၏အမေးစကားကို ကုလားအဘိုးကြီးက ပြုံး၍သူ၏ငှက်သိုက်တမျှရှုပ်ထွေးပွေလိမ်နေသည့် ဦးခေါင်းကို လက်ညှိုးဖြင့်ထောက်၍ပြလိုက်သည်။

"ကျွန်ုပ်ခေါင်းထဲမှာ, ကျွန်ုပ်အာရုံထဲမှာ သင်တို့မသိနိုင် မမြင်နိုင်တဲ့ အသိတွေအများကြီးရှိတယ်၊ ဒါတွေကို သင့်ကို ရှင်းပြနေလို့လည်း သင်ဘာမှနားလည်နိုင်မှာမဟုတ်ဘူး ဝီလ်ဆင်၊ နောက်တစ်ခု သင့်ကိုပြောပြလိုက်ဦးမယ် ... သင်စောင့်မျှော်နေတဲ့အရာဟာ သင့်ဆီကိုဘယ်သောအခါမှ ရောက်လာနိုင်မှာမဟုတ်တော့ဘူး။ အဲဒီအတွက် သင့်မှာအသက်နဲ့အမျှ တန်ဖိုးကြီးမားလှတဲ့ အချိန်တွေဟာ အလဟဿဆုံးရှုံးကုန်လိမ့်မယ် ဝီလ်ဆင်''

သူ စောင့်မျှော်နေသောအရာ ... ဟာ သူ့ဆီကို ဘယ်တော့မှရောက်လာနိုင်မှာ မဟုတ်ဘူး ... ဆိုသောစကားက ကာနယ်ဝီလ်ဆင်နားထဲတွင် ပဲ့တင်ရိုက်ခတ်လျက်။ ကာနယ်ဝီလ်ဆင် နက်နက်ရှိုင်းရှိုင်းစဉ်းစားကြည့်နေပါ၏။ ထိုအခါ အဖြေ



သည် ရေးရေးမျှပေါ်လာသည်။

ယခု လောလောဆယ် သူစောင့်မျှော်နေသည်မှာ တပ်ဘာ (၁၇)မှ တပ်ရင်းမှူးကြီး မက်ဒေါနယ်နှင့် သူ၏ဆုတ်ခွာသောစစ်ကြောင်းပင်မဟုတ်ပါလား။ ဘယ်သောအခါမှ သူ့ထံရောက်မလာနိုင်တော့ပါဟုဆိုသဖြင့် ... မက်ဒေါနယ်နှင့်သူ စစ်ကြောင်းသည် မြန်မာပြည်စစ်မြေပြင်တစ်ခုတွင် ကျဆုံးသွားခဲ့လေပြီလား ... ဟု ...။

"ဟုတ်တယ် ဝီလ်ဆင် ... သင်တို့ ဟောဒီရွာကြီး ဝင်ပြီးခိုနားလိုက်တဲ့နေ့မှာပဲ သင်စောင့်မျှော်နေတဲ့ မိတ်ဆွေစစ်ကြောင်း ကျောက်တံခါးဝဘက်မှာ ဂျပန်လေယာဉ်တွေနဲ့ တွေ့ကြပြီး တိုက်ပွဲဖြစ်ကြတယ်၊ အဲဒီတိုက်ပွဲမှာ သင့်ရဲ့မိတ်ဆွေဟာ ကျဆုံးသွားခဲ့ပြီ ဝီလ်ဆင်''

"အိုး ... ဂေါ့ ... ဘုရားသခင်ကယ်တော်မူပါ''

ယခုတစ်ကြိမ်မှာတော့ ကာနယ်ဝီလ်ဆင် မျက်စိမျက်နှာပျက်သွားပါလေ၏။ သူ အားကိုးအားထားသော တပ်ရင်းမှူးမက်ဒေါနယ်ကျဆုံးသွားပြီဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် သူ၏နောက်ကိုပင် စိုးရိမ်ထိတ်လန့်စပြုလာခဲ့ပါ၏။ သူ့အတွက်ကမူ ရေးမကြီးလှပါ ... စစ်သားတစ်ယောက် စစ်မြေပြင်တွင် သေသည်မှာအဆန်းမဟုတ်။ သို့သော် ... ဆန်းနေသည်က သူဘာ တစ်စုံတစ်ခုဖြစ်ခဲ့ပါလျှင် သူ၏ချစ်လှစွာသော သမီးငယ်

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်၏ဘဝလေးသည် ...။ ကာနယ်ဝီလ်ဆင် ဆက်၍ မတွေးရဲပါလေတော့။

ထိုအချိန်တွင် ကုလားအဘိုးကြီးမှာ ထိုင်နေရာမှထ၍ရပ်လိုက်ပြီး သောကအရိပ်အယောင်များယှက်သန်းနေသည့်ကာနယ်ဝီလ်ဆင်၏မျက်နှာကို ကြင်နာစွာကြည့်လိုက်ပါ၏။ အတန်ကြာမှ

"ဒီမှာ ဝီလ်ဆင် ...ဖြစ်ခဲ့ပြီးတဲ့ဖြစ်ရပ်တွေကိုလည်း ပြန်ပြီးမတွေးနဲ့၊ ရှေ့အနာဂတ်ခရီးမှာလည်း ဘာတွေ ဆက်ဖြစ်လာမယ်ဆိုတာ ကြိုတင်ပြီးမမျှော်လေနဲ့၊ အခု ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေမှာပဲ ဘယ်လိုကောင်းအောင် လုပ်ဆောင်နိုင်မလဲဆိုတာကိုပဲ ကြိုးစည်လုပ်ဆောင်ပါ၊ မိမိပြုလုပ်ခဲ့တဲ့ ကောင်းကျိုးဆိုးကျိုးတွေကပဲ မိမိရဲ့ရှေ့ဘဝခရီးကို အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်၊ အေး ...နောက်ဆုံး တစ်ခုမှာခဲ့မယ် ...ဝံပုလွေလိုကောက်ကျစ်တဲ့ မေဂျာစမစ်ကို သတိထားပါ၊ ကဲ ... ကျွန်ုပ်သွားပြီ ဝီလ်ဆင်"

ကာနယ်ဝီလ်ဆင်၏ ပါးစပ်မှာ အာစေးမိထားသကဲ့သို့ ဟ၍မရပါလေ၊ ကုလားအဘိုးကြီးသည် ကာနယ်ဝီလ်ဆင်အား ကြင်နာစွာကြည့်လိုက်ရင်း ဦးခေါင်းကိုဖြည်းလေးစွာယမ်းခါလျက် ကျောခိုင်းကာ တရွေ့ရွေ့ထွက်ခွာသွားပါလေတော့သတည်း။

* * *

အခန်း(၇)

## ခြေရာပျောက်သို့...ခြေရာကောက်ခြင်း

ရွှန်းစိုနုသစ်သော နေခြည်ပါးပါးကြားတွင် နှင်းဖာပဝါသည် သိပ်သည်းထူထပ်စွာရစ်သိုင်းလွှမ်းခြုံထားပါ၏။ ကြည့်လေရာ မြင်လေရာတိုင်းတွင် ဘော်ငွေရောင်ဖြူလွှလွှတို့က ဖုံးအုပ်ထားသည်မို့ အအေးဓာတ်က ရိုးတွင်းချဉ်ဆီ ခိုက်မျှ အေးစိမ့်လျက် ...။

ရက်ရက်ရောရောအေးစက်လှသော လေပြင်းသည် နှင်းပွင့်၊ နှင်းဖတ်တို့ကိုသယ်ဆောင်လျက် ဖွေးဖွေးလှုပ်မျှတိုက်ခတ်နေပါ၏။ မင်းမောင်နှင့်မိုင်းနော်တို့နှစ်ယောက်သား ဘေးချင်းယှဉ်လျက် နှင်းဖုံးနေသည့် ဖွန်ဂန်တောင်ကြောထက်တွင် တစ်လှမ်းချင်းတိုးဝင်နေကြသည်။ သစ်ရွက် ...သစ်ခက် သစ်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



တို့မှတစ်ဆင့် တပေါက်ပေါက် တဖျောက်ဖျောက်ကျနေသည့် နှင်းရည်များနှင့်ထိတွေ့လိုက်သောအခါ ချမ်းသလိုလို၊ အေးသလိုလိုနှင့် ...။

သူတို့နှစ်ယောက် လက်အတွင်းမှ မိမိရရဆုပ်ကိုင်ထားသော တူမီးသေနတ်နှင့် ဒူးလေးများမှာ နှင်းရည်နှင့်လက်နက်ဆီများထိတွေ့မိသောကြောင့် ချွဲကျိကျိနှင့် အကိုင်ရ၊ အဆုပ်ရခက်သယောင်နေပါ၏။

“သတိတမန်၊ ဉာဏ်မြေကတုတ် ဟူသော ဆိုစကားအတိုင်းပတ်ဝန်းကျင်ကို တစ်ချက်ကလေးမျှအလစ်မပေးစတမ်း မျက်စိရှင်ရှင် နားပါးပါး နိုးကြားသောသတိနှင့်လက်နက်များကို အသင့်ကိုင်ကာ ချီတက်လာခဲ့ပါတော့သည်။ မင်းမောင်နှင့်မိုင်းနော်တို့ မုဆိုးနှစ်ယောက် ဖွန်ဂန်တောင်ပေါ်သို့ ရောက်ရှိနေကြသည်မှာ နှစ်ရက်တင်းတင်းရှိခဲ့ပါပြီ။ ယခုအချိန်ထိ ပျောက်ဆုံးနေသော ဖော်ဘောက်ကိုလည်းကောင်း၊ ဖွန်ဂန်နောင်မှ နာမည်ကျော်ဘီလူးကြီးကိုလည်းကောင်း အရိပ်အယောင်မျှပင် ရှာဖွေမတွေ့ရှိခဲ့ကြသေးပါ ...။

မိုင်းနော်တို့ မုဆိုးနှစ်ယောက် ဖွန်ဂန်တောင်ပေါ်သို့ ရောက်ရှိနေကြသည်မှာ နှစ်ရက်တင်းတင်းရှိခဲ့ပါပြီ။ ယခုအချိန်အထိ ပျောက်ဆုံးနေသော ဖော်ဘောက်ကိုလည်းကောင်း ဖွန်ဂန်တောင်မှနာမည်ကျော် ဘီလူးကောင်ကြီးကိုလည်းကောင်း



အရိပ်အယောင်မျှပင် ရှာဖွေမတွေ့ရှိခဲ့ကြသေးပါ ...။

လေပြည်တစ်ချက် နှော့လိုက်တိုင်း ...မတော်တဆ သစ်ပင်သစ်ကိုင်းကလေးများ လှုပ်ရှားဝှေ့ယမ်းလိုက်တိုင်း ...မင်းမောင်၏အကျင့်ဖြစ်နေသည့် မုဆိုးမျက်စိများက ဖျတ်ခနဲလှည့်ကြည့်ပြီးသား ...မသင်္ကာဖွယ်နေရာမှန်သမျှ မလွတ်စတမ်းကြည့်ရှုစစ်ဆေးပြီးမှသာ နှင်းခဲများပေါ်သို့ခြေတစ်လှမ်းရွှေ့သည်။ တောတောင်ထဲတွင် သတိဆိုသည်မှာဘယ်သောအခါမှ ပိုသည်မရှိ ...ချွတ်ခနဲသစ်ကိုင်းခြောက်ကလေးတစ်ခု မြေပေါ်သို့ကျိုးကျသံ ...ရှဲခနဲသတ္တဝါတစ်ကောင်တစ်ခြုံမှတစ်ခြုံသို့ တိုးဝှေ့ပြေးလွှားသံ၊ ရွှေ ...ခနဲတောငှက်တစ်ကောင်၏ အလန့်တကြားအော်မြည်ပျံသန်းသွားသည် ...အသံ ...ဖွန်ဂမ်တောင်တန်းပေါ်တွင် ထိုထိုသော အသံမျိုးစုံတို့က တစ်ရုံမလပ်ကြားနေရသဖြင့် မင်းမောင်တို့နှစ်ယောက်စလုံး သတိကြီးစွာဖြင့် ခရီးဆက်နေရပါသည်။

တစ်စ တစ်စဖြင့် နေခြည်မှာမြင့်တက်လာပြီဖြစ်သောကြောင့် တောင်စောင်း၊ တောင်ခါးပန်းတို့တွင်တင်ကျန်ရစ်နေကြသည့် နှင်းခဲ၊ နှင်းတွေးကြီးများ အရည်ပျော်ကျလျက်ရှိသည်။ ထိုအတူ နှင်းမိုးမြူတို့ဖြင့် ပိတ်ဆီးလျက်ရှိသည့် ဝန်းကျင်အနှံ့မြင်ကွင်းအားလုံးရှင်းလင်းပြတ်သားစွာ တွေ့မြင်လာရ၏။

မင်းမောင်နှင့်မိုင်းနော်တို့နှစ်ယောက်စလုံး အသက်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်စွန်းစအရွယ်ကောင်များဖြစ်သဖြင့် သန်စွမ်းကြံ့ခိုင်သော လူငယ်မုဆိုးများဖြစ်ကြသည်။ ဆယ်နှစ်သားအရွယ်ခန့်ကတည်း က . . . ဤနှင်းခဲများ၊ ပိတ်ဖုံးနေသည့်ဖွန်ဂန်တောင်ကြီးပေါ်တွင် ကြီးပြင်းရှင်သန်ခဲ့သူများဖြစ်သဖြင့် သားကောင်လိုက်ခြင်း၊ ခန တောက်မြစ်၊ မဂျစ်ဥနှင့်ဆေးမြစ်ဆေးဥများရှာဖွေခြင်းတို့တွင် နယ်မြေကျွမ်းကျင်သလောက် ရဲဝံ့စွန့်စားခြင်းကို ဝါသနာထုံကြ သည့် မုဆိုးလူငယ်များလည်းဖြစ်ကြပါသည်။

မင်းမောင်သည် နှင်းခဲရှည်တို့ အဝသောက်ထားသည် စိမ်းရင့်ပြေးနေသော . . . မြေဆီလွှာဆီသို့ မသက်ာစွာဖြင့် ဒူး ထောက်ထိုင်ကာ ဂရုတစိုက်စစ်ဆေးနေပါ၏။

"မိုင်းနော်ရေ . . . ခဏရပ်ဦးဟေ့ . . . ဒီဟာ . . . ဘာ လဲမသိဘူးဟ"

မင်းမောင်မှာ မိုင်းနော်အားလှမ်း၍ပြောဆိုလိုက်ပြီး နှင်း ရည်များတင်ကျန်၍ ရွှံ့ဗွက်ကလေးသဖွယ်ဖြစ်နေသည့် မြေပျော့ ပျော့ဆီသို့ ဒူးထောက်ထိုင်ချရင်း သေချာစွာကြည့်နေပါ၏။ ဟုတ်ပါသည် . . . တောင်စောင်းဘက်ရှိ မြေပျော့ပျော့နေရာ၌ အရှည်တစ်ပေကျော်ကျော်ခန့်နှင့် ဖျက်မှာရုစ်လက်မကျော်ခန့်ရှိ သည့် လူခြေရာလိုလို ဝက်ဝံခြေရာကြီးလိုလို မကွဲပြားလှသည့် ခြေရာကြီးတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရပါတော့သည်။

"ခြေရာကြီးတစ်ခုဟေ့ . . . လူခြေရာလိုလို တော်တော်



ကြီးတယ်နော် မိုင်း . . . ကေန္တ . . . ဟို . . . ဟို . . . ဘီလူး ကောင်ကြီးရဲ့ခြေရာလား မသိဘူး"

မင်းမောင်၏စကားကြောင့်မိုင်းနော်မှာ သူလက်စွဲတော် ဒူးလေးကြီးကိုအသင့်ပြင်ကာ မင်းမောင်ထံမှမျက်နှာလွှဲလိုက်ပြီး ရှေ့နောက်ဝဲယာကိုက်တစ်ရာခန့်အတွင်းခြေရာရှင် သတ္တဝါ ကောင်ကြီးကို မျက်စိရှင်ရှင်နှင့်ရှာဖွေလိုက်ပါ၏။

"အင်း . . . ခြေရာက တော်တောထူးတယ်ဟေ့ . . . လူခြေရာလည်းမဟုတ်ဘူး၊ ဝက်ဝံခြေရာလည်းမဟုတ်နိုင်ဘူး၊ ဒါပေမဲ့ ခြေရာက လေးငါးရက်လောက်တော့ ကြာသွားပြီ ထင် တယ်"

မင်းနောင်၏ နောက်ဆုံးမှတ်ချက်စကားကြောင့် မိုင်း နော် . . . ဒူးလေးကြီးကိုလျှော့ကာ ခြေရာဆီသို့လျှောက်လာ ခဲ့ပြီး နှစ်ယောက်သားသေချာစွာကြည့်ရှုစစ်ဆေးနေကြပါလေ၏။ လူခြေချောင်းကလေးတွေကဲ့သို့ ခြေချောင်းငါးချောင်းတွေ့ရသော် လည်း လူခြေချောင်းများထက် . . . ပိုမိုရှည်လျားနေသည့် ဝက် ဝံခြေရာထက်ပိုမိုထူးခြားသောအချက်မှာ ဝက်ဝံခြေရာသည် ရှေ့ ခြေချောင်းလေးများ မရှည်ဘဲ ဖနောင့်မှာတိုလှသည်။ ယခု သူတို့မြင်တွေ့နေရသော ရောမခြေရာကြီးမှာခြေဖဝါးနေရာ၌ တစ်ပြားထဲဖြစ်နေပြီး ခြေရာရှည်ကြီးပုံမျိုးမဖြစ်တော့ဘဲ ပိုဝိုင်း ဝိုင်းကြီးနှင့်အထင်းသားတွေ့မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါ့တစ်သက်တော့ ... ဒီလိုခြေရာမျိုး ... ဖွန်ဂန်တောင်မှာ တစ်ခါမှမတွေ့ဖူးဘူး မိုင်းနော်ရေ"

ထိုစဉ်မှာပင် မိုင်းနော်က ခြေရာကြီးနှင့်အနီးတစ်ဝိုက်တွင်ဆက်လက်ရှာဖွေကြည့်ရာ သုံးလေးပေခန့်အကွာတွင် သစ်ရွက်ခြောက်တို့ ဖုံးအုပ်နေသည့် နောက်ထပ်ခြေရာကြီးတစ်ခုကို တွေ့လိုက်ရပြန်ပါ၏။

"ဟောဒီမှာ ... နောက်ထပ်ခြေရာကြီးတစ်ခုဟေ့ ... မှန်း ... တစ်လှမ်းနဲ့တစ်လှမ်း ဘယ်လောက်ကွာသလဲလို့"

မိုင်းနော်မှာ သစ်ကိုင်းတစ်ခုကို သူ၏တံတောင်နှင့်တိုင်း၍ ချိုးလိုက်ပြီး မူလခြေရာခွက်ဆီမှ နောက်ထပ်တွေ့မြင်ရသောခြေရာဆီသို့ထောက်ကာတိုင်းထွာလိုက်သည်။

"အားပါး ... နည်းတဲ့အကောင်ကြီးဖြစ်မယ်ဟေ့ ... ခြေလှမ်းအကွာအဝေးက သုံးတောင်မှာ တစ်မိုက်လောက်ပဲလျော့တယ် မင်းမောင်၊ အင်း ... သည်ခြေလှမ်းနဲ့ အရပ်အမောင်းကိုက်ညီအောင် ခန့်မှန်းခြေတွက်ချက်ကြည့်ရင်တောင်ခြောက်တောင်ကျော် ခုနစ်တောင်နီးပါးလောက်ရှိမယ်ဟေ့"

"ဟုတ်တယ် မိုင်းနော် ... နောက်ပြီး ဒီခြေရာရှင်ဟာလေးဘက်တွားတဲ့သတ္တဝါတော့ မဖြစ်နိုင်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာကြည့်ပါလား ... ခြေနှစ်ချောင်းနဲ့ပဲ သွားနေတာလေ၊ ဟောဒါက ဘယ်ခြေရာ၊ ဒီဘက်ကခြေရာက ညာဘက်



ခြေရာ၊ ဟောဒီမှာကြည့် ... ခြေမနဲ့ပုံသဏ္ဍာန်တူတဲ့ဟာတွေကအတွင်းဘက်မှာချည်းပဲကွ"

နှစ်ယောက်သား ခြေရာခွက်ကြီးနှစ်ခွက်ကို အနီးကပ်လေ့လာကြည့်ရှုရင်း ဝေဖန်ချက်များပေးနေကြရင်းမှ ... မိုင်းနော်၏မျက်စိက ချုံစပ်ရှိ သစ်ရွက်ခြောက်များအောက်မှ တစ်ပိုင်းတစ်စထွက်ပေါ်နေသည့် သေနတ်ဒင်ပိုင်းတစ်ခုကို တွေ့မြင်လိုက်ရသည်။

"ဟင် ... ဟို ... ဟို ... ဟိုမှာ ဘာလဲကွမင်းမောင်"

မင်းမောင်ကိုလှမ်း၍ပြောဆိုလိုက်ပြီး ... မိုင်းနော်မှာဆိုနေရာသို့ဖျတ်ခနဲရောက်သွားပြီး တစ်ပိုင်းတစ်စထွက်ပေါ်နေသည့် သေနတ်ဒင်ကိုဆွဲယူလိုက်သည်။ သို့သော် လက်ထဲတွင်ပါလာသည်က သေနတ်တစ်လက်လုံးမဟုတ်ဘဲ တစ်ပိုင်းတစကျိုးပြတ်ပျက်စီးနေသည့် ... တူမီးသေနတ်၏ဒင်ပိုင်းကျိုးကြီးဖြစ်နေပါတော့သည်။

မင်းမောင်မှာ မိုင်းနော်လက်မှ တူမီးသေနတ်အကျိုးပိုင်းကိုဖျတ်ခနဲယူကာ သေနတ်ဒင်နောက်ပိုင်းကို သေချာစွာကြည့်ရှုလိုက်သည်တွင် ...။

"ဟာ ... ဒါ ... ဒါ ... ဖော်ဘောက်ရဲ့ သေနတ် ... သေနတ်ကွ၊ ဟောဒီ ဒင်ပိုင်းမှာ ငါကြောင့်ပဲ့သွားတဲ့ အရာလေးရှိတယ် ... ဒီ ... ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်က သေနတ်ဒင်ပိုင်းတွင် လက်မဝက်ခန့် နေသည့်အရာလေးကိုကြည့်ကာ ဝန်းကျင်တစ်ဝိုက် မျက်စိရှင်ရှ ဖြင့် လှည့်ပတ်ကြည့်လိုက်ပါ၏။

"ဟင် . . . ဒီ . . . ဒီလိုဆိုရင် မင်း . . . မင်းရဲ့အစ် . . . ဇော် . . . ဇော် . . . ဇော်ဘောက်"

မိုင်းနောင်တစ်ယောက် ထိတ်လန့်တကြားဟစ်အေ လိုက်ရင်း ဇော်ဘောက်၏အခြေအနေကို အဖြေရှာတွေ့သွားေ ပြီထင့် မင်းမောင်မျက်နှာကိုသာ စိုးရိမ်တကြီးလှမ်းကြည့်လို သည်။ မင်းမောင်ကမူ အနီးဝန်းကျင်ရှိတောင်စောင်းဆင်ေ လျှောတစ်ဝိုက်နှင့် ဝါးရုံတောကြီးအနီးတွင် တစ်စုံတစ်ရာ သဲကြီးမဲကြီးရှာဖွေနေပါတော့သည်။

မိုင်းနော်ကမူ . . . မုဆိုးတစ်ယောက်၏ လက်ဝယ် မြဲစွာရှိနေရမည့် သေနတ်မှာ ယခုကဲ့သို့ကျိုးပဲ့ပျက်စီးနေခြ သည်ကောင်းသောလက္ခဏာမဟုတ်မှန်း သိရှိနေပါ၏။ သူတွေ ထင်ထားသကဲ့သို့ ဖြစ်မလာပါစေနှင့်ဟုသာ တိတ်တိတ်ဆု တောင်းနေမိသည်။ သို့သော် . . . သူ၏ဆုတောင်းကား မပြည့် ဝခဲ့ပါ . . .။

တောင်စောင်းဝါးရုံတောစပ်တစ်နေရာဝယ် ရုပ်ပျက် ဆင်းပျက်နှင့်သေဆုံးနေပြီဖြစ်သည့် ဇော်ဘောက်၏အလောင်း ကို မင်းမောင်ရှာဖွေတွေ့ရှိခဲ့ပါချေပြီကော . . .။



"တောက် . . . ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်၊ ဒီလောက် တောကျွမ်းတဲ့အစ်ကို့ကို ဘယ်လိုသတ္တဝါမျိုးက ရက်ရက်စက်စက် သတ်ဖြတ်သွားရတာလဲဗျာ . . . ဟင်း"

မင်းမောင်ခမျာ အစ်ကိုဖြစ်သူ၏ ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးနေသည့် ရုပ်အလောင်းကိုကြည့်ကာ ရင်နင့်ကြေကွဲနေမိ ပါ၏။ ဖွန်ဂန်တောင်ကြီးတစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်သွား စေသည့်အထိလုပ်ဆောင်နိုင်စွမ်းရှိသည့်အစ်ကိုဖြစ်သူ ဇော် ဘောက်၏စွမ်းရည်သတ္တိထူးကို သူသိသည်။ ဤကဲ့သို့ ကျွမ်း ကျင်ပါးနပ်သလောက် ရဲရင့်လှသော ဇော်ဘောက်ကိုမည်သူ သတ်ဖြတ်သွားခဲ့ပါသနည်း။ ကျား၊ ကျားသစ်စသော တော ကောင်ကြီးများ၏လက်ချက်ဖြင့် သေဆုံးခဲ့ပါက . . . ကိုက်ဖြတ် စားသောက်ထားသဖြင့် အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်နေလောက် ပြီ . . . ဆင်နင်းခံရသည်ဆိုပါကလည်း နှင်းတောထဲတွင် ပြား ချပ်နေပေရော့မည်။ မြွေကိုက်ခံရပါကလည်း အဆိပ်များတက် ၍မည်းညစ်နေပေလိမ့်မည်။

ယခုတော့ ဇော်ဘောက်ခမျာ ဖက်ကျိုးလျက် တစ်ကိုယ် လုံးတွင်လည်း ရိုက်နှက်ခံထားရသော ဒဏ်ရာဒဏ်ချက်များဖြင့် မရှုမလှသေဆုံးနေခြင်း ဖြစ်ပါ၏။ မင်းမောင်တစ်ယောက် ပတ် ဝန်းကျင်သဲလွန်စများ၊ ခြေရာလက်ရာများကိုကြည့်ကာ သူ၏ အစ်ကိုဇော်ဘောက်ကို ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့သူမှာ

www.burmeseclassic.com

www.burmeseclassic.com



ရွာစဉ်တစ်လျှောက် သတင်းကြီးနေသည့် ဘီလူးကောင်ကြီးမှ လွဲ၍ မည်သူမျှမဖြစ်နိုင်။

“ဟုတ်တယ် ... သေချာတယ် မင်းမောင် ... မင်းရဲ့ အစ်ကိုကို ရက်ရက်စက်စက်သတ်ဖြတ်သွားတာ ဟို ... ဟို ... ဘီလူး ... ဘီလူးကောင်ကြီးပဲ ဖြစ်ရမယ်၊ ဆိုင်ရဲ့ ပြော စကားအရဆိုရင် အဲဒီဘီလူးကောင်ကြီးတာ မရဏလျှိုကြီးတစ် ဝိုက်မှာ ရှိနိုင်တယ် မင်းမောင်”

မင်းမောင်၏မျက်နှာထက်မှာတော့ တဖွဲဖွဲကျဆင်းလျက် ရှိသည့် နှင်းမှုန်နှင်းစက်နှင့်အတူ မျက်ရည်စတို့က ရောထွေး လျက်စီးကျနေပါ၏။ မိဘနှစ်ပါးမရှိတော့သည့်နောက်ပိုင်း သည် အစ်ကိုသာအမိ၊ သည်အစ်ကိုသာအဖသဖွယ် မှီခိုအားထားပြုခဲ့ သည်မဟုတ်ပါလား။ အစ်ကိုဖြစ်သူဇော်ဘောက်ကလည်း သည် အသက်အရွယ်ထိတိုင် အိမ်ထောင်သားမွေးမပြုဘဲ ညီဖြစ်သူ မင်းမောင်အား ... ညီသားသဖွယ်ပြုစုစောင့်ရှောက်ခဲ့သည်။ ချစ် ချင်ယုယခဲ့သည်။ ယခုတော့ သူချစ်သော ... အားကိုးသော အစ်ကိုဖြစ်သူသည် သူ့အားလမ်းခွဲကာ မရဏလမ်းသို့သွားနှင့်ပါ ချေပြီတည်း။

“တောက် ... ငါ့အစ်ကို ရက်ရက်စက်စက်သတ်သွား တဲ့ ဒီဘီလူးကောင်ကို မသတ်ရမချင်း ... ဟောဒီဖွန်ဂန်တောင် ပေါ်က ... ငါ ... မ ... ပြန် ... ဘူး ... ဟေး”



မင်းမောင်၏ရင်ခေါင်းထဲမှ ပဲ့တင်၍ထွက်ကျလာသော အော်ဟစ်ကျူးဝါးသံကြီးက ဖွန်ဂန်တောင်ထက်မှ ရေခဲလွှာချပ် ကြီးများကို ရိုက်ခတ်ကာ တဝုန်းဝုန်းတဝေါဝေါနှင့် ပြိုဆင်းကျ လျက်ရှိပါချေပြီကော ...။

“ကိုင်း ... မင်းမောင်ရေ အချိန်ရှိတုန်း မရဏလျှိုကြီး ထဲကိုသွားကြရအောင်၊ မင်းရဲ့အစ်ကို ဇော်ဘောက်ကို သင်္ဂြိုဟ် ကြရအောင်လား။ ငါလည်း မင်းနဲ့ထပ်တူ စိတ်မကောင်းပါဘူး ကွာ၊ စိတ်ချ မင်းမောင် ... ဒီဘီလူးကောင်ကြီးကို ငါပါ မင်းနဲ့ လက်တွဲပြီး သတ်ဖြတ်မယ် သူငယ်ချင်း”

ထို့နောက်မှာတော့ ... ဖွန်ဂန်တောင်စောင်းတစ်နေရာ တွင် မြေကျင်းနက်နက်တူးကာ အစ်ကိုဖြစ်သူဇော်ဘောက်အား သေကျနနမြေမြှုပ်သင်္ဂြိုဟ်လိုက်ကြပါလေ၏။ အားလုံးပြီးစီးသွား သည်နှင့် မင်းမောင်တစ်ယောက် ရင်ကွဲမျက်ရည်စတို့ကို လက်နှံ့ နှင့်ခပ်ကြမ်းကြမ်းသုတ်ဖယ်ကာ မိုင်းနောင်နှင့်အတူ မရဏလျှို ကြီးရှိရာသို့ ခရီးဆက်ခဲ့ပါတော့သည်။

ဖွန်ဂန်တောင်ထက်မှာတော့ နှင်းမြူတို့က တဖွဲဖွဲကျ ဆင်းနေကြဆဲ ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

### ◈ သံယောဇဉ်အတွက်...လက်စားချေကြသူများ ◈

ရာသီက ...မိုးအကုန် ဆောင်းအကူးကာလ။

ဖွန်ဂန်တောင်ကြောထက်ရှိ မရဏလျှိုကြီးအနီးမှာတော့ နှင်းငွေ့များပျော်ဝင်နေသည့် လေကြမ်းက တဟူးဟူးတိုက်ခတ်လျက် ...။ မင်းမောင်၏ဆံပင်ရှည်ရှိုင်းရှိုင်းများက နှင်းငွေ့လေပြင်းတွင် ခပ်ကြမ်းကြမ်းဝဲလွင့်ကြသည်။ ဘီလူးကောင်ကြီးနှိအောင်းရာဟု သတင်းကြီးနေသည့်မရဏလျှိုကြီးအနီး ဝါးရုံတောဝန်းကျင်တစ်ဝိုက်တွင် ...မိုင်းမောင်တစ်ယောက် စေ့စေ့စပ်စပ်ပင် ခြေရာခံလျက်ရှိပါ၏။

မိုင်းနောင်မှာ စိတ်ရှည်လက်ရှည်ဖြင့် နှင်းသောက်ထားသည့်မြက်ခင်းတစ်လျှောက် ငုံ့ကာ ငုံ့ကာနှင့် ခြေရာခံနေခိုက်



င်းမောင်မှာ သေနတ်ကိုပစ်ခတ်ရန်အသင့်အနေအထားဖြင့် ရှေ့ ောက်ဝဲယာတစ်ဝိုက်ကို သတိမလစ်စတမ်း မျက်စိရှင်ရှင်နှင့် ောင့်ကြည့်နေပါသည်။

"ဘယ်လိုလဲ မိုင်းနောင် ...ဒီဘီလူးကောင်ဟာ ဘာ ောင်ကြီးဖြစ်နိုင်မလဲ ...ရှောမဝက်ဝံကြီးတစ်ကောင်များလား။ တ်တတ်ရပ်ကြီးသွားနေလို့ ရှေ့နှစ်ဖက်ခြေရာ မပေါ်တာရော ...မဖြစ်နိုင်ဘူးလား။ ခြေရာကြီးကိုကြည့်ရတာတော့ နည်းနည်း ာနော်ကြီးမဟုတ်ဘူးဟေ့"

မင်းမောင်လှမ်း၍ပြောနေချိန်တွင် မိုင်းနောင်မှာပိန္နဲပင် ကြီးတစ်ပင်အောက်သို့ရောက်ရှိနေပြီး ပိန္နဲသီးအခွံတစ်ခုကို ဘယ် ညာပြန်ကြည့်ရှုနေပါလေ၏။

"ဟုတ်ပြီ မင်းမောင်ရေ ...မင်းတွေ့ချင်တဲ့ ဘီလူး ောင်ကြီးကို မကြာခင်တွေ့ရတော့မယ်ထင်တယ်ဟေ့၊ ဒီဘီလူး ောင်ကြီးဟာ တစ်ကောင်တည်းပဲကွ ...အဖော်မပါဘူး၊ ာဒီ မကြာသေးခင်ကမှ အဲဒီကောင်ကြီး စားသောက်သွားတဲ့ န္နဲသီးကြီးတွေလေ ...ဒီမှာကြည့်ပါလား ...ပိန္နဲခွံမှာ ကပ်ငြိ န်ခဲ့တဲ့ အမွေးသုံးလေးပင်"

မိုင်းနောင်မှာ ပိန္နဲခွံမှာကပ်ငြိကျန်နေသည့် နီကြောင် ကြောင်တစ်မိုက်ခန့်ရှည်လျားသော အမွေးရှည်ကြီးများထဲမှ အ မွေးတစ်ပင်ကိုဖျတ်ခနဲဆွဲယူကာ သေချာစွာကြည့်ရှုနေပါလေ

www.burmeseclassic.com

www.burmeseclassic.com



ဏ်။

"အင်း ...အမွေးကတော့ နုမယောင်နဲ့ကြမ်းတယ် ဟေ့၊ ပိန္နဲခွံမှာကပ်ငြိပြီး ကျန်နေရစ်ခဲ့တာကွ၊ အေး ...တစ်ခု တော့ရှင်းသွားပြီမင်းမောင် ...ငါတို့ရွာတွေမှာ သတင်းကြီးနေ တဲ့ ဘီလူးကြီးတော့ မဟုတ်တာသေချာသွားပြီ"

"နေပါဦး ...မင်းက ဘီလူးမဟုတ်ဘူးလို့ ဘာကြောင့် အပ်ချ မတ်ချပြောနိုင်တာလဲကွ"

မင်းမောင်မှာ မိုင်းနောင်အနီးသို့လျှောက်လာရင်း မိုင်း နောင်လက်ထဲမှအမွေးကြမ်းများကိုဆွဲယူရင်း မေးလိုက်သည်။

"ဟား ...ရှင်းနေတာပဲ မင်းမောင်ရယ်၊ ဘီလူးဆိုရင် အသားပဲစားရမှာပေါ့ကွ၊ ခုဟာက ပိန္နဲသီးတောင်စားနေတဲ့ သတ္တ ဝါဆိုတော့ ဘယ်နည်းနဲ့မှ ငါတို့ရွာသားတွေကြောက်ရွံ့ထိတ်လန့် နေကြတဲ့ လူသားစားဘီလူးကြီးဆိုတာ မဟုတ်တော့ဘူးပေါ့ကွာ"

"အင်း ...ဒီလိုဆိုရင်. အဲဒီသတ္တဝါက ဘာကြောင့် လူတွေကို လိုက်ပြီးရန်မူသတ်ဖြတ်နေရတာလဲ၊ သူက လူသားမှ မစားဘဲဟာ ...ဘာကြောင့် အကြောင်းမဲ့လူတွေ ကိုရက်ရက် စက်စက် တိုက်ခိုက်သတ်ဖြတ်ပစ်နေရတာလဲကွာ"

မင်းမောင်က ရက်ပိုင်းအတွင်းမှာပင် ရွာစဉ်တစ် လျှောက်ရှိ ရွာသားများသာမက ခွေးများကိုပါ ခြေပြတ် လက် ပြတ်၊ လည်ပင်းကျိုးနှင့်ရက်ရက်စက်စက်အငြိုးကြီးစွာလိုက်လံ



သတ်ဖြတ်နေသည့်အကြောင်းကို မကျေမနပ်နှင့်ရင်ဖွင့်မေးခွန်း ထုတ်နေပါ၏။

"အင်း ...ဒါကတော့ကွာ သူ့ဟာသူ အလိုလိုနေရင်း နဲ့တော့ လူတွေကို အသားလွတ်ရန်ရှာမှာ မဟုတ်ဘူး မင်းမောင်၊ တစ်ခုတော့ရှိတယ် ...လူတစ်ယောက်ယောက် ဒါမှမဟုတ် ...လူတစ်စုက သည်သတ္တဝါကောင်ကြီးကို ဘာများ လုပ်ထား ကြသလဲမသိဘူး၊ တချို့သတ္တဝါတွေက အမုတ်သည်းခြေကြီး ကြတယ်နော့ ...ဥပမာပြောရရင် ဒဏ်ရာရသွားတဲ့ 'ကျားနာ' သတ္တဝါမျိုးလိုပေါ့၊ ကျားနာဟာ ကြောက်စရာအကောင်းဆုံး, အဆိုးဝါးဆုံးနဲ့ အမျက်ဒေါသအငြိုးကြီးဆုံး တိရစ္ဆာန်တစ်ကောင်ပဲ မဟုတ်လား"

မိုင်းနောင်က ရှင်းပြနေခိုက် အရှေ့ဘက်ဝါးရုံတော စပ် ဆီမှ ဝေါခနဲထပ်ပျံသွားကြသော ယင်မည်းရိုင်းတစ်အုပ်ကြောင့် နှစ် ယောက်သားထိုနေရာသို့ သွက်သွက်ကလေးလျှောက်ကာ ကြည့် လိုက်မိသည်။ ဝါးရုံပင်ခြေရင်းတွင် သွေးအလိမ်းလိမ်းနှင့် ရှပ်ပျက်ဆင်းပျက် အလောင်းတစ်လောင်းကိုတွေ့မြင်လိုက်ကြရ သည်။

"ဟာ ...ဒီ ...ဒီမှာလည်း အလောင်းတစ်လောင်း ပါလား မိုင်းနောင်"

"အေး ...ဟုတ်တယ် ...ဒါ ...ဒါ ...ဟို တ

www.burmeseclassic.com

www.burmeseclassic.com



ညင်ချောင်းက မောင်ဆိုင်နဲ့ပါသွားတဲ့ ဗိန္ဒောဆရာကောင်လားမသိဘူးဟေ့ . . . သေချာကြည့်စမ်းပါဦးဟ''

နှစ်ယောက်သား အနီးသို့သေချာကပ်၍ရှာဖွေကြည့်ရှုကြရာ လည်ပင်းကျိုးကာသေဆုံးနေသည့် သွေးသံရဲရဲနှင့် မျက်နှာစိမ်းတစ်ဦး၏ ရုပ်အလောင်းကိုတွေ့မြင်လိုက်ရသည်။ သူ့အနီးတစ်ပိုက်တွင် လွယ်အိတ်ကြီးတစ်လုံးနှင့် အဝတ်အစားပတ်ထားဟန်တူသည့် သေနတ်အကျိုးအပျက်တစ်ခုကိုပါ ရှာဖွေတွေ့ရှိလိုက်ရပါ၏။

''အေး . . . ဖြစ်နိုင်တယ်၊ ဟောဒီမှာ မောင်ဆိုင်ပြောတဲ့ အဝတ်နဲ့ပတ်ထားတဲ့ ရှည်မျောမျောပစ္စည်းဆိုတာ ဒီသေနတ်ကိုပြောတာဖြစ်မယ်၊ ဒါကြောင့် ဗိန္ဒောဆရာဝင်သွားတဲ့ ချုံတောဘက်က သေနတ်သံကြားတယ်ဆိုတာ ဒါပဲဖြစ်မှာပေါ့၊ ဘီလူးကောင်ကြီးကို ရုတ်တရက်တွေ့လိုက်ရတာနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ ပစ်လိုက်တာဖြစ်မယ် . . . အဲဒါကြောင့် ဘီလူးကောင်ကြီး ဒေါသတကြီးနဲ့လိုက်လို့ထွက်ပြေးရာက ဟောဒီ ဝါးရုံပင်ခြေရင်းမှာ ခလုတ်တိုက်ပြီးလဲရာက အသတ်ခံလိုက်ရတာဖြစ်မယ်''

မင်းမောင်က အလောင်းကောင်အနီးတစ်ပိုက်တွင် ရှာဖွေတွေ့ရှိရသောပစ္စည်းများနှင့် သဲလွန်စဆက်စပ်ကာ အနီးစပ်ဆုံးဖြစ်နိုင်ခြေများကိုတွက်ဆပြောဆိုနေပါ၏။

''အင်း . . . ဒီလောက်တောင် မှုံ့ပျက်ဆင်းပျက် အ



သတ်ခံထားရပုံကိုကြည့်ရင် ဘီလူးကောင်ကြီးဟာ တော်တော်အငြိုးကြီးပုံရတယ်၊ တော်တော်ရက်စက်တဲ့ သတ္တဝါကောင်ကြီးပဲ မင်းမောင်၊ အစစအရာရာ သတိထားမှဖြစ်မယ်ဟေ့ . . . ငါ့စိတ်ထင် ဒီကောင်ကြီးမှာ ဒဏ်ရာရထားပုံပေါ်တယ်''

ဤသို့ဖြင့် နှစ်ယောက်သား မရဏလျှိုကြီးရှိရာသို့ တရွေ့ရွေ့တိုးဝင်လာကြသည်။ သစ်ရိပ်ဝါးရိပ်ထူလာသကဲ့သို့ လမ်းကြောကကွေ့ကောက်မှုတွေများလာပါ၏။ အကွေ့အကောက်များလာသဖြင့် ရှေ့ကိုက်ငါးဆယ်မှကျော်လွန်၍ မည်သည့်ရန်သူရှိသည်၊ မရှိသည်ကိုမခန့်မှန်းနိုင်အောင်ရှိနေသည်။ ထို့ကြောင့် မင်းမောင်တို့နှစ်ယောက်မှာ မျက်စိလျှင်လျှင် နားပါးပါးနှင့် သတိကိုအမြဲကပ်ကာ ဝဲ၊ ယာရှေ့နောက် အလစ်မပေးစတမ်းချီတက်လာခဲ့ကြပါတော့သည်။

မကြာမီ တိတ်ဆိတ်ငြိမ်သက်စွာ ဆီးကြိုနေသည့် မရဏလျှိုကြီးသို့ရောက်ရှိလာခဲ့ကြသည်။ နတ်တော်ပြာသို နှင်းစိုစို သို့မဟုတ် . . . ခွာညိုသင်းစ ဆောင်း[illegible]ရာသီဖြစ်သဖြင့် တောင်စောင်းတောင်ခါးပန်းတစ်လျှောက်တွင် တင်ကျန်ရစ်သည့် နှင်းခဲနှင်းဖတ်တို့မှ တဖျောက်ဖျောက်ကျဆင်းနေသည့် အသံကသာ မရဏလျှိုကြီးကို ကြီးစိုးမင်းမူနေကြပါ၏။

နှင်းရည်တို့ဖြင့် လေးအိ၍ ငိုက်ကျနေကြသော သစ်ပင်ဝါးပင်တို့ကို လက်နှင့်အသာဖယ်ရှားရင်း တိုးဝင်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်မှာ ဝါးရုံဝါးကိုင်း၊ ဝါးရွက်များကြားမှ တစ်စွန်းတစ် ထွက်ပြူနေသော မည်းမည်းသဏ္ဍာန်ဂူပေါက်တစ်ခုကို အမှတ် ထင်မြင်တွေ့လိုက်ရသည်။

"ဟာ ... မိုင်းနော် ... ဟို ... ဟိုမှာ ဝါးရုံတွေကြား က ဂူပေါက်တစ်ပေါက်လား မသိဘူး ... ငါ မြင်လိုက်ရတယ်"

"ဘယ် ... ဘယ်မှာလဲ မင်းမောင်"

မိုင်းနောင်၏မေးခွန်းကို မဖြေသေးဘဲ ဝါးရုံပင်ကိုင်း များကြားမှငုံ့ကာဖယ်ကာနှင့် ရှေ့သို့တိုးဝင်သွားပြီးမှ ကျောက် ဝမည်းမည်းကြီးကိုညွှန်ပြပြောဆိုလိုက်သည်။

"ဒီမှာလေကွာ ... ဒီနေရာမှာ ဂူတစ်ဂူရှိနေတယ်ဆို တာ ငါတို့ တစ်ခါမှလည်း မတွေ့မိကြပါလား မိုင်းနော်"

"အိုး ... ဘယ်တွေ့ရပါ့မလဲ မင်းမောင်ရယ် ... တစ် နှစ်လုံး ရေခဲတွေဖုံးပြီးနေတာ ... အခုတောင်မှ နေပူပြီး နှင်းတွေ အရည်ပျော်သွားလို့ ဂူပေါက်ပေါ်လာတာပေါ့ဟ၊ အင်း ... ဘာ ဖြစ်ဖြစ် ငါတို့ဂူထဲကိုဝင်ကြည့်ကြရင် ကောင်းမယ်ထင်တယ်"

"နေဦး မိုင်းနော် ... ကျောက်ဂူထဲမှာ မှောင်နေရင် ခက်မယ်၊ ထင်းရှူးကိုင်းနည်းနည်းလောက် ခုတ်ယူသွားမှဖြစ် မယ်"

ဤသို့ဖြင့် နှစ်ယောက်သားလက်နက်များကို အသင့် ကိုင်လျက် ကျောက်ဂူကြီးထဲသို့ တစ်လှမ်းချင်းဝင်ရောက်လာ



ကြသည်။ ကျောက်လိုက်ဂူအဝတွင် အတန်ငယ်ကျဉ်းမြောင်း သည်ဟုထင်ရသော်လည်း အထဲသို့ရောက်သောအခါ အတန် သင့်ကျယ်ဝန်းကြောင်းမြင်တွေ့လိုက်ရသည်။ မင်းမောင်တွက်ဆ ထားသကဲ့သို့ပင် ကျောက်ဂူအဝတွင် အလင်းရောင်ရေးရေးမျှ ရှိသော်လည်းအတွင်းပိုင်းတွင်မူ အလင်းရောင်နည်းကာ မှောင် ကျက်ရှိပါ၏။

ထို့ကြောင့် အသင့်ပါလာသည့် ထင်းရှူးသားမီးတိုင်များ ကို ထွန်းညှိလိုက်သည်။ မီးရောင်ကြောင့် ထိန်လင်းသွားသော အလင်းရောင်ဖြင့် ဂူအတွင်းပိုင်းသို့ဆက်၍တိုးဝင်လာခဲ့ကြသည်။

"ဟင်း ... နံ့ပုပ်ကွာ ... ညှီစို့စို့အနံ့အသက်ကြီးတွေက အခေါင်းထဲကို တိုးဝင်သွားကြတာပဲဟေ့"

ဟုတ်သည်။ ဂူအတွင်းပိုင်းသို့ရောက်လေလေ ညှီစို့စို့ အနံ့ဆိုးများက ပိုမိုရှူရှိုက်ရလေလေရှိနေပါ၏။ ကျောက်ဂူမှာ သိပ်မရှည်လျားလှ။ မကြာခင် ရှေ့တွင် ကျောက်နံရံကြီး ဆီးကာ ထားသည်ကို မီးရောင်အောက်တွင်တွေ့မြင်လိုက်ရသည်။

"အိုး ... ကျောက်ဂူက သိပ်လည်းမရှိပါလား၊ အင်း ... နှင်းမုန်တိုင်းတွေ, ဘာတွေနဲ့တိုးမိရင်တော့ ဝင်ခိုလို့ကောင်း ... ကောင်း ... ဟာ ... ဟို ... ဟိုမှာ ဘာ ... ဘာကြီးလဲ မင်းမောင်"

ကျောက်ဂူကြီးတစ်နေရာတွင် တုံးလုံးကြီးလဲကျနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှသည့် အရိုပ်မည်းကြီးတစ်ခုကို ဖြုန်းခနဲတွေ့မြင်လိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားပါလေ၏။ ရှေ့သို့တိုး၍ မီးရောင်နှင့်ကြည့်လိုက်တော့မှ လဲကျသေဆုံးနေရှာသည့် မျောက်ဝံကြီးတစ်ကောင်ဖြစ်မှန်း အံ့သြထိတ်လန့်စွာသိရှိလိုက်ရပါတော့သည်။

"ဟာ ... မျောက် ... မျောက် ... မျောက်ဝံကြီးဟေ့ မိုင်းနော်၊ ကြည့်ရတာ ဒီကောင်ကြီးသေတာ တစ်လနှစ်လလောက် ရှိပြီထင်တယ်၊ သွေးတွေတောင် ခြောက်ကပ်နေပြီ"

"ဟုတ်တယ်ဟေ့ ... ရင်အုံနဲ့ ဝမ်းဗိုက်မှာသေနတ်မှန်ထားတဲ့ဒဏ်ရာကြီးတွေတွေ့ရတယ်ကွ ... အဲဒီဒဏ်ရာတွေနဲ့ ဒီကောင်ကြီးသေတာဖြစ်မယ်"

နှစ်ယောက်သား သေဆုံးနေပြီဖြစ်သည့် မျောက်ဝံကြီးကိုသေသေချာချာကြည့်ရှုစစ်ဆေးနေကြပါ၏။ ဟုတ်သည်၊ မျောက်ဝံကြီး၏ဒဏ်ရာများမှ သွေးစေးများမှာခြောက်ကပ်လျက်ပင်ရှိနေပါချေပြီ။ ခန့်မှန်းရသည်မှာ သေနတ်ကိုင်မုဆိုးတစ်ဦးဦးပစ်ခတ်လိုက်ရာမှ ဤကျောက်ဂူကြီးထဲတွင် လာရောက်သေဆုံးနေခြင်း ဖြစ်ပေမည်။ ဤသို့ဆိုလျှင် လောလောဆယ်ပေါ်ပေါက်လာခဲ့သော ဘီလူးကောင်ကြီးဆိုသည်မှာ ... ဤမျောက်ဝံကြီး၏မျိုးဆက်ပင် ဖြစ်ပါလိမ့်မည်။

"ဟာ ... ဟုတ်ပြီ မိုင်းနော် ... အခု ဒီဂူကြီးထဲမှာ သေနတ်ဒဏ်ရာနဲ့ သေဆုံးနေတာ မျောက်ဝံမကြီးကွ၊ ဒါ ...



ဒါဆိုရင် ဖွန့်ဂန်တောင်တစ်ဝိုက်မှာ ဘီလူးကောင်လို လူတွေကို ရက်ရက်စက်စက်နဲ့ အငြိုးတကြီးသတ်ဖြတ်နေတာဟာ မျောက်ဝံထီးကြီးပဲဖြစ်ရမယ်ကွ"

ယခုတော့ ရှာစဉ်တစ်လျှောက် ထိတ်လန့်ကြောက်ရွံ့နေကြရသော ဘီလူးကောင်ကြီးဆိုသည်မှာ သေဆုံးသွားသည့် မျောက်ဝံမကြီးအတွက် အငြိုးတကြီးလိုက်လံသတ်ဖြတ်နေသည့် မျောက်ဝံအထီးကြီးဖြစ်သည်ဆိုခြင်းမှာ မြေကြီးလက်ခတ်မလွဲပါတည်း။

"ဟင် ... ဒါ ... ဒါဆိုရင် ဟို ... မင်းရဲ့အစ်ကို ဇော်ဘောက်တို့ ဗိန္ဒောဆရာတို့ကိုရက်ရက်စက်စက် သတ်ဖြတ်သွားတာ ဟို ... ဟို ... လွတ်မြောက်နေတဲ့ မျောက် ... မျောက်ဝံအထီးကြီးပေါ့ ... ဟုတ်လား မင်းမောင်"

မိုင်းနော်၏အမေးစကားကိုဖြေရန် မင်းမောင် မျောက်ဝံမကြီးအနီးမှ ထရပ်လိုက်သည်။ ထိုစဉ်မှာပင် ... မိုင်းနော်ကျောပေးထားသည့် ဂူပေါက်ဝတွင် အရိပ်မည်းကြီးတစ်ခုကို ဖျတ်ခနဲမြင်တွေ့လိုက်ရသဖြင့် ...

"ဟာ ... မိုင်း ... မိုင်းနော် ... နောက် ... နောက် ... နောက်မှာ"

မင်းမောင် ကြောက်လန့်တကြားဖြင့် မိုင်းနော်ကို [illegible] အော်သတိပေးလိုက်ရင်း အရိပ်မည်းကောင်ကြီးကိုပစ်ခတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်လိုက်သည့်တိုင် ကြားခုလတ်တွင်ရှိနေသည့် မိုင်းနော်က ပစ်ကွင်းမလွတ် ...။

ထိုအခိုက် မင်းမောင်သတိပေးစကားကြောင့် မိုင်းနော် ရုတ်တရက်နောက်သို့လှည့်ကြည့်လိုက်သည့်တွင် သူ့ဆီသို့ ခြေကားယား လက်ကားယားဖြင့် လျင်မြန်စွာတိုးဝင်လာသည့် အရိပ်မည်းကောင်ကြီးကို နီးကပ်စွာတွေ့မြင်လိုက်ရပါတော့သည်။

"ဟာ ... ဘာ ... ဘာကောင်ကြီးလဲဟ"

အန္တရာယ်ဟူသောအသိစိတ်ကြောင့် လက်ထဲမှဒူးလေးကြီးနှင့်အရိပ်မည်းကောင်ကြီးအား ပစ်ခတ်ရန်ချိန်ရွယ်လိုက်သည်တွင် ...

'ဂါး .. ဂရား'

အရိပ်မည်းတစ္ဆေကောင်ကြီးက ... မိုင်းနော် လက်ထဲမှ ဒူးလေးကိုဖျတ်ခနဲဆွဲယူလိုက်ပြီး ဂူနံရံနှင့်ရိုက်ချိုးဖျက်ဆီးပစ်လိုက်သည်။

'ဖျောင်း .. ဂျွမ်း .. ဂျွမ်း'

"ဟာ ... အား"

မြန်လိုက်သည့်ဖြစ်ခြင်း ...။ မျောက်ဝံအထီးကြီးသည် လက်နက်ကိုင်လူသားများထဲမှ လူသတ်လက်နက်ကို လွန်စွာမုန်းတီးနာကြည်းနေပုံရသည်။ ယခုလည်း မိုင်းနော်ကိုတွန်းထိုးဖြတ်ကျော်ကာ မင်းမောင်ထံမှသေနတ်ကိုပါ ဖျတ်ခနဲဆွဲယူရန်



တ်တံရှည်ကြီးကို ဝဲခနဲလှုပ်ယမ်းလိုက်သည်။ သို့သော် ... မောင်က ဖျတ်ခနဲနောက်သို့ဆုတ်ခွာလိုက်ရင်း ... သူ၏ က်ထဲမှသေနတ်နှင့်လက်တန်းထိုးပစ်ချလိုက်သည်။

'ဒိန်း'

သို့သော် ... မျောက်ဝံကြီး၏ လျင်မြန်လှသော ရိုက်တ်အောက်တွင် မင်းမောင်လက်ထဲမှသေနတ်က ဂူအပြင်သို့ င် လွင့်စဉ်ထွက်သွားပါ၏။ သည်တော့မှ အငြိုးတကြီးနှင့် ပ်ရက်စက်လှသော မျောက်ဝံကြီးက လက်နက်မဲ့သွားပြီဖြစ်ည့် လူသားနှစ်ယောက်အား စိတ်ကြိုက် သဲသဲမဲမဲတိုက်ခိုက်လတော့သည်။

'ဗိုး .. ဖျောင်း'

'ဖျောင်း .. ဝုန်း'

'ဂါး .. ဂရား'

မင်းမောင်နှင့် မိုင်းနော်တို့မှာ မျောက်ဝံကြီး၏ပြင်းထန်သော ရိုက်ချက်များအောက်မှလွတ်မြောက်စေရန် အသည်းသန်ရှောင်တိမ်းနေရပါ၏။ မိုင်းနော်က သူ၏ဓားမြှောင်တိုလေး မျောက်ဝံကြီးကိုခုခံတိုက်ခိုက်နေသည့်တိုင် အမွေးထူသော ျောက်ဝံကြီး၏ကိုယ်ခန္ဓာကိုထိရောက်မှုမရှိလှပါ။

"မိုင်းနော်ရေ ... ငါတို့ အခုလိုတိုက်ခိုက်ရင်း ရှောင်ခန် လည်းလွတ်မှာမဟုတ်ဘူး နောက်ပြီး ဂူထဲမှာက ကျဉ်းတယ်

www.burmeseclassic.com

www.burmeseclassic.com



. . . မလွှတ်လပ်ဘူး၊ ဒီတော့ . . . ငါတို့ အပြင်ကိုရောက်အောင် ဖောက်ထွက်မှဖြစ်မယ်၊ သတိထား . . . ငါ ထွက်ဆိုရင် . . . မြန်မြန်ထွက်''

ပြောပြောဆိုဆိုနှင့် မိုင်းနော်အား တိုက်ခိုက်ရန်ကြိုးစား နေသည့် မျောက်ဝံထီးကြီးကို မင်းမောင်လွှားခနဲခုန်၍ ကန် ကျောက်လိုက်သည်။

''ယား''

'ဘုန်း . . ဖျောင်း'

'ဂါး . . ဂရား'

ကျောကုန်းတွင်အထိနာသွားသည့် မျောက်ဝံကြီးမှာ မင်း မောင်ရှိရာသို့ သဲသဲမဲမဲပြေးဝင်လာသည်နှင့် . . .

''ထွက် . . . ထွက်တော့ မိုင်းနော်၊ အပြင်မှာ ငါ့သေ နတ်ရှိတယ် . . . မြန်မြန်ရှာ''

မင်းမောင်မှာ . . . မိုင်းနော်အား ဟစ်အော်ပြောဆိုလိုက် ရင်း သူ့ထံ ရိပ်ခနဲပြေးဝင်လာသည့် မျောက်ဝံကြီး၏လက်တံ ရှည်ရိုက်ချက်များအား ဘေးသို့လိမ့်ရှောင်ထွက်လိုက်သည်။ သို့ တိုင်အောင် မျောက်ဝံကြီး၏ရိုက်ချက်က ပခုံးစွန်းတွင်ရှပ်ထိ သွားသဖြင့် အသည်းခိုက်မျှနာကျင်သွားသည်။

အပြင်သို့ရောက်ရှိသွားသည့် မိုင်းနော်မှာ . . . သေနတ် ကို မရှာနိုင်သေး။ ဂူကြီးထဲတွင် ပိတ်မိနေသည့် သူငယ်ချင်း



င်းမောင်လွတ်မြောက်နိုင်ရေးအတွက် ထင်းရှူးစတစ်ချောင်းကို ရှိကာ ထို . . . မီးတုတ်ဖြင့် မျောက်ဝံကြီးကိုနောက်ဘက်မှ င်ရောက်တိုက်ခိုက်ပြန်သည်။

''ဟေး . . . ဟိုင်း''

'ဝိုး . . ဝိုး . . ဖုန်း'

အမွေးများကိုမီးလောင်သဖြင့် ထွက်လာသောညှော်နံ့ ားနှင့်အတူ မျောက်ဝံကြီးမှာ ဂူးဂူးဝါးဝါးနှင့်နောက်ဆုတ်သွား ည် ပခုံးဒဏ်ရာကိုလက်ဖြင့်ဖိကာ မင်းမောင်ကျောက်ဂူထဲမှ ပြေးထွက်လိုက်သည်။ ယခုတော့ သတ်ကွင်းကျယ်သည့် ကျောက် အပြင်သို့နှစ်ဦးစလုံးရောက်ရှိခဲ့ကြပြီမို့ ဒုတိယအကြိမ် သက်စွန့် ံဖျား မျောက်ဝံကြီးနှင့်တိုက်ပွဲဝင်ရန် အသင့်ပြင်လိုက်ကြပါ၏။

'ဂါး . . ဂရား'

မီးနှင့်တွေ့ထိလိုက်ရသဖြင့် မျောက်ဝံကြီးမှာဒေါသပိုမို ထွက်ရှိလာသည်ထင့် . . .။ နီရဲသောမျက်လုံးကြီးများနှင့် ပါးစပ် ကြီးကိုအစွမ်းကုန်ဖြဲကာ ရန်သူကိုအလွတ်မပေးလိုဟန်ဖြင့် မင်း မောင်တို့ထံသို့ တစ်လှမ်းချင်းတိုးဝင်လာခဲ့သည်။

''သတိထားဟေ့ . . . ဒီကောင်ကြီး တို့ကို အလွတ်ပေး မှာမဟုတ်တော့ဘူး၊ အဲဒီတော့ သူသေကိုယ်သေ တိုက်ခိုက်မှ ဖြစ်တော့မယ်၊ ငါ ရှေ့ကရင်ဆိုင်မယ် . . . မင်းက နောက်ကနေ တော်ပြီးဝင်တိုက်သွား''

www.burmeseclassic.com

www.burmeseclassic.com



ယခုတိုင် သေနတ်ကိုရှာချိန်မရသေးသဖြင့် တစ်ယောက်လျှင်မီးတုတ်နှစ်ချောင်းစီ တစ်ဖက်တစ်ချက်တွင် ဆုပ်ကိုင်ထားကြပါ၏။ တရှိန်ရှိန်တောက်လောင်နေသော ထင်းရှူးမီးတုတ်များကို ဝှေ့ယမ်းဆော့ကစားရင်း မင်းမောင် . . . မျောက်ဝံကြီးကိုစစ်မြှုနေပါ၏။

"လာလေ . . . လာစမ်းပါ . . . ဟင်း . . . ငါ့အစ်ကိုအတွက် မင်းကို လက်စားချေမသတ်ရမချင်း ငါမသေဘူး မျောက်ဝံကြီးရေ . . . ဟိုင်း"

ကမူးရှူးထိုးပြေးဝင်လာသော မျောက်ဝံကြီးအား လက်ထဲမှမီးတုတ်တစ်ချောင်းနှင့်ပစ်ပေါက်လိုက်ပြီး ကျန်မီးတုတ်တစ်ချောင်းနှင့် မျောက်ဝံကြီးကိုသဲသဲမဲမဲတိုက်ခိုက်ပါတော့သည်။

'ဂါး . . ဂရား'

'ဖျောင်း . . ဘုန်း'

"အင့် . . . အူး"

ဖွန်ဂန်တောင်ကြီးပေါ်မှ အသက်လုပွဲကြီးက ယခုမှတက်ညီလက်ညီတရကြမ်းတိုက်ခိုက်သတ်ပုတ်နေကြပါချေပြီ။ မင်းမောင်နှင့်မိုင်းနော်တို့နှစ်ယောက်မှာလည်း အချိန်ကြာလာသည်နှင့်အမျှ ဒဏ်ရာအသီးသီးနှင့် သွေးအလိမ်းလိမ်းရှိနေကြသကဲ့သို့ မျောက်ဝံကြီးမှာလည်း မီးစွဲလောင်သော ဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက်ရှိနေကြပါချေပြီတည်း။



'ဗိုး . . ဖျောင်း'

'ဘုန်း . . အား'

တစ်ကြိမ်တွင် မျောက်ဝံကြီးနှင့်တိုက်ခိုက်ရင်း မင်းမောင်တစ်ယောက် ချောက်ကမ်းပါးစွန်းတွင်ပိတ်မိနေစဉ် . . . မိုင်းနော်မှာလည်း မျောက်ဝံကြီး၏လက်ပြန်ရိုက်ချက်ကြောင့် ဝါးရုံပင်ခြေရင်းသို့ လွင့်စဉ်ကျသွားသည်။

ထိုအချိန်တွင် ချောက်ကမ်းပါးစွန်းတစ်နေရာတွင်တင်နေသည့် သူ၏တူမီးသေနတ်ကို မင်းမောင်တွေ့ရှိလိုက်ရသဖြင့် ချက်ခနဲဆွဲယူလိုက်သည်။

"ဟာ . . . ဘုရားမတာပဲ၊ ကိုင်း . . . လာခဲ့စမ်း မျောက်ဝံတုတ်ကြီးရေ၊ ဒီတစ်ခါတော့ မင်းရဲ့ဇာတ်သိမ်းခန်း ရောက်ပြီဟေ့"

သူ၏တူမီးသေနတ်ထဲတွင် တစ်တောင့်တည်းသာ ကျန်ရှိတော့သည့် ကျည်ဆန်နှင့်မျောက်ဝံထီးကြီး၏ဖိုဝိန်ကို ချေဖျက်ပစ်ရန် မင်းမောင် အသက်ကိုပြင်းပြင်းရှူထုတ်လိုက်သည်။ မောဓန်းလှုပ်ရှားနေသည့်စိတ်ကို တည်ငြိမ်အောင်ထိန်းသိမ်းလိုက်သည်။

ထိုစဉ်မှာပင် . . . မျောက်ဝံထီးကြီးက သူ၏ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးနှင့်မလိုက်ဖက်စွာ မင်းမောင်ထံလက်ကြီးနှစ်ဖက်ကိုမြှောက်ကာ ဒေါသတကြီးပြေးဝင်လာပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'ဂါး ..ဂရား'

မင်းမောင် ...တုန်လှုပ်နေသည့် စိတ်များကြားမှ မျောက်ဝံထီးကြီး၏ သေကွင်းနေရာသို့ တည့်မတ်စွာချိန်ရွယ်လျက် သေနတ်မောင်းခလုတ်ကိုဖြုတ်ချလိုက်ပါ၏။

'ဒိန်း'

'ဂါး ..ဂရား'

'ဂရား'

ပြင်းထန်အားကောင်းလှသော တူမီးသေနတ်ပစ်ချက်က မျောက်ဝံကြီး၏နှလုံးသားနေရာတည့်တည့်သို့ စူးနစ်ဝင်ရောက်သွားသည်မို့ သွေးများရဲခနဲဖြာထွက်သွားကာ မျောက်ဝံကြီး၏ခန္ဓာကိုယ်ကြီးဆတ်ခနဲတွန့်သွားပါ၏။ သို့တိုင်အောင် လူသားများအပေါ်တွင် အငြိုးအတေးကြီးမားလွန်းလှသည့် မျောက်ဝံကြီးမှာ ဝုန်းခနဲလဲပြိုကျမသွားဘဲ ...မင်းမောင်၏ ခန္ဓာကိုယ်ပေါ်သို့ လွှားခနဲခုန်အုပ်လိုက်သည်တွင် ...

"ဟာ ...မင်း ...မင်း ...မင်းမောင်"

'ဂါး ..ဂရား'

"အား ...အား"

ချောက်ကမ်းပါးစွန်းတွင် ရပ်နေသည့် မင်းမောင်မှာ သူ၏ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သော မျောက်ဝံကြီးကိုရှောင်တိမ်း



လိုက်သည်နှင့် ခြေချော်ကာ မျောက်ဝံကြီးနှင့်အတူ နက်ရှိုင်းလှသော ဖွန်ဂန်ချောက်ကမ်းပါးကြီးအတွင်းသို့ ပြုတ်ကျသွားပါလေတော့သည်။ တစ်ချိန်တည်းမှာပင် မင်းမောင်၊ မိုင်းနော်နှင့် မျောက်ဝံထီးကြီးတို့၏ ကြောက်လန့်တကြား ဟစ်အော်လိုက်ကြသည့် အော်ဟစ်သံကြီးများက ဖွန်ဂန်တောင်ကြောကြီးတွင် ပဲ့ဆင်ရိုက်ခတ်သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

## ◈ စစ်မီးလျှံများကြားမှ...ပျောက်ဆုံးသွားသောဘဝများ ◈

နေဝင်လုပြီ ...။

ဝင်လုဆဲနေလုံးနီနီကြီးက တိမ်ရောင်စုံတို့ကို အနား… ကွက်ဇာခြည်အလင်းတန်းများဖြင့် ခြယ်သလင်းလက်စေပြီး… လောကကို နှုတ်ဆက်လက်ပြစပြုနေပါ၏။ မှိုင်းညို့ညို့တောင်… စွယ်တောင်တန်းကြီးများနှင့် ကျောက်ကြမ်းလမ်းကြောဖုံဖုံလေး… က ဆည်းဆာနေခြည်အောက်ဝယ် ကောက်ကောက်ကွေ့ကွေ့နှင့်… ငြိမ်သက်စွာ ကျောခင်းလဲလျောင်းနေသည်သို့ ...။

မကြာမီ ထိုကောက်ကောက်ကွေ့ကွေ့ ကျောက်ကြမ်း… လမ်းပေါ်တွင် ဗြိတိသျှစစ်ကားကြီးငါးစီးနှင့် အစိမ်းပုပ်ရောင်… ဂျစ်ကားတစ်စီးတို့က ခရီးတစ်ခုကို အလျင်စလို မောင်းနှင်လျှက်…



ည်ကိုတွေ့မြင်လိုက်ရသည်။ စစ်ထရပ်ကားကြီး ငါးစီးပေါ် င်မှ ဗြိတိသျှစစ်သားများအပြည့်နီးပါးပါရှိကြပြီး အစိမ်းပုပ် င် ဝီလီဂျစ်ကားပေါ်မှာတော့ ကျီးလန့်စာစားမျက်နှာအပူ ကို အတတ်နိုင်ဆုံးဖုံးကွယ်ထားသည့် ဗြိတိသျှတပ်မ (၁၇) ပ်ခွဲမှူးကြီးကာနယ်ဝီလ်ဆင်နှင့်သမီးဖြစ်သူ ဟယ်လင်တို့ ဖြစ်ကြပါ၏။

ကုလားဆာဒူးအဘိုးကြီး 'ဗိသျှကုမာရ' ၏ဟောပြော ကို ဒွိဟသံသယများရှိနေချိန်တွင် ထိုညတွင်ပင်ရောက်ရှိ ကြသည့် ဗြိတိသျှဆုတ်ခွာစစ်ကြောင်းတစ်ခုမှ ကြားလိုက်ရ ာ သတင်းထူးကြောင့် ကာနယ်ဝီလ်ဆင်တစ်ယောက် ကြီး တုန်လှုပ်ချောက်ချားသွားပါသည်။

"အိုး ... ဂေါ့ ... ဘုရားသခင် ... တပ်မှူးကြီး မက် နယ် တိုက်ပွဲမှာကျဆုံးသွားပြီ ... ဟုတ်လား ... ဘယ် ဘယ်လို ဖြစ် ... ဖြစ်တာလဲ"

"တံတားပေါ်မှာ ဖြတ်ကူးနေတုန်း ကောင်းကင်ကနေ တ်တရက်လေယာဉ်ပျံတွေရောက်လာကြပြီး ဗုံးကြဲတိုက်ခိုက် ာကိုခံလိုက်ရတာပါ ဗိုလ်မှူး။ တပ်ရင်းမှူးရဲ့ဂျစ်ကားဆိုရင် န်တော့်ရှေ့မှာတင် တိုက်ရိုက်ကြီး ဗုံးဆန်ထိမှန်လို့ တစ်စစီ ပြီး မီးဟုန်းဟုန်းတောက်လောင်သွားတာပါခင်ဗျာ ... ဒီ န်လေကြောင်းတိုက်ပွဲမှာ သုံးယုံနှစ်ပုံလောက် ကျဆုံးခဲ့ရပါတယ်

www.burmeseclassic.com

ဗိုလ်မှူး''

အနယ်နယ်အရပ်ရပ်မှကြားရသည့် စစ်ရေးသတင်း
က လုံးဝအနှုတ်လက္ခဏာပြလျက်ရှိနေပါ၏။ မိမိတို့၏ရည်
ချက်ဖြစ်သော အင်ဖာသို့ အန္တရာယ်ကင်းစွာနှင့်ရောက်ရှိနိုင်
ဆိုသည်မှာ ...ဆယ်ရေးတစ်ရေးမျှပင် မသေချာနိုင်ပါ
လော။ ယခုအတိုင်းသာဆိုလျှင် မိမိတို့စစ်ကြောင်းပင် မ
တော့ပါ။ ဤ ...နမ့်ဟူရွာတွင် သူတို့ဗြိတိသျှစစ်ကြောင်း
တစ်ကြောင်း တိတ်ဆိတ်ခိုလှုံနေကြကြောင်းကိုသာ ဂျပန်
များနှင့် တော်လှန်ရေးအင်အားစုတို့ သိရှိသွားကြမည်ဆိုပါလျှ

ကာနယ်ဝီလ်ဆင်ရှေ့ဆက်၍ မတွေးရဲပါလေ
နောက်တစ်နေ့ မိုးလင်းလျှင် ကင်းချင်းပင်ရွားစည်းရိုးပတ်
လည်တွင် လုံခြုံရေးကင်းများကိုချကာ စစ်ဗိုလ်၊ မေဂျာတို့
ခေါ်ယူစည်းဝေးကာ ဆုတ်ခွာရေးလမ်းကြောင်းကို အမြန်ဆုံး
ချယ်ကြပါလေ၏။ နောက်ဆုံး နမ့်ဟူရွာမှ ညနေ နေဝင်ရီ
ရောအချိန်ခန့်တွင် စတင်ဆုတ်ခွာကြရန် စနစ်တကျစီစဉ်
တော့သည်။ ဤသို့ဖြင့် ဗြိတိသျှစစ်ထရပ်ကားငါးစီး နော
ထပ်ရောက်လာသည့် ဗြိတိသျှခြေလျင်စစ်သားများနှင့် ကာ န
ဝီလ်ဆင်ကိုယ်တိုင်ဦးစီး၍ စစ်ဗျူဟာမြောက်ဆုတ်ခွာလာခဲ့ကြ
ဖြစ်ပါသည်။

စင်စစ် ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်တို့ သွားအဖသည်



အင်ဖာစစ်မြေပြင်မှတစ်ဆင့် အိန္ဒိယသို့ ဆုတ်ခွာထွက်ပြေးကြရန်
ကြိုတင်၍စီစဉ်ပြီးဖြစ်ပါ၏။ လေကိုခွင်း၍မောင်းနှင်နေရသဖြင့်
ဟယ်လင်၏ရွှေရောင်ဆံပင်ရှည်များက တဖျပ်ဖျပ်နှင့်လွင့်ပါ
နေသည်မို့ လက်နှစ်ဖက်နှင့်အသာအယာစုစည်းသိမ်းဆည်းလိုက်
သည်။ ပြီးမှ အနီးတွင်လိုက်ပါလာသည့် ဖခင်ကြီး၏မျက်နှာကို
အားကိုးတကြီးမော့ကြည့်လိုက်ရင်း ...။

"ဒယ်ဒီရယ် ...သမီးကြောက်လိုက်တာ ...ရင်တွေ
တောင်ခုန်နေတာပဲ၊ ဒီအတိုင်းသာဆိုရင် သမီးတို့ရည်မှန်းထားတဲ့
အင်ဖာစစ်မြေပြင်အထိ ဘေးကင်းရန်ကင်းနဲ့ရောက်နိုင်ပါ့မလား
ဒယ်ဒီရယ်''

ဂျစ်ကားက တစ်ချက်ဆောင့်လိုက်သဖြင့် ကာနယ်ဝီလ်
ဆင်မှာ ...ဘော်ဒီကိုင်းကို ထိန်းကိုင်လိုက်ရင်း အစိုးရိမ်မျက်
နှာဖြင့်မေးမြန်းနေသည့် သမီးငယ်ဟယ်လင်၏ မျက်နှာဖျော့ဖျော့
လေးကို ကြင်နာစွာကြည့်လိုက်ပါ၏။ အဖေတစ်ခု သမီးတစ်ခု
ဘဝနှင့် ဖခင်ကြီးတာဝန်ထမ်းဆောင်ရာ မြန်မာပြည်စစ်မြေပြင်
အထိ သံယောဇဉ်ကြီးစွာဖက်တွယ်လိုက်ပါခဲ့ရှာသည့် သမီးငယ်
၏အမေးစကားက ဖခင်စစ်ဗိုလ်ရင့်မကြီးတစ်ယောက်၏ရင်ကို
နင့်ခနဲဖြစ်သွားစေခဲ့သည်လေလား။

သမီးငယ်၏ဦးခေါင်းလေးအား အသာပွတ်သပ်ပေးကာပြီး
သူ၏ပခုံးထက်တွင် မှေးမှီလိုက်စေသည်။ ပြီးမှ သက်ပြင်းတစ်ခု

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကို သမီးငယ်လေးမရိပ်စားမိအောင် အသာအယာမှုတ်ထုတ် လိုက်ရင်း ရင်ထဲတွင်ပင်အသံမဲ့ပြောဆိုလိုက်ပါ၏။

"ဟင်း ... သမီးရယ် ... တစ်ယောက်နဲ့တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် အကြိတ်အနယ် လေကြောင်းရော, ကြည်းကြောင်းပါ သဲသဲမဲမဲဗုံးကြဲတိုက်ခိုက်သတ်ဖြတ်နေကြတဲ့ အနိဋ္ဌာရုံစစ်မီးတောက်ကြီးကြားမှာ သမီးမေးခွန်းကို ဒယ်ဒီဘယ်လိုဖြေရမလဲကွယ်"

သို့သော် ... သမီးလေးစိတ်အနှောင့်အယှက်ဖြစ်မသွားအောင်တော့ သူ ... ဖြေသိမ့်စကားပြောဆိုရမည်။ သူနှင့်သမီးငယ်လေးတို့၏ မရေရာသောအနာဂတ်ခရီးကို အချစ်ဆုံးသမီးငယ်လေး လုံးဝမသိစေရ ... ဟူသော ဖခင်တစ်ယောက်၏ ဆန္ဒအသိဖြင့် အပြုံးတုနှင့် ဖြေကြားလိုက်ပါလေ၏။

"သြော် ... စိတ်ပူတတ်ရန်ကောသမီးရယ် ... အင်ဖာကိုရောက်လုနီးပါပြီ ... ဒီနေရာ ဒီနယ်မြေအထိတော့ ဂျပန်တွေလိုက်လာနိုင်တော့မှာ မဟုတ်ပါဘူးကွယ်၊ အင်ဖာမှာ သမီးလေးရဲ့ အန်ကယ်သောမတ်စ်တောင် ရောက်နေလောက်ပြီပေါ့ အင်ဖာကို သမီးရောက်တာနဲ့ အင်္ဂလန်ကိုလေယာဉ်နဲ့တန်းပြန်ဖို့ သောမတ်စ်က အားလုံးစီစဉ်ပြီးပြီပေါ့ ... ဟင်း ဟင်း"

ဖခင်ကြီး၏ ရွှေရင်အေးစကားက ... ဟယ်လင်၏ပူလောင်နေသည့်ရင်ကိုတဒင်္ဂမျှသာ အေးမြသွားစေပါ၏။ အ



ကြောင်းမှာ ကောင်းကင်ယံထက်ရှိ တိမ်ရောင်စုံများကြားမှ ရုတ်ရက်ထွက်ပေါ်လာသော လေယာဉ်ပျံသံများကြောင့် ဗြိတိသျှကြောင်းကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

'ဝေါ .. ဝေါ .. ဝေါ .. ဝေါ'

လေယာဉ်ပျံငါးစင်း၏ပျံသန်းမှုက ကြောက်ခမန်းလိလိ၊ တဝေါဝေါနှင့်ဆူညံသောအသံကြီးများဖြင့် ထန်းတစ်ဖျားခန့်ထိနိမ့်ဆင်းချလာပြီး ကွင်းပြင်ထီးထီးတွင်ဖြတ်သန်းမောင်းနှင်ကြသည့် ဗြိတိသျှစစ်ထရပ်ကားကြီးများဆီသို့ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ကြပါလေတော့သည်။

'ဒက် .. ဒက် .. ဒက် .. ဒက် .. ဒက်'

'ဝုန်း .. ကျိမ်း .. ကျိမ်း .. ဝုန်း'

ရုတ်တရက် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများသယ်ပေါ်ပေါက်လာကြသော ဂျပန်လေယာဉ်များပေါ်မှ ကြဲချလိုက်သော ဗုံးများ၏ပေါက်ကွဲသံများနှင့် စက်သေနတ်သံတို့ကြောင့်ဟူရွာကလေးပင် သိမ့်သိမ့်တုန်သွားပါ၏။ ဝေဟင်နှင့်မြေပြင်၏ ပဋိပက္ခတိုက်ပွဲကား အနိဋ္ဌာရုံနိဒါန်းဖြင့်စတင်ဖွင့်လှစ်ခဲ့ပါတော့သည်။ ဂျပန်တိုက်လေယာဉ်များ၏အစွမ်းပြချက်အောက်တွင် ကံဆိုးမိုးမှောင်ကျကာ အကာအကွယ်မဲ့သော ကွင်းပြင်ထီးထီးတွင်ရောက်ရှိနေကြသော ဗြိတိသျှစစ်သားများမှာ ကြီးစွာသော အထိနာခဲ့ပါချေပြီတည်း။ နေရာမှာ ... ဟူရွာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကညင်ချောင်ရွာအကြားရှိ လယ်ကွင်းပြင်ကြီးထဲတွင် ရောက်ရှိနေကြသည်မို့ ပုန်းခိုစရာ ဗလာနတ္ထိ . . . စစ်ကားကြီးများ တစ်စီးပြီးတစ်စီး ပေါက်ကွဲလွင့်စဉ်သွားကြသည်။

'ဝုန်း . . ဂျိမ်း . . ဂျိမ်း . . ဝုန်း'

မီးလောင်နေသော ကားကြီးများထဲမှ ထွက်ပြေးလာကြသော ဗြိတိသျှစစ်သားများမှာ . . . လေယာဉ်ထက်မှပစ်ခတ်လိုက်သော စက်သေနတ်ကျည်ဆန်များအောက်တွင် တဖိုင်းဖိုင်းနှင့် ပြိုလဲသွားကြရသည်။ စစ်ပွဲဖြစ်ပွားနေသည့် လယ်ကွင်းကြီးများထဲတွင် တဂျိမ်းဂျိမ်း တဝုန်းဝုန်းနှင့်မြည်ဟည်းကာ ကမ္ဘာပျက်နေသကဲ့သို့ရှိနေပါချေပြီ။ လယ်ကွင်းကြီးတစ်ခုလုံး တဝုန်းဝုန်းလောင်ကျွမ်းနေသည့် မီးတောက်မီးလျှံများကြောင့် မီးပင်လယ်သဖွယ်ဖြစ်နေပါတော့သည်။

'ဝုန်း . . ဂျိမ်း . . ဒိန်း . . ဝုန်း'

'ဒက် . . ဒက် . . ဒက် . . ဒက်'

စစ်မြေပြင်တစ်ခုလုံး ငရဲပွက်သကဲ့သို့ ဆူညံစွာမြည်ဟည်းထွက်ပေါ်လာပြီး မီးတောက်မီးလျှံများနှင့် မီးခိုးလုံးများက တလိပ်လိပ်နှင့် မည်းမှောင်ပိတ်ဖုံးလာကြသည်။ ထိုစဉ်မှာပင် မေဂျာစမစ်စီးနင်းလိုက်ပါလာသည့် ဗြိတိသျှစစ်ကားကြီးမှာ ဗုံးဆန်ရှပ်ထိသွားသဖြင့် တစ်ဖက်သို့ တိမ်းစောင်းကျသွားပါလေ၏။

'ဝုန်း . . ဂျိမ်း'



"ဟေး . . . ဆင်း . . . ဆင်းကြစမ်း . . . မြန်မြန်ဆင်းကြရင် . . . အားလုံးသေကုန်ကြလိမ့်မယ်"

အကာအကွယ်မဲ့နေသော လမ်းပေါ်တွင် ဗြိတိသျှစစ်သားများမှာ ရုတ်ရုတ်သဲသဲနှင့် ခြေဦးတည့်ရာသို့ ဝရုန်းသုန်းကားထွက်ပြေးကြသည်။ ထိုအချိန်တွင် ကာနယ်ဝီလ်ဆင်စီးနင်းလိုက်ပါလာသည့် ဂျစ်ကားမှာ ဝုန်းခနဲပေါက်ကွဲသံကြီးအောက်တွင် တစ်ဖက်သို့ တိမ်းစောင်းလဲကျသွားပါလေ၏။

'ဝုန်း . . ဒိန်း . . ဂျိမ်း'

"အား . . . အ"

ကာနယ်ဝီလ်ဆင်၏ သွေးချင်းချင်းနီလျက်ရှိသော ခန္ဓာကိုယ်ကြီးက သမီးဖြစ်သူဟယ်လင်၏ရင်ခွင်ထဲသို့ ပြိုလဲကျလာသည်ကို ပြူးကြောင်တွေဝေစွာဖြင့် ငေးကြည့်နေမိသည်။

"ဟာ . . . ဒယ် . . . ဒယ်ဒီ . . . ဒယ်ဒီ"

ဖျတ်ခနဲ အသိစိတ်ဝင်လာသည့် ဟယ်လင်မှာ . . . သူ့ရင်ခွင်ထဲတွင် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် ဖခင်ကြီး၏အလောင်းကိုကြည့်ကာ ကြောက်လန့်တကြားပင် ဟစ်အော်ငိုကြွေးလိုက်သည်။

"ဒယ်ဒီ . . . ဒယ်ဒီ . . . ဒယ်ဒီ"

'ဝုန်း . . ဂျိမ်း'

အသိတရားဟူသမျှ လွင့်စဉ်ပျောက်ကွယ်သွားပြီး နက်

www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းမည်းမှောင်သော အမှောင်ကမ္ဘာကြီးအတွင်းသို့ ဦးစိုက်ကျွမ်း ပြန်ထိုးကျသွားပါလေတော့သတည်း။

* * *

## အခန်း(၁၀)

### ဖွန်ဂန်တောင်မှ...စောင့်ကြိုနေသူတစ်ယောက်

မြောက်ပြန်လေတစ်ချက် ဝှေ့ယမ်းသွားသည်နှင့် တောင် တင်း၊ တောင်ခါးပန်းတို့တွင် တင်ကျန်နေသည့် နှင်းဖတ်၊ င်းခဲများက ရွှေ့ရွှေ့လျားလျားဖြစ်သွားကြပြန်ပါ၏။ ဖွန်ဂန် တောင်ခါးပြတ်ရှိ ဆတ်သေချောင်းတစ်ဝိုက်မှာတော့ နှင်းရည်များ ခွန်လျက် တိတ်ဆိတ်ငြိမ်သက်စွာရှိနေပါသည်။ နှင်းဖုံးတောင် ခန်းဖြစ်သဖြင့် အေးစရာရှိလျှင် သွေးခဲလုမတတ် ရက်ရက်စက် တ်အေးလှပါ၏။ ဤကဲ့သို့သော ဆောင်းရာသီကာလမျိုးတွင် နှန်ဂန်တောင်တစ်ဝိုက်မှာတော့ မိုးစက်ကျသံတဖျောက်ဖျောက် ခဲ့ကာသာ ကြီးစိုးမင်းမူလျက်ရှိသည်။

ဆတ်သေချောင်းအနီးတွင် မည်မျှကြာကြာ သတိလစ်

www.burmeseclassic.com

www.burmeseclassic.com



မေ့မြောနေသည်မသိ။ မြောက်ပြန်လေသရမ်းကြောင့် အေးခဲသော နှင်းခဲ၊ နှင်းဖတ်များက မျက်နှာပြင်သို့လာရောက်ထိခတ်ကြသဖြင့် မင်းမောင်တစ်ယောက် သတိရလာခဲ့သည်။ သို့တိုင်အောင် မျက်လုံးနှစ်လုံးသာဖွင့်နိုင်ပြီး ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှား၍မရလောက်အောင် ထုံကျင်ကိုက်ခဲကာ တောင့်တင်းနေပါ၏။ ဤပုံစံအတိုင်းသာ နောက်ထပ်နာရီအတော်ကြာကြာ သတိလစ်မေ့မြောနေခဲ့မည်ဆိုပါလျှင် မင်းမောင်၏အသက်အန္တရာယ်ကိုပင် ထိခိုက်လာနိုင်မည်မှာ မလွဲကေန်ပင်တည်း ...။

"အီး ...အင်း ...ကျွတ် ...ကျွတ် ...ကျွတ်"

ပထမဦးစွာ လက်ချောင်းလေးများကို လှုပ်ရှား၍ ကြည့်သည်။ ထို့မှတစ်ဆင့် လက်မောင်း၊ လက်ရုံးတို့ကို အားပြုကာ ကုန်းရုန်း၍ထကြည့်သည်။ ခါးဆီမှတစစ်စစ်နှင့် ကိုက်ခဲနာကျင်လာသည်။ အားတင်း၍ဖွတ်တိုးကာ ထထိုင်လိုက်ပြီး ခန္ဓာကိုယ်ကို အနည်းငယ်မျှလှုပ်ယမ်းကြည့်လိုက်သည်တွင် စောစောကလောက်နာကျင်ကိုက်ခဲမှုတို့မရှိကြတော့ ...။

"အား ...ငါ မျောက်ဝံဘီလူးကြီးနဲ့တိုက်ခိုက်ရင်း တောင်ပေါ်က ပြုတ်ကျလာခဲ့တာပဲ၊ ဒါ ...ဒါ ...ဒါဆိုရင် ဟို ...ဟို ...မျောက် ...မျောက်ဝံကြီးရော ...ဘယ်ရောက်သွားပြီလဲ"

အနီးရှိကျောက်စွန်းကို အားပြုလျက် မင်းမောင်ရပ်လိုက်



ည်။ သူပြုတ်ကျခဲ့ရာ ဆတ်သေချောင်းဝန်းကျင်တစ်ဝိုက်တွင် ်စိကာစားကြည့်မိသည်။ တွေ့ပါပြီ ...။ ချောင်းစပ်တွင် ယ်တစ်ပိုင်းကျကာ သေဆုံးနေပြီဖြစ်သည့် ဘီလူးကောင်ကြီး ယုတ် ...ကြီးမားလှသော မျောက်ဝံကြီးကို တောင်ပူစာ ်ခုနှယ် တွေ့မြင်လိုက်ရပါ၏။

မင်းမောင် ...မျောက်ဝံကြီးအနီးသို့ တိုးကပ်ရင်း သေ ွာကြည့်ရှုစစ်ဆေးလိုက်သည်။ ခေါင်းပိုင်းမှအနီနှင့်အဖြူ မွေးရှည်ကြီးများသည် ပါးပြင်နှင့်နောက်ပိုင်းဆီသို့ ဖားလျား လျက် ...မို့မောက်သောနဖူးပြင်အောက်မှ မျက်နှာပြင်နှင့် ိုက်အောင်အတန်ငယ်ကျဉ်း၍ သေးငယ်သောမျက်လုံးနှစ်လုံး ာက်၍တိုနေသော နှာခေါင်းအောက်မှရှေ့ပိုင်းသို့ကား၍စူထွက် သော ပါးစပ်ကြီး၊ တုတ်ခိုင်ရှည်လျားသော လက်တံရှည်ကြီး ခပ်ကုန်းကုန်းလည်ပင်းနှင့် ပခုံးကျယ်ကြီးနှစ်ဖက်စု၍ ဖောင်း နေသောဝမ်းဗိုက်ကြီး ...ခန္ဓာကိုယ်အထက်ပိုင်း ကိုယ်လုံးနှင့် ိုက်ဖက်အောင် တိုတောင်း၍သေးငယ်ပုံရသော အောက်ပိုင်း နှစ်ချောင်း ...စသည့်တစ်ကိုယ်လုံး၌ ကြမ်းတမ်းသော အနီ ောင်အမွေးရှည်ကြီးများ ဖုံးလွှမ်းလျက်ရှိပါ၏။

ပြဲဟနေသော ပါးစပ်ကြီးအတွင်းမှ ချွန်ထက်နေသောအ ယ်တိုလေးချောင်းနှင့်နီရဲနေသည့် လျှာနီကြီးကအပြင်သို့ထွက် ျနေသကဲ့သို့ နီကြွင်ကြွင်မျက်လုံးကြီးနှစ်လုံးက ာယာတ

www.burmeseclassic.com

www.burmeseclassic.com



အညှိုးမပြေနိုင်သော ရင်တွင်းမှရန်ငြိုးများကိုဖော်ညွှန်းပြနေ သည့်နှယ်ပါတည်း ...။

မင်းမောင် သေချာစွာကြည့်လိုက်မှ လက်မောင်းတွင် သေနတ်ကျည်ဆန်ထိမှန်ထားသည့် ဒဏ်ရာဟောင်းတစ်ခုကို တွေ့လိုက်ရသည်။ လောလောလတ်လတ် သူကိုယ်တိုင်တေ့တေ့ ဆိုင်ဆိုင်ပစ်ခတ်လိုက်သောကျည်ဆန်ကမူ ... မျောက်ဝံကြီး၏ ရင်အုံသေကွင်းတည့်တည့်ကို ထိမှန်သွားပြီး နောက်ကျောသို့တိုင် ပွင့်ထွက်သွားခဲ့ခြင်းဖြစ်သည်။

"ဩော် ... ဒါကြောင့် ဒီကောင်ကြီးက လက်နက်တွေ ဒူးလေးတွေကိုရိုက်ချိုးပြီး လူတွေကို သဲသဲမဲမဲလိုက်ပြီး ရက်ရက် စက်စက်သတ်ဖြတ်နေတာတာကိုး ... အင်း ... မိုင်းနော်ပြော သလို ဒဏ်ရာရသွားတဲ့ ကျားနာတစ်ကောင်လိုဖြစ်သွားလို့ရယ်, သူ့ရဲ့အဖော်မျောက်ဝံမကြီးကိုပစ်သတ်သွားလို့ရယ် ... ဒီ စိတ် ဒဏ်ရာအငြိုးတွေနဲ့ လူသားတွေကိုအာဃာတအငြိုးအတေးကြီး ကြီးနဲ့ သတ်ဖြတ်ချေဖျက်နေတော့တာပါပဲလား"

တစ်ဆက်တည်းမှာပင် ကျားအော်ကွေ့သစ်ထုတ်လုပ် ရေးစခန်းမှ သစ်တောခေါင်းဦးထန်ဖူးနှင့်တွေ့ဆုံခဲ့စဉ်က ပြော စကားများကို အမှတ်ရလာခဲ့မိပါတော့သည်။

"ဒီမှာ မင်းမောင် ... မြန်မာပြည်မှာ အဲဒီလောက်ကြီး တဲ့မျောက်ကြီးတွေ ရှိတယ်ဆိုတာကို အစက ငါလက်မခံခဲ့ဘူးကွ၊



ကောင်တွေ ခေါင်ရည်မူးမူးနဲ့ပဲပြောကြတယ်လို့ ထင်မိတာ၊ ...သူငယ်ချင်းပင်စင်စား တောအုပ်ကြီးတစ်ယောက်ကလည်း ပြောခဲ့ဖူးတယ် ... နှင်းဖုံးနေတဲ့ ဖွန်ဂန်တောင်ကြောတောင်တန်း ကြီးတွေပေါ်မှာ လူထက်နှစ်ကိုယ်စာလောက်ကြီးတဲ့ မျောက်ကြီး တွေကို တွေ့ခဲ့ဖူးတယ်တဲ့လေ၊ နောက်တစ်ခါ ... သစ်ခုတ်နေတဲ့ အလုပ်သမားတွေကလည်း ဖွန်ဂန်တောင်စောင်းမှာ လူ့ထက်ကြီး တဲ့ မျောက်ကြီးနှစ်ကောင်ကို တွေ့ခဲ့ကြလို့ ထွက်တောင်ပြေးခဲ့ ကြတယ်လို့ပြောကြတယ်ကွ ...၊

အင်း ... ငါ့အထင်ပြောရရင် (The Ape World) လို့ ခေါ်တဲ့ စာအုပ်နဲ့ (Asian Wild Animal) စာအုပ်ထဲမှာ ငါလေ့ လာဖတ်ရှုရသလောက်ဆိုရင် ကမ္ဘာပေါ်မှာ လူဝံသုံးမျိုးရှိတယ်တဲ့၊ ပထမအကြီးစားလူဝံမျိုးကတော့ အာဖရိကတိုက်, ဘယ်လ်ဂျီယံ, ...ကွန်ဂိုနယ်မှာရှိတဲ့ (Gorila) လူဝံမျိုး, နောက် ဒုတိယလူဝံမျိုးက ...တော့ အာရှတိုက်, မလေးနိုင်ငံ ဂျာဘား, ဘော်နီယိုနဲ့ ယိုးဒယား ...နဲ့မာပြည်စတဲ့ နိုင်ငံတွေနေထိုင်တတ်တဲ့ (Oran Outang)အုရင့် ...တန်လို့ မလေးစကားနဲ့ခေါ်တဲ့ လူဝံမျိုး၊ အင်း ... မြန်မာလို ...တော့ ... 'တောလူ' လို့ခေါ်တဲ့ အာရှလူဝံကြီးမျိုးနဲ့ တတိယ ...လူဝံမျိုးကတော့ (Chim Panzee) ချန်ပင်ဇီလို့ခေါ်တဲ့ ... ဟို ...မှာ ... တာဇံဇာတ်ကားတွေမှာ ပါလေ့ရှိတဲ့ လူဝံအငယ်စား ...လေးတွေလို့ ဖတ်ခဲ့မှတ်ခဲ့ရတယ် မင်းမောင် ...၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ ငါတို့မြန်မာပြည်မှာရှိတဲ့ 'အူရင့်အူတန်' လို့ခေါ်တဲ့ 'တောလူ'အမည်ခံ လူဝံကြီးတွေဟာ အားခွန်ဗလ ကြီးမားသလောက် လူတွေနီးနီး အသိဉာဏ်ရှိကြတယ်၊ နောက် ပြီး ... သူတို့ဟာ ငါတို့လူသားတွေလိုပဲ တစ်ကောင်နဲ့တစ်ကော သွေးသားရင်းချာတွေလို သံယောဇဉ်ကြီးကြတယ်၊ သူတို့မျိုးနွယ် တောလူတစ်ကောင်ကိုသာ သတ်ဖြတ်မိလိုက်ရင် အဲဒီသူနောက် ကို အငြိုးတကြီးနဲ့ သဲသဲမဲမဲလိုက်ပြီး လက်စားချေသတ်ဖြတ် လေ့ရှိကြတယ်တဲ့ ...လေ"

ဦးထန်ဘူး၏ပြောပြချက်များအရဆိုလျှင် ယခု သေဆုံး နေပြီဖြစ်သော မျောက်ဝံကြီးသည် ... အငြိုးကြီးရက်စက်လှ သော 'အူရင့်အူတန်' ခေါ် 'တောလူ'အမျိုးအနွယ်စုဝင်တစ် ကောင် ဖြစ်ပေလိမ့်မည်။ လူသားတစ်ယောက်ကဲ့သို့ သံယော ကြီးလှသော မျောက်ဝံကြီးကိုကြည့်ကာ ... သူ၏အစ်ကိုအတွက် ပြန်လည်လက်စားချေသတ်ဖြတ်ခဲ့ခြင်းသည် မှားယွင်းသော လက် စားချေမှုလေလားဟု ဒွိဟသံသယများပင် ဝင်လာမိသည်။

"ဟုတ်တာပေါ့ ကောင်လေးရယ် ... ဒီအဖြစ်သန မှာ သင်တို့လူသားတွေရဲ့ မဆင်ခြင်မှုက နံပါတ်တစ် တရား ပဲကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ မျောက်ဝံကြီးတွေက သင်တို့လ လူသားမျိုးနွယ်မဟုတ်ကြဘဲ ရိုင်းစိုင်းတဲ့ တောရိုင်းတိရစ္ဆာ တွေဖြစ်နေကြလို့ပဲလေ"



ရုတ်တရက် မင်းမောင်မှာ သူ၏နောက်ဘက်မှထွက် ပေါ်လာသော စကားသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ချောင်းစပ်နှင့်မလှမ်းမကမ်းရှိ သစ်မြစ်များယှက်ဖြာဆင်းနေသည့် တောစိုးပင်ကြီးအောက်တွင် တင်ပျဉ်ခွေလျက်ငြိမ်သက်စွာ ထိုင် နေသော ဆာဒူးအဘိုးကြီးတစ်ယောက်ကို ခပ်ဝါးဝါးမြင်တွေ့ လိုက်ရသည်။

"ဟင် ...ဆာ ...ဆာဒူးကြီးတစ်ယောက်ပါလား၊ ဘယ် ...ဘယ်အချိန်ကတည်းက ဒီ ...ဒီနေရာမှာ ရောက်နေ တာပါလိမ့်"

မင်းမောင်မှာ တောစိုးပင်ကြီးအောက်မှ ဆာဒူးကြီးရှိ ရာသို့ လျှောက်လှမ်းလာခဲ့သည်။ ဦးခေါင်းထက်တွင် ရှုပ်ထွေး မွှေလိမ်ကောက်နေသော ဆံပင်ရှည်ကြီးများ၊ ကိုယ်ခန္ဓာတွင် တိုယ်ရုံအင်္ကျီမပါ ...သေးငယ်သော နံငယ်ပိုင်းစလေးတစ်ခု သာ အရှက်အကြောက်လုံရုံမျှဝတ်ဆင်ထားပြီး သက်မဲ့အရုပ် တစ်ခုကဲ့သို့ မလှုပ်မယှက်ထိုင်နေရင်းမှ စကားပြောနေခြင်းဖြစ် သည်။

"ဟာ"

အနီးသို့ရောက်သည်နှင့် ဆာဒူးကြီး၏မျက်နှာကို မြင် တွေ့လိုက်ရချိန်တွင် ...မင်းမောင်တစ်ယောက် ဟာခနဲဖြစ်ကာ ထိတ်လန့်အံ့ဩသွားပါလေ၏။ ဟုတ်သည် ...မကြာမြင့်မီ ရက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းအတွင်းက မြင်မက်ခဲ့သော အိပ်မက်ထဲမှ ဆာဒူးအဘိုးကြီး ဖြစ်နေခြင်းကြောင့်ပင်တည်း . . .။

"ဘယ်လိုလဲ ကောင်လေး . . . သိပ်ပြီးအံ့ဩသွားသလား၊ အင်း . . . ဒီနေ့ ဒီအချိန် ဒီနေရာကို သင်ရောက်လာမယ် ဆိုတာ သိလို့ ကျွန်ုပ်ကြိုတင်ပြီးထိုင်စောင့်နေတာပဲ မင်းမောင်"

မင်းမောင်ခမျာ ဒုတိယအကြိမ်မြောက် အံ့အားသင့်သွားရပြန်ပါ၏။ သူ . . . ဤနေရာသို့ရောက်လာမည်ကို ဆာဒူးကြီးက ဘာကြောင့် ကြိုတင်၍သိနေရပါသနည်း။ တစ်ဖန် . . . သူ၏နာမည်ကိုပါ တိကျမှန်ကန်စွာခေါ်ငင်လိုက်သည့် ဆာဒူးကြီးအား အံ့ဩထိတ်လန့်စွာဖြင့် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိပါသည်ကော . . .။

"အရင်ဦးဆုံး . . . ဟိုး . . . ဖွန်ဂန်တောင်ကြီးပေါ်ကနေ သွေးသံရဲရဲနဲ့ မျောက်ဝံကြီးတစ်ကောင် ဘုန်းခနဲ ပြုတ်ကျလာတယ်၊ ပြီးမှ . . . သစ်ပင်သစ်ကိုင်းတွေကတစ်ဆင့် သင့်ခန္ဓာကိုယ်ကြီး တဝေါဝေါနဲ့ပြုတ်ကျလာပြန်တယ်၊ တစ်နာရီကျော်လောက်ကြာတော့ သင် သတိရလာခဲ့ပြီး လဲကျနေရာကနေထလာခဲ့တယ် မဟုတ်လား . . .၊

အမှန်တော့ . . . ဒီအဖြစ်အပျက်မှန်ဟာ သင်တို့လို လူသားတစ်ယောက်ရဲ့ မဆင်ခြင်နိုင်မှုက နိဒါန်းစခဲ့တာပဲ၊ လွန်ခဲ့တဲ့နှစ်လလောက်က အသင်တို့လို မုဆိုးသုံးယောက် ဖွန်ဂန်တောင်



ကြီးပေါ်ကိုရောက်လာကြတယ်၊ အဲဒီမှာ မျောက်ဝံလင်မယားရဲ့ 'ကေပုတ္တ' တစ်ဦးတည်းသောသားကို မုဆိုးသုံးယောက် ဝိုင်းပြီး ပစ်ခတ်ကြလို့ သေဆုံးခဲ့ရတယ်၊ အင်း . . . ပြဿနာမီးပွားက အဲဒီကစခဲ့တော့တာပဲ ကောင်လေးရေ၊ လူနဲ့ တိရစ္ဆာန် မခြားတမ်းချစ်ခင်တွယ်တာကြတာ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာအရင်းခံတဲ့ ကိုယ့်ရဲ့ရင်သွေးကို ရက်ရက်စက်စက် သတ်ဖြတ်တာကိုခံခဲ့ကြရတဲ့ မျောက်ဝံလင်မယားရဲ့ ဒေါသအငြိုးဟာ ဖွန်ဂန်တောင်ကြီးကိုတောင် တုန်ဟည်းသွားစေခဲ့တယ်လေ"

မျောက်ဝံတစ်ကောင်၏ သံယောဇဉ်ရန်ငြိုးအဖွဲ့ပုတ္တိကို ရှင်းတမ်းထုတ်ပြနေသည့် ဆာဒူးကြီး၏စကားသံက နှင်းဖွတ်လေပြည်ထဲတွင် စီးမျောလွင့်ပျံလျက် . . .။

"ဒီမှာ ကောင်လေး . . . အာဃာတ အငြိုးအတေးတွေထဲမှာ သံယောဇဉ်ကိုထိပါးစော်ကားတဲ့ ရန်ငြိုးရန်စဟာ ကြောက်စရာအကောင်းဆုံးပဲကွယ့်၊ အင်း . . . မျောက်ဝံတစ်ကောင်ကို ဆင်မခြင်သတ်ဖြတ်မိရာကနေ အငြိုးတကြီးနဲ့ မျောက်ဝံတွေက လူသားတွေကို ပြန်ပြီးလက်တုံ့ပြန်ကြ၊ တစ်ခါ လူသားတွေကလည်း မျောက်ဝံတွေကိုပြန်ပြီးသတ်ကြနဲ့ . . . အင်း . . . တကယ်တော့ လူ့ဘုံမှာ အလိမ်မာဆုံး, 'အသိဉာဏ်ပညာ အကြီးဆုံးရယ်' လို့ သတ်မှတ်ခံထားရတဲ့ မနုဿလူသားတွေကစတင်ပြီး အပြစ်ကျူးလွန်ခဲ့ကြတာပဲ ကောင်လေးရေ"

www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးက မင်းမောင်အား ထိုကဲ့သို့ပြောဆိုလိုက်ပြီး နေရာမှထကာ တောစိုးပင်ကြီးနောက်မှ သစ်ပင်ချုံနွယ်များဖြင့် ကွယ်နေသည့် ကျောက်ဂူကြီးထဲသို့ ဝင်သွားပါလေ၏။ မင်းမောင်မှာ နောက်မှဝင်လိုက်သွားရန်း စဉ်းစားနေစဉ်မှာပင် ဆာဒူးကြီးမှ ငှက်ပျောတစ်ဖီးနှင့် ပြောင်ဝင်းနေသောကြေးခွက်ရှည်တစ်လုံး ကိုကိုင်၍ ပြန်ထွက်လာသည်ကိုမြင်တွေ့လိုက်ရပါ၏။

"ကိုင်း ...ရော့ ...စားလိုက်ဦး ...သင့်အတွက် ကျုန်ုပ်ရှာဖွေထားတဲ့ ငှက်ပျောသီးနဲ့ နွားနို့ကိုသောက်လိုက်ပါ"

"ကျေးဇူးတင်ပါတယ် ဆာဒူးကြီး ...ဒါပေမဲ့ ငါ ဗိုက်မဆာပါဘူး။ ဆာဒူးကြီးကို သိချင်တာလေးတွေ မေးချင်လို့ပါ"

မင်းမောင်မှာ ပြောပြောဆိုဆိုနှင့် ဆာဒူးကြီးအနီးတွင် ထိုင်ချလိုက်ပါ၏။ ဤ ...ထူးဆန်းသော ဆာဒူးကြီးသည် သူ ဖွန်ဂန်တောင်ပေါ်မှပြုတ်ကျလာမည့်အချိန်နှင့်နေရာ၊ သူ၏အမည်ကိုဘာကြောင့်ကြိုတင်၍ သိနေရသည်ကို မင်းမောင် မေးမြန်းစုံစမ်းလိုလှပါ၏ ...။

"ဟင်း ဟင်း ...သင်မေးချင်တာကို ကျုန်ုပ် သိပါတယ်၊ တောင်ပေါ်ကနေ ဘယ်အချိန်မှာပြုတ်ကျလာမယ်, ဘယ်နေရာမှာ ကျမယ်ဆိုတာရယ် ...သင့်ရဲ့ နာမည်ကအစ ကျုန်ုပ်ကြိုတင်ပြီးသိနေတာကို မေးချင်နေတာမဟုတ်လား"

"ဟုတ် ...ဟုတ်ပါတယ် ဆာဒူးကြီး၊ အဲ ...အဲ



ကိစ္စတွေကို ဆာဒူးကြီးက ဘာကြောင့်ကြိုတင်ပြီး သိနေရတာလဲ ...ဟင်၊ နောက်ပြီး ငါ့ရဲ့စိတ်ထဲက တွေးတောကြံစည်နေတာတွေရယ်, နာမည်တွေရယ်ကိုရော ဘာကြောင့် သိနေရတာပါလဲ"

မင်းမောင်က ဟုတ်မှန်ကြောင်း ဖြေကြားလိုက်ပြီး သူသိလိုသမျှကို ဆာဒူးကြီးအား မေးမြန်းစုံစမ်းလိုက်ပါ၏။ မင်းမောင်၏အမေးစကားကြောင့် ဆာဒူးကြီးက ပြုံးသည်ဆိုရုံမျှပြုံးလိုက်ပြီး

"ကျုန်ုပ်မှာ သင် မမြင်နိုင်တဲ့ မျက်စိတွေရှိပါတယ်"

"အို ...မဟုတ်သေးပါဘူး ...ငါ မမြင်နိုင်တဲ့ မျက်စိဆိုတာ ဘာကိုခေါ်တာလဲ ဆာဒူးကြီး"

ထိုအခါ ဆာဒူးကြီးက သူ၏ဦးခေါင်းကို လက်ညှိုးနှင့် ထောက်ပြလိုက်ပြီး ...

"ဟောဒီ ...ကျုန်ုပ်ရဲ့ခေါင်းထဲမှာ သင်မမြင်နိုင်တဲ့ အသိပညာတွေရှိတယ်၊ ဒါကို သင်နားလည်အောင် ကျုန်ုပ် ဘယ်လိုရှင်းပြရမလဲ ...နောက်ဆုံးပြော[illegible] [illegible]ရင် နှစ်ပေါင်းများစွာကျင့်ကြံအားထုတ်ခဲ့တဲ့ အကျင့်သီလနဲ့ စရဏစွမ်းအားတွေကြောင့် သိနေမြင်နေတာလို့ပဲ နားလည်လိုက်ပါကောင်လေး၊ ကိုင်း ...ကိုင်း ...နွားနို့နဲ့ ငှက်ပျောသီးကိုတော့ စားလိုက်ဦးကွယ်"

ဆာဒူးကြီးက အတင်းစားသောက်ရန် တိုက်တွန်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ငှက်ပျောသီးတစ်လုံးနှင့် နွားနို့ကိုသူစိတ်ကျေနပ်စေရန် စားသောက်လိုက်ပါ၏။ ထူးခြားသည်မှာ ငှက်ပျောသီးတစ်လုံးနှင့် နွားနို့အနည်းငယ်ကိုသောက်စားပြီးသွားသည်နှင့် ကုန်ခမ်းသွားသည့် အားအင်များပြည့်ဝလန်းဆန်းသွားပြီး စိတ်အာရုံသည်ပင်ကြည်လင်လတ်ဆတ်သွားသည်သို့ ...။

"နေပါဦး ဆာဒူးကြီးရဲ့ ...ဘာကြောင့် ဒီနေရာကနေ ငါ့ကိုကြိုတင်ပြီးစောင့်ဆိုင်းနေရပါသလဲ ဆာဒူးကြီး၊ ငါလို ဖွန်ဂါမုဆိုးတစ်ယောက်နဲ့ ဘယ်လိုအကြောင်းတွေများ ရှိနေလို့ပါလဲ ...နောက်ပြီး ဆာဒူးကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ"

"သြော် ...ကျွန်ုပ်ရဲ့နာမည်ကို ဘာဖြစ်လို့သိချင်ရတာလဲကောင်လေး၊ ကျွန်ုပ်ရဲ့နမည်ကိုလည်း သင်ခေါ်တတ်မည်မဟုတ်ပါ၊ ကျွန်ုပ်ရဲ့နာမည်ဟာ 'ဗိသျှကုမာရ'လို့ခေါ်ပါတယ် ဟောဒီဖွန်ဂန်တောင်ကြီးနဲ့ ဟိုဘက်က မှိုင်းညို့ညို့တောင်တန်းကြီးတွေပေါ်မှာ လှည့်လည်ပြီး ကျွန်ုပ်တို့ရဲ့ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်ရတယ်လေ"

"ဒါဆိုရင် ဆာဒူးကြီးရဲ့ကျင့်စဉ်ကို ငါ မသိရဘူးလား နောက်ပြီး ငါ့ကို ဘာအကြောင်းရှိလို့ ဆာဒူးကြီးက စောင့်နေရတာလဲ"

ဗိသျှကုမာရသည် ...မင်းမောင်၏အမေးကို ရုတ်ခြည်းမဖြေသေးဘဲ အနောက်ဘက်တောင်တန်းများဘက်သို့ အတန်



ကြာအောင်စူးစူးနစ်နစ်စိုက်ကြည့်နေပါလေ၏။ ပါးစပ်မှလည်း သူမသိသောဘာသာစကားတစ်မျိုးကို တီးတိုးရွတ်ဆိုလျက်ရှိပါ၏။ ဆာဒူးကြီး၏အသွင်သဏ္ဍာန်မှာ မင်းမောင်၏မေးခွန်းကိုဖြေဆိုရန်အတွက် တစ်စုံတစ်ယောက်သောသူထံသို့ ခွင့်တောင်းခံနေသကဲ့သို့ အတန်ကြာမျှ တိတ်ဆိတ်နေပြီးမှ မင်းမောင်ရှိရာသို့ လှည့်ကာ ...။

"ကျွန်ုပ်ရဲ့ကျင့်စဉ်ဟာ ယောဂကျင့်စဉ် ဒါမှမဟုတ် ယောဂီကျင့်စဉ်လို့ခေါ်ပါတယ်"

"ယော ...ဂ ...ကျင့် ...စဉ်"

မင်းမောင် ခပ်တိုးတိုးရေရွတ်လိုက်မိသည်။ ဤအမည်ကျင့်စဉ်ကို သူ ယခုမှပင်ကြားဖူးပါ၏။ ထို့ကြောင့် ထို ကျင့်စဉ်အမည်၏အနက်အဓိပ္ပါယ်တို့ကို မသိပါချေ။ မင်းမောင်၏မျက်နှာကိုစေ့စေ့ကြည့်ကာ ဆာဒူးကြီးဗိသျှကုမာရ ခေါင်းကို အသာအယာညိတ်ပြလိုက်သည်။

"ယောဂဆိုတဲ့ ယောဂီကျင့်စဉ်အမည်ကို ယခုမှ သင်ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆာဒူးကြီး ...ငါ တစ်ခါမှ မကြားဖူးသေးတဲ့ ကျင့်စဉ်တစ်ခုရဲ့နာမည်ဆိုတော့ ...ငါ လုံးဝနားမလည်ဘူး ဒါပေမဲ့ လူတွေရဲ့ အတွင်းစိတ်သဏ္ဍာန် ကြိုတင်ပြီးသိရတဲ့ ပညာစွမ်းကိုတော့ သဘောကျတယ် ဆာဒူးကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဒူးကြီးဗိသျှုကုမာရနှင့်မင်းမောင်တို့ စကားပြောနေခိုက်မှာပင် စောစောပိုင်းက မြင့်မားသောဖွန်ဂန်တောင်စောင်းမှ ပြုတ်ကျလာခဲ့သည့် အရှိန်ကြောင့် တစစ်စစ်နှင့်နာကျင်ကိုက်ခဲနေသည့် ဝေဒနာဆိုးများမှာ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် လျင်မြန်စွာ သက်သာပျောက်ကင်းသွားခြင်းအား မင်းမောင်အံ့သြစွာခံစားမိလိုက်ပါ၏။

ဆတ်သေချောင်းကို ဖြတ်သန်းတိုက်ခတ်လာသည့် ညနေခင်းလေပြည်က နှင်းဖတ်၊ နှင်းမှုန်အချို့ကိုသယ်ဆောင်၍ ဆရာဒူးကြီးဗိသျှုကုမာရနှင့်မင်းမောင်တို့အား တို့ထိရှိုက်နမ်းသွားကြသည်။ ဖွန်ဂန်တောင်၏ ညနေဆည်းဆာသည် တစ်စ တစ်စ နှင်းခဲ၊ နှင်းဖတ်၊ နှင်းထွေးတို့ပြိုဆင်း၍ကျလာသည့် အောက်တွင် အေးခဲတိတ်ဆိတ်လျက်ရှိပါ၏။

“အင်း . . . ဒီထက်ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ပညာရပ်တွေ သင့်ကိုပြောပြစရာတွေရှိသေးတယ်၊ အပြင်မှာ နှင်းခဲတွေပြိုဆင်းလာကြပြီ၊ ဒီတစ်ညတော့ ကျွန်ုပ်နဲ့အတူ ဟောဒီကျောက်ဂူထဲမှာ ခိုနားပါ . . . ကျွန်ုပ် သင့်ဆီက အကူအညီတချို့တောင်းခံစရာရှိသေးတယ်”

ဆရာဒူးကြီး၏စကားများကြောင့် မင်းမောင် အံ့သြ တွေဝေသွားပါ၏။ သူ့ထံမှ အကူအညီတောင်းခံစရာရှိသည်ဆိုသော စကားကြောင့်လည်း မင်းမောင် စိတ်ဝင်စားနေမိပါသည်။ အချိန်



လည်း မရှိတော့သည်မို့ ဤတစ်ညတွင် ဆရာဒူးကြီးနှင့်အတူ ကျောက်ဂူထဲတွင်နားခိုရန်ဆုံးဖြတ်လိုက်ပါလေ၏။

ထိုအချိန်မှာပင် နှင်းပွင့်၊ နှင်းခဲများက မင်းမောင်နှင့် ဆရာဒူးကြီးတို့၏ ဝန်းကျင်တစ်ဝိုက်တွင် ဖွေးဖွေးလှုပ်မျှကျဆင်းလျက်ရှိပါပြီ။ လေပြင်းတစ်ချက်တိုက်ခတ်လိုက်တိုင်း နှင်းဖတ်၊ နှင်းထွေးများက တင်ပျဉ်ခွေထိုင်နေသည့် ဆရာဒူးကြီး၏ ကိုယ်ပေါ်သို့ပိကျလာခဲ့သည်မို့ နှစ်ယောက်သား နေရာမှထကာ . . . ကျောက်လိုဏ်ဂူကြီးအတွင်းသို့ ဝင်ရောက်သွားကြပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

## ❖ သေတွင်းမှလွတ်မြောက်လာကြသူများ ❖

ဟယ်လင်သတိရလာတော့ သူမ၏ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ရိပ်တို့က အားယူစိုးမိုးစပြုနေပါပြီ။ သူမ၏ခန္ဓာကိုယ်ပေါ်မှ လေးပင်သောခန္ဓာကိုယ်ကြီးတစ်ခု ဖိစီးထားသည်ကို ပထမဦးဆုံး သတိပြုလိုက်မိသည်။ တစ်ဆက်တည်းမှာပင် သူတို့၏ ဂျစ်ကားအနီးသို့ ဗုံးတစ်လုံးလွင့်စဉ်ပေါက်ကွဲကျလာပြီး ဂျစ်ကားတစ်စီးလုံးတိမ်းစောင်းသွားကာ ဖခင်ကြီး၏ သွေးသံရဲရဲခန္ဓာကိုယ်ကြီးက သူမအပေါ်သို့ ပိကျလာသည်ကို သတိရလိုက်မိပါ၏။

"အိုး ... ဂေါ့ ... ဘုရားသခင်စောင့်ရှောက်တော်မူမှုပါ ... ဒီ ... ဒီ ... ဒီ ... လိုဆိုရင် ... ဒက် ... ဒက်



က်ဒီ ... ဒက်ဒီ"

တုန်လှုပ်သွားသော နှလုံးသားလှုပ်ခါသွားသော ရင်အ
င့် သူမကိုယ်ပေါ်သို့ ပိကျနေသည့် သွေးသံရဲရဲမျက်နှာကြီးကို
ယ်လင် သေချာစွာကြည့်လိုက်မိသည်တွင် ...

"ဟင် ... ဒယ် ... ဒယ် ... ဒယ်ဒီ ဒယ်ဒီ အိုး
. ဂေါ့ ... ခေါ်လို့လည်းမရတော့ပါလား ဒယ်ဒီ ... ဒယ်ဒီ"

ဟယ်လင်မှာ ထိတ်လန့်တကြားနှင့် လှုပ်ယမ်း၍ ခေါ်ငင်
သည့်တိုင် ဗိုလ်မှူးကြီးကာနယ်ဝီလ်ဆင်တစ်ယောက် ပြန်
ည်၍မထူးနိုင်ရှာတော့ပါ။ ဟယ်လင်ထူမ,လိုက်သည့်အရှိန်ဖြင့်
စ်ဖက်သို့ ဝုန်းခနဲ တစောင်းကြီးလဲကျသွားကာ ငြိမ်သက်
က်ရှိပါတော့သည်။ ဟုတ်သည် ... သမီးဖြစ်သူကို စိတ်မချ
င်သော ကာနယ်ဝီလ်ဆင်တစ်ယောက် ယခုတော့ ငြိမ်းချမ်းရာ
တစ်ခုခုသို့ ရောက်ရှိသွားပါချေပြီတည်း။

"အဟင့် ဟင့် ဟီး ... ဖြစ် ... ဖြစ်မှဖြစ်ရလေဒယ်ဒီ
ယ် အင်ဖာစစ်မြေပြင်ကိုရောက်ခါနီးမှ အခုလို အဖြစ်ဆိုးနဲ့
ဆိုင်တိုးလိုက်ရတယ်လို့ ဒယ်ဒီရယ် ... အဟင့် ဟင့် ဟီး"

မီးခိုးနံ့၊ သွေးနံ့၊ ယမ်းငွေ့နံ့များ ဝေ့ဝဲနေသည့် တိတ်
တ်ငြိမ်သက်လျက်ရှိသော တောင်တန်းခင်တန်းစပ်တွင် ဟယ်
င်၏ငိုရှိုက်သံသဲ့သဲ့ကသာ ကြီးစိုးလျက်ရှိပါချေ၏။ သွားပြီ
. သူမ၏ဘဝတွင် အားကိုးအားထားရာ ရွှေတောင်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပြိုလဲသွားခဲ့ရပါချေပြီကော ...။ အန္တရာယ်ကြီးလွန်းလှသည့် စစ်ကြောင်းနယ်မြေထဲတွင် ယခုတော့ ဟယ်လင်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်ထင့် ...။

အနီးရှိ ပျက်စီးသွားသော ဂျစ်ကားအမိုးကိုင်းကို ဆွဲယူအားပြုကာဟယ်လင်မတ်တတ်ရပ်လိုက်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ သူမ၏ခန္ဓာကိုယ်တွင် မည်သည့်ဒဏ်ရာမျှရှိမနေခြင်းပင်တည်း။ သို့သော် ...သွေးစက် သွေးစက်များနှင့် သွေးသံရဲရဲများကတော့ ဟယ်လင့်တစ်ကိုယ်လုံး စွန်းထင်းပေကျံလျက်ရှိသည်။ ထို့အပြင် သူမ၏ခန္ဓာကိုယ်ပေါ်တွင် ဖခင်ကြီး၏ ရုပ်အလောင်းကလည်းဖုံးကွယ်ထားသလို တိမ်းမှောက်နေသည့် ဂျစ်ကားကြီးကလည်း အုပ်မိုးထားသည်မို့ သွေးသံရဲရဲနှင့်သတိလစ်မေ့မြောနေသည့် ဟယ်လင်အား ကသုတ်ကယက်ဆုတ်ခွာသွားကြသည့် မေဂျာစမစ်တို့စစ်ကြောင်းက မတွေ့မြင်သွားကြခြင်းပင်ဖြစ်ပါ၏။

ယခုတော့ ...မီးခိုးနံ့၊ ညှော်နံ့၊ ယမ်းနံ့၊ သွေးညှီနံ့များဖြင့်ကြီးစိုးနေသည့် အနိဋ္ဌာရုံ ...ကမ္ဘာပျက်ကြီးတစ်ခုတွင် ဟယ်လင်တစ်ယောက်သာ မသေမပျောက်ဘဲကျန်ရစ်ခဲ့လေသည်ထင့် ...။

တောစပ်လွင်ပြင်ရှိ ကွင်းပြင်ထီးထီးကြီး၏ ကားလမ်းမကြီးပေါ်မှာတော့ ဂျပန်လေယာဉ်များ၏ ဖုံးဆန့်ထိမှန်မှု၊ စက်သေ



ာ်ကျည်ဆန့်ထိမှန်ခံရမှုများကြောင့် မီးလောင်ပျက်စီးနေကြည့် စစ်ထရပ်ကားကြီးများကမူ စစ်၏သခ်ာရအနိဋ္ဌာရုံသရုပ်ို ဖော်ထုတ်ပြသနေပါ၏။ မကြာမီထွက်ပြူလာသည့် လရောင်ုံကြယ်ရောင်စုံအလင်းအောက်တွင် သွေးညှီနံ့များသင်းနေည့် စစ်အနိဋ္ဌာရုံမြင်ကွင်းကြီးက သွေးပျက်ချောက်ချားဖွယ်ံဝေဂယူဖွယ်အပြည့်နှင့်ပါတည်း။

မမျှတသော စစ်ပွဲတွင်သေဆုံးခဲ့ကြရသည့် အင်္ဂလိပ််သားများ၏ ရုပ်အလောင်းများက မြင်သူဘဝင်ပျက်လောက်ာင်ပင် ဟိုတစ်လောင်း၊ သည်တစ်လောင်းဖြင့် အလောင်းင်းထပ်မျှ ပြန့်ကြဲလျက်ရှိနေပါ၏။ တွေ့မြင်နေရသည့် မြင်ွင်းများက သာမန်မိန်းကလေးတစ်ဦးသာဆိုလျှင် သွေးပျက်ချာက်ချားဖွယ် သံဝေဂယူဖွယ်အပြည့်နှင့်ပါတည်း။

မမျှတသော စစ်ပွဲတွင် သေဆုံးခဲ့ကြရသည့် အင်္ဂလိပ််သားများ၏ ရုပ်အလောင်းများက မြင်သူဘဝင်ျက်လောက်ာင်ပင် ဟိုတစ်လောင်း၊ သည်တစ်လောင်းဖြင့် အလောင်းင်းထပ်မျှပြန့်ကြဲလျက်ရှိနေပါ၏။ တွေ့မြင်နေရသည့် မြင်ကွင်းးက သာမန်မိန်းကလေးတစ်ဦးသာဆိုလျှင် သွေးပျက် ထိတ်န့်ကာ ရှူးသွပ်သွားစေနိုင်သည်။ သို့သော် ...စစ်တပ်ထဲတွင်ြီးပြင်းရှင်သန်လာခဲ့သည့် ဟယ်လင့်အဖို့မှာမူ ဤကဲ့သို့သောနိဋ္ဌာရုံများက ရိုးအီနေပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဂျစ်ကားပျက်ထဲရှိ သေတ္တာတစ်လုံးအတွင်းမှ ခစ်သုံးဂေါ်ပြား၊ ဓားမြှောင်တစ်လက်၊ ကျည်ဆန်ခါးပတ်တွဲတစ်တွဲနှင့် သေနတ်တစ်လက်တို့ကို ယူငင်လိုက်သည်။ ပြီးလျှင် တောစပ်အနီးရှိညောင်ချပ်ပင်ကြီးတစ်ပင်အောက်တွင် ဖခင်ကြီးကိုသင်္ဂြိုဟ်ရန် ကျင်းတစ်ကျင်းကို အလျှင်အမြန်တူးလိုက်ပါ၏။ ရင်ခုန်မောပန်းမှုနှင့်အတူ ချွေးပြိုက်ပြိုက်ကျမှ တူးဖော်ပြီးသည့် မြေကျင်းကြီးထဲသို့ ဖခင်ကြီး၏ရုပ်အလောင်းကြီးကို မနိုင့်တနိုင်နှင့်သယ်ယူကာ မြေဖို့လျက် ကောင်းမွန်စွာသင်္ဂြိုဟ်လိုက်သည်။

"ဟူး . . . ဒယ်ဒီ . . . သမီး ဒယ်ဒီကို နောက်ဆုံးဂါရဝပြုလိုက်ပါတယ်၊ ကောင်းကင်ဘုံမှာ ထာဝရအိပ်စက်အနားယူပါတော့ ဒယ်ဒီ၊ သမီးကတော့ ဟောဒီတောကြီးမျက်မည်းထဲကနေ အင်ဖာစစ်မြေပြင်ကိုမရောက်,ရောက်အောင် ခရီးဆက်ရဦးမှာမို့ သမီးကို . . . သွားခွင့်ပြုပါတော့ . . . ဒယ်ဒီရယ် . . . အဟင့် . . . ဟင့်"

ဟယ်လင့်မှာ မျက်လုံးထောင့်စွန်းမှ စီးကျလုလု မျက်ရည်စတို့ကိုသုတ်ဖယ်ပစ်လိုက်သည်။ ဟယ်လင်၏ဘဝသည် ဖခင်ကြီးမရှိတော့သည့်နောက်ပိုင်း အထီးထီးသာကျန်ရစ်ခဲ့ပြီ မဟုတ်ပါလား . . .။ ယခုအချိန်တွင် သူမ၏အနီးအနားတွင် အားကိုးအားထားစရာဟူ၍ ဒဏ်ရာရစစ်သားတစ်ယောက်မျှပင် ရှိမနေပါလေတော့ . . .။



ရင်ကွဲပက်လက်နှင့် ငိုကြွေးကာ အားငယ်နေရမည့် အချိန်မဟုတ်တော့ မရေရာမသေချာသော သူမ၏အနာဂတ်ခရီးအတွက် ဖွဲ့သတ္တိနှင့်ဝီရိယကိုသာ သူမအားကိုးအားထားပြုရပေတော့သည်။ ဤနေရာသည် ဟယ်လင့်အတွက်လုံခြုံစိတ်ချရသောနေရာမဟုတ်ပါ။ မကြာခင် . . . သို့မဟုတ် . . . မိုးစင်စင်လင်းသည်နှင့် သူမအတွက် အန္တရာယ်များ မလွဲမသွေရောက်ရှိလာကြပေလိမ့်မည်။ ဟယ်လင့်အတွက် အကောင်းဆုံးအခြေအနေမှာ ဤနေရာနှင့်ဝေးနိုင်သမျှအဝေးဆုံးသောနေရာသို့ ရောက်ရှိနိုင်ရေးပင် ဖြစ်သည်။

ညဥ့်ဦးပိုင်းမျှသာရှိသေးသည်မို့ လရောင်နှင့် ကြယ်ရောင်တို့၏အလင်းအားကိုကောင်းမွန်စွာရရှိနေသေးသည်။ လရောင်အောက်တွင် မြင်တွေ့နေရသောတောစပ်လမ်းကြောလေးအတိုင်း သွားရောက်၍တော့ မဖြစ်နိုင်။ လောလောဆယ် ဟယ်လင့်အတွက် လုံခြုံစိတ်ချရသောနေရာတစ်နေရာ လိုအပ်နေသည်မဟုတ်ပါလော။

"အင်း . . . လမ်းကြောင်းအတိုင်းသွားလို့တော့ မဖြစ်နိုင်ဘူး၊ ဟောဟိုတောစပ်ထဲကိုဝင်ပြီး တောရိပ်ခိုသွားမှဖြစ်မယ်၊ လောလောဆယ် ရန်သူတွေနဲ့ထိပ်တိုက်မတိုးနိုင်တဲ့ တောလမ်းခရီးကနေ သွားတာငါ့အတွက်အန္တရာယ်ကင်းနိုင်တယ်"

ဟယ်လင်မှာ တစ်ကိုယ်တည်းဆုံးဖြတ်ချက်ကို ပိုင်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်ချလိုက်ပြီး စစ်ကျောပိုးအိတ်ထဲသို့ တစ်နိုင်တစ်ပိုင် ရိုက္ခ ခြောက်အချို့နှင့် လိုအပ်မည်ထင်သည့်ပစ္စည်းအချို့ကိုထည့်ကာ ကျောတွင်လွယ်သိုင်းလိုက်သည်။ ပြီးလျှင် စစ်သုံးဓားမြှောင်တစ် ချောင်း၊ ရေဘူးတစ်ဘူးနှင့် ကျည်ကာပ်တစ်ခုကိုလွယ်သိုင်းကာ သေနတ်ကိုအသင့်ကိုင်လျက် လရောင်အောက်တွင်မြင်တွေ့နေရ သော တောအုပ်အတွင်းသို့ တိုးဝင်လာခဲ့ပါတော့သည်။

ထိုအချိန်တွင် နှင်းမှုန်နှင်းစက်တို့က ငွေလရောင်နှင့်အ တူ တဖွဲဖွဲကျဆင်းလျက်ရှိပါချေပြီကော ...။

✵

ကျောက်ဂူထဲရှိ မီးဖိုတစ်ခုက တဖျစ်ဖျစ်မြည်လျက် ကျောက်ဂူထဲတွင်သင့်တင့်သော အနွေးဓာတ်တို့ကိုပေးစွမ်းထား ပါ၏။ ထိုမီးဖို၏တစ်ဖက်ရှိ သားရေနယ်ချပ်လေးပေါ်တွင် ဆာ ဒူးကြီးဗိသျှုကာမာရက တင်ပျဉ်ခွေလျက်ထိုင်နေသကဲ့သို့ မင်း မောင်ကလည်း သူ့၏အင်္ကျီပေါ်တွင်ကပ်ငြိနေသော နှင်းပွင့်၊ နှင်းစက်လေးများကို ခါချကာ ထင်းခြောက်ကိုင်းများအနီးတွင် ထိုင်နေပါလေ၏။

နှစ်မိနစ်ခန့်ထိုင်မိသည်နှင့် မင်းမောင်၏နှာခေါင်းထဲဝယ် ထူးခြားသောမီးခိုးနံ့တစ်မျိုးကို ရှူမိလိုက်သည်။ သည်ကဲ့သို့သော



မီးခိုးနံ့များကို သူတစ်နေရာရာတွင်ခံစားတွေ့ထိဖူးသည်။ ထို့ ကြောင့် အနီးရှိသစ်ကိုင်းခြောက်နှစ်ခု သုံးခုကိုမီးပုံထဲသို့ထည့် ကြည့်လိုက်ပါ၏။ ချက်ချင်းပင် သူ၏နှာခေါင်းအတွင်းသို့ ထူးခြား သောအမွှေးနံ့တစ်ခုက တိုးဝင်လာသည်။ စောစောက မီးဖိုမှ ထွက်လာသော အမွှေးနံ့နှင့်အတူတူပင်ဖြစ်ပါ၏။

ဟုတ်သည် ... ဤသို့ဆိုလျှင် မင်းမောင်မီးပုံထဲသို့ ထည့်လိုက်သောသစ်ကိုင်းခြောက်သည် ရှားပါးအမိုးတန်လှသော နံ့သာဖြူ သို့မဟုတ် ... နံ့သာနီဟုခေါ်သော နံ့သာကိုင်းခြောက် များသာဖြစ်ပေလိမ့်မည်။ ဤအမွှေးနံ့သာကို မင်းမောင် ကောင်း စွာမှတ်မိနေသည်။ သို့သော် ... မည်သည့်နေရာ ... မည်သည့် အချိန်တွင် ရှူရှိုက်ခံစားဖူးမှန်း သူမမှတ်မိ။ စဉ်းစားလေလေ အမှတ်မရလေလေဖြစ်နေပါချေပြီကော ...။

"သင် ... မေ့လျော့နေတာဖြစ်မှာပါ ကောင်လေး ... သေသေချာချာစဉ်းစားလိုက်ရင် အဖြေပေါ်လာပါလိမ့်မယ်၊ သင် ကျွန်ုပ်နဲ့မတွေ့ဆုံမီ အိပ်မက်တစ်ခုမြင်မက်ခဲ့တယ် မဟုတ်လား"

ဆာဒူးကြီးက မျက်စေ့စုံမှိတ်၍ ကျင့်စဉ်ကျင့်မှတ်နေ ရာမှ ရုတ်တရက်ပြောကြားလိုက်သည့် စကားသံကြောင့် ... မင်း မောင် ... ဒိတ်ခနဲပင်ရင်ခုန်သွားပါ၏။

"သင့်ရဲ့ အိပ်မက်ထဲမှာ ကျွန်ုပ်ရဲ့ကိုယ်ပေါ်မှာကောင် ပျှက်နီကြီးတွေတက်နေကြတာ မြင်မက်ခဲ့တယ်လေ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး … ဟောဒီလို … မြွေကြီးတစ်ကောင်လည်း ပါသေးတယ် မဟုတ်လား … ကောင်လေး''

ဆာဒူးကြီး၏ စကားဆုံးသည်နှင့် ဆာဒူးကြီး၏ နောက် မှကြီးမားလှသော ငန်းမြွေနက်ကြီးတစ်ကောင်က ရှူးခနဲမာ ဖီကာ ပါးပျဉ်းထောင်၍ခေါင်းတရမ်းရမ်းဖြင့် မင်းမောင်အား စိုက် ကြည့်နေသည်ကို အံ့သြထိတ်လန့်စွာမြင်တွေ့လိုက်ရသည်။

''ဟာ … မြွေ … မြွေ … မြွေကြီး''

ဆာဒူးကြီး၏နောက်မှ ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြွေကြီးကြောင့် မင်းမောင်ထိုင်နေရာမှ … ကုန်း၍ထရန် ဟန် ပြင်လိုက်သည်နှင့် …

''မကြောက်ပါနဲ့ ကောင်လေး … ဒီငန်းမြွေကြီးက သင် ရဲ့မိတ်ဆွေကောင်းတစ်ယောက်ပါ၊ နောင်ဆိုရင် သင့်ရဲ့အရေး ကိစ္စမှန်သမျှတွေကို ဒီငန်းမြွေကြီးက ကူညီဖြေရှင်းပေးပါလိမ့် မယ်''

ဆာဒူးကြီးက … မင်းမောင်အားထိုကဲ့သို့ပြောဆိုလိုက် ပြီး ငန်းမြွေကြီးကိုညင်သာစွာဆွဲယူကာ ဦးခေါင်းကိုလက်ဖြင့်အ သာအယာပွတ်သပ်ပေးနေပါသည်။ ဆာဒူးကြီး၏ ကြင်နာယုယ မှုအောက်တွင် ငန်းမြွေကြီးက ငြိမ်သက်စွာခံယူနေသည်ကို မင်း မောင်တအံ့တသြငေးမောကြည့်နေမိသည်။ အတန်ကြာမှ …

''နေ … နေ … နေပါဦး ဆာဒူးကြီးရဲ့ … ငါ့အိပ်



မက် မက်ခဲ့တာကို ဆာဒူးကြီးက ဘယ်လိုကြောင့်သိနေရပြန် တာလဲ … ဟုတ်တယ် … လွန်ခဲ့တဲ့ရက်ပိုင်းလောက်က နှင်း ဖုံးတောင်တန်းကြီးတစ်ခုနဲ့ ဟောဒီလို ကျောက်ဂူမျိုးထဲမှာ ဆာ ဒူးကြီးကို ငါအိပ်မက်ထဲမှာတွေ့မြင်ခဲ့ရဖူးတယ်''

မင်းမောင်၏မေးခွန်းကြောင့် ဆာဒူးကြီး ဗိသျှကုမာရက ရက်ရှိုင်းစွာပြုံးလိုက်ပါ၏။

''ကျွန်ုပ်ရဲ့အတွင်းစိတ်က ကျွန်ုပ်ကိုပြန်ပြီးပြောပြတာ ပေါ့ ကောင်လေးရဲ့''

''နေပါဦး … ဆာဒူးကြီးပြောတဲ့ အတွင်းစိတ်ဆိုတာ စိတ်ပညာတို့, ကျင့်စဉ်တို့ကိုခေါ်တာလား''

''ဟုတ်တယ် … စိတ်ပညာလို့ပဲခေါ်ခေါ်, စိတ်ကျင့်စဉ် လို့ပဲပြောပြော အတူတူပါပဲ၊ ကျွန်ုပ်တို့ရဲ့အလိုကတော့ ထူးခြား နက်ရှိုင်းလှတဲ့ ယောဂီကျင့်စဉ်ရဲ့ တန်ခိုးသတ္တိတစ်ခုပဲလို့ ယုံကြည် ထားတယ်လေ''

မင်းမောင်မှာ ဤထူးခြားလှသော ဆာဒူးကြီးအား အ ခွင့်မသေးရဲပါလေတော့ … သူတို့နားမလည်နိုင်သေးသော စိတ်တန်ခိုးသတ္တိထူးများကို ပိုင်ဆိုင်ထားသူတစ်ယောက် သို့မ ဟုတ် နှင်းဖုံးတောင်တန်းများထက်တွင် အရုက်အကြောက်လုံ ရုံ လံလွတ်တီလေးတစ်ထည်နှင့် အရိုးကွဲမတတ်အေးခဲလှသည့် သီဥတုကြားဝယ် လှည့်လည်နေထိုင်၍ ကျင့်ကြံအားထုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသော ပုဂ္ဂိုလ်ထူးများအဖြစ် သိရှိထားသည်မဟုတ်ပါလော

"ဆာဒူးကြီးပြောတဲ့ ယောဂီကျင့်စဉ်တွေကို ကျင့်ရ
အခုလိုတန်ခိုးသတ္တိထူးတွေ ရနိုင်သလား ...ဟင်"

"အခုလို တန်ခိုးသတ္တိဆိုတာ ကျွန်ုပ်တို့ယောဂီကျင့်
မှာ အစနိဒါန်းသာဖြစ်တယ်၊ ကျွန်ုပ်၏တန်ခိုးသတ္တိထူးများ
ထိုမျှမက ကြီးမားလွန်းလှပါတယ်၊ ဒါပေမဲ့ အရာအားလုံး
တော့ ကမ္ဘာမြေကြီးနဲ့ ကံတရားကပဲ အဆုံးအဖြတ်ပေးလေ့
တယ် ...ကောင်လေး"

မီးပုံမှ မီးအရှိန်လျော့သွားသဖြင့် သစ်ကိုင်းခြောက်
ခုသုံးခုကို မင်းမောင်ယူ၍ထည့်လိုက်သည်။ တောက်လောင်လာ
သည့် မီးအလင်းရောင်ကြောင့် ကျောက်ဂူထဲတွင် အနွေးဓာတ်
တို့စီးမျောနေကြသည်။ ရုံဖန်ရံခါကျောက်ဂူအပြင်ဘက်မှ နှင်း
မိုးစက်တို့ကျသံတဖျောက်ဖျောက်ကို ကြားနေရပါ၏။

"အဲဒီလိုဆိုရင် ...ဆာဒူးကြီးမှာရှိတဲ့ တန်ခိုးသတ္တိထူး
တွေကို ငါ့ကိုပြနိုင်မသလား ...ငါ ...စိတ်ဝင်စားလို့ပါ"

ဆာဒူးကြီးဗိသျှကုမာရက မင်းမောင်ကိုစူးစူးနစ်နစ်ကြည့်
လိုက်သည်။ ဆာဒူးကြီး၏အကြည့်စူးစူးသည် မင်းမောင်၏ရင်
ကို ထွင်းဖောက်ကာနှလုံးသားထိတိုင် စူးနစ်ဝင်ရောက်သွားသည်
သို့ ...။

အတန်ကြာမှ ...ဆာဒူးကြီးကခေါင်းကိုအသာအယာ



ညိတ်လိုက်ကာ ...သူ့ဘေးတွင်ချထားသည့် သံဂွင်းတပ်သံ
ချောင်းကိုယူ၍ ...မင်းမောင်ရှေ့တွင်ချထားလိုက်သည်။ ပြီး
လျှင် မျက်လုံးကိုမှိတ်ကာ ပါးစပ်မှလည်းတတွတ်တွတ်နှင့် တီး
တိုးရွတ်ဆိုနေပါလေ၏။ နှစ်မိနစ်ခန့်ကြာလျှင် မင်းမောင်၏ ရှေ့
မြေပြင်ပေါ်တွင် တုံးလုံးလဲနေသောသံချောင်းသည် လှုပ်ရှားလာ
ကာ လေပေါ်သို့ကြွတက်လာသည်ကို အံ့ဩဖွယ်မြင်တွေ့နေရပါ
သည်။ မကြာမီ သံချောင်းသည် မြေပြင်မှနှစ်ပေခန့်မြင့်သည့်
လေဟာနယ်ထဲတွင် အမှီအတွယ်မရှိ ရပ်တန့်နေပါ၏။

"ကိုင်း ...သေသေချာချာကြည့်ပါ ကောင်လေး ...
ဟောဒီ လေးလံတဲ့သံချောင်းကို ငှက်တစ်ကောင်လို လေထဲမှာပျံ
ဝဲသွားအောင် ကျွန်ုပ်လုပ်ပြမယ်"

ဆာဒူးကြီးမှာ ပြောပြောဆိုဆိုနှင့် သူ၏ညာလက်ကို
လေထဲ၌ဝှေ့ယမ်းလိုက်သည်။ တစ်ချိန်တည်းမှာပင် မင်းမောင်
၏ မျက်စိရှေ့၌ လေဟုန်စီးကာတွဲရွဲခိုနေသည့် သံကွင်းတပ်သံ
ချောင်းချွန်မှာ လေးညို့မှပစ်လွှတ်လိုက်သည့် မြားတစ်စင်းကဲ့သို့
ဝီခနဲမြည်ကာ ကျောက်ဂူအပြင်သို့ပြေးထွက်သွားပြီး ကောင်း
ကင်ယံသို့ ထိုးတက်ပျံသန်းသွားသည်ကိုသာ မင်းမောင်တွေ့
မြင်လိုက်ရပါတော့သတည်း ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

### ❖ ဆာဒူးကြီးပြောသော...ရှေ့ဖြစ်နိမိတ်ပုံရိပ်များ ❖

မင်းမောင်မှာ သူ၏ရှေ့တွင်မျက်ဝါးထင်ထင်ဖြစ်ပျက်သွားခဲ့သည့် မယုံကြည်နိုင်ဖွယ်ဖြစ်ရပ်ကြောင့် ဆာဒူးကြီး ဗိသျှုကုမာရ၏တန်ခိုးသတ္တိကိုအံ့သြချီးကျူးနေမိပါသည်။ ပို၍အံ့သြဖွယ်ရာကောင်းသည်က ဆာဒူးကြီးပြောလိုက်သောစကားများပင်ဖြစ်ပါ၏။

“ဒီမှာ ကောင်လေး ... အဲဒီငှက်တစ်ကောင်လို လေထဲမှာဝဲပြီးပျံသန်းသွားတဲ့ ကျွန်ုပ်ရဲ့တမန်တော် (သံကွင်းတပ်ထားသည့် သံချောင်းချွန်)ဟာ မကြာခင် ကျွန်ုပ်ဆီကိုပြန်ရောက်ရှိလာပြီး ... သင့်ရဲ့ရှေ့ဖြစ်နိမိတ်တွေကို ဖတ်ကြားပြလိမ့်မယ်”

“ဘယ် ... ဘယ် ... ဘယ်လို ... အဲဒီငှက်လိုပျံ



သန်းသွားတဲ့သံချောင်းက ငါ့ရဲ့ရှေ့ဖြစ်နိမိတ်ကို ဖတ်ကြားပြလိမ့်မယ် ... ဟုတ်လား ဆာဒူးကြီး ... ဘာတွေလဲ ... ငါ ... ငါတော့ မယုံကြည်နိုင်အောင်ဖြစ်နေပြီ”

မင်းမောင်မှာ ဆာဒူးကြီးဗိသျှုကုမာရ၏ အနိုင်အမာပြောကြားချက်များကို မယုံကြည်နိုင်အောင်ဖြစ်နေပါ၏။ ယုံကြည်ရန် ခက်ခဲလွန်းလှပါ၏။ ဟုတ်သည် ...။ မင်းမောင်၏ရှေ့တွင်ပင် လေထဲတွင်ထိုးတက်ပျံသန်းသွားသည့် သံချောင်းချွန်တစ်ခုက သူ၏ရှေ့အနာဂတ်ဖြစ်ရပ်များကို ကြိုတင်၍ နိမိတ်ဖတ်ကြားမည်ဆိုသည်က ယုံကြည်ရန်ခက်ခဲလွန်းလှသည့် ဖြစ်စဉ်တစ်ခုပင် မဟုတ်ပါလား ...။

သို့ရာတွင် လေးလံလှသောသံချောင်းလို ရုပ်ဝတ္ထုအားငှက်တစ်ကောင်ကဲ့သို့ ကောင်းကင်ယံ၌ပျံတက်သွားလာစေနိုင်သော ဗိသျှုကုမာရ၏ ယောဂီကျင့်စဉ်တန်ခိုးသတ္တိထူးကိုလည်း မင်းမောင်ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်တွေ့ထားရသည်မို့ ယုံကြည်ရမလိုလည်း ဖြစ်နေမိပါသည်။

ဆာဒူးကြီးဗိသျှုကုမာရက မင်းမောင်၏အမေးစကား ကိုသည်တစ်ကြိမ်တွင်မဖြေကြားပါလေတော့။ မျက်လွှာချလျက်သက်မဲ့အရုပ်တစ်ခုကဲ့သို့သော မလှုပ်မယှက်နှင့်ထိုင်နေပါလေ၏။ မင်းမောင်မှာ ထူးခြားသောဆာဒူးကြီး၏အမူအရာကို ငေးကြည့်နေမိသည်။ အချိန်အတန်ကြာသည့်တိုင် မလှုပ်မခြောက်နှင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်မို့ မင်းမောင်တစ်ယောက်မီးပုံထဲတွင် နှံ့သာကိုင်ခြောက် အချို့ကိုကြည့်ရင်း ငြိမ်သက်စွာပင်စောင့်စားနေပါတော့သည်။

ရုံဖန်ရံခါကျောက်ဂူအပြင်မှ ဝင်ရောက်လာသည့် လေ ရူးကြောင့် မီးပုံမှမီးညွန့်မီးစွယ်များပင် ဟိုသည်ယိမ်းယိုင်သွား ကြသည်။ ကျောက်ဂူထဲမှာတော့ တဖျစ်ဖျစ်နှင့်တောက်လောင် နေသည့် မီးပုံမှအသံများကသာကြီးစိုးမင်းမူနေပါလေ၏။ နာရီ ဝက်ကျော်မျှ ကြာလတ်သော် မင်းမောင်၏နားထဲဝယ် လေချွန် သံလိုလို အသံသဲ့သဲ့ကိုစတင်၍ကြားလိုက်ရသည်။ မကြာမီ ဆာ ဒူးကြီး၏တမန်တော် (သံကွင်းတပ်သံချောင်းချွန်)လေးသည် တ ဝီဝီနှင့် လေကိုခွင်းကာပြေးဝင်လာပြီး မင်းမောင်နှင့်ဆာဒူးကြီး အကြားရှိ လေဟာနယ်ထဲတွင် အရှိန်တန့်ကာ ရပ်တန့်နေသည် ကို အံ့သြစွာတွေ့မြင်လိုက်ရပါချေပြီကော ...။

"သြော် ... ကျွန်ုပ်ရဲ့တမန်တော်တောင် ပြန်ရောက် လာပြီပဲ၊ တစ်ဆိတ်ကလေး သံချောင်းချွန်လေးကို သင်ကိုယ် တိုင်ယူပြီးကြည့်လိုက်စမ်းပါ ... သံချောင်းထိပ်ဖျားပိုင်းမှာ ထူး ခြားမှုဘာများရှိသလဲဆိုတာ ကျွန်ုပ်ကိုပြောပြပါ ကောင်လေး"

ဆာဒူးကြီး၏ခွင့်ပြုချက်ဖြင့် မြေပြင်နှင့် နှစ်ပေကျော်ခန့် တွင် ရပ်တန့်နေသည့် တမန်တော်သံချွန်လေးကို မင်းမောင် အသာဖမ်းယူဆုပ်ကိုင်၍သေချာစွာစစ်ဆေးကြည့်လိုက်သည်။

"ဟင် ... သံ ... သံချောင်းချွန်ထိပ်ဦးမှာ သွေး ...



သွေးစ သွေးနုလေးတွေကပ်ငြိနေပါလား ... ဘယ်လိုဖြစ်တာ ပါလိမ့်"

"သေချာရဲ့လား ကောင်လေး ... သံချောင်းချွန် တမန် တော်မှာ သွေးစသွေးနုတွေ ပေကျံစွန်းထင်နေတယ်ဆိုတာ အမှန်ပဲလား"

ဆာဒူးကြီး၏အမေးစကားကြောင့် မင်းမောင်သံချောင်း ထိပ်မှသွေးစအချို့ကိုလက်ညှိုးနှင့်သုတ်ယူကြည့်လိုက်သည်။ မင်း မောင်၏လက်ညှိုးထိပ်မှ အနီရောင်သွေးစများကို မီးရောင်တွင် ထင်ရှားစွာတွေ့မြင်လိုက်ရသဖြင့် ...

"ဟုတ်တယ် ဆာဒူးကြီး ... သံချွန်ထိပ်ဖျားပိုင်းမှာ သွေးစေးတွေ ကပ်ငြိပြီးပါလာပါတယ်၊ အဲဒါနဲ့ ငါ့ရဲ့ရှေ့ဖြစ်နိ မိတ်နဲ့ ဘာဆိုင်လို့လဲ ... ဆာဒူးကြီးရဲ့"

မင်းမောင်၏မေးခွန်းကို ဆာဒူးကြီးချက်ချင်းမဖြေ။ မင်း မောင်၏လက်တွင်းမှသံချောင်းချွန်လေးကိုသာ စူးစူးနစ်နစ်ကြည့် နေရင်းမှ ဆာဒူးကြီး၏နှုတ်ဖျားမှထူးဆန်းသော စကားလုံးအချို့က တစ်လုံးချင်းထွက်ကျလာခဲ့ပါတော့သည်။

"အင်း ... သင်တို့ရဲ့ မြန်မာစကားပုံမှာရှိတဲ့အတိုင်း သတ္တဝါတစ်ခု, ကံတစ်ခုလို့ဆိုထားခဲ့ရင် ကျွန်ုပ်စောစောက ပြော သလိုပဲ အရာအားလုံးကို ကမ္ဘာမြေကြီးနဲ့ကံတရားကပဲ အဆုံး အဖြတ်ပေးလိုက်ပြီပေါ့၊ ဟောဒီ ကျွန်ုပ်ရဲ့တမန်တော် (သံချောင်း

www.burmeseclassic.com

www.burmeseclassic.com



ချွန်) လေးကပြောတယ်၊ သင့်ရဲ့အနာဂတ်ခရီးလမ်းကြောင်းမှာ သွေးညှီနံ့တွေသင်းနေမယ့် သွေးခင်းလမ်းကို တွေ့ရတယ်တဲ့လေ၊ ကျွန်ုပ်ရဲ့အာရုံနိမိတ်မှာလည်း မကြာခင်အချိန်ကစပြီး သင်ဟာ ... သွေးနံ့တွေလွှမ်းနေတဲ့ အန္တရာယ်ခရီးကြမ်းကို လျှောက်လှမ်းရမယ်လို့ တွေ့မြင်နေရတယ် ...၊

ဒါပေမဲ့ ... ဘာမှမစိုးရိမ်ပါနဲ့ ကောင်လေး၊ သင့်ကို မြေနုတ်သမီးက စောင့်ရှောက်ပေးပါလိမ့်မယ်၊ တစ်ဆက်တည်း ကျွန်ုပ်သင့်ကို အကူအညီတောင်းခံမယ့်ကိစ္စကလည်း တမန်တော်ပြောတဲ့ သွေးခင်းလမ်းနိမိတ်နဲ့ ဆက်စပ်နေတယ်၊ အင်း ... တကယ်လို့များ တိုင်းပြည်နဲ့လူမျိုးအတွက်ဖြစ်စေ, တိုင်းပြည်ရဲ့ အဖိုးတန်ရတနာပစ္စည်းတွေအတွက်ဖြစ်စေ ... အမျိုး, ဘာသာ, သာသနာအတွက်ဖြစ်စေ ... ကာကွယ်စောင့်ရှောက်ဖို့များ လိုအပ်လာခဲ့မယ်, ကြုံကြိုက်လာခဲ့မယ်ဆိုရင် သင် ... အတတ်နိုင်ဆုံး ကယ်တင်စောင့်ရှောက်ပေးဖို့ ကျွန်ုပ်က ကြိုတင်ပြီး အကူအညီတောင်းခဲ့ပါတယ် ကောင်လေး ...၊

ကိုင်း ... အချိန်လည်း တော်တော်ညဉ့်နက်နေပြီ၊ မနက်စောစော သင်ပြန်ဖို့အရေးလည်း ရှိသေးတယ်မဟုတ်လား ကဲ ... အဲဒီမီးဖိုနံဘေးမှာပဲ စိတ်ချလက်ချအိပ်လိုက်ပေတော့၊ ဟောဒီကျောက်ဂူထဲမှာ သင့်ကိုအန္တရာယ်ပြုမယ့်သူ တစ်ယောက်မှမရှိဘူး ကောင်လေးရေ"



ဆာဒူးကြီးမှာ မင်းမောင်၏ရှေ့ဖြစ်နိမိတ်တချို့ကို ဖတ်ကြားပေးပြီးသည်နှင့် ထုံးစံအတိုင်း မီးပုံအနီးတွင် တင်ပျဉ်ခွေထိုင်လျက် သူ၏ယောဂီကျင့်စဉ်များကိုသာ ဆက်လက်၍ ကျင့်ကြံအားထုတ်နေပါလေ၏။ ဆာဒူးကြီးအနီးမှာတော့ ငန်းမြွေဟောက်ကြီးက ငြိမ်သက်စွာဖြင့်ခွေနေဆဲပင်ဖြစ်သည်။

မင်းမောင်မှာလည်း တစ်နေကုန်ပင်ပန်းနွမ်းနယ်မှု၊ ကြာရှည်စွာထိုင်နေမှုတို့ကြောင့် တစ်ကိုယ်လုံးနုံးခွေနေပြီဖြစ်သဖြင့် ကျောက်တုံးပြားတစ်ခုကို ခေါင်းအုံးကာလှဲလိုက်သည်နှင့် မကြာမီမှာပင် အိပ်မောကျသွားခဲ့ပါတော့သည်တကား ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

## ❖ ရွှေနတ်သမီးတစ်ပါးနှင့်တွေ့ဆုံခြင်း ❖

သိမ့်ခနဲ တိုက်ခတ်လာသော လေရူးနှင့်အတူ လွင့်မျောလိုက်ပါလာသည့် နှင်းခဲ၊ နှင်းမှုန်တို့က မင်းမောင်၏မျက်နှာကို တို့ထိရိုက်နမ်းသွားကြသည်မို့ မင်းမောင်အိပ်မောကျနေရာမှ ... ဖျတ်ခနဲ လန့်နိုးလာခဲ့သည်။

သူ့အနီးရှိ မီးဖိုလေးသည်ပင် အပူရှိန်လျော့ပါးကာ မီးသေစပင်ပြုနေပါ၏။ ရုတ်တရက်သတိရလိုက်သဖြင့် ဆာဒူးကြီးထိုင်နေရာသို့ မင်းမောင်လှည့်ကြည့်လိုက်သည်။ သူ အိပ်မပျော်ခင်က ဆိတ်ငြိမ်စွာထိုင်လျက်ကျင့်ကြံအားထုတ်နေသည့် ဆာဒူးကြီးပြိတ္တာကုမာရမှာ ... နေရာတွင်ရှိမနေတော့ပါ ...။ ထိုအတူ ဆာဒူးကြီးအနီးတွင် ငြိမ်သက်စွာခွေလျက်ရှိသည့် ငန်းမြွေ



ကြီးသည်လည်း မရှိတော့ပါ ...။

"ဆာဒူးကြီး ... ဆာဒူးကြီး ... ဆာဒူးကြီး"

ကျောက်ဂူအပြင်သို့ တပိုတပါးများသွားလေသည်လားထင်မှတ်ကာ ... မင်းမောင် အသံကျယ်ကျယ်ဖြင့် ဟစ်အော်ခေါ်ကြည့်သည်။ တုံ့ပြန်သံ လုံးဝမကြားရ။ သူ အိပ်ရာမှမနိုးမီပင် ဆာဒူးကြီးထွက်ခွာသွားခြင်းဖြစ်ပေမည်။ ဤကဲ့သို့သောတ်ကိုယ်တော် ဆာဒူးကြီးများသည် နေရာဌာနဟူ၍ အတည်တကျရှိမနေကြပါ။ ဖွန်ဂန်တောင်ကြီးကဲ့သို့သော နှင်းဖုံးတောင်န်းကြီးများပေါ်တွင် လှည့်လည်သွားလာရင်း ကျင့်ကြံအားထုတ်နေကြသည့် ပုဂ္ဂိုလ်ထူးများဖြစ်သည် မဟုတ်ပါလား။

မခေါ်ဘဲနှင့်ရောက်လာတတ်ကြပြီး မနှင်ဘဲနှင့် ပြန်ည်ထွက်ခွာသွားလေ့ရှိသူများထဲတွင် ... ဤကဲ့သို့သော ဆာကြီးများလည်း အပါဝင်ဖြစ်ကြသည်။ ယခုလည်း ... မင်းမောင်နှင့်တွေ့ဆုံလို၍ ဖွန်ဂန်တောင်ထိပ်မှပြုတ်ကျလာမည့်နေတွင် ထူးထူးခြားခြားလာရောက်စောင့်ကြိုသည်။ ပြီးလျှင်းဆန်းသောတန်ခိုးသတ္တိများကိုပြ၍မင်းမောင်ထံမှ အကူအညီတောင်းခံခဲ့သည်။ ယခုနောက်ဆုံး ... ဆာဒူးကြီးသည်ပင် ထူးဆန်းစွာပြန်လည်၍ထွက်ခွာပျောက်ကွယ်သွားခဲ့ပါချေပြီကော။

မင်းမောင် ... ခေါင်းကိုဘယ်ညာယမ်းခါရင်း ကျောက်ထဲမှထွက်လာခဲ့သည်။ လောလောဆယ် သူ့တွင်လက်နက်ဆို

www.burmeseclassic.com

www.burmeseclassic.com



၍ ခါးမှဓားမြှောင်တစ်ချောင်းသာပါရှိတော့သည်။ သူ၏သေနတ်သည် ဖွန်ဂန်တောင်ပေါ်မှပြုတ်အကျတွင် ဘယ်ဆီလွင့်ကျန်ခဲ့သည်မသိတော့ . . .။

"အင်း . . . ဘေးဆီးရန်ကာ ဝါးချွန်တစ်ချောင်းတော့ဆောင်ထားဦးမှ၊ တော်ကြာ . . . သားကောင်ကြီးတွေနဲ့တိုးရင် ဓားမြှောင်တစ်လက်တည်းနဲ့ သိပ်စိတ်မချရဘူး"

လမ်းနံဘေးတွင်ပေါက်နေသော ဝါးရုံပင်မှ စိတ်ကြိုက် ဝါးဆစ်ပိတ်တစ်လုံးကိုခုတ်ယူကာ ဓားမြှောင်တို့နှင့်တစ်တောင်သာသာခန့်ခုတ်ဖြတ်လိုက်ပြီး ထိပ်ဖျားကိုချွန်မြနေအောင် တစောင်းဖြတ်ချလိုက်ပါ၏။ အရေးအကြောင်းရှိလျှင် တိုက်ခိုက်ရန်နှင့် အဝေးပစ်လက်နက်အဖြစ်သုံးရန် ရည်ရွယ်ထားခြင်းမျှသာဖြစ်သည်။

နံနက်ခင်းနေလုံးက တစ်စတစ်စမြင့်တက်လာသည်နှင့် ပိတ်ဆိုင်းနေကြသည့် နှင်းထွေးနှင်းခဲများမှာ ပျော်ဆင်းကျစပြုလာခဲ့ပါ၏။ တောင်စောင်း တောင်ခါးပန်းတို့မှဝှေ့ကာဝိုက်ကာတိုက်ခတ်လာသော လေရူးက နှင်းရည်နှင်းစက်တို့ကို လွင့်စဉ်ကွဲကြေသွားစေသဖြင့် မြင်ကွင်းကိုရှင်းရှင်းလင်းလင်းတွေ့မြင်လာရသည်။ နေမြင့်လာသည်နှင့်အမျှ မင်းမောင်၏ ဝမ်းကတကြုပ်ကြုပ်ဖြင့်ဆာလောင်လာပါ၏။ မင်းမောင်၏မျက်စိအစုံက ဝမ်းဗိုက်ကိုဖြည့်တင်းရန် သားကောင်ငယ်အချို့ကိုသွားရင်း လာ



ရင်းရှာဖွေနေမိသည်။

ထိုစဉ် . . . ကျောက်ဆောင်စွန်တစ်ခုပေါ်တွင် နေပူစာလှုံနေသည်လား၊ အိပ်မောကျနေသည်လားမသိနိုင်သည့် အတန်ငယ်ကြီးမားလှသော ဖွတ်ကြီးတစ်ကောင်ကို မင်းမောင်ရုတ်တရက်တွေ့ရှိလိုက်ရပါသည်။

"ဟာ . . . ဟိုမှာ ဖွတ်ကြီးတစ်ကောင်ပါလား၊ အတော်ပဲ . . . ဝမ်းဟာနေတာနဲ့၊ ဒီကောင်ဟာ ငါ့အတွက် နံနက်စာဖြစ်ရမယ်"

နေစာလှုံနေသည့် ကျောက်ဆောင်ထက်မှ ဖွတ်ကြီးရှိရာသို့အနီးဆုံးအထိတိုးဝင်လာပြီး လက်ထဲမှဝါးချွန်နှင့် လှမ်း၍ပစ်လိုက်သည်။

'ဂုစ် . . ရှမ်း . . ဖရော'

ဝါးချွန်က ဖွတ်ကြီးကိုထိသွားသော်လည်း ရုပ်၍ထိသွားပုံရသည်။ ကျောက်ဆောင်ထက်မှ ဖွတ်ကြီးမှာ ဝါးချွန်ဒဏ်ကြောင့် သိမ့်ဆင်းကျသွားသော်လည်း ချက်ချင်းပင် ချောင်းကမ်းစပ်ရှိ မြက်ရိုင်းတောကြီးထဲသို့ ပြေးဝင်သွားပါလေတော့သည်။

"ဟာ . . . ထိချက်မမှန်ဘူးထင်တယ် . . . ဟို . . . မြက်ရိုင်းတောကြီးထဲကိုပြေးဝင်သွားပြီ"

မင်းမောင် ချက်ချင်းပင်ချောင်းကမ်းစပ်ရှိ မြက်ရိုင်းတောကြီးထဲသို့ သွက်လက်စွာပြေးဝင်လာခဲ့သည်။ ဖွတ်ကြီးတိုးဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



ရာ မြက်ရိုင်းတောတစ်လျှောက်သွေးစက်များနှင့်စွတ်ကြောင်းရှ
ကြီးက အထင်းသား။

သိပ်ကြာကြာမရှာလိုက်ရ . . . ချောင်းစပ်ကျောက်တုံး
ကွယ်တွင် သွေးစက်လက်နှင့်ဖွတ်ကြီးကိုတွေ့မြင်လိုက်ရသဖြ
မင်းမောင် ခါးကြားမှဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။

'ချွတ် . . ဖျောက်'

ထိုစဉ် . . . မင်းမောင်၏အကြားအာရုံတွင် သဘာ
ဟုတ်သော သစ်ကိုင်းကျိုးသံတစ်ခုကိုကြားလိုက်ရသဖြင့် ရုတ်
ရက်အပေါ်သို့မော့ကြည့်လိုက်သည်။ အနည်းငယ်လှုပ်ယမ်းသွ
သော သစ်ရွက်သစ်ခက်များကြားမှ အနက်ရောက်အစက်
ပြောက်တချို့ကို ဖျတ်ခနဲမြင်တွေ့လိုက်ရပါ၏။

"ဟာင်"

လှုပ်ရှားသွားသောအာရုံနှင့်အတူ မည်သည့်အချိန်
တည်းက ချောင်းမြောင်းနေသည်မသိသော ကျားသစ်ပေါက်တ
ကောင်က မင်းမောင်မြင်ကွင်းမှပျောက်ကွယ်သွားပါလေ၏။

"အင်း . . . ကျားသစ်ပေါက်တစ်ကောင်ပါလား . . .
ကန္တတ . . . သွေးညှီနံ့ရလို့ဒီကောင်ကြီးချောင်းနေတာပဲဖြစ်မယ်"

အတွေးနှင့်အတူ မင်းမောင်၏လက်က ဖျတ်ခနဲ လှု
ရှားလိုက်သည်နှင့် သံမဏိရောင်အလင်းတန်းတစ်ချက်က နေ
ရောင်တွင် လက်ခနဲဖြစ်သွားသည်။



'ဝုစ် . . ရှစ်'

'ဒုတ်'

'ဝေါ . . ဖရော . . ဖရော'

ချောင်းစပ်ရှိကျောက်ဆောင်နှစ်ခုကြားသို့ တိုးဝင်နေသည့်ဖွတ်ကြီးမှာ ဓားမြှောင်တန်းလန်းနှင့် သုံးလေးပတ်ခန့် လိမ့်ဆင်းသွားကာ ငြိမ်သက်သွားပါလေတော့သည်။ မင်းမောင်မှာဖွတ်သေကောင်ကြီးရှိရာချောင်းစပ်သို့ ခပ်သွက်သွက်ဆင်းသွားပါ၏။ လည်ပင်းနှင့်ကျောကုန်းအစပ်တွင် ဓားမြှောင်တစ်ဆုံးနီးပါးစိုက်ဝင်နေသည့် ဖွတ်သေကြီးကို ချောင်းစပ်သို့ဆွဲယူလာခဲ့သည်။

"အင်း . . . လောလောဆယ် ဖွတ်သားကင်စားလို့မဖြစ်သေးဘူး ဟို . . . ကျားသစ်ကောင်ရဲ့အန္တရာယ်က ရှိသေးတယ်၊ ငါ့မှာက လက်နက်ဆိုလို့ ဒီဓားမြှောင်တစ်ချောင်းပဲရှိတာ . . . ဒီတောအုပ်လျှိုကြီးထဲက အမြန်ဆုံးဖောက်ထွက်နိုင်မှ ဖြစ်မယ်"

ထို့နောက် . . . ဖွတ်သေကြီးကိုယ်မှ ဓားမြှောင်ကိုဆွဲနုတ်ယူကာ သွေးစက်များပေကျံနေသည့် သူ၏လက်အစုံနှင့် ဓားမြှောင်ကို ချောင်းရေတွင် ဆေးကြောသန့်စင်နေပါ၏။ ဓားမြှောင်ကိုရေဆေးနေစဉ်မှာပင် စောစောပိုင်းကချောင်းမြောင်းနေသည့် ကျားသစ်ပေါက်ကောင်ကို သတိရလိုက်မိသဖြင့် နောက်ကျော မလုံစွာ လှည့်ကြည့်လိုက်သည်တွင် . . .

"ဟာင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အားသေနတ်ဖြင့် အပိုင်ချိန်ရွယ်ထားသည့်မိန်းမပျို တစ်ယောက်ကို ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် မင်းမောင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားပင်ဖြစ်သွားပါလေ၏ ဟုတ်သည် ...။ အင်္ဂလိပ်စစ်ယူနီဖောင်းဝတ်စုံနှင့်ကျည်ခါးပတ် ကြီးတစ်ခုကိုလွယ်ကာ ရွှေရောင်ဆံပင်များ တဖျတ်ဖျတ်လွင့်ဝဲနေ သည့် ချောမောလှပသော မျက်နှာဖြူဗိုလ်မလေးတစ်ယောက်ကို သေနတ်ကြီးတစ်လက်နှင့်အတူ တွေ့မြင်လိုက်ရခြင်းကြောင့်ပါ တည်း ...။

“မင်း ... မင်း ... မင်း ဘယ်သူလဲ၊ ငါ့ကို ဘာဖြစ်လို့ သေနတ်ကြီးနဲ့ချိန်ထားရတာလဲ”

မင်းမောင်က သူ၏လက်ထဲမှ ရေဆေးသုတ်သင်ဆဲ မားမြှောင်ကိုင်လက်ကို နောက်သို့မသိမသာဝှက်ကာ မေးလိုက်ပါ ၏။

“NO ... NO ... NO ... ယူ ဘယ်သူလဲ၊ ဒီတော ကြီးထဲကို ဘာလာလုပ်တာလဲ၊ ယူက တော်လှန်ရေးသမားလား”

မျက်လုံးပြာပြာနှင့်ဘိုမလေး၏ အောရှရှအသံလေးက နားထောင်၍ပင်ကောင်းသေးသည်ထင့် ...။ သို့သော် များပြား လှသောမေးခွန်းများကို ဖယ်ဆက်သလိုမေးနေသဖြင့် မင်းမောင် ... ပခုံးတစ်ချက်ပင် တွန့်လိုက်မိသည်။

“ဟင်း ဟင်း ... မင်းမေးတဲ့ မေးခွန်းတွေကလည်း



များလှချည်လား၊ မင်းကရော မိန်းကလေးတန်မဲ့ ဒီလောက် အန္တရာယ်များတဲ့တောကြီးထဲကို ဘာလာလုပ်တာလဲ ... ဟင်”

“NO ... ရှပ်တ်အပ် ... ဟယ်လင်မေးတာကိုပဲ ဖြေ ပါ”

ရွှေရောင်ဆံပင်နှင့်ဘိုမလေးက ဒီတစ်ကြိမ်တော့ စိတ် ဆိုးဖြတ်လိုက်ဟန်တူသည်။ သူ၏လက်ထဲမှ ရိုင်ဖယ်သေနတ် ပြောင်းဝကို မင်းမောင်၏ရင်အုံတည့်တည့်သို့ တန်းနေအောင် ချိန်ရွယ်ထားလိုက်သည်။

မင်းမောင်သက်ပြင်းယဲ့ယဲ့ကိုချလိုက်ကာ ဘိုမလေးမေး သည့်မေးခွန်းများကိုသာဖြေဆိုရင်း အခြေအနေကိုစောင့်ကြည့် ရန် ဆုံးဖြတ်လိုက်ပါ၏။

“ငါ့နာမည် မင်းမောင် ... တဲ့၊ ဟောဒီဖွန်ဂမ်တောင် ခြေကို အမဲလိုက်ဖို့ရောက်လာတာ၊ အေး ... တိတိကျကျ ပြော ရရင်တော့ ငါဟာ မုဆိုးတစ်ယောက်ပဲ၊ ကဲ ... ကျေနပ်ပြီလား”

ထိုစဉ်မှာပင် မင်းမောင်၏ စူးရဲသောမျက်လုံးအစုံက ရွှေရောင်ဆံပင်နှင့်ဘိုမလေး၏နောက်ဘက်ရှိ သစ်ပင်ပေါ်မှ ကြီး မားလှသော အန္တရာယ်တစ်ခုကို ရုတ်တရက်တွေ့မြင်လိုက်ရသ ဖြင့် သူ၏နောက်တွင်ဝှက်ကွယ်ထားသည့် မားမြှောင်ကိုင်လက်ကို လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်။

‘ဝှစ် .. ရွှစ်’

www.burmeseclassic.com

www.burmeseclassic.com



နေရောင်တွင်လက်ခနဲလင်းသွားသည့် သံမဏိရောင်အလင်းတန်းတစ်ခုက သူမထံသို့ တည့်မတ်စွာပြေးဝင်လာသဖြင့် မင်းမောင်ထံသို့ အချိန်မီသေနတ်မောင်းခလုတ်ကို ဖြုတ်လိုက်သည်။

'ဒိန်း'

'ဂါး ..ဂရား'

'ဖျော ..ဖရော ..ဖရော ..ဘုန်း'

''အ''

ဘိုမလေးပစ်လိုက်သောကျည်ဆန်က ... မင်းမောင်၏ ဘယ်ဘက်လက်မောင်းကို ရှပ်ထိသွားသဖြင့် သွေးများဖြာခနဲ ထွက်ကာ မင်းမောင် ... နောက်သို့လန်ကျသွားသည်။ တစ်ချိန်တည်းမှာပင် သူမ၏နောက်ဘက်မှ တိရစ္ဆာန်တစ်ကောင်၏ နာကျင်စွာဟစ်အော်သံကြီးနှင့်အတူ ဘုန်းခနဲ မြေပြင်ထက်သို့ပြုတ်ကျလွင့်စဉ်လာသောအသံကြီးကြောင့် လန့်ဖျပ်ကာ ဟယ်လင် နောက်သို့လှည့်ကြည့်လိုက်မိသည်။

''အို ...ဂေါ့ ...ကျား ...ကျားသစ်ကြီး''

ဟုတ်သည် ... သူမ၏နောက်ဘက်ရှိသစ်ပင်ထက်မှ ဓားမြှောင်တန်းလန်းနှင့်ပြုတ်ကျလာသော ကျားသစ်ကြီးက သေအံ့မူးမူးဝေဒနာကြီးနှင့် ရုန်းကန်အော်ဟစ်ရင်း နောက်ဆုံး ငြိမ်သက်သွားပါလေတော့သည်။



စင်စစ် ... မင်းမောင်ဆိုသည့် လူညိုချောမှုဆိုးလေး ပစ်လွှတ်လိုက်သောဓားမြှောင်မှာ သူမထံသို့မဟုတ်ဘဲ နောက်ကွယ်မှချောင်းမြောင်းနေသည့် ကျားသစ်ကြီးကိုသာ ပစ်ခတ်လိုက်သည်ဖြစ်ကြောင်း ဟယ်လင် ... နောက်ကျစွာသိရှိလိုက်ရပါလေ၏။ ယခုတော့ သူ ... အဆင်အခြင်ကင်းမဲ့စွာ ပစ်ခတ်လိုက်သော လူညိုချောမှုဆိုးလေးခမျာ သေသလား, ရှင်သလား ... ပင် မသိနိုင်ပါလေတော့ ...။

''အိုး ... ဂေါ့ ... ဘုရားသခင် ... ကယ်တင်ပေးပါ''

အဖြစ်အပျက်ကိုသိရှိနားလည်သွားပြီဖြစ်သော ဟယ်လင်မှာ ... သူ၏လက်ထဲမှ လူသတ်လက်နက်ကြီး ရှုံမုန်းစွာကြည့်လိုက်ရင်း လွှင့်ပစ်လိုက်ပါ၏။ ထို့နောက် ချောင်းစပ်တွင်လဲကျသွားသည့် သူမ၏အသက်သခင် ... လူညိုချောရှိရာသို့ ပြေးဝင်သွားပါတော့သည်။

''OH ...NO ...NO ...ယူ့ ...ယူ့ကို အထင်မှားပြီးပစ် ...ပစ်မိတာပါ၊ ခွင့် ...ခွင့်လွှတ်ပါ၊ ဟယ်လင် ...ဟယ်လင်လေ ယူ ...ကျေးနပ်ခွင့်လွှတ်တဲ့အထိ တောင်း ...တောင်းပန်ပါတယ် ...နော် ...နော်''

ဘယ်ဘက်လက်မောင်းမှသေနတ်ဒဏ်ရာကိုဆုပ်ကိုင်ရင်း မင်းမောင်လဲကျနေရာမှ အားယူ၍ထလာစဉ် ဟယ်လင်ဆိုသည့် ဘိုမလေးကပြေးဝင်လာပြီး ဖေးမဆွဲထူကာ ...တတွတ်တွတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တောင်းပန်ပြောဆိုနေပါလေ၏။

ထိုအချိန်တွင် . . . ရုတ်တရက် တဝေါဝေါနှင့်တောတိုး သံများကို ချောင်းငယ်လေးတစ်ဖက်ဆီမှ ကြားလိုက်ရသဖြင့် မင်းမောင်မှာ သူ့အားဆွဲကိုင်ထားသည့်ဘိုမလေး၏ ခန္ဓာကိုယ် လေးကို ဆွဲယူဖက်လိုက်ပြီး အနီးရှိ ကညင်ပင်နောက်သို့ လျှင်မြန် စွာပင် ပြေးဝင်ပုန်းခိုလိုက်သည်။

"အိုး . . ယူ . . ယူ . . ဒါ . . ဒါ . . ဘာလုပ်တာလဲ"

မင်းမောင်၏အပြုအမူကြောင့် ထိတ်လန့်တုန်လှုပ်သွား သည့်ဟယ်လင်မှာ . . . မင်းမောင်၏ရင်ခွင်တွင်းမှ ရုန်းထွက်ရန် ကြိုးစားနေသဖြင့် . . .

"ရှူး . . . ငြိမ်ငြိမ်နေစမ်း . . . အသံလုံးဝမထွက်စေနဲ့"

ဘုမသိဘမသိနှင့် ရုန်းကန်အော်ဟစ်နေသည့် ဘိုမလေး အား . . . အသံမထွက်ရန်နှင့် ငြိမ်ငြိမ်နေရန်သတိပေးလိုက်ပြီး နှစ်ယောက်သား ကညင်ပင်ကြီးနောက်တွင် ပြားနေအောင်ကပ် နေကြပါတော့သည်။

'ဝေါ . . ဖရော . . ဖျော . . ဝေါ'

တဝေါဝေါ တဖျောဖျော . . . နှင့်တောတိုးသံကြီးမှာ တဖြည်းဖြည်းနှင့်နီးကပ်လာလာနေသဖြင့် မင်းမောင်မှာ ဟယ် လင်၏ခန္ဓာကိုယ်လေးကို ကညင်ပင်ကြီးတွင် ပြားနေအောင် ဖိကပ်ထားလိုက်ရင်း သစ်ပင်ကွယ်မှနေ၍ အသံများထွက်ပေါ်လာ



ရာ တောစပ်ဆီသို့ ချောင်းမြောင်း၍ကြည့်လိုက်သည်။

'ဂူး . . ဘဲ . . ဘူး'

'ဝေါ . . ဖရော . . ဖျော . . ဖရော'

မကြာမီမြက်ရိုင်းပင်များကြားမှ တဖျောဖျောနှင့်မည်း နည်းသတ္တဝါကြီးတစ်ကောင် ဝေါခနဲတိုးထွက်လာပြီး . . . သူတို့ နှစ်ယောက်ပုန်းခိုနေသည့် ကညင်ပင်ကြီးအနီးမှဖြတ်ကာ တောင် ကြောလျှိုကြီးထဲသို့ ပြေးဝင်သွားသည်ကိုတွေ့မြင်လိုက်ရပါလေ၏။ အတန်ကြာမျှ နေရာတွင်ပင် ငြိမ်သက်နေပြီးမှ . . . မင်းမောင် တစ်ယောက် သက်ပြင်းမောကြီးတစ်ခုကိုချကာ သူ၏ရင်ခွင် အောက်မှ တဆတ်ဆတ်တုန်လှုပ်နေသည့် ဘိုမလေးကို အသာ အယာ လွှတ်ပေးလိုက်ပါသည်။

"ဟူး . . . သင်းကွဲပြောင်ကြီးတစ်ကောင်ပဲ၊ တော်သေး တယ် . . . ကညင်ပင်နောက်မှာ အချိန်မီပုန်းခိုနိုင်တာရယ်, ငါတို့ ဟာ လေအောက်ကိုရောက်နေတာရယ်ကြောင့်သာပေါ့၊ နို့မို့ဆိုရင် ခက်မယ်ဘူး၊ တောတောင်ထဲမှာ ဒီလို သင်းကွဲသတ္တဝါတွေကို တွေ့ရင် ပုန်းရှောင်လိုက်တာအကောင်းဆုံးပဲ မိန်းကလေး"

ဟယ်လင်ကတော့ ကညင်ပင်ကြီးကိုမှီကာ မျက်လွှာချ ထားကာငြိမ်သက်နေဆဲ . . .။ စောစောကဖြစ်ပျက်ခဲ့သော စိတ် လှုပ်ရှားဖွယ်ဖြစ်ရပ်ကြောင့် ယခုအချိန်ထိ ရင်ခုန်မိန်းမူးနေဟန် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို တောထဲတောင်ထဲမှာ သတိတစ်ချက်လွတ်သွာ
တာနဲ့ ကိုယ့်ရဲ့အသက်ကို အလျော်ပေးလိုက်ရမှာပဲ၊ ဒါ့ထ
နေစမ်းပါဦး ... မင်းကဘယ်သူလဲ၊ ဘယ်လိုတွေဖြစ်ပြီး
လောက်အန္တရာယ်များလှတဲ့ တောကြီးမျက်မည်းထဲမှာ တ
ယောက်တည်းရောက်နေရတာလဲ .. ပြောစမ်းပါဦး မိန်းကလေး

မျက်လုံးပြာနှင့်ဘိုမလေးဟယ်လင်ကတော့ ယခုအချိ
ထိတိုင် စကားတစ်ခွန်းမှမဟသေးပါ ...။ သူမကြောင့်ဒဏ်ရ
ရသွားသည့် မင်းမောင်ကိုမော့ကြည့်ကာ သူမ၏လည်ပင်းမှလည
စည်းပဝါစလေးကိုဖြုတ်ယူလိုက်သည်။ ပြီးလျှင် မင်းမောင်
ဘယ်ဘက်လက်မောင်းမှ သေနတ်ဒဏ်ရာကိုသွေးတိတ်သွား
ရန် ခပ်တင်းတင်းစည်းနှောင်ပေးနေရာမှ ... အင့်ခနဲ တစ်ချ
မျှ ရှိုက်ငင်ကာ မျက်ရည်များစီးကျလာခဲ့ပါတော့သည်။

"အင့် ... ဟင့် ... အဟင့်"

"မငိုပါနဲ့ ဘိုမလေးရယ် ... ငါဟာ ဟောဒီမြန်မာနိုင
ထဲက တိုင်းရင်းသားတစ်ယောက်ပါ၊ ငါ့နာမည် မင်းမောင်ဆိုတ
မင်းကိုပြောပြီးပြီထင်တယ်၊ ဒီအချိန်မှာ မင်းဖြစ်ပျက်ခဲ့သမျှတွေ
ငါ့ကို ယုံယုံကြည်ကြည်နဲ့ပြောပြဖို့လို့ အချိန်ရောက်ပြီလို့ထင်တယ
ဒါမှ မင်းကို အကူအညီပေးလို့ရမှာပေါ့ ... မဟုတ်ဘူးလား"

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် မင်း ... မင
မောင်ရယ်၊ ဟယ်လင့်ရဲ့အဖြစ်ဟာ စာစောကတွေ့ခဲ့ရတဲ့ သင



တွဲပြောင်ကြီးလိုပဲ လောကအလယ်မှာ တစ်ယောက်တည်းကျန်
ရစ်ခဲ့တဲ့သူမို့ပါ ... အဟင့် ဟင့် .. ဟယ်လင်ငယ်ငယ်ကတည်း
က ဟယ်လင့်ရဲ့မာမီဟာ ကွယ်လွန်သွားခဲ့ရတယ် မင်းမောင်"

မင်းမောင်မှာ ဟယ်လင်၏လက်ကလေးကို ကြင်နာ
ဖေးမစွာ ဆုပ်ကိုင်ရင်း ... ကညင်ပင်ကြီး၏ သစ်မြစ်ဆုံတစ်ခု
ပေါ်တွင် ထိုင်စေလိုက်ပါ၏။ ထို့နောက် သူကိုယ်တိုင် ဘိုမလေး
နှင့်မနီးမဝေးတွင် ထိုင်ချလိုက်ပြီး တောကြီးမျက်မည်းထဲတွင်
ထူးခြားဆန်းကြယ်စွာဆုံတွေ့ခဲ့ရသည့် ချောမောလှပသော ဘိုမ
လေး ... ဟယ်လင်၏ဖြစ်ကြောင်းကုန်စင်ကို နားထောင်နေပါ
တော့သည်။

"အဲ့ဒီနောက်တော့ ... ဟောဒီမြန်မာပြည်စစ်မြေပြင်
ကို ဆယ်နှစ်သမီးအရွယ်လောက်ကတည်းက ဒယ်ဒီနဲ့အတူ
ရောက်လာခဲ့တယ်၊ အဖေတစ်ခု သမီးတစ်ခုဘဝနဲ့မို့ ဒယ်ဒီ
တာဝန်ကျရာ စစ်နယ်မြေတွေမှာလိုက်ပါရင်း ... မြန်မာပြည်ထဲ
မှာပဲ ဟယ်လင်ရဲ့ဘဝကို စခဲ့ရတာပါ၊ နောက် အရှေ့တောင်
အာရှမှာ ဥရောပတိုက်စစ်မီးကြီး ကူးစက်လာတာနဲ့အမျှ ဒယ်ဒီတို့
ရဲ့အင်္ဂလိပ်စစ်တပ်ဟာ ရင်တထိတ်ထိတ်နဲ့ စစ်ရဲ့တပ်လှန့်သံကို
နားစွင့်ခဲ့ရတယ်လေ၊ အင်း ... မကြာပါဘူး ... ရန်ကုန်မြို့ကို
ဂျပန်တွေဗုံးကြဲတိုက်ခိုက်ရာကစပြီး ဒယ်ဒီတို့စစ်တပ်ဟာ တဖြုတ်
တည်းဆုတ်ခွာခဲ့ကြရာကနေ နောက်ဆုံး ဟယ်လင်တို့ရဲ့အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းကြီးဟာ အခြေအနေမကောင်းတာကြောင့် အင်ဖာစစ်ကြောင်းကတစ်ဆင့် အင်္ဂလန်ကိုပြန်ဖို့စီစဉ်ခဲ့ကြတယ် မင်းမောင်၊

ဒါပေမဲ့ ... ဟယ်လင်တို့ကုသိုလ်ကံက ဆိုးပါတယ်လေ၊ နမ့်ဟူဆိုတဲ့ရွာကလေးမှာ လေးရက်လောက်ပုန်းခိုနေခဲ့ပြီး နမ့်ဟူရွာကအထွက် မကြာခင်မှာပဲ ... ဂျပန်လေယာဉ်တွေနဲ့ တွေ့ပြီး တိုက်ပွဲအကြီးအကျယ်ဖြစ်ခဲ့တယ် မင်းမောင်၊ အဲ ... အဲဒီတိုက်ပွဲမှာ ဟယ်လင့်ရဲ့ဒယ်ဒီ ကျဆုံးသွားခဲ့ရတယ်လေ ... အဟင့် ဟင့် ... အ ... အခုတော့ ဟယ်လင့်မှာ အားကိုးစရာမရှိတော့ဘဲ တစ်ယောက်တည်း ယောင်လည်လည်ကျန်ရစ်ခဲ့ပြီပေါ့ ... အဟင့် ဟင့် ... ဒယ် ... ဒယ်ဒီမသေဘဲ ဟယ်လင်သေသွားခဲ့ရင်ကောင်းမယ် ... ယူ ... ရယ် ... အဟင့် ဟင့်''

ဟယ်လင့်၏အဖြစ်ဆိုးကို နားထောင်ရင်းမှ ... မင်းမောင်ရင်ထဲတွင် စူးစူးနင့်နင့်ခံစားလိုက်ရသည်။ စစ်၏အနိဋ္ဌာရုံရလဒ်ဆိုးကြီးကြောင့် နိဂုံးမလှ ... ဘဝတစ်ပိုင်းတစ်စနှင့် လမ်းစပျောက်နေရှာသည့် ဘိုမလေး ... ဟယ်လင့်ကိုကြည့်ကာ မင်းမောင်တစ်ယောက် ရှေ့ဆက်၍ဘာလုပ်ရမည်မသိပင် ဖြစ်သွားပါလေ၏။ သို့သော် ... သူ၏ရှေ့တွင်ကြုံတွေ့နေရသည့် မိန်းမသားတစ်ဦးဖြစ်သော ဟယ်လင်ကိုမူ တတ်နိုင်သမျှဖေးမကူညီပေးရမည်မှာ ယောကျ်ားကောင်းတစ်ဦး၏ တာဝန်ပင်မဟုတ်ပါလား။



''အိုး ... ဘာဖြစ်လို့ ဘဝကိုအရှုံးပေးအညံ့ခံရမှာလဲ ဟယ်လင်ရယ် ... ကိုယ့်အသက်ရှင်သန်နေသရွေ့ မျှော်လင့်ချက်ဆိုတာရှိနေတာပဲလေ၊ ငါတို့မြန်မာစကားပုံထဲကလို အသက်ရှင်ရာမနေရပေမယ့် အမှုတစ်ရာတွေ့ရ ... ဆိုသလို ဘဝမှာကြုံတွေ့လာခဲ့ရတဲ့ အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်မှ ခိုင်မြဲတဲ့လူ ... ရဲရင့်တဲ့လူ' လို့ပြောကြဘယ်၊ လူဆိုတာ သေမျိုးချည်းပဲလို့ဆိုပေမယ့် ကိုယ်သေချင်တိုင်းလည်း သေလို့မှ မရဘဲ ဟယ်လင် ...၊

မင်းတို့ယုံကြည်လက်ခံထားကြသလိုပြောရရင်တော့ 'ဘုရားသခင်ရဲ့ အလိုတော်အတိုင်း' ပဲပေါ့၊ ကဲ ... ဒါတွေ ထားပါလေ ... အခုလောလောဆယ် မင်းကိုငါ ဘာအကူအညီပေးရမလဲ ... ပြော၊ မင်း သိပ်ရောက်ချင်လှတဲ့ ... ဟိုး ... အင်ဖာစစ်မြေပြင်အထိ ငါလိုက်ပို့ပေးရမလား ... ဟယ်လင်''

ဟယ်လင်၏မျက်လုံးပြာလှလှလေးများက မြန်မာတိုင်းရင်းသား ညိုချော ... မင်းမောင်၏နှုတ်ဖျားမှထွက်ကျလာသော စကားလုံးများကို မယုံကြည်နိုင်သည့်အလား ... အံ့အားသင့်လျက် မင်းမောင်၏မျက်နှာကိုသာ ငေးမောကြည့်နေပါ၏။

''အိုး ... ဟယ် ... ဟယ်လင့်ကို ယူက အင်ဖာအထိ လိုက်ပို့ပေးမယ် ... ဟုတ်လား''

''ဟုတ်တယ်လေ ... ဘာလဲ ... ငါ့ကိုမယုံဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



''OH ...NO ...NO ...မဟုတ်ပါဘူး၊ ဟို ...ဖ
ဟယ်လင်တို့ရဲ့ဒယ်ဒီနဲ့ ဗြိတိသျှစစ်သားတွေက ယူတို့မြန်မာပြ
ကို အနိုင်ကျင့်ဗိုလ်ကျပြီး နယ်ချဲ့စိုးမိုးထားတာဆိုတော့ ...ဖ
...ဟို''

ဟယ်လင်စကားလုံးရွေးချယ်နေစဉ်မှာပင် မင်းမောင်က
ဟယ်လင်၏ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်သဘောပေါက်သွား
သဖြင့် ကြားဖြတ်ပင်ဝင်ရောက်ပြောဆိုရှင်းပြလိုက်သည်။

''ဒီမှာ ဟယ်လင် ...ငါတို့ရှုမှန်းရမှာက စစ်ဆိုတဲ့
အနိဋ္ဌာရုံကိုပဲ၊ စစ်ဆိုရင် ဘယ်လိုစစ်မျိုးမှ မကောင်းဘူး၊ စ
ဖြစ်ရင် လူတွေသေကျေပျက်စီးကြတယ်၊ မိသားစုတွေ ဒု
ရောက်ကြတယ်၊ လူမမယ်ကလေးတွေရဲ့အနာဂတ်တွေ ပျော
ဆုံးကြတယ်၊ ဒါကြောင့် ငါတို့အားလုံးဟာ စစ်ဆိုတဲ့ အနိဋ္ဌာ
ကပ်ဆိုးကြီးကိုသာ မုန်းတီးကြရမှာ၊ တားဆီးဟန့်တားကြရမ
...လူလူချင်းမုန်းတီးစရာမလိုဘူး ဟယ်လင် ...၊

နောက်ပြီး ငါတို့ဟာ ...ဗုဒ္ဓဘာသာလူမျိုးတွေပ
မြင့်မြတ်အေးငြိမ်းတဲ့ ဘာသာတရားရှိတယ်၊ အေးချမ်းတဲ့ မေတ္တာ
တရားရှိတယ်၊ ဖြူစင်ရိုးသားတဲ့ စေတနာရှိတယ်၊ သူတစ်ပါးက
ကူညီချင်တဲ့စိတ်ရှိကြတယ်၊ ဒီနေရာမှာ ...သူကတော့ အင်္ဂလိ
မို့လို့၊ သူကတော့ ဂျပန်ဖြစ်နေလို့၊ တရုတ်လူမျိုးခြားဖြစ်နေလို့
ဆိုပြီး ကိုယ့်မျက်စိအောက်မှာ အတိဒုက္ခရောက်နေကြတဲ့ သူတွေ



ကို မျက်နှာလွှဲ၊ ဥပေက္ခာပြုသွားကြတဲ့ လူစားတွေထဲမှာ ငါတို့
...မြန်မာတိုင်းရင်းသားတွေမပါကြပါဘူး ဟယ်လင်''

''ဩော် ...မင်းမောင် ...ရယ်''

ဟယ်လင်ခမျာ ...တောပျော်မုဆိုးလေးမင်းမောင်၏
မြင့်မြတ်ရိုးသားသော သစ္စာစကားများကိုနားထောင်ရင်းမှ အား
ငယ်စိတ်များပျောက်ကွယ်သွားပြီး မျက်ရည်များလည်းခန်းခြောက်
သွားပါတော့သည်။

''ကိုင်း ...အချိန်ရှိတုန်း နားခိုစရာတစ်ခုခုရှာပြီး ဟော
ဒီဖွတ်ကြီးနဲ့ ဝမ်းမီးကိုငြိမ်းကြဦးစို့ ဟယ်လင် ...တော်ကြာ
ညနေစောင်းဘက်ကူးသွားရင် ဒီထက်ပိုပြီး အေးလာလိမ့်မယ်၊
နောက်နေ့မနက်ကျမှ တစ်ခုခုစီစဉ်ကြတာပေါ့''

ဟယ်လင်မှာ စိတ်ရင်းစေတနာဖြူစင်သလောက် ရိုး
သားရဲရင့်သည့် လူညိုချော ...မုဆိုးလေးမင်းမောင်၏ လက်
မောင်းကို မသိစိတ်နှင့် အားကိုးတကြီးဖက်တွယ်မိလိုက်စဉ်မှာပင်
ဟယ်လင်၏ရင်တစ်ခုလုံး လုံခြုံနွေးထွေးသွားလေသည်သို့ ...။

ဖွန်ဂန်တောင်စောင်းခုလတ်မှာတော့ ညနေဘက်သို့ကူး
ပြောင်းလာစပြုပြီမို့ တဖွဲဖွဲကျဆင်းနေသောနှင်းမှုန်၊ နှင်းခဲလေး
များက သိပ်သည်းစွာပိတ်ဆင်းလာခဲ့ပါချေပြီကော။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

## ◈ မျဉ်းပြိုင်နှစ်ကြောင်း၏...ပဋိပက္ခသံယောဇဉ် ◈

မိုးစုံးစုံးချုပ်သွားပြီမို့ ဖွန်ဂန်တောင်ကြီးတစ်ခုလုံး အနက်ရောင်အမှောင်ကဗ္ဗလာခြုံလွှာအောက်တွင် နစ်မြုပ်ပျော်ဝင်လျက်ရှိသည်။ ပုစဉ်းရင်ကွဲအော်သံနှင့် ပိုးကောင်မွှားကောင်များ၏ တစီစီတကျည်ကျည်အော်မြည်သံများက ဟိုမှသည်မှ ကြားလာရသည်။ ထို့အတူ သိပ်သည်းအုံ့ဆိုင်းစွာကျလာသည့် နှင်းခဲနှင်းထွေးများကလည်း တောင်စောင်းတောင်ခါးပန်းတစ်လျှောက် ဖွေးဖွေးလှုပ်နေပါလေ၏။

လဆုပ်ပက္ခဖြစ်သဖြင့် နှင်းမြူဆိုင်းနေသည့် ညဉ့်ကောင်းကင်ထက်တွင် လပျောက်လျက်ရှိသည်။ တောင်တစ်လုံးကျော်မှ ကျားသံသဲ့သဲ့ကိုကြားနေရသည်။ သားကောင်ငယ်လေး



များ၏ ချိုတိုးသံ၊ သားစားညဉ့်ငှက်များ၏ တဂီးဂီးအော်မြည်သံတို့ကသာ ဖွန်ဂန်တောင်၏ညဉ့်အမှောင်ကိုကြီးစိုးမင်းမူနေကြသည်သို့ . . .။

ဖွန်ဂန်တောင်စောင်းထက်ရှိ ကျောက်ဂူငယ်တစ်ခုအတွင်းမှာတော့ မီးဖိုတစ်ခုက တဖျစ်ဖျစ်မြည်ကာ တောက်လောင်လျက်ရှိသည်။ ထိုကျောက်ဂူငယ်အတွင်း၀ယ် မင်းမောင်နှင့် သိုမလေးဟယ်လင်တို့က တစ်ညဉ့်တာအတွက်ခိုနားလျက်ရှိကြ၏။ သို့သော် . . . လက်ရှိပစ္စက္ခအချိန်မှာတော့ ဟယ်လင်တစ်ယောက် တဟီးဟီးနှင့်လူမှန်း သူမှန်းမသိအောင် အဖျားတက်နေပါသည်။

“အဟင်း . . ဟီး . . ဟီး . . ဟောင်း . . ဟင်း . . ဟင်း”

ကျောထဲမှ စိမ့်ခနဲ . . . စိမ့်ခနဲတက်လာသည့် ချမ်းစိမ့်မှုအောက်မှ ခြစ်ခြစ်တောက်ပူပြင်းနေသည့် ခန္ဓာကိုယ်လေးက အေးခနဲဖြစ်သွားလိုက်၊ နွေးခနဲဖြစ်သွားလိုက်နှင့် ခန္ဓာကိုယ်တစ်ခုလုံးနာကျင်ကိုက်ခဲမှုများကြောင့် ဟယ်လင်ခမျာ တဟင်းဟင်းနှင့် ညည်းညူနေမိသည်။

မင်းမောင်မှာ ချက်ချင်းလက်ငင်းဆိုသလိုပင် သွေးမသော်သားမစပ် မိန်းမချောလေးတစ်ဦးနှင့် ပူပူနွေးနွေးထိတွေ့ခွင့်ရခဲ့သဖြင့် တဖိန်းဖိန်းတရှိန်းရှိန်းနှင့်ရှိနေပါ၏။ နက်ရှိုင်းသိုခါင်လှသော တောတောင်ကြီး၏တိတ်ဆိတ်ငြိမ်သက်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ညှည့်လွှာရုံအောက်တွင် ဗိုမ နှစ်ယောက်တည်းလွတ်လပ်စွာတွေ့ဆုံနေရခြင်းက မင်းမောင်၏ရိုးသားသန့်စင်သော စိတ်အစဉ်ကိုနောက်ကျိထိုင်းမှိုင်းစေသည်သို့ . . .။

လောလောလတ်လတ် မိဘမဲ့ဖြစ်သွားခဲ့ရရှာသော ဘိုမလေးဟယ်လင်၏သနားစရာဘဝလေးကို သူ့ဘဝနှင့်နှိုင်းယှဉ်ကာ စာနာသနားမိသည်။ လောကအလယ်တွင် သူ၏ဘဝနှင့်ထပ်တူနီးပါးကျသော ဟယ်လင်၏ဘဝလေးကို စာနာရင်း တတ်သမျှ မှတ်သမျှပြုစုကုသပေးနေပါ၏။

"အဟင်း . . ဟင်း . . ဟင်း . . ရေ . . . ရေ . . . ရေ . . အဟင်း"

ရင်အစုံက ပူလောင်လာသလို အာခေါင်တွေကလည်း ပူလောင်ခြောက်ကပ်လာသည်။ နှုတ်ခမ်းအစုံကိုလျှာဖြင့်သိမ်းယူမိစဉ် ရေသောက်ချင်သည့်ဆန္ဒကပေါ်လာသဖြင့် ယောင်ရမ်းတမ်းတကာ ဟစ်အော်ညီးတွားမိလိုက်သည်။

"အီး . . ဟင်း . . ဟင်း . . ရေ . . . ရေ . . . သောက် . . . ချင် . . . လိုက် . . . တာ . . . အဟီး . . ဟီး"

အေးမြသောကျောက်စက်ရေတစ်စက်က နှုတ်ခမ်းဝမှတစ်ဆင့် ပူလောင်ခါးသက်နေသည့် လည်ချောင်းတစ်လျှောက် စီးဆင်းသွားမှပင် . . . ဟယ်လင်အတန်ငယ်နေသာသလို ရှိသွားပါလေ၏။ လေးလံစွာပိတ်ဆို့ထားသည့် မျက်ခွံများကို ဟယ်လင်



အားယူ၍ဖွင့်ကြည့်လိုက်သည်။

သူမ၏ကိုယ်ပေါ်မှ စီးမိုး၍ကြည့်နေသည့် အရိပ်သဏ္ဌာန်တစ်ခုကို ဝိုးတဝါးမြင်တွေ့လိုက်ရသဖြင့် ဟယ်လယ် . . . ဒိတ်ခနဲ ရင်ခုန်သွားမိသည်။

"အို . . . အင်း . . . အီး"

"ဟယ်လင် . . . ဟယ်လင်"

ထိုစဉ်မှာပင် အရိပ်မည်းသဏ္ဌာန်ရှင်ထံမှ သူမ၏နာမည်အား တတွတ်တွတ်ခေါ်ငင်နေသံကိုပါ ကြားလိုက်ရသဖြင့် စေတနာအတွေးများဖြင့် ဒုတိယအကြိမ်မြောက်ကြိုးစား၍ မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်။ ရုတ်တရက် ယောကျ်ားတစ်ယောက်၏မျက်နှာကို နီးကပ်စွာတွေ့မြင်လိုက်ရသဖြင့် . . . ဟယ်လင်မှာ လန့်ဖျပ်ကာ ရုန်းဖယ်လိုက်ပါ၏။

"အိုး . . . ဂေါ့ . . . ဘုရားသခင် . . . အင်း . . . ဟင်း"

"ဟယ်လင် . . . ဟယ်လင် . . . သတိရလာပြီလား . . . အနဲ . . . မထနဲ့ဦးလေ . . . မင်း သိပ်ပြီးဖျားနေတယ်၊ တစ်ကိုယ်လုံးလည်း ကိုယ်တွေခြစ်ခြစ်တောက်ပူပြီး ကယောင်ကတမ်းအော်ဟစ်နေလို့ ငါစောင့်ကြည့်နေတာလေ"

"အို . . . ဟုတ် . . . ဟုတ်လား . . . ဒါ . . . ဒါကြောင့် ဟယ်လင်တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေ

www.burmeseclassic.com

www.burmeseclassic.com



တာကိုး ...ကျွတ် ...ကျွတ်''

ဟယ်လင်မှာ ကိုက်ခဲမှုများကြောင့် ညည်းညူလိုက် ရင်း မြန်မာတိုင်းရင်းသားတစ်ဦးထံမှ နွေးထွေးသောအကြ နာစကားကြောင့် ရင်ထဲတွင်သိမ့်ခနဲလှိုက်ဖိုသွားပါလေ၏။ တ ဆက်တည်းမှာပင် တစ်ညလုံးနီးပါး အဖျားဒဏ်ကြောင့် သတ လစ်မိန်းမောနေခဲ့သော သူမ၏အနေအထားကိုသုံးသပ်ရင်း မင်း မောင်ထံသို့ သံသယမျက်ဝန်းတစ်ချက်ဝေ့ဝဲ၍ကြည့်လိုက်မိသည်။

''ဒီမှာ ...ဟယ်လင် ...ငါ့ကိုတစ်မျိုးတော့မထင် နဲ့နော် ...ငါ့ကြောင့် မင်းရဲ့ဖြူစင်တဲ့ဘဝလေးမှာ မှဲ့တစ်ပေါက် မှမစွန်းထေးစေရဘူးဆိုတာ ...စွဲစွဲမြဲမြဲယုံထားလိုက်ပါ ဟယ် လင်။ အဲဒီလို အောက်တန်းကျတဲ့စိတ်ဓာတ်မျိုး ငါတို့မြန်မာ တိုင်းရင်းသားတွေမှာ လုံးဝမရှိဘူးဆိုတာ မြဲမြဲမှတ်ထားပါ ဟယ် လင်''

''OH ...NO ...NO ...NO ...ယူ့ကို အဲဒီလို မျိုးသံသယနဲ့ကြည့်တာမဟုတ်ပါဘူး၊ တကယ်ပါ ...မင်းမောင် ဒီလိုအချိန်မျိုးမှာ ဟယ်လင်ရဲ့အသက်နဲ့အရှက်ကို စွန့်စွန့်စား စားကယ်တင်စောင့်ရှောက်ပြုစုပေးခဲ့တဲ့ မင်းမောင်ကို သိပ်ပြီး ကျေးဇူးတင်မိပါတယ်''

ဖျော့တော့အားငယ်စွာနှင့် လှူညိုချော မင်းမောင်အား ရက်ရှို့အားနာစွာတောင်းပန် ...လိုက်ရင်းမှ ဟယ်လင်တ



ယောက် မီးဖိုအနီးမှာပင် ခထာမျှမျက်စိမှိတ်ကာ လှဲနေမိသည်။ မင်းမောင်က ...ဟယ်လင်၏နဖူးပြင်ဝင်းဝင်းလေးကို သူ၏ လက်ကြမ်းကြီးနှင့်အုပ်ကာ ညင်သာစွာစမ်းသပ်လိုက်သည်။

''အင်း ...ကိုယ်ပူရှိန်တော့လျော့သွားပါပြီ၊ မနက်မိုး လင်းရင်တော့ အဖျားကျသွားလိမ့်မယ်ထင်တယ်၊ ဘာမှတော့ မဖြစ်လောက်ပါဘူး ဟယ်လင် ...၊ ပင်ပန်းမှုဒဏ်တွေနဲ့ ဒေ သအပြောင်းအလဲတွေကြောင့် ပန်းဖျားဖျားသွားတာပါ၊ အား ရှိသွားအောင် အိပ်ပျော်အောင် အိပ်လိုက်ဦးနော်''

ထို့နောက် ...မင်းမောင်တစ်ယောက် မီးဖိုအနီးတွင် ထိုင်လိုက်ကာ ညနေခင်းကတည်းက ရွှံ့များဖြင့်အုံကာ အင် ဖက်ကြီးများဖြင့်ရစ်ပတ်ထားသည့် ဖွတ်ကြီးကိုမီးဖို၏ပြာပူထဲသို့ ထိုးထည့်လိုက်သည်။ ပြီးလျှင် ပြာပူပေါ်မှ ထင်းမီးကို လိုအပ်သ သလိုအလျှော့အတင်းလုပ်၍ မီးထိုးရင်း ...နံနက်ခင်းရောင်နီ အလာကိုသာ စောင့်မျှော်နေပါလေတော့သည်။

အချိန်တို့တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။ မကြာမီ အရှေ့ ဆီမှ အရုဏ်ဦးနေခြည်သည် ရစ်သိုင်းပိတ်ဆီးထားသည့် နှင်း မြူမှုန်တို့ကိုစတင်ထိုးဖောက်တိုက်ခိုက်စပြုလာပါတော့သည်။

အဖျားကျသွားသဖြင့် မည်မျှကြာကြာအိပ်မောကျသွား လေသည်မသိ ...မွေးပျံ့သော အသားကင်ရနံ့တစ်ခုကြောင့် ရုတ်တရက် ဟယ်လင် အိပ်ရာမှနိုးထလာခဲ့သည်။ ဟယ်လင့်

www.burmeseclassic.com



တစ်ကိုယ်လုံး သွေးများဖြင့်ရွှဲနစ်နေသည်မှလွဲ၍ ပေါ့ပါးလန်းဆန်းလျက် ရှိပါ၏။

"ဟော ... အိပ်ရာကနိုးလာပြီလား ဟယ်လင်၊ ဘယ်လိုလဲ ... နေလို့ကောင်းသွားပြီလား"

ဖွတ်ကြီး၏ခန္ဓာကိုယ်မှ မီးကျွမ်းနေသည့်အင်ဖက်များ တစ်ထပ်၊ ထို့နောက်ရွှံ့များနှင့် ထူထပ်စွာမံထားသည့်နောက် တစ်ထပ် ... ထိုအထပ်ထပ်ဖုံးအုပ်ထားသည့် မီးကျွမ်းဖက်များနှင့် မီးကျွမ်းရွှံ့များကိုဖယ်ထုတ်သန့်စင်နေသည့် မင်းမောင်က နံနက်ခင်းအိပ်ရာမှထလာသည့် ဟယ်လင့်အားလှမ်းမေးလိုက်ပါ၏။

"အင်း ... ယူ့ရဲ့အပြုအစု ကောင်းလို့လားမသိဘူး ... အခု အိပ်ရာကနိုးလာတော့ အတော်လေးပေါ့ပါးသွားတယ်၊ ကိုယ်ပူလည်းကျသွားပြီ မင်းမောင်၊ ဗိုက်ထဲမှာ ဟာတာတာရှိတာနဲ့ မိုန်းနေတုန်း ယူ့ရဲ့ဖွတ်ကင်နံ့ကြောင့် ဟယ်လင်ထလာခဲ့တာလေ"

"အား ... အဆင်သင့်ပါပဲ ဟယ်လင်၊ ဟောဒီလို မီးအုံးထားတဲ့၊ မီးသင်းထားတဲ့ ဖွတ်သားမျိုးက စားရခဲတယ်လေ၊ အဲဒါ ဟယ်လင်နိုးလာရင် အဖျားကျပြီး ဆာလာမှာပဲဆိုတာ သိလို့ ဖွတ်ကြီးကို မီးသင်းထားတာ၊ ကဲ ... ထ ထ ... သွေးစေးတွေသုတ်လိုက်ဦး၊ ပြီးရင် ဘာနဲ့မှမလဲနိုင်တဲ့ မီးသင်းဖွတ်သား



ကို စားကြရအောင်"

ထို့နောက်မှာတော့ ... နှစ်ယောက်သား မွှေးပျံ့ကြိုင်လှိုင်နေသည့် မီးသင်းဖွတ်သားကြီးများနှင့် ဝမ်းမီးကိုငြိမ်းအေးသွားစေပါတော့သည်။

"ကောင်းလိုက်တာ မင်းမောင်ရယ်၊ ဟယ်လင့်တစ်သက် ဒီလိုအရသာမျိုး တစ်ခါမှမစားခဲ့ဖူးခဲ့တာ အမှန်ပါပဲ၊ ကြည့်ရတာ ဒီလိုမီးသင်းတာက လုပ်ရတာပိုပြီးရှုပ်မယ်ထင်တယ် ... ရွှံ့တွေရော၊ ဖက်တွေရော စုံနေတာပဲ၊ တစ်ခါတည်း တံစို့ထိုးပြီး မီးကင်လိုက်တာက ပိုပြီးမလွယ်ဘူးလား ... မင်းမောင်"

"အင်း ... တံစို့ထိုးပြီး မီးကင်တာကတော့ ပိုပြီးလွယ်တာပေါ့ ဟယ်လင်ရဲ့ ... ဒါပေမဲ့ တောထဲတောင်ထဲမှာ အညှော်အဟောက်တွေ သိပ်မလုပ်ရဘူးလေ၊ အန္တရာယ်လည်းကြီးတယ်၊ အဲဒီ အညှော်နံ့၊ အကင်နံ့တွေကြောင့် ကိုယ့်ဆီကို တောကောင်ကြီးတွေရောက်လာတတ်ကြတယ်၊ နောက်ပြီး ... အညှော်နံ့က ရန်သူကို ကိုယ့်နေရာကိုလိုက်လာဖို့ ဖိတ်ခေါ်သလိုလည်းကျတယ် ဟယ်လင်ရဲ့ ... ဒါကြောင့် အနံ့တွေ သိပ်မထွက်အောင် ပြာပူအောက်မှာပဲ မီးသင်းလိုက်တော့တယ်လေ"

အသက်အရွယ်ငယ်ငယ်လေးနှင့် တောစရိုက်၊ တော အလေ့အထများကို ရင်းနှီးကျွမ်းဝင်နေပြီဖြစ်သည့် ... မဆိုးလှ မင်းမောင်ကို မသိစိတ်ဖြင့် ဟယ်လင်တစ်ယောက် အားကိုးတ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြည့်နေမိပါလေ၏။

ကျောက်ဂူအပြင်ဘက်မှာတော့ နေခြည်တန်းများ ယှ
ဖြာကျလာကြသဖြင့် နှင်းထွေးနှင်းခဲများက အရည်ပျော်ကျ
နှင်းစက်၊ နှင်းမှုန်တို့မှာလည်း မြောက်ပြန်လေရူးတွင် ဝေ့ဝဲ
ပါသွားကြပါချေပြီ။ ထို့ကြောင့် တောစပ်တောင်စောင်းတ
လျှောက် ပြက်ပြက်ထင်ထင်မြင်တွေ့နေရပြီဖြစ်ပါ၏။

မကြာမီ စားသောက်ပြီးစီးသွားကြသည်နှင့် မင်းမော
က ကျောက်ဂူအတွင်းမှမီးဖိုကိုငြိမ်းသတ်လိုက်ပြီး သူတို့၏ခြေ
လက်ရာများကိုအတတ်နိုင်ဆုံး ဖျောက်ဖျက်ပစ်နေပါ၏။ ဟ
လင့်ထံမှ ကျောပိုးအိတ်ကို သူ့ကိုယ်ပေါ်သို့ပြောင်း၍လွယ်
လိုက်သည်။ တစ်ဖန် ဟယ်လင်၏သေနတ်ကိုပါ ယူလိုက်
ဟယ်လင့်အတွက်မူ ဘေးဆီးရန်ကာ သူ၏လက်စွဲတော်
မြှောင်တိုလေးကို ပေးထားလိုက်သည်။

ဟယ်လင်မှာ သူ၏အကျႌဘောင်းဘီတို့ကို စနစ်တ
ပြန်၍ဝတ်ဆင်ကာ ဘောင်းဘီအနားစများကို စစ်ဖိနပ်အပေါ်
တိုင် လိပ်၍တင်လိုက်သည်။ တောထဲတောင်ထဲတွင် အရေး
ကြောင်းရှိပါက သွက်သွက်လက်လက်လှုပ်ရှားနိုင်ရန် စီစဉ်
ခြင်းဖြစ်ပါ၏။

"ကိုင်း ... အားလုံးအဆင်သင့်ဖြစ်ရင် ခရီးဆက်ကြ
အောင် ဟယ်လင်၊ လမ်းခရီးမှာ အနှောင့်အယှက်မရှိဘူးဆို



တော့ ဆယ်ရက်ကျော်ကျော်လောက်တော့ အင်ဖာကိုသွားရလိမ့်
ယ် ထင်တယ်"

"ဟယ်လင်တော့ ယူ့ကို ဘယ်လိုပြောရမှန်းတောင်
သိတော့ပါဘူး မင်းမောင်ရယ် ... ဟယ်လင့်အထင်တော့
ားဖူးဆိုတဲ့စကားနဲ့တော့ မလုံလောက်တော့ဘူးလို့"

"ရှူး ... တိတ်တိတ်နေစမ်း ဟယ်လင် ... ငါ့နားထဲ
တောတိုးသံကြားလိုက်ရသလားမသိဘူး"

ရုတ်တရက်ကျောက်ဂူအပြင်ဘက် တောအုပ်ထူထူဆီ
တောတိုးသံတချို့ကိုကြားမိလိုက်သဖြင့် ဟယ်လင့်ကို ပုန်း
ယ်စေလိုက်ပြီး ကျောက်ဂူဝရှိကျောက်တုံးကြီးအကွယ်မှနေ ၍
နတ်ကိုအသင့်ပြင်ကာ ချောင်းမြောင်းကြည့်ရှုနေပါ၏။

ဟုတ်သည် ... မင်းမောင်၏အကြားအာရုံတွင် သစ်
ာ်ခြောက်များပေါ်သို့ စည်းကမ်းမရှိဖြတ်နင်းလာကြသည့် ...
ခြေသံများကိုကြားနေရသည်။ ခြေသံများက မှန်းဆ၍မရနိုင်
လောက်အောင် ရှုပ်ထွေးနေသည်မို့ အနည်းဆုံး ဆယ်ယောက်
ကျော်ပေလိမ့်မည်။

"သတိထား ဟယ်လင် ... ခြေသံတွေအများကြီးပဲ၊
အင်အား တော်တော်များပုံရတယ် ... ငါတို့ကို တွေ့သွားလို့
ကတော့ မဖြစ်ဘူးဟေ့"

မင်းမောင်၏စကားကြောင့် ဟယ်လင်မှာ အကြောက်

www.burmeseclassic.com

www.burmeseclassic.com



လွှန်ကာ မင်းမောင်အနီးမှာပင် တွယ်ကပ်၍နေပါ၏။ အရေးထဲ ဟယ်လင့်ထံမှ သင်းပျံ့ထူးခြားသောရနံ့တစ်ခုကို မင်းမောင်ခံစား ရမိလိုက်ပြန်သည်။ စိတ်ငြိမ်အောင် ကြိုးစား၍တည်ဆောက် စည်းနေချိန်မှာပင် ကျောက်ဂူဝမှ မြင်တွေ့လိုက်ရသည့် မြင် ကွင်းကြောင့် မင်းမောင်ဒိတ်ခနဲရင်ခုန်လှုပ်ရှားသွားပါ၏။

မင်းမောင်နှင့်ဟယ်လင်တို့ တွေ့မြင်လိုက်ကြရသည်မှ လူအင်အားနှစ်ဆယ်ခန့်ရှိသော ဗြိတိသျှအင်္ဂလိပ်စစ်သားများ ကို မြင်တွေ့လိုက်ကြရခြင်းပင်တည်း။ ဟုတ်ပါသည် . . . အင် လိပ်စစ်သားများမှာ လက်နက်များကို ရှေ့ရှိရှေ့ရဲကိုင်ဆောင် လျက် တစ်လှမ်းချင်းလှမ်းလျှောက်လာပုံက . . . ခြေကုန်လ ပန်းကျနေပြီဖြစ်ကြောင်း ညွှန်းဆိုဖော်ပြနေကြပါ၏။ တစ်စ တစ် ထိုအင်္ဂလိပ်စစ်သားများမှာ ကျောက်ဂူကြီးနှင့် တဖြည်းဖြည်းန ကပ်စွာ ရောက်ရှိလာကြသည်။

ထိုအင်္ဂလိပ်စစ်သားကြီးများကို ဟယ်လင်တစ်ဦးချင် တစ်ယောက်ချင်းဂရုတစိုက်နှင့်ကြည့်နေရာမှ . . .

"ဟာ . . . အဲ . . . အဲဒါ ဟယ်လင်တို့စစ်ကြောင်း မေဂျာစမစ်တို့တပ်ဖွဲ့ပဲ မင်းမောင်၊ မေဂျာ . . . မေဂျာစ . . . မေဂျာစမစ် . . . ဟယ်လင်တို့ ဒီ . . . ဒီမှာ"

မင်းမောင် မတားဆီးလိုက်နိုင်မီမှာပင် ဟယ်လင်၏ ဝမ်းသာအားရနှင့် မေဂျာစမစ်တို့၏အင်္ဂလိပ်စစ်ကြောင်းအား တ



အော်ခေါ်ဝင်လိုက်ပါတော့သည်။ ဟယ်လင်၏အသံ စူးစူးလေး ကြောင့် ကျောက်ဂူရှေ့မှဖြတ်ကျော်သွားနေသည့် အင်္ဂလိပ်စစ် သားများမှာ ရပ်တန့်သွားကြပြီး အသံကြားရာသို့လှမ်းမျှော်ကြည့် လိုက်ကြသည်။

"OH . . YES . . . ဟယ်လင် . . . ဟယ်လင် . . . မင်း . . . မင်း . . . မသေဘူးနော်"

နှုတ်ခမ်းမွေးရေးရေး ထောင်ထောင်မောင်းမောင်းနှင့် မေဂျာစမစ်ဆိုသည့် အင်္ဂလိပ်စစ်ဗိုလ်သေနတ်ကိုအသင့်ကိုင် လျက် ဟယ်လင်ရှိရာသို့ အပြေးကလေးရောက်ရှိလာပါ၏။ ဟယ် လင်ကလည်း . . . ကိုယ့်လူမျိုးချင်းပြန်လည်၍ မသေမပျောက် တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြင့် ကျောက်ဂူကြီးထဲမှ ပင်ပြေးထွက်လာခဲ့သည်။

"OH . . . တကယ်ပဲ . . . ဟယ်လင်ပါပဲလား၊ မသေ ကောင်း၊မပျောက်ကောင်း ဟယ်လင်ရယ်၊ အင်း . . . မင်းကို ဘုရားသခင် ကယ်တင်စောင့်ရှောက်လိုက်တာပဲ၊ ဟင် . . . ဒါ . . . ဒါနဲ့ . . . မင်းရဲ့ နောက် . . . နောက်က မြန်မာ . . . မြန်မာ တစ်ယောက်ပါလား"

မေဂျာစမစ်နှင့် သူ၏အင်္ဂလိပ်စစ်သားများမှာ ဟယ် လင်၏နောက်မှ သေနတ်တစ်လက်နှင့် မင်းမောင်ကို ရုတ်တ ရက်တွေ့မြင်လိုက်ရသဖြင့် ဝိုင်းဝန်း၍သေနတ်များဖြင့် ချိန်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ကြသည်။

"မင်း ... မင်း ... ဘယ်သူလဲ ... တော်လှန်ရေးသမားလား ... လက်ထဲကသေနတ်ကိုချလိုက်စမ်း"

"OH ... NO ... NO ... ဒါ ... ဒါ ... ရန်သူမဟုတ်ဘူး ... ဟယ်လင့်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့သူပါ၊ သူ့နာမည်က မင်းမောင်တဲ့ ... မုဆိုးတစ်ယောက်ပဲ မေဂျာ"

ဟယ်လင်က ကပျာကရာပင် မင်းမောင်ရှေ့မှ ဝိတ်ကွယ်ကာရပ်လိုက်ရင်း မေဂျာစမစ်အား လျှင်မြန်စွာရှင်းပြ ပြောဆိုလိုက်သည်။ သို့သော် မြန်မာဆိုလျှင် သူတို့အား တော်လှန်တိုက်ခိုက်သူများဟုသာ တရားသေမှတ်ယူထားသည့် မေဂျာစမစ်မှာ သူ၏လက်ထဲမှ ဒသမလေးဆယ့်ငါးဘို့ ပစ္စတိုသေနတ်ကြီးနှင့် မင်းမောင်ကိုသာတည့်မတ်စွာချိန်ရွယ်ထားလျက်ပင်ရှိပါ၏။

"ဟုတ်ရဲ့လား ဟယ်လင် ... ဒါပေမဲ့ ... သူဟာဘာပဲဖြစ်ဖြစ် ငါတို့ကို ဂျပန်တွေနဲ့ပူးပေါင်းပြီးတိုက်ထုတ်နေတဲ့ မြန်မာတိုင်းရင်းသားတစ်ယောက်ပဲလေ၊ ရန်သူဟာ ရန်သူပဲ ဟယ်လင် ... ရန်သူဆိုရင် ရန်သူလိုပဲ ကျင့်ကြံဆက်ဆံရမယ်ဆိုတာ ငါတို့စစ်သားတွေရဲ့ဆောင်ပုဒ်ပဲ မဟုတ်လား"

မေဂျာစမစ်၏ ပြတ်သားသောစကားကြောင့် မင်းမောင်ကလည်း သူ၏ရှေ့မှပိတ်ကွယ်ထားသည့် ဟယ်လင်ကိုဆွဲဖယ်လိုက်ပြီး သူ၏သေနတ်ကိုလည်း မေဂျာစမစ်၏နှလုံးသား ဗဟို



ည့်တည့်သို့ တန်းခနဲချိန်ရွယ်လိုက်သည်။ အခြေအနေသည် တ်ရန်အသင့်အနေအထားသို့ ...။

"ဟင်း ဟင်း ... ပစ်လေ ... ပစ်ကြ၊ ငါသေသွားရင် င်မှ မင်းနဲ့အတူ အနည်းဆုံး သုံး,လေးယောက်တော့ သေ နိုင်ငံကို အပါခေါ်သွားနိုင်တယ်ဆိုတာ မမေ့နဲ့၊ အေး ... ငါ တော့ တိုင်းတစ်ပါးက လူမျိုးခြား အမျိုးသမီးတစ်ဦးကို ယ့်စိတ်ရင်း စေတနာအမှန်နဲ့ ဒုက္ခရောက်နေသူတစ်ဦးဆိုပြီး ယ်တင်စောင့်ရှောက်ပေးခဲ့တာပဲ၊ အေး ... အဲဒါကိုမှ မင်းက ကြည့်နိုင်ဘူးဆိုရင် ..."

မင်းမောင်၏မျက်လုံးများက ကျားရဲတစ်ကောင်၏ မျက် အစုံကဲ့သို့ အေးစက်တင်းမာသွားသည်။ တစ်ချိန်တည်းမှာပင် ဂျာစမစ်၏နှလုံးသားတည့်တည့်သို့ ချိန်ရွယ်ထားသည့် သေ မောင်းခလုတ်ကိုဖြုတ်ရန် သူ၏လက်ညှိုးကိုအတန်ငယ်ကွေး တ်လိုက်သည်နှင့် ...။

"အိုး ... နိုး ... နိုး ... မပစ်ရဘူး ... မပစ်ရဘူး ယ်သူမှမပစ်ရဘူး မေဂျာစမစ်၊ မင်းမောင်ဟာ ဟယ်လင်ရဲ့ သက်သခင်ကျေးဇူးရှင်၊ ရှင့်ရဲ့သေနတ်ပြောင်းကို ဘေးဖယ် ပြီး ရှင့်ရဲ့လူတွေကိုလည်း တားဆီးလိုက်ပါ မေဂျာ၊ ပြဿနာ ခုကို ဒီလိုလက်လွတ်စပယ်ရှင်းလို့ မရဘူးမေဂျာ"

"ဒီမှာ မေဂျာစမစ် ... အခုအချိန်မှာ ဟယ်လင်တို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တွေကိုရှောင်တိမ်းပြီး ရည်မှန်းချက်ဖြစ်တဲ့ ... အင်ဖာ
မြေပြင်ကို မရောက်ရောက်အောင်သွားကြရမယ့် အချိန်
မေဂျာရဲ့လူတွေထဲမှာ ဒဏ်ရာရထားတဲ့သူတွေလည်း ပါမယ်
ဖျားနာပြီး အားပြတ်နေတဲ့သူတွေလည်း ပါကောင်းပါလိမ့်မယ်
ဒီလိုအချိန်မှာ လမ်းပန်းကျွမ်းကျင်တဲ့, နယ်မြေကျွမ်းကျင်
လူတစ်ယောက် အမှန်တကယ်ပဲလိုအပ်နေတယ်လေ''

ဟယ်လင် အင်္ဂလိပ်ဘာသာစကားနှင့် ရှင်းပြနေသည်
ကို မေဂျာစမစ်စိတ်မရှည်စွာဖြင့် နားထောင်ရင်း မင်းမောင်
လည်း သတိမပြတ်ကြည့်နေပါ၏။ မေဂျာစမစ်၏ စစ်သားများ
လည်း ယခုတိုင် မင်းမောင်အား ဝိုင်းဝန်း၍ချိန်ရွယ်ထားကြ
လက်ရှိအခြေအနေသည် အချိန်မရွေးပေါက်ကွဲနိုင်သည့် ဗုံး
လုံးကဲ့သို့ ...။

''ဟောဒီ ... မြန်မာတိုင်းရင်းသား မင်းမောင်ဟာ
တောနက်ကြီးနဲ့ ဒီနယ်မြေကို ကျွမ်းကျင်ပြီးသား မုဆိုးတ
ပါ၊ ငါတို့အားလုံး ဘေးကင်းရန်ကင်းနဲ့ အင်ဖာစစ်မြေပြင်
ရောက်သွားနိုင်ဖို့ဆိုတာ လမ်းပန်းကျွမ်းကျင်တဲ့လူတစ်ယော
တော့ မရှိမဖြစ်လိုအပ်နေတယ်ဆိုတာ ... မေဂျာ မစဉ်းစားမိ
လား''

အင်္ဂလိပ်ဘာသာစကားနှင့် တောက်လျှောက်တွ
ပြောသွားသည့် ဟယ်လင်၏စကားကြောင့် မေဂျာစမစ်အနည်



ငယ်တွေဝေသွားပါ၏။ ဟယ်လင်သည် သူ၏အထက်အရာရှိ ဗိုလ်မှူးကြီးတစ်ဦး၏ သမီးပီပီအရာရာကိုချင့်ချိန်တွေးဆတတ်သူ တစ်ဦးလေလား သို့မဟုတ် ... သူ၏အသက်သခင်ဖြစ်သဖြင့် လွတ်ရာလွတ်ကြောင်းများကို လီဆယ်၍လှည့်ပတ်ပြောဆိုနေခြင်းလေလား ...။

မေဂျာစမစ်တစ်ယောက် ဒွိဟသံသယများနှင့် စဉ်းစားတွေဝေနေစဉ် ဆာဂျင်မက်သရူးက အနားသို့ကပ်လာပြီး တိုးတိုးတိတ်တိတ်ပြောလိုက်သည်။

''ဟယ်လင်ပြောတာ မှန်တယ် မေဂျာ၊ လမ်းပြတစ်ယောက်မရှိဘဲနဲ့ဆိုရင် ကျုပ်တို့ ဒီတောနက်ကြီးထဲမှာ တဝဲလယ်လယ်နဲ့ အချိန်ကုန်လူပန်းဖြစ်နိုင်တယ်၊ နောက်ပြီး ကျုပ်တို့မှာ ဒဏ်ရာရထားတဲ့စစ်သားတချို့လည်း ပါသေးတယ်လေ၊ မြေပုံညွှန်းနဲ့သံလိုက်အိမ်မြှောင်ကလည်း မရှိတော့ ... ဟယ်လင့်ကို မုဆိုးကောင်ကိုစည်းရုံးဆိုင်းပြီး အင်ဖာစစ်မြေပြင်အထိ လမ်းပြနိုင်းတာဟာ အကောင်းဆုံးပဲ မေဂျာ''

ဆာဂျင်မက်သရူး၏ တင်ပြချက်များကို မေဂျာစမစ် ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေပါ၏။ အခြေအနေသည် မေဂျာစမစ်၏ ဆုံးဖြတ်ချက်အမိန့်ပေါ်တွင်တည်နေသည်မို့ အားလုံး လက်ရှိအခြေအနေအတိုင်းပင် တင်းမာလျက်ရှိနေကြသည်ပါ။

ထိုစဉ် ... မေဂျာစမစ်၏ စကားသံအောအောကြီးက

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးချင်းထွက်ကျလာပါ၏။

"ကောင်းပြီ ဟယ်လင် . . . လောလောဆယ်တော့ ဟယ်လင့်ရဲ့ဆန္ဒအတိုင်း သူ့ကို အသက်ရှင်သန်ခွင့်ဆက်ပေးလိုက်မယ်၊ ဒါပေမဲ့ သူ့အတွက် အစစအရာရာ ဟယ်လင်ပဲ တာဝန်ယူရမယ်၊ ပြီးရင် ငါတို့ကို အင်ဖာစစ်မြေပြင်အထိ မင်းရဲ့မုဆိုးကို လမ်းပြခိုင်းပါ၊ အေး . . . တစ်ခုခုမှားယွင်းခဲ့ရင်တော့ မင်းမုဆိုးလေးရဲ့အသက်ကို ငါ . . . အာမခံဘူးနော်"

မေဂျာစမစ်၏စကားကြောင့် ဟယ်လင်တစ်ယောက် သက်ပြင်းမောတစ်ခုကို လူမသိသူမသိ တိတ်တခိုးချလိုက်ပါ၏။ ဤသို့ဖြင့် မေဂျာစမစ်နှင့်မင်းမောင်တို့မှာ ဟယ်လယ်၏ အပြောကောင်းမှုကြောင့် ခေတ္တယာယီ စစ်ပြေငြိမ်းခွင့်ရရှိသွားခဲ့ပါတော့သည်။

ဖွန်ဂန်တောင်ကြောပေါ်မှာတော့ နေမြင့်လာသည်နှင့် အမှု နှင်းခဲ၊ နှင်းစက်များက တဖြည်းဖြည်းပျော်ဝင်လွင့်ပျောက်သွားကြပါတော့သည်။ သို့သော် . . . ရွှေရောင်ဆံပင်နှင့် ဘိုမလေးဟယ်လင်၏နှလုံးသားထဲမှာတော့ . . . မြန်မာတိုင်းရင်းသားလူညိုချောလေးမင်းမောင်နှင့်ပတ်သက်သော ဝေဒနာတစ်ခုက အမှတ်မထင်ပင် စူးနစ်လျက်ကျန်ခဲ့ပါချေပြီတည်း . . .။

* * *

# အခန်း(၁၅)

## သံယောဇဉ်ပါတော်မူခန်း...သို့မဟုတ်...

မဖြူတဖြူ . . . မပွင့်တပွင့် နေရောင်ခြည်တန်းများက ခပ်ပါးပါးမျှသာ ကျန်ရှိတော့သည့် မြူနှင်းလွှာထုကို မရဲတရဲနှင့်ထိုးဖောက်ကျဆင်းနေပါ၏။

အမျိုးအမည်မသိလှပသော ငှက်ကျားတစ်ကောင်သည်သာ အင်ကြင်းရိပ်ကိုခိုကာ တဂီးဂီးနှင့်အသံပေးလျက်ရှိသည်။ ဖွန်ဂန်၏နောက်ဆုံးနယ်နိမိတ်စည်းဖြစ်သော အင်ကြင်းလျှိုအားဖြတ်သန်းစီးဆင်းနေသည့် စမ်းပေါက်ကလေး၏ ရေစီးသံသာလျှင် သဘာဝ၏ဂီတပဉ္စတေးသံအဖြစ် ညှိမ့်ညောင်းစွာထွက်ပေါ်နေပါလေ၏။

စမ်းပေါက်ထဲသို့ ထိုးစိုက်ဆင်းကျနေသည့် အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံကြီးများထက်မှာတော့ ... မုဆိုးလေးမင်းမောင်နှင့် ဟယ်လင်တို့နှစ်ယောက် အတွေးကိုယ်စီဖြင့်တိတ်ဆိတ်ငြိမ်သက်လျှက်။

"ဟယ်လင့်ကိုနားလည်ပေးပါ မင်းမောင်ရယ်၊ မေဂျာစမစ်ဟာ သွေးဆာနေတဲ့စစ်ဘီလူးတစ်ကောင်, အမြဲလိုလို သတ်ချင်ဖြတ်ချင်နေတဲ့ စစ်ဗိုလ်လူကြမ်းကြီးတစ်ယောက်မို့ ယူ လွတ်မြောက်ရေးအတွက် ဟယ်လင့်ရဲ့ယာယီအစီအစဉ်တစ်ခုပါ"

ဟယ်လင်တစ်ယောက် လူညိုချောမင်းမောင်၏ မှုန်မှိုင်းနေသည့်မျက်နှာကိုငေးမောကြည့်ရင်း ပြောကြားနေပါ၏။

"မင်းမောင်ဟာ ဟယ်လင့်ရဲ့ အသက်သခင်ကျေးဇူးရှင်ပါ၊ မေဂျာစမစ်လက်ထဲမှာ ယူ့အသက်မသေစေဖို့က အရေးကြီးဟယ်လေ၊ အခုလည်း မေဂျာစမစ်တို့အလစ်အငိုက်မှာ ယူ ထွက်သွားလို့ရအောင် ကြိုးစားပါ၊ ဘာပဲဖြစ်ဖြစ် ယူ ... ဒီနေရာကနေ အမြန်ဆုံးလွတ်မြောက်အောင်သာကြိုးစားပါ မင်းမောင်ရယ်နော်"

သူလွတ်မြောက်နိုင်ရေးအတွက်သာ တွင်တွင်ပြောကြားနေသည့် ရွှေရောင်ဆံပင်အလှပိုင်ရှင် ဘိုမလေး၏မျက်နှာနွမ်းနွမ်းလေးကိုငုံ့ကြည့်လိုက်ရင်း မင်းမောင်၏ရင်ထဲဝယ် အမျိုးအမည်မသိနိုင်သော ဝေဒနာတစ်ရပ်က တိုးဝင်လှုပ်ခတ်သွားပါလေ၏။

အတန်ကြာမျှတိတ်ဆိတ်နေပြီးမှ ... မင်းမောင်သက်ပြင်းမောကြီးတစ်ခုကို မသက်မသာချလိုက်ရင်းမှ ...



"ဒီမှာ ဟယ်လင် ... ငါတစ်ယောက်တည်းက အချိန်မရွေးထွက်သွားလို့ရပါတယ်၊ မေဂျာစမစ်ကို ဂရုစိုက်စရာတောင်မလိုပါဘူး၊ အေး ... ဒါပေမဲ့ ငါကျော့နိုင်းလိုက်တာနဲ့ မင်းတို့အားလုံး ဟောဒီ တောကြီးမျက်မည်းထဲမှာ ဒုက္ခရောက်ကြမှာသေအချာပဲ ဟယ်လင်၊ အထူးသဖြင့် ကျားငစဉ်းလဲတွေကြားထဲမှာ မျက်စိသူငယ်နားသူငယ်နဲ့ ကျန်ရစ်ခဲ့မယ့် ယုန်ဖြူလေးမင်းအတွက် ငါ စိတ်မချနိုင်ဘူး ဟယ်လင်"

ခရီးထွက်ပြီး နှစ်ရက်မြောက်သော နေ့လယ်ခင်းတစ်တွင် ခေတ္တနားနေခိုက် ... ဟယ်လင်က စမ်းချောင်းဘက်သို့ မင်းလျှောက်ရင်း ကိုယ်လက်သန့်ရှင်းရန်ဟူသော အကြောင်းပြချက်ဖြင့် မင်းမောင်ကို ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ နှစ်ယောက်သား အင်ကြင်းမြစ်ဆုံထက်တွင် ထိုင်လိုက်ကြရင်းမှ ဟယ်လင်က မင်းမောင်အား အခြေအနေကိုရှင်းပြပြောဆိုကာ ဖြင့်သာလျှင် ထွက်ပြေးရန်လမ်းညွှန်ခိုင်းစေနေခြင်းဖြစ်သည်။

"ဒါကတော့ မင်းမောင်ရယ် ... ယူ့,ပြောသလို ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲပေါ့ ... ဘယ်တတ်နိုင်ပါ့မလဲ၊ ဟယ်လင့်ရဲ့ဘဝ, ဟယ်လင့်ရဲ့ကံကြမ္မာအတိုင်းပဲ ရှိပါစေတော့ မင်းမောင်ရယ်"

အပူရုပ်ကို ဟန်လုပ်ကာ ဖုံးကွယ်ထားရှာသည့် ဟယ်လင်၏ဖြူရော်ရော် မျက်နှာနွမ်းနွမ်းလေးကို မင်းမောင်အတန်ကြာ

www.burmeseclassic.com

www.burmeseclassic.com



မျှ ရူးရူးနှစ်နှစ်နှင့်စိုက်ငေးကြည့်နေမိသည်။ ဟယ်လင့်ခမျာ
မောင်က သူမအားရူးရူးစိုက်စိုက်ကြည့်နေသဖြင့် ခေါင်းငုံ့သွာ
ပါ၏။ လှုပ်ရှားနေသည့် ရင်လှိုင်းခတ်သံကြောင့် စစ်အင်္ကျီ
အောက်မှ မို့ယောင်ယောင်ရင်အုံကလေးမှာ နိမ့်ချည်မြင့်ချည်

ဆူပွက်လှုပ်ခတ်သည့် သွေးပူပူလေးမှာ သွေးကြော
တစ်လျှောက် ခြေဖျားလက်ဖျားမှတစ်ဆင့် တရွရွတိုးဝင်၍
ထင်နားသည်စပ်များထိတိုင် တဒုတ်ဒုတ်နှင့် စိမ့်ဝင်လျက်။
လင်၏ ပန်းနုရောင်ပြေးနေသည့် နှုတ်ခမ်းဖူးဖူးလေးမှ လျှို
အပ်သောတစ်စုံတစ်ရာသည် ပွင့်အံကျလာတော့မည့်ကဲ့သို့ ...
သည်ကြားထဲ မသိနိုးနားနိုင်လှသော သူမ၏ ရင်တွင်းနှလုံး
က အလိုက်ကန်းဆိုးမသိ ရုန်းကြွနေပြီဖြစ်သဖြင့် မို့မို့မော
မောက်ရင်သားအိအိလေးမှာ တဆတ်ဆတ်လှုပ်ခါလျက်ရှိနေ

မင်းမောင်ကိုယ်တိုင်မှာလည်း မျက်လုံးပြာနှင့်ဘိုမ
ဟယ်လင့်ကိုကြည့်ကာ တစ်ကိုယ်လုံး ဒိန်းတလိန်းနတ်ဖမ်း
ကဲ့သို့ ပူပူရှိန်းရှိန်း ... ဖိန်းဖိန်းနွေးနွေးနှင့်။ ထိုစဉ်မှာပင်
တစ်ရာ၏တောင်းဆိုမှုကြောင့်လေလား မသိ ... ရုတ်တ
ရွှေရောင်ဆံပင်မလေး ဟယ်လင်၏ ပခုံးသားဝိုင်းဝိုင်းလေး
မင်းမောင် ... ဖျတ်ခနဲဆွဲယူကာ ရင်ခွင်ကျယ်ကြီးထဲ ထွေ
ထားလိုက်သည်။ ဟယ်လင်ကလည်း မရုန်းမဖယ်အလိုက်
ပင် ငြိမ်သက်စွာခိုဝင်လိုက်ပါ၏။



"ဒါ ... ဒါပေမဲ့ ဟယ်လင်ရယ် ... ငါ ... ငါလေ
င်းကိုပစ်ပြီးဘယ်နေရာကိုမှ ထွက်သွားလို့မရဘူး ဖြစ်နေတယ်၊
အဲ ... အဲဒါ ဘာကြောင့်လဲဆိုတာ ငါ ... ငါကိုယ်တိုင်အခုချိန်
ထိ စဉ်းစားလို့မရသေးဘူး ဟယ်လင်"

မင်းမောင်၏နှုတ်ဖျားမှ စကားလုံးအချို့က သံစဉ်မညီမ
ညာနှင့် ထွက်ကျလာပါ၏။ သို့သော် မင်းမောင်ကိုယ်တိုင် တွက်
ချက်အဖြေရှာ၍မရနိုင်သည့် နှလုံးသားပုစ္ဆာ၏အဖြေကိုမူ ဘိုမ
လေးဟယ်လင်က ကြိုတင်သိရှိနေပါပြီ။ ဤ .. မုဆိုးလူရိုင်းလေး
င်းမောင်၏ အကြင်နာမျက်ဝန်းထဲမှ သမုဒ္ဒယအရိပ်အယောင်
နှင့် သန့်စင်အေးမြသော မေတ္တာ၏အငွေ့အသက်တို့ကို သူမ၏
နှလုံးသားတွင် ရင်ခုန်နွေးထွေးစွာခံယူခဲ့ပြီးပြီ မဟုတ်ပါလား ...။

"သြော် ... မင်းမောင် ... ရယ် ... ဒါလင်ရယ်"

ဟယ်လင်မှာ တိုးညင်းစွာ ရွတ်ဆိုညည်းညူလိုက်ရင်း
င်းမောင်၏ရင်ခွင်ကျယ်ကြီးထဲတွင် တရှိုက်မက်မက် တိုးဝင်ခို
ွယ်လိုက်ပါတော့သည်။ စမ်းချောင်းငယ်အနီးတစ်ဝိုက်တွင် စမ်း
ချိုးသံသဲ့သဲ့ညင်ညင်မှအပ တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုး
သွားလေသည်ထင့်။ ရံဖန်ရံခါ ကြွေသက်လျက်ရှိသည့် နှင်းမိုး
က်ကျသံတဖြောက်ဖြောက်ကသာ သံစဉ်မဲ့တေးတစ်ပုဒ်ကို သီ
ကျူးနေလေသည့်အလား ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုးရပ်ခွင်လုံး နှင်းသင်တိုင်းက မြူလွှမ်းစိုင်းအုပ်လျှက်
ကြည့်လေရာ မျှော်လေရာတိုင်း ဘော်ငွေရောင်မြူနှင်းများ
ဝေဝါးအုံ့ဆိုင်းလျှက်ရှိတော့သည်။

ကောင်းကင်ယံညှို့ရုံထဲမှ ငွေကြယ်တချို့ မြူနှင်းလွှာ
ထုကြားတွင် ချမ်းတုန်ခိုက်နေကြရှာသည်ထင့် ...။ တိမ်ညို
တိမ်တိုက်များကြားဝယ် မလှုပ်နိုင်စတမ်း ...မှိတ်တုတ် မှိတ်
တုတ်နှင့်။

အချိန်က ...နံနက် သုံးနာရီကျော်ကျော်ခန့်ရှိပါပြီ

တလှုပ်လှုပ်တရွရွနှင့် မှုန်ဝါးဝါး မြူငွေ့နှင်းငွေ့များကြား
မှ တိုးဝှေ့ကာ ချီတက်နေကြသော စစ်ကြောင်းငယ်တစ်ခု။
မဟုတ် ...လက်နက်ကိုင်အင်္ဂလိပ်စစ်သည်တစ်စု။ ယာ
တပ်မှူးမေဂျာစမစ်နှင့် ဆာဂျင်မက်သရူးတို့၏ စီစဉ်မှုဖြင့်
ခင်းဘက်တွင် သစ်ရိပ်တောအုပ်များထဲတွင် ခေတ္တနားခိုပု
အောင်ကာ ညနေဘက်နေဝင်ချိန်မှစ၍ တစ်ညလုံး ခရီးပြင်းနှ
ကြသည်။ အဓိကအချက်မှာ ဂျပန်တို့၏လေကြောင်းအန္တရာယ်
ကြောင့်ပင်ဖြစ်ပါ၏။

မေဂျာစမစ်နှင့်မှု မင်းမောင်ကိုယ်တိုင် မျက်နှာချင်းသိ
မဆိုင်ခဲ့ပါ။ ဆာဂျင်မက်သမရူးနှင့် စကားပြောဆို၍အဆင်ပြေ
ခြင်းမှာလည်း သူ၏ညီဝမ်းကွဲတော်စပ်သည့် တပ်ကြပ်ဂျင်ဘ



ရောင်း၏ဒဏ်ရာကြီးကို မင်းမောင်ဆေးကုသပေးခဲ့ရာမှ မင်း
မောင်၏ဆေးစွမ်းကြောင့် တစ်ဦးနှင့်တစ်ဦး ခင်မင်လေးစားခဲ့
ကြခြင်းဖြစ်သည်။

တစ်ညတွင် ဒဏ်ရာကြောင့် အော်ဟစ်ညည်းညူနေရှာ
သည့် တပ်ကြပ်ဂျင်ဘရောင်း၏လက်ပြင်မှ ဒဏ်ရာကြီးကိုအ
မှတ်မထင် မင်းမောင်ကြည့်လိုက်မိသည်။ ဖြစ်သလိုစည်းနှောင်
ထားသည့် ပတ်တီးကိုဖြည်ချလိုက်ရာ ပိုးလောက်ကောင်အချို့
ရွစိရွစိနှင့်အပြင်သို့ ထွက်ကျလာကြပါ၏။ ဤသည်ကို မြင်တွေ့
လိုက်ရသည့် တပ်ကြပ်ဂျင်ဘရောင်းက လန့်ဖျပ်ကာ အော်ဟစ်
ရင်း ...မင်းမောင်၏မျက်နှာကိုအားကိုးတကြီးနှင့် မော့ကြည့်
လိုက်ကာ ...

"ဆေး ...ဆေး ...ဆေးထည့်ပေး ...ပေးပါ ...
မှဆိုးလေးရယ်"

"အင်း ...မင်းရဲ့ဒဏ်ရာက ဒီအတိုင်းပစ်ထားရင်
မလွယ်ဘူး၊ ငါ့မှာလည်း ဘာဆေးမှပါမလာဘူး၊ နေ ...နေ
...ခဏနေဦး ...ငါ့မှာ ကျပ်ခိုးနဲ့ရေနံဖျော်ထားတဲ့ ဆေးတော့
ပါတယ်ထင်တယ်၊ အဲဒီဆေးထည့်ရင်တော့ သက်သာလိမ့်မယ်"

ထို့နောက်မှာတော့ မင်းမောင်သူ၏ကျောပိုးအိတ်
ထဲတွင် မွှေနှောက်၍ရှာကာ ခပ်မည်းမည်းဆေးပုလင်းတစ်လုံး
ကို ထုတ်ယူလိုက်သည်။ ပြီးလျှင် ပုလင်းအဖုံးကိုဖွင့်ကာ ဂျင်

www.burmeseclassic.com

www.burmeseclassic.com



ဘရောင်း၏ဒဏ်ရာပေါ်သို့ အနည်းငယ်လောင်းထည့်လိုက်ပါ၏

"နည်းနည်းတော့စပ်မယ် ဂျင်ဘရောင်းရေ . . . အောင့်အည်းသာခံပေတော့"

"အား . . . အီး . . . အီး . . . အားလာလား . . . စပ်စပ်လိုက်တာ . . . အား"

တပ်ကြပ်ဂျင်ဘရောင်း၏အော်ညည်းသံကြောင့် ဆာဂျင်မက်သရူးနှင့် အင်္ဂလိပ်စစ်သားတချို့ ဝိုင်းအုံရောက်ရှိလာကြပြီး မင်းမောင်ဆေးကုသပေးနေပုံကိုကြည့်နေကြသည်။ ဆေးဝါးမပါသည့် ဘာမထည့်နှင့်ပတ်တီးစဖြင့် ဖြစ်သလိုစည်းနှောင်ထားသည့် ဒဏ်ရာမှာကြာမြင့်စွာပိတ်လှောင်ထားသဖြင့် ရောင်ယမ်းမို့ဖောင်းကာပိုးလောက်ကောင်ငယ်လေးများ တွယ်နေကြသည်အထိ ဖြစ်လာခဲ့သည်။

ယခု . . . ကျပ်ခိုးနှင့် ရေနံဖျော်စပ်ထားသည့် ဆေးထည့်လိုက်သောအခါ လောက်ကောင်လေးများ အားလုံးတစ်ကောင်တမည်းမှ မကျန်အပြင်သို့ထွက်ကျလာကြပါ၏။ လောက်ကောင်လေးများကုန်သွားသည့်အခါကျမှ တောတောင်ထဲတွင် အလွယ်တကူခူးယူ၍ရသော အဆိပ်ဖြေဆေးရွက် သို့မဟုတ် ကျားအော်ရွက်များကိုခူးယူကာ အရည်ညှစ်၍ ဒဏ်ရာထဲသို့ ထည့်သိပ်ကာ ပတ်တီးစအသစ်နှင့် ပြန်လည်စည်းနှောင်ပေးလိုက်သည်။



ထိုညဉ့်တစ်ညလုံး ဒဏ်ရာကသိသိသာသာပင် သက်သာလာခဲ့သဖြင့် တပ်ကြပ်ဂျင်ဘရောင်းမှာ မင်းမောင်ကိုကျေးဇူးတင်မဆုံးဖြစ်နေပါ၏။ ထိုကဲ့သို့ အဆိပ်ဖြေဆေးရွက်ကို မကြာခဏညှစ်၍ အရည်ကိုဒဏ်ရာထဲသို့ထည့်ပေးခြင်းကြောင့် တစ်ရက်နှစ်ရက်အတွင်းမှာပင် ဂျင်ဘရောင်း၏ဒဏ်ရာမှာ သိသိသာသာပင်သက်သာပျောက်ကင်းသွားပါတော့သည်။ ထိုအချိန်မှစ၍ ဆာဂျင်မက်သရူးနှင့် ဂျင်ဘရောင်းတို့က မင်းမောင်အားလေးစားအားကိုးစွာဖြင့် ဆက်ဆံလာခဲ့ကြသည်မဟုတ်ပါလား . . .။

"ဘယ်လိုလဲ သမားတော်ကြီး . . . အခုဆိုရင် ငါးရက်တောင်ခရီးရှိသွားပြီနော်၊ အင်ဖာစစ်မြေပြင်နဲ့ ဘယ်လောက်ခရီးဝေးသေးသလဲ . . . ဟင်"

"ဩော် . . . မနောက်ပါနဲ့ ဟယ်လင်ရယ်၊ ကိုယ့်မျက်စိအောက်မှာ အမြင်မတော်လို့ရယ်, ကျပ်ခိုးဆေးပုလင်းကလည်း ပါလာတာရယ်ကြောင့် ဂျင်ဘရောင်းဒဏ်ရာ သက်သာသွားခဲ့တာပါ . . . ငါ တော်လို့,တတ်လို့မဟုတ်ပါဘူး ဟယ်လင်၊ နောက်ပြီး ဒီတောထဲမှာ အဆိပ်ဖြေဆေးရွက်လို့ခေါ်တဲ့ ကျားအော်ပင်ကလည်း အဆင်သင့်ရှိနေလေတော့ ဂျင်ဘရောင်းအတွက် ကောင်းသွားခဲ့တာပါ၊ အင်း . . . အင်ဖာစစ်မြေပြင်နဲ့ဆိုရင်တော့ ခရီးစဉ်တစ်ဝက်ကျိုးပြီလို့ ခေါ်ရမှာပေါ့ ဟယ်လင်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်မှာ မုဆိုးတစ်ဦးပင်ဖြစ်လင့်ကစား စိတ်နေစိတ်ထားမွန်မြတ်လှသည့် . . . မင်းမောင်ကိုကြည့်ကာ ကြည်နူးဝမ်းနည်းနေမိပါသည်။ အင်ဖာစစ်မြေပြင်နှင့်နီးကပ်လာလေလေ သူတို့နှစ်ယောက်၏ တစ်သက်တာခွဲခွာခြင်း နိဒါန်းကလည်း တဖြည်းဖြည်းနီးကပ်လာခဲ့သည်မို့ ဟယ်လင်ခမျာ လူမသိ သူမသိ ကြေကွဲဝမ်းနည်းနေမိပါသည်။

ရက်ရက်ရောရောအေးစက်လှသော လေပြင်းသည် မေဂျာစမစ်တို့စစ်သားတစ်စုကို စတင်၍တိုက်စစ်ဆင်လျက်ရှိပါ၏။ ထူထပ်သောစစ်သုံးသက္ကလတ်အင်္ကျီ၊ စစ်ဘောင်းဘီများ ဝတ်ဆင်ထားကြသည့်တိုင် အေးစိမ့်သောနှင်းဆွတ်လေပြင်းသည် သူတို့အားလုံး၏အသားများကို တစိမ့်စိမ့်အေးခဲစေလေပြီတည်း။ တောလမ်းခရီးကျွမ်းကျင်သူ မင်းမောင်အားဦးဆောင်လမ်းပြ လုပ်စေပြီး အင်ဖာစစ်မြေပြင်သို့ မှန်းဆကာချီတက်နေကြသည့် ခရီးစဉ်သည် မမျှော်လင့်ဘဲ နှင်းဖုံးတောင်တန်းများကြားရှိ လျှို့ဝှက်မရဏာရေအိုင်ကြီးအလယ်ရှိ မြေနှတ်သမီးကျွန်းကြီးဆီသို့ တိမ်းချော်ကာ ဦးတည်သွားရောက်နေကြမှန်း မည်သူမျှမသိတတ်နိုင်ကြပါချေပြီတည်း။

အချိန်က ညဉ့်သုံးနာရီကျော်ခဲ့ပြီမို့ မကြာမီ အရုဏ်ဦးရောင်နီကရောက်ရှိလာပေတော့မည်။ တစ်တောင်ကျော်လောက်ဆီမှ ကျားသစ်အော်သံ၊ ဝေါင်းခနဲ ဝေါင်းခနဲ မြေတုန်ဟည်း



အောင် ဟိန်းဟောက်လိုက်သည့် ကျားကြီးများ၏အစာရှာ မာန်ဖီသံများက တော်ရုံအသည်းငယ်သူများအဖို့ သွေးပျက် ချောက်ချားဖွယ်ရာပင် . . .။

'ကုတ် . . . ကုတ် . . . ကလူး' ဟူသော အသားစားညဉ့်ငှက်ကြီးများ၏အော်မြည်သံ၊ ပူစီ . . . ဒီးဒုတ်ဟူသော ငပြင့်ယံမှ ဒီးဒုတ်ငှက်ကြီးများ၏ အချီအချအော်မြည်သံများက ညဉ့်လွှာရုံအမှောင်အောက်တွင် ထိတ်လန့်ချောက်ချားဖွယ် သံစဉ်များထွက်ပေါ်နေကြသည်သို့ . . .။ အမျိုးအမည်မသိကြီးမားလှသော ငှက်ကြီးများ၏ တဖျန်းဖျန်း၊ တရှဲရှဲတောင်ပံရိုက်ခတ်သံကြီးများနှင့်အတူ ဝေါခနဲ ဝေါခနဲ တစ်တောလုံး သိမ့်သိမ့်တုန်ခမန်းပျံသန်းသွားကြသည်။

စင်စစ် ဤခရီးသည် အင်ဖာစစ်မြေပြင်သို့ ချီတက်ခရီးပြင်းနှင်ခဲ့သည့် ငါးညအိပ် ခြောက်ရက်မြောက်သောနေ့ အရုဏ်ဦးခရီးစဉ်သာဖြစ်ပါ၏။ ထိုငါးရက်ခရီးစဉ်အတွင်းဝယ် မေဂျာစမစ်၏ဒဏ်ရာရ အင်္ဂလိပ်စစ်သား ငါးယောက်တိတိ သေဆုံးခဲ့သည်။ နှစ်ယောက် ကျားဆွဲခံရသည်။ ထို့ကြောင့် ယခုအချိန်တွင် မေဂျာစမစ်၏ဆုတ်ခွာစစ်ကြောင်းတွင် . . . မင်းမောင်နှင့် ဟယ်လင်ကိုနှုတ်လိုက်လျှင် စုစုပေါင်း ဆယ့်ငါးယောက်တိတိသာ ကျန်ရှိပါတော့သည်။

နံနက်အရုဏ်ကျင်း၍ အလင်းရောင်ရရှိလာချိန်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



မော်ဂျာစမစ်တို့လူစု ဒူးဆစ်ခန့်ရှိသည့် မြက်ရိုင်းလွင်ပြင်ကြီးကို ဖြတ်ကျော်နေရပြီဖြစ်သည်။ မြက်ရိုင်းလွင်ပြင်ကို ကျော်ဖြတ်နိုင်ခဲ့သည်နှင့် တောကအတန်ငယ်ပါးလာပြီး နွံအိုင်အချို့ကို ခပ်ကျဲကျဲ တွေ့ရှိလာရသည်။ ထိုစဉ်မှာပင် လမ်းပြမုဆိုးမင်းမောင်နှင့် ဆာဂျင်မက်သရူးတို့နှစ်ယောက် ... သစ်ပင်ဝါးပင်များကြားမှ ရေအိုင်ကျယ်ကြီးတစ်ခုအတွင်းရှိ ကျွန်းကြီးတစ်ခုကို ရုတ်တရက် မြင်တွေ့လိုက်ကြရပါတော့သတည်း။

* * *

## အခန်း(၁၆)

## ◈ အန္တရာယ်ရင်ခွင်သို့...တိုးဝင်ခြင်း ◈

နှင်းလွှာထုတို့လွှင့်ပျယ်စ နံနက်ခင်းတစ်ခုအောက် တွင်ရှိသော ရေအိုင်ကျယ်ကြီးတစ်ခုအတွင်းမှ ကျွန်းလေးတစ်ကျွန်းကို ဝိုးတဝါးတွေ့မြင်နေကြရခြင်းဖြစ်သည်။ အတန်ငယ်လှမ်းသေးသဖြင့် ထင်ရှားစွာမမြင်တွေ့ရသည့်တိုင် ... ကျွန်းတစ်ကျွန်းဖြစ်ကြောင်းကိုတော့ အားလုံးအသိအမှတ်ပြုလိုက်ကြပါ၏။

"ဟုတ်တယ် မင်းမောင် ... ရေအိုင်အလယ်က သစ်ပင်ဝါးပင်တွေနဲ့ စုစုအုပ်အုပ်ဟာ ကျွန်းတစ်ကျွန်းပဲဖြစ်ရမယ်"

"အင်း ... ရေအိုင်ကျယ်ကြီးနဲ့ကျွန်းသာ မှန်ခဲ့ရင်တော့ ငါတို့လမ်းကြောင်းလွဲသွားပြီ ဆာဂျင် ... ငါသိရသလောက် အင်ဖာကိုသွားတဲ့ခရီးလမ်းမှာ ရေအိုင်ကျယ်နဲ့ကျွန်းတစ်ကျွန်းဆို

www.burmeseclassic.com

www.burmeseclassic.com



တာ . . . မရှိဘူး ဆာဂျင်''

သို့သော် . . . မေဂျာစမစ်က ထိုရေအိုင်အလယ်ရှိ ရေလယ်ကျွန်းကလေးကို စိတ်ဝင်စားနေသည်ထင့် . . . အနီးသို့တိုင် ချဉ်းကပ်တိုးဝင်ကြရန် သူ၏စစ်သားများကိုအမိန့်ပေးလိုက်ပါ၏။ ထို့ကြောင့် မင်းမောင်ကပင် ရေအိုင်ကျယ်ကြီးရှိရာသို့ ဦးဆောင်ခေါ်ငင်လာခဲ့ရသည်။ ဝါးတောတစ်ခု နွံအိုင်တချို့ကို သတိနှင့်ဖြတ်ကျော်ခဲ့သည်။

''သတိထား ဟယ်လင် . . . ငါ့ခြေလှမ်းအတိုင်း ကပ်ပြီး လိုက်ခဲ့ကြ၊ ခြေတစ်ချက်ချော်ပြီး နွံထဲမှာကျွံသွားခဲ့ရင် သေမင်းခံတွင်းထဲကို တစ်ခါတည်းတန်းရောက်သွားမယ်၊ ငါ့သဘောအရဆိုရင် ဒီမရဏာနွံအိုင်တွေထဲကိုတောင် ဖြတ်စရာမလိုဘူး၊ ဒီရေလယ်ကျွန်းဟာ ငါတို့သွားရမယ့် ခရီးလမ်းကြောင်းမဟုတ်ဘူး''

မင်းမောင်၏ ခွန်းတုံ့ပြန်၍ စောဒကတက်သံကို မေဂျာစမစ်က ကြားလိုက်ရသည်ထင့် . . . ဟယ်လင့်အား အင်္ဂလိပ်ဘာသာစကားဖြင့် သတိပေးစကားပြောလိုက်ပါ၏။

''ဟယ်လင်ရေ . . . မုဆိုးကောင်ကို စကားအပြောအဆိုဆင်ခြင်ပေးဖို့ သတိပေးထားလိုက်ပါဦး၊ အမိန့်ကို နာခံတတ်မှ အသက်ရှည်မယ်နော်''

မေဂျာစမစ်၏စကားသံက တစ်မျိုးဖြစ်နေမှန်း သတိထားမိသော်လည်း မင်းမောင် လှည့်မကြည့်အား။ သူ၏ခြေ



လှမ်းကိုမြေမာပေါ်သို့ ရွေးချယ်၍ ချနေရသဖြင့် မေဂျာစမစ်ကို လောလောဆယ်မေ့ထားလိုက်သည်။

ထိုအခိုက် . . . မင်းမောင်၏ နားထဲတွင် လေကိုခွင်း၍ ပြေးဝင်လာသည့် အသံကိုကြားလိုက်ရသဖြင့် ဟယ်လင့်လက်ကိုဆောင့်ဆွဲကာ ရုတ်ခနဲ ထိုင်ချလိုက်သည်။

'ဝှစ် . . ရှစ် . . ဝှစ် . . ဝှစ်'

'ဒုတ် . . ဒုတ်'

''အင့် . . . အား''

မည်သည့်အရပ်မှပစ်လွှတ်လိုက်သည်မသိသော မြားလေးငါးစင်းခန့်က မင်းမောင်၏နောက်မှကပ်လျက်လိုက်ပါလာသည့် အင်္ဂလိပ်စစ်သားနှစ်ယောက်ကို ထိမှန်သွားပါလေ၏။

''OH . . . ဂေါ့ . . . ရန်သူ . . . ရန်သူ . . . မြားနဲ့ပစ်ပစ်သွားတယ်ဟေ့''

ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် အင်္ဂလိပ်စစ်သားများမှာ သူတို့၏သေနတ်ကြီးများဖြင့် ရမ်းသန်းချိန်ရွယ်ကာ . . . ပစ်ခတ်လိုက်ကြသည်။

'ဒိုန်း . . ဒိုန်း . . ဒိုန်း . . ဒိုန်း . . ဒိုန်း'

ခဏအတွင်းမှာပင် တဒိုင်းဒိုင်းနှင့်ပစ်ခတ်သံများက ရေအိုင်ကျယ်ကြီးတစ်ဝိုက်တွင် ဆူညံစွာ ထွက်ပေါ်လာခဲ့ပါတော့သည်။ သို့သော် . . . သစ်ရိပ်ဝါးရိပ်များထူထပ်မှုကြောင့် ရန်သူကို

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေမတွေ့ရပါ။ သို့သော် မေဂျာစမစ်၏ စစ်သားနှစ်ယောက်ကမူ အဆိပ်လူးမြားသင့်၍ နေရာတွင်ပင်သေဆုံးသွားခဲ့ကြပါတော့သည်။

"No ... No ... ဘလယ်ဒီဖူး ... အရူးကောင်တွေ တွေ့ရင်တော့လားကွာ ... အကုန်လုံးကို ရင်ခွဲပြီးသတ်ပစ်မယ်။ ဆာဂျင်မက်သရူး ... ရှေ့ကရေအိုင်ကြီးဆီကို မရောက်ရောက်အောင်တက်ပါ ... မည်းမည်းမြင်ရင် သတ်ပစ်လိုက်"

မေဂျာစမစ် သူ၏စစ်သားနှစ်ဦးသေဆုံးသွားခဲ့ရခြင်းကြောင့် အကြီးအကျယ်ဒေါသထွက်ကာ ရေအိုင်ကြီးဆီသို့ အမြန်ဆုံးရောက်ရှိနိုင်ရန်တိုးဝင်ခဲ့ကြသည်။ ရန်သူထံမှ နောက်ထပ်မြားများရောက်မလာကြတော့ ... သေနတ်သံတဒိုင်းဒိုင်းနှင့်ပစ်ဖောက်ခြောက်လှန့်လိုက်သဖြင့် နောက်ဆုတ်ရှောင်တိမ်းသွားကြသည်ထင့် ...။

ရှေ့သို့ ကိုက်နှစ်ရာခန့် ခပ်ကြမ်းကြမ်းချီတက်ခဲ့ကြသည့်နောက်တွင် ရေအိုင်ကြီးပတ်ပတ်လည်ကို ပိတ်ဆို့ကာရံထားသည့် ဝါးစည်းရိုးများနှင့် ချုံနွယ်များကို ခုတ်ချတင်ထားပြီး ရေအိုင်ကြီးကိုပိတ်ဆို့ထားသည့် အထိမ်းအမှတ်ကို တွေ့လိုက်ကြရသည်။

"အင်း ... ဒါဟာ နယ်နိမိတ်တစ်ခု ပိုင်းခြားသတ်မှတ်ထားတဲ့ သင်္ကေတနယ်စည်းပဲ ဆာဂျင်၊ ကြည့်ရတာ ရေ



လယ်ကျွန်းဆီကို မလာစေလိုတဲ့သဘောပဲ၊ အမှန်တော့ ငါပြောသလို ဒီလမ်းဟာ အင်ဖာကိုသွားတဲ့လမ်းကြောင်း မဟုတ်ဘူးဆိုတာ မှန်နေပြီလေ"

ယခုတော့ ရေအိုင်အလယ်မှကျွန်းကြီးကို ထင်ထင်ရှားရှားမြင်တွေ့နေရပါချေပြီ။ ထူးဆန်းသည်မှာ ရေလယ်ကျွန်းရှိ သစ်ပင်ချုံနွယ်များကြားမှ ထီးထီးကြီးပေါ်ထွက်နေသည့် ... ကျောက်ဖြူသားအဆောက်အအုံကြီးတစ်ခုကို မြင်တွေ့လိုက်ရခြင်းပင်တည်း။ နဂိုကတည်းက ရေလယ်ကျွန်းကိုစိတ်ဝင်စားနေသည့် မေဂျာစမစ်မှာ ကျွန်းပေါ်မှ ရဲတိုက်ကြီးလိုလို ကျောက်ဖြူသား အဆောက်အအုံကြီးအား မြင်တွေ့သွားရသည့်အခါမှာတော့ တန်ပြင်မဆောင်နိုင်ပါလေတော့။

"ကြည့်စမ်းပါဦး ဆာဂျင် ... ကျွန်းပေါ်ကအဆောက်အအုံကြီးက ရုပ်ရှင်ဇာတ်ကားတွေထဲက တစ္ဆေရဲတိုက်ကြီးကျနေတာပဲဟေ့၊ ကေန္တ ငါ့ရဲ့စစ်သားနှစ်ယောက်ကိုသတ်တာ အဲဒီရေလယ်ကျွန်းကကောင်တွေပဲ ဖြစ်ရမယ်၊ ကိုင်း ... စည်းရိုးတွေကို ဆွဲဖျက်ကြစမ်း"

မေဂျာစမစ်၏စကားသံကြောင့် မင်းမောင် ဟယ်လင့်ကိုဆွဲဖယ်ကာ ရှေ့သို့ထွက်လာခဲ့သည်။ ထို့နောက် မေဂျာစမစ်နှင့်မျက်နှာချင်းဆိုင်ရပ်ကာ ...

"ဒီမှာ မေဂျာစမစ် ... ငါတို့ရည်မှန်းချက်က အင်ဖာ

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ကိုအမြန်ဆုံးနဲ့ ဘေးကင်းရန်ကွာရောက်ဖို့ပဲနော်၊ ကျန်တာ တွေဟာ အကျိုးမဲ့စရာတိုက်ခိုက်မှုတွေနဲ့ ရန်မီးပွားလာနိုင်တဲ့ အတွက် ရေလယ်ကျွန်းကိုမသွားရဘူး မေဂျာစမစ်''

''ဟုတ်သားပဲ မေဂျာ . . . ငါတို့အတွက်အရေးအကြီးဆုံး က အင်ဖာကို မြန်နိုင်သမျှအမြန်ဆုံး ရောက်နိုင်ဖို့ပဲမဟုတ်လား''

မင်းမောင်၏အဆိုပြုချက်က တရားနည်းလမ်းကျ သဖြင့် ဟယ်လင်ကပါဝင်ရောက်၍ ပြောဆိုလိုက်သည်။ သို့ သော် မေဂျာစမစ်ကမူ လက်ခံလိုလားဟန်မပြ။

''ဒီမှာ ဟယ်လယ် . . . လူဆိုတာ အခြေအနေနဲ့ အချိ အခါကိုသဘောပေါက်နားလည်ရတယ်၊ အခုလိုသာ ကိုယ့်ရဲ့ အထက်အရာရှိရဲ့အမိန့်ကို စောဒကတက်တာတို့ ဆင်ခြေပေး တာတို့ ခဏ ခဏလုပ်နေရင် ဟင်း . . . ဟင်း . . . လူ့ဘဝမှာ အသက်ရှည်ရှည်နေရမှာ မဟုတ်ဘူးနော်''

မေဂျာစမစ်၏ ရိုသွဲ့သွဲ့စကားကြောင့် မင်းမောင် ရုတ် တရက်ထောင်းခနဲဒေါသထွက်သွားပါလေ၏။ ထို့ကြောင့် မေ ဂျာစမစ်အားစူးစူးရဲရဲပင်စိုက်ကြည့်လိုက်သည်။ မေဂျာစမစ်က လည်း သူ၏လက်ထဲမှ (၄၅)ဘို့ ပစ္စတိုသေနတ်ကြီးကို မှတ်ဆိတ် မွေးတိုနှံနှံများထားထဲသို့ ထိုးကာအယားဖျောက်ရင်း မင်းမောင် ကို စူးစူးစိုက်စိုက်ပြန်လည်၍ကြည့်နေပါ၏။

မျက်လုံးအကြည့်ချင်းအားပြိုင်နေကြသည့် မေဂျာစမစ်



နှင့်မင်းမောင်တို့ကိုကြည့်ကာ ဟယ်လင်စိုးရိမ်ရေမှတ်တို့က မြင့် တက်ကြီးထွားလာပါ၏။ ထို့ကြောင့် စိုးရိမ်စိတ်များနှင့်အတူ မင်း မောင်၏လက်ကိုဆုပ်ကိုင်ဖျစ်ညှစ်၍ သတိပေးဟန့်တားလိုက်မှ မင်းမောင်တစ်ယောက် စိတ်ကိုလျှော့ချလိုက်ပါသည်။

''ဟူး . . . အင်းလေ . . . ခင်ဗျားကြီးက အားလုံးရဲ့ အထက်အရာရှိတစ်ယောက်ပဲလေ . . . ခင်ဗျားရဲ့သဘောပဲပေါ့၊ အေး . . . ဒါပေမဲ့ ခင်ဗျားရဲ့ဆင်ခြင်တိုင်းထွာမှုမိုက်မဲတဲ့ ဆုံးဖြတ် ချက်ကြောင့် အန္တရာယ်တစ်ခုခုဖြစ်လာခဲ့ရင်တော့ ခင်ဗျားကြီးရဲ့ တာဝန်ပဲပေါ့''

''OK . . . သက်စ်ရိုက် . . . အဲဒီလိုလိမ္မာစမ်းပါ မုဆိုး လေးရယ်၊ တော်တော်ကြာ မင်းတစ်ခုခုဖြစ်သွားခဲ့ရင် ဟယ်လင် တစ်ယောက် အထီးကျန်အဖော်မဲ့သွားပါဦးမယ် . . . ဟင်း ဟင်း . . . ဆာဂျင်ရေ ငါတို့ရေလယ်ကျွန်းကိုသွားဖို့ ဖောင်တစ်ခု လောက် လုပ်ရမယ်ထင်တယ် . . . အဲဒါ တစ်နာရီအတွင်း သွားနိုင်အောင် လုပ်စမ်းပါ''

မေဂျာစမစ်က ဆာဂျင်မက်သရူးတို့အား တာဝန်ပေး ခိုင်းစေနေစဉ်မှာပင် မင်းမောင် . . . သူတို့အား ကျောခိုင်း၍ ထွက်ခွာသွားပါတော့သည်။ သူ့ကိုယ်သူလည်း နောင်တရသ လိုခံစားမိလိုက်သဖြင့် ကညင်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ပင်စွာထိုင်ချလိုက်ပါ၏။ စကတည်းကပင် မင်းမောင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မှားယွင်းခဲ့သည်ကို အခါလွန်မှသိခဲ့ရသည် မဟုတ်ပါလား။ စင်စစ် ... မင်းမောင်မှာ မစားကောင်းသောအသီးကို စားသုံးမိခဲ့ခြင်းပင်။

သံယောဇဉ်မထားသင့်မှန်း မတွယ်တာသင့်မှန်း သိသော်လည်း ... နှလုံးသားကို မလွန်ဆန်နိုင်သဖြင့် တစ်ပြည်သူ မျက်ဝန်းပြာမလေးကို တွယ်တာမိခဲ့သည်။ ဤသည်မှာ သူ၏ မဟာအမှားပင်ဖြစ်ပါ၏။ နှလုံးသားတစ်ခုကိုငဲ့ညှာစာနာတွယ်တာမြတ်နိုးမိခဲ့သဖြင့် ယခု ... သူ၏နှလုံးသားကို အစော်ကားခံခဲ့ရပြီမဟုတ်ပါလား။ သူ့ဘဝတွင် ဟယ်လင်ဆိုသော တစ်ပြည်သူဘိုမလေးသာမရှိခဲ့လျှင် မေဂျာစမစ်ကဲ့သို့သော လူစားမျိုးကို ရင်ခွဲ၍ အစိမ်းလိုက်အမှုန့်ချေဖျက်ပစ်နိုင်သည်။ ရက်ရက်စက်စက်မီးလောင်တိုက်သွင်းပစ်နိုင်သည်။

ယခုမူ ... ငဲ့ညှာစာနာထောက်ထားရသည့် နှလုံးသားတစ်ခုကြောင့် ...

"ဘယ်လိုလဲ မင်းမောင် ... ဟယ်လင့်ကိုပါ စိတ်ပျက်ရွံမုန်းသွားပြီလား ... ဟင်၊ ဒါကြောင့်ပြောတာပေါ့ ... ဟယ်လင့်ကိုထားရစ်ခဲ့ပြီး ယူ ... လွတ်ရာကျွတ်ရာကို ထွက်သွားပါတော့လို့၊ အခုတော့ ဟယ်လင့်ကြောင့် ယူ ... ယူ ... အဟင့် ဟင့် ဟင့်"

သူ့ရင်ခွင်ထဲသို့ ငိုရှိုက်ရင်းတိုးဝင်လာသည့် ဟယ်လင့်



ကို မင်းမောင် ... နွေးထွေးစွာ ပြန်လည်၍ပွေ့ဖက်လိုက်ပါ၏။ တကယ်တော့ ဖြူစင်သောမေတ္တာတရားမှ ပေါက်ဖွားရှင်သန်လာခဲ့သော ချစ်ခြင်းတရားသည် သန့်စင်အေးငြိမ်းသော၊ သည်းခံခွင့်လွှတ်သော၊ နားလည်စာနာသော၊ ဘာသာလူမျိုးမခွဲခြားသော၊ ထာဝရငြိမ်းအေးသော ဒြပ်စင်တစ်ခုသာ ဖြစ်ပါစေတော့ ... ဟူ၍။

နှစ်ယောက်သား အေးမြငြိမ်းချမ်းသော အချစ်နယ်မြေ အရိပ်အောက်တွင် မည်မျှကြာကြာ မိန်းမောနေကြသည်မသိ။ ရေအိုင်စပ်မှ ရုတ်ရုတ်သဲသဲဖြစ်ပေါ်လာသော အော်သံများကြောင့် နှစ်ယောက်သား အသိဝင်လာခဲ့ကြသည်။

"ဟေး ... အရမ်းမတက်ကြနဲ့ဟေ့ ... မြွေ ... မြွေ မြွေကြီးတွေ"

'ရှီး .. ဖျီး .. ရှီး'

ရေအိုင်ကြီးကို ပိတ်ဆို့ကာရံထားကြသည့် ဝါးစည်းရိုးများကိုတွန်းဖယ်ဆွဲဖျက်လိုက်စဉ် ... ရှီးခနဲ နှာမှုတ်သံကြီးများနှင့်အတူ မြွေကြီးများက ... ပါးပျဉ်းထောင်မာန်ဖီကာ ရုတ်တရက်ထွက်ပေါ်လာသဖြင့် ဟစ်အော်သတိပေးလိုက်ကြခြင်းဖြစ်သည်။

သို့သော် ... အနည်းငယ်နောက်ကျသွားသဖြင့် ရှေ့ဆုံးမှစစ်သားတစ်ယောက် မြွေပေါက်ခံလိုက်ရသဖြင့် မြေနေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပင် တုံးခနဲလဲကျသွားပါသည်။

"ဟာ . . . မိုက်ကယ်ကို မြွေပေါက်သွားပြီဟေ့ . . . ကိုင်းကွာ"

'ရှီး . . ဖျိုး . . ဖရော'

ချက်ချင်းပင် အနီးဆုံးစစ်သားတစ်ယောက် ပါးပျဉ်းထောင်၍ဘယ်ညာခေါင်းယမ်းနေသည့် မြွေကြီးများ၏ ပါးပျဉ်းဆီသို့ဆက်တိုက် . . . တစ်ချက်ပြီးတစ်ချက်ပစ်ခတ်လိုက်သည်။ မြွေကြီးလေးကောင်မှာ ချက်ကောင်းထိမှန်ခံလိုက်ရသဖြင့် ပက်လက်လန်ကာ နောက်ပိုင်းသို့ခွေလျက်လူးလွန့်ပြုတ်ကျသွားပါ၏။ ထို့နောက်မှာတော့ ဆာဂျင်မက်သရူးဦးစီးကာ လုံ့စွပ်များဖြင့် တားဆီးထားသည့် ခြံစည်းရိုးတန်းကြီးကို ဝိုင်းဝန်း၍မျက်ဆီးရှင်းလင်းလိုက်ကြသည်။

ဆာဂျင်မက်သရူးမှာ တင်းမာနေသည့် . . . မင်းမောင်၏မျက်နှာကိုကြည့်ကာ စိတ်မကောင်းဖြစ်နေပါ၏။ ဟုတ်သည် မင်းမောင်၏တားမြစ်ချက်ကိုသာ မေဂျာစမစ်လက်ခံခဲ့မည်ဆိုလျှင် ယခုကဲ့သို့ သူ၏ရဲဘော်သုံးယောက်၏အသက်ဆုံးရှုံးရမည် မဟုတ်ပါ။ ယခုမူ မေဂျာစမစ်သွားလိုလှသည့် ရေလယ်ကျွန်းသို့ မရောက်ခင်မှာပင် ရဲဘော်သုံးယောက် သေဆုံးခဲ့ရပြီ ဖြစ်ပါ၏။

"တောက် . . . တွေ့ကြသေးတာပေါ့ကွာ . . . အဲဒီ ရေလယ်ကျွန်းမှာသာ ရန်သူတွေတွေ့ရင် အကုန်လုံးကိုမီးလောင်တိုက်



ရှင်းပစ်မယ်၊ ကိုင်း . . . ဖောင်ဖွဲ့တာပြီးရင် သွားကြမယ်ဟေ့၊ ...ရမယ်ရ ဒီဘက်ကမ်းစပ်မှာ ရဲဘော်နှစ်ယောက်ကို အစောင့်...ထားခဲ့ပါ ဆာဂျင်"

ထို့နောက်မှာတော့ ဝါးများနှင့်သစ်လုံးခံကာ ဖောင်ဖွဲ့...ထားသည့် ဝါးဖောင်ပေါ်သို့ အားလုံးတက်လိုက်ကြပြီး ထိုးဝါး...းဖြင့် တရွေ့ရွေ့ထိုးကာ ရေလယ်ကျွန်းရှိရာသို့ ထွက်ခွာလာ...ကြသည်။ ရေအိုင်အလယ်တွင် ထိုဝါးများမမှီတော့သဖြင့် ဝါး...သက်တက်မများနှင့် လော်ခတ်ကြရသည်။ စိမ်းညို့နက်ပြာနေ...သည့် ရေအိုင်ကြီး၏အလယ်တွင်တည်ရှိနေသည့် ရေလယ်ကျွန်း...ကြီးကတော့ တဖွေ့အိုကြီးတစ်ကောင်ငိုက်မြည်းနေသကဲ့သို့ မေ...ဂျာစမစ်တို့လူစုအား တိတ်ဆိတ်ငြိမ်သက်စွာဆီးကြိုနေသည်သို့။

သို့သော် . . . ကျွန်းကမ်းစပ်ရှိ ကျောက်ဆောင်ကြယ်...များနောက်မှ လေးမြားကိုယ်စီနှင့် ချောင်းမြောင်းစောင့်ဆိုင်းနေ...သည့် လူရိုင်းတစ်စုကိုတော့ မေဂျာစမစ်တို့လူစု မသိမမြင်နိုင်ခဲ့...ကြပါ။ စင်စစ် . . . ဤကျွန်းစောင့်မျိုးနွယ်စုတို့သည် မြွေနတ်...သမီးကို ကိုးကွယ်ကြသော ရှေးဟောင်းမျိုးနွယ်မှ လက်ကျန်...မျိုးနွယ်စုတစ်စုပင် ဖြစ်ပါ၏။

သူတို့သည် ရေလယ်ကျွန်းပေါ်တွင်ရှိသည့် မြွေနတ်သ...မီးကျောက်ဆောက်ကြီးထဲမှ ရှန်ကာဒေဝီမြွေနတ်သမီး...တော်ကြီးအား အလှည့်ကျလာရောက်၍ စောင့်ကြပ်နေကြသူများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူတို့နေထိုင်ရာဒေသသည် လွန်စွာနက်ရှိုင်းထူထပ်သော တောနက်ကြီး၏အတွင်းပိုင်းတွင်ရှိပြီး နှစ်စဉ် ဤမြေနတ်သမီးကျောင်းဆောင်အား သုံးလတစ်ကြိမ် လူချင်းလဲ၍စောင့်ရှောက်စေခဲ့သည်မဟုတ်ပါလား။

သူတို့မျိုးနွယ်စုသည် ဤရေလယ်ကျွန်းသို့ လူစိမ်းများဝင်ထွက်သွားလာခြင်းကို မနှစ်မြို့ကြ။ လုံးဝလက်မခံလိုကြသဖြင့် ဝါးစည်းရိုးများအထပ်ထပ်ခတ်ကာ စည်းရိုးတံတိုင်းတစ်လျှောက်တွင် အဆိပ်ပြင်းသောမြွေများကို ဘေးမဲ့လွှတ်ထားပြီး စောင့်ရှောက်စေခဲ့ပြန်ပါသည်။

ထို့ကြောင့် ရေအိုင်ကြီးသို့ မရောက်မီ လမ်းခုလတ်မှာပင် မေဂျာစမစ်တို့လူစုထဲမှ ရဲဘော်နှစ်ယောက်ကို အဆိပ်လူးမြားဖြင့် ပစ်ခတ်ကာ သတိပေးခဲ့သေးသည်မဟုတ်ပါလား။ သို့သော် မေဂျာစမစ်က နောက်သို့ဆုတ်မသွားဘဲ ရှေ့သို့သာဖွတ်တိုး၍ဝင်လာသဖြင့် နောက်ဆုံးရေလယ်ကျွန်းမှ ခုခံတိုက်ခိုက်ရန်ပြင်ဆင်ခဲ့ကြပါတော့သည်။

မကြာမီ မရဏရေအိုင်ကြီးနှင့် ရေလယ်ကျွန်းထက်တွင် သွေးစွန်းတိုက်ပွဲမီးလျှံများက စတင်တောက်လောင်တော့မည်ထင်။

* * *

## အခန်း (၁၇)

### ◈ ရေလယ်ကျွန်းမှ...မြေနတ်သမီးကျောင်းဆောင် ◈

တိုက်ပွဲခေါ်သံကို မြေနတ်သမီး၏ ကျွန်းစောင့်မျိုးနွယ်စုများကစတင်၍ နိဒါန်းဖွင့်လိုက်ကြသည်။ ရေလယ်ကျွန်းနှင့်မြားတစ်ပစ်ခန့်အကွာအဝေးသို့မဟုတ် သတ်ကွင်းထဲသို့ ရောက်ရှိလာကြသည့် မေဂျာစမစ်တို့၏ဖောင်ရှိရာသို့ မြားတံများက တဝီဝီနှင့်ပြေးဝင်လာကြသည်။

'ဝှစ် ..ဝှစ် ..ဝှစ် ..ဝှစ် ..ရွှတ် ..ရွှတ်'

'ဒုတ် ..ဒုတ် ..ဗိုး ..ဒေါက်'

"အင့် ...အီး"

မင်းမောင်ကမူ ကြိုတင်၍တွက်ဆထားပြီးဖြစ်သဖြင့် သူ၏ကျောပိုးအိတ်ကို ဟယ်လင့်အားပေး၍လွယ်ပိုးစေခဲ့ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟယ်လင်ကို ဖောင်ပေါ်တွင်ဝပ်ဆိုင်းထားခြင်းဖြင့် မြှ
ဒဏ်မှကပ်းဝေးလွတ်မြောက်ခဲ့သည်။ ကံဆိုးသူတက်မကိုင်း
သားနှစ်ယောက်မှာမူ မြားထိမှန်သဖြင့် ဝါးဖောင်ထက်မှ ရေ
သို့ ဂုန်းခနဲထိုးကျသွားပါလေ၏။

'OH ... ရန်သူ ... ရန်သူဟေ့ ... FIRE FIR

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

'ဒက် .. ဒက် .. ဒက် .. ဒက်'

မေဂျာစမစ်နှင့်အင်္ဂလိပ်စစ်သားများအားလုံး ဝါးဖော
ထက်တွင်ဝမ်းလျားမှောက်ကာ ရေလယ်ကျွန်းဆီသို့သဲသဲ
တိုက်ခိုက်ကြပါတော့သည်။ ပြန်လည်ပစ်ခတ်လိုက်သည့် ေ
နတ်သံများကြောင့် ကျွန်းစောင့်မျိုးနွယ်စုများထံမှ မြားပစ်အ
လျော့ကျသွားသည်။

"ဆာဂျင် ... ကျွန်းကိုအမြန်ဆုံးကပ်နိုင်ဖို့ကြိုးစား
ဟုတ်ရင်အားလုံးသေကုန်ကြလိမ့်မယ်"

မင်းမောင်သတိပေး၍မဆုံးခင်မှာပင် ရေအိုင်ကြီးထဲ
ဂုန်းခနဲရေလှိုင်းပွက်သံကြီးနှင့်အတူ စောစောကမြားမှန်၍
ထဲသို့ထိုးကျသွားသည့် စစ်သားတစ်ဦးအား ကြီးမားလှသေ
မိကျောင်းကြီးတစ်ကောင်က ထိုးဟပ်ကာ ဆွဲချီသွားသည်
ချောက်ချားစွာတွေ့မြင်လိုက်ကြရပါသည်။

'ဂုန်း .. ဖျောင်း'



"အ ... အား"

"ဟာ ... မိကျောင်းကြီး ... မိကျောင်းကြီးဟေ့ ...
ပစ် ... ပစ်"

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

ယခုမှပင် မေဂျာစမစ်တစ်ယောက် မျက်လုံးပြူး မျက်
ဆံပြူးဖြစ်သွားရပါလေ၏။ ရေအိုင်အလယ်မှ လွန်စွာအန္တရာယ်
ကြီးလှသောမိကျောင်းသတ္တဝါကြီးနှင့် ရေလယ်ကျွန်းဆီမှ လေး
မြားပစ်ရန်သူများကြောင့် ကြံရာမရဖြစ်နေစဉ်မှာပင် ကံကောင်း
ထောက်မစွာပင် ဝါးဖောင်က ကျွန်းကမ်းခြေသို့ဝေါခနဲ တိုး
ဝင်ကပ်သွားခဲ့ပါသည်။

"ဟေး ... ကျွန်းပေါ်ကိုမြန်မြန်တက်ကြ ... ပြီးရင်
မသက်ာတဲ့နေရာမှန်သမျှ ဝိုင်းပြီးပစ်ကြစမ်း"

မေဂျာစမစ်က ကျွန်းပေါ်သို့အောင်မြင်စွာ ဆိုက်ကပ်
နိုင်ပြီမို့ သူ၏စစ်သားများအားနေရာယူစေပြီး ရန်သူများအား
ရင်ဆိုင်၍တိုက်ခိုက်စေသည်။ သို့သော် ကျွန်းပေါ်ရှိကျောက်ဖြူ
သားရဲတိုက်ကြီးအနီးတွင် သေနတ်ဒဏ်ရာများနှင့်သေဆုံးနေကြ
သည့် လူမည်းလေးဦးကိုသာ တွေ့ရှိလိုက်ကြရပြီး ကျန်ရစ်သူများ
မှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြပါချေပြီကော။

"သတိထား ဆာဂျင် ... ဒီနယ်မြေဟာ သူတို့နယ်မြေ
ဆာဂျင်တို့ရဲ့ မီးပေါက်လက်နက်တွေကို သူတို့ကြောက်ကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ခြေရှိတာကတော့ သူတို့ ငါတို့ကို ချောင်းမြောင်းပြီး တိုက်ခိုက်ကြလိမ့်မယ်''

ဆာဂျင်မက်သရူး၊ မင်းမောင်နှင့် ဟယ်လင်တို့က ကျောက်သားကျောက်စိုင်များနှင့် ထုထည်ကြီးမားစွာဆောက်လုပ်ထားသည့် ရဲတိုက်ကြီးဆန်ဆန် အဆောက်အအုံကြီးကို အံ့သြစွာငေးကြည့်ရင်း သတိနှင့်တိုးဝင်လာခဲ့ကြသည်။

''ကြည့်စမ်းပါဦး မင်းမောင်ရယ် ... တကယ့်ရုပ်ရှင်ဇာတ်ကားတွေထဲကလို ရေအိုင်အလယ်က တစ္ဆေရဲတိုက်ကြီးကျနေတာပဲ၊ ဒီလောက်ခေါင်တဲ့တောကြီးမျက်မည်းကြီးထဲက ရေအိုင်ကြီးတစ်ခုအလယ်မှာ ဘယ်လိုရည်ရွယ်ချက်တွေနဲ့များ ဆောက်ထားကြတာလဲ မသိဘူးနော်''

''အင်း ... မင်းကတော့မသိဘူး မင်းမောင် ... ငါကတော့ ဒီရဲတိုက်ကြီးကိုကြည့်ပြီး ကြက်သီးမွေးညင်းတွေတောင် ထလာမိတယ်၊ နောက်ပြီးတော့ ငါတို့အတွက် မကောင်းတဲ့နိမိတ်တစ်ခုလိုလို၊ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးတစ်ကောင်လို ခံစားနေရတယ်''

ဟယ်လင်နှင့်ဆာဂျင်မက်သရူးတို့က သွေးပျက်ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည့် ကျောက်ဖြူသားအဆောက်အအုံကြီးကိုမော့ကြည့်ကာ ထင်ရာမြင်ရာများကိုပြောဆိုနေကြစဉ်မှာပင် မေဂျာစမစ်နှင့်သူ၏ရဲဘော်



များက သေနတ်ပြောင်းတဝင်းဝင်း၊ စစ်ဖိနပ်သံပြင်းပြင်းနှင့် ကျောက်သားရဲတိုက်ကြီးအတွင်းသို့ ခပ်တင်းတင်းပင်ဝင်ရောက်သွားကြပါတော့သည်။

ထို့ကြောင့် ... မင်းမောင်တို့သုံးယောက်မှာ အခြေအနေကို လေ့လာအကဲခတ်ကာ သူတို့၏နောက်မှ သတိနှင့်ဝင်ရောက်ခဲ့ကြသည်။ ထုထည်ခိုင်ခန့်ကြီးမားလှသည့် ကျောက်သားရဲတိုက်ကြီးမှာ ဘယ်ခေတ်၊ ဘယ်ကာလကတည်းက ဆောက်လုပ်ထားခဲ့လေသည်မသိ။ အံ့သြဖွယ်ရာရှေးဟောင်းလက်ရာများနှင့်ပီပြင်စွာထုဆစ်ထားသည့် ပန်းပု၊ ပန်းဆစ်လက်ရာများက ချီးကျူးမကုန်နိုင်အောင်ရှိပါလေ၏။

ကျောက်ဖြူသားရဲတိုက်ကြီးအတွင်းသို့ ချိုးကွေ့ဝင်ရောက်လိုက်သည်နှင့် မင်းမောင်မှာ ဟာ ... ခနဲဖြစ်သွားကာ မိုက်ခနဲပင် ဖြစ်သွားသည်။

''ဟာ''

မင်းမောင်မြင်တွေ့လိုက်ရသည်က ကျောက်ဖြူရဲတိုက်နံရံကြီးတစ်ခုလုံးတွင် မြွေတစ်ကောင်ကိုနင်းကာ ပလွေမှုတ်နေသည့် မိန်းမတစ်ဦး၏နှစ်တောင်ခန့်ရှိသည့် ကျောက်ဆစ်ရုပ်တုလေးများကို စီစီရီရီနှင့် မြောက်မြားလှစွာတွေ့မြင်လိုက်ရခြင်းပင်ဖြစ်ပါ၏။ တစ်ဆက်တည်းမှာပင် မကြာသေးမီကမှ သူမြင်မက်ခဲ့သော ထူးဆန်းသည့်အိပ်မက်တစ်ခုကို ဖျတ်ခနဲ သတိရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"ဟာ … ဒါ … ဒါ … ဒါ … ငါ့ရဲ့အိပ် … အိ မက် … အိပ်မက်ထဲက ပုံ … ပုံရိပ်တွေနဲ့အတူတူပါပဲလာ … ဘုရား ဘုရား … ဒီ … ဒီလို … ဒီလိုဆိုရင် … မြွေ … နတ် မြွေ … နတ် … သ မီး … ဟာ"

ရုတ်တရက်အိပ်မက်ကို သတိရသွားသည့် … မင်းမောင်မှာ … သူ၏အိပ်မက်ထဲမှ ကြီးမားလှသောမြွေဖြူကြီးနှ မြွေနတ်သမီးကိုလည်းပတ်ချာလှည့်ကြည့်လိုက်ရာ ရဲတိုက်ကြီး အလယ်ရှိ ကျောက်သားစင်မြင့်ထက်တွင် ပါးပျဉ်းထောင်ကာ မာန်ဖီနေသည့် လွန်စွာကြီးမားလှသော မြွေဖြူကြီးတစ်ကော ကို ရုတ်တရက်တွေ့မြင်လိုက်သည်မို့ ယောင်ရမ်း၍ပင် နော သို့ဆုတ်လိုက်မိသည်။

မင်းမောင်ကဲ့သို့ပင် … မေဂျာစမစ်တို့လူစုမှာလည် ရဲတိုက်ကြီးအလယ်တွင် ခေါင်မိုးထိလုနီးပါးကြီးမားလှသော ပျဉ်းကြီးကိုထောင်ကာ မာန်ဖီနေသည့် မြွေဖြူကြီးတစ်ကောင် ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် သေနတ်များနှင့်ပစ်ခတ် ချိန်ရွယ်လိုက်ကြသည်။

"ဟာ … မြွေ … မြွေ … မြွေဖြူကြီး … ပစ် … ပစ်ကြ"

"OH … NO … NO … NO SNAKE … 



… ဖြူကြီးမဟုတ်ဘူးကွ … မြွေ … ရုပ်တုကြီးဟော့ … နည်းတဲ့ရုပ်တုကြီးမဟုတ်ဘူးဟ"

"ဟာ … မြွေရုပ်တုကြီးကလည်း ကြောက်ခမန်းလိလိ တကယ့်သဘာဝမြွေဖြူကြီးတစ်ကောင်ကျနေတာပဲ … ကြည့်ပါ ဦး … မျက်လုံးကြီးနှစ်လုံးက ဝင်းလက်တောက်ပနေပြီး တ ဝင်းဝင်းတလက်လက်နဲ့ ရောင်စဉ်တွေကို ထနေတာပဲ"

ဟယ်လင်ကိုယ်တိုင်ပင် မင်းမောင်၏လက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်လျက် မာန်ဖီနေသည့် မြွေဖြူကြီး … သို့ မဟုတ် … ကျောက်ဖြူသားဖြင့်ထုဆစ်ထားသည့် မြွေကြီးကို အံ့ဩထိတ်လန့်စွာကြည့်နေပါလေ၏။

ဟုတ်ပါသည် … သုံးတောင်ခန့်မြင့်သော ကျောက် နက်သားစင်မြင့်ထက်တွင် ရှားပါးသောကျောက်သလင်းဖြူသား နှင့်ထုလုပ်ထားသည့် ကျောက်ဖြူသားမြွေရုပ်တုကြီးက တကယ့် သဘာဝသက်ရှိမြွေဖြူကြီးတစ်ကောင် ပါးပျဉ်းထောင်လျက်မာန် ဖီနေသည်သို့ …။

အားလုံးထက်ပို၍ထူးခြားသည်မှာ စူးယှသော အလင်း တန်းများ တဝင်းဝင်း တလက်လက်နှင့်ရောင်စဉ်ရောင်တန်း များ ယှက်ဖြာလင်းလက်နေသည့် မြွေဖြူကြီး၏မျက်လုံးကြီးနှစ် လုံးကို မေဂျာစမစ်စိတ်ဝင်တစားဖြင့် ငေးကြည့်နေမိပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



"OH... ဂေါ့ ... ဒါ ... ဒါ ... စိန် ... စိန် ... ဖ
မြွေကြီးရဲ့မျက်လုံးမှာတပ်ဆင်ထားတာ တန်ဖိုးကြီးရှားပါးတဲ့ စိန်အစစ်တွေပါလား ... သူ့ဘေးက အရောင်လက်နေတာ 'မြ ကျောက်ရတနာတွေပဲဖြစ်ရမယ် ... အဲဒါကြောင့် တကယ့်မျက်လုံးအစစ်တွေလို အရောင်တွေ တလက်လက်ထွက်နေတာကိုး"

တန်ဖိုးကြီးမားလှသော ရတနာပစ္စည်းများကို အံ့သြစွာတွေ့မြင်လိုက်ရသည်မို့ မေဂျာစမစ်၏မျက်လုံးများက လောဘရောင်ကြောင့် ပြူးကျယ်လင်းလက်လာကြလေသည်လား။

"OH ... YES ... VERRY GOOD ... အဲဒီ မြွေမျက်လုံးကြီးတွေဟာ တကယ့်စိန်အစစ်တွေပဲကွ ... အဟေး ဟေး ... ဒီနေ့ကာလပေါက်ဈေးနဲ့သာဆိုရင် ... ဘယ်နည်းလိမ့်မလဲ ... ဆာဂျင် ... အင်း ... ကံဆိုးတဲ့အထဲက ကံကောင်းချက်တစ်ချက်ပဲ ... အဲဒီ ... မြွေကြီးရဲ့မျက်လုံးထဲက စိန်ကြီးနှစ်လုံးကိုသာ အိန္ဒိယဘက်ကိုယူသွားနိုင်ခဲ့ရင် ဟိုက စိန်ကုန်သည်တွေ ... ဝိုင်းဝိုင်းလည်နေမှာ မြင်ယောင်သေးတယ်"

"အဟေး ... ဟေး ... ဟေး ... မေဂျာ ... ပြောတာမှန်တယ်၊ ကိုင်း ဘာမှတွေးမနေနဲ့တော့ မြွေကြီးရဲ့မျက်လုံးထဲက စိန်တွေကိုမြန်မြန်သာတက်ပြီးယူခိုင်းလိုက်တော့ ဒီရတနာတွေဟာ ... ကျုပ်တို့နဲ့ထိုက်လို့တွေ့ရတာ ... မေဂျာရေ ...



အဟေး ... ဟေး"

မေဂျာစမစ်၏အနီးမှ တပ်ကြပ်ကြီးဒေါ်နယ်လ်က မြွေကြီး၏မျက်လုံးမှစိန်ကြီးနှစ်လုံးကို ဖြုတ်ယူနိုင်ရေးအတွက် စီစဉ်နေပါလေတော့သည်။

"ဟေး ... ထော်နီနဲ့ဒေါ်ဆင်တို့ မြွေရုပ်ကြီးပေါ်ကို တက်ပြီး မျက်လုံးထဲက စိန်ကြီးနှစ်လုံးကို ထုတ်ယူဖို့ပြင်ကြစမ်း ... မြန်မြန်ဟေ့"

မြွေရုပ်တုကြီး၏ ကျောက်သားအကွက် အဖုကြီးများမှာ အထစ်အထစ်နှင့်လှေကားထစ်လေးများသဖွယ် ရှိနေသည်မို့ ခေါင်းမိုးထိလုနီးပါးမြင့်မားလှသည့် မြွေဦးခေါင်းကြီးပေါ်သို့ တက်ရောက်ရန် အခက်အခဲမရှိလှပါ။ ယခုအချိန်ထိ ကျွန်းစောင့်မျိုးနွယ်စုများ၏ အရိပ်အယောင်ကိုမျှ မမြင်တွေ့ကြရသေး။ သေချာသည်ကတော့ ရန်သူများမှာ မေဂျာစမစ်တို့၏မီးပေါက်လက်နက်များကိုကြောက်လန့်သဖြင့် ချောင်းမြောင်း၍သာတိုက်ခိုက်ကြပေလိမ့်မည်။

အိပ်မက်ကမ္ဘာတွင် ခေတ္တခဏ စီးမျောနစ်ဝင်သွားသည့် ဒင်းမောင်မှာ ... မြွေရုပ်တုကြီးပေါ်သို့တက်ရောက်၍ မျက်လုံးမှ စိန်ကြီးနှစ်လုံးကို ဖြုတ်ယူရန်ကြိုးစားနေသည့် မေဂျာစမစ်၏ ကြံအစည်ကိုသိရှိလိုက်ရသဖြင့် များစွာတုန်လှုပ်သွားမိပါသည်။

ထို့ကြောင့် ... မေဂျာစမစ်ထံသို့ ရဲတင်းစွာချဉ်းတိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး မှားယွင်းသည့်အကြံအစည်ကို ဟန့်တားလိုက်ပါ၏။

"ဟာ ... မ ... မလုပ်ပါနဲ့ မေဂျာ ... မြွေကြီးရဲ့မျက်လုံးတော်က စိန်ကြီးနှစ်လုံးကို မယူပါနဲ့ ... မယူကြပါနဲ့။ အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်"

"OH ... NO ... NO ... ဘေးကိုဖယ်လိုက်ပါ မင်းမောင် ... မင်းဟာ ... ငါလုပ်တဲ့အလုပ်တွေကိုပဲ လိုက်ပြီးနှောင့်ယှက်နေသလိုဖြစ်နေတယ်၊ ဟယ်လင်ရေ ... နင့်ရဲ့လူကို နင် ... နိုင်အောင်ထိန်းမလား ... ဒါမှမဟုတ်ရင် ... ငါကိုယ်တိုင်ပဲ ဝင်ပြီးထိန်းပေးရမလား ... ဆိုတာ"

မေဂျာစမစ်က လောဘဘီလူးနှင့် ဒေါသအမူး ပေါင်းစည်းရောစပ်နေသည်မို့ မျက်နှာကြီးကနီမြန်းညိုပုပ်လျက်ရှိပါပြီ။ သူ၏ရှေ့မှ အမျိုးမျိုးကာဆီးပိတ်ပင်နေသည့် မင်းမောင်ကို စိတ်မရှည်နိုင်တော့ပြီထင့် ... ခါးကြားမှ (၄၅)မို့ ပစ္စတိုကြီးကို ဖျတ်ခနဲဆွဲယူလိုက်သည်။

သို့တိုင်အောင် ... မင်းမောင်က လက်မလျှော့သေး။ ဒေါသလောဘများနှင့် ဘီလူးသရဲစီးနေသည့် မေဂျာစမစ်ကို မိုက်မိုက်မဲမဲဖြင့် တိုး၍သာရင်ဆိုင်ဖြေရှင်းနေပါ၏။

"မဟုတ်သေးဘူး မေဂျာ ... ဒါဟာ သူတို့မျိုးနွယ်စုတွေရဲ့ အထွတ်အမြတ်ထားတဲ့ ကျောင်းတော်ကြီးရဲ့ အဓိကမြွေဖြူရုပ်တုကြီးပါ၊ ဒီ ... မြွေဖြူရုပ်တုကြီးကို ဖျက်ဆီး နှောင့်



ယှက်ခဲ့မယ်ဆိုရင် မလိုလားအပ်တဲ့ဆိုးကျိုးတွေဖြစ်ပေါ်လာပါလိမ့်မယ်၊ နောက်ပြီး ... ဒီလိုရှေးဟောင်းရုပ်တုကြီးတွေဟာ ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်အောင် ကျိန်စာတွေနဲ့ပြုလုပ်ထားတတ်ပါတယ်၊ ဒါကြောင့် ဒီလိုလူသူမနီးတဲ့တောကြီးမျက်မည်းထဲကရေအိုင်အလယ်မှာ နှစ်ပရိစ္ဆေဒအကြာကြီး မပျက်မစီးဘဲနဲ့ တည်ရှိနေနိုင်တာပေါ့ ... မေဂျာ"

"NO ... NO ... ဒမ်းဘလယ်ဒီဖူးလ် ... မင်းဟာ အရူးတစ်ယောက်ပဲ မုဆိုး၊ ငါ ဒီလိုကိစ္စတွေ လုံးဝအယုံအကြည်မရှိဘူးကွ၊ မင်းတို့လို အရှေ့တောင်အာရှသား အရူးတွေသာ အသားလွတ်အယူသီးနေကြတာ၊ လက်ခံယုံကြည်နေကြတာ၊ အဲ ... တော်နီ ... ကျောက်ဖြူမြွေရုပ်တုကြီးပေါ်ကို တက်ပြီး မျက်လုံးမှာတပ်ထားတဲ့ စိန်တွေကို ဖြုတ်ယူချည်ပေတော့၊ နှောင့်ယှက်တဲ့ကောင်ကို ပစ်သတ်လိုက်ကြ ... ဒါ အမိန့်ပဲ"

မေဂျာစမစ်၏ပေါက်ကွဲထွက်ကျလာသည့် နောက်ဆုံးစကားကြောင့် ဟယ်လယ်မှာ ... မင်းမောင်၏လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်၍ သတိပေးလိုက်သည်။ ထိုအတူ ... ဆာဂျင်တ်သရူးကလည်း မင်းမောင်ကိုဖျောင်းဖျကာ မေဂျာစမစ်ရှေ့မှ ဆွဲခေါ်လာကြသည်။

"စိတ်လျှော့လိုက်ပါ မင်းမောင်၊ မေဂျာစမစ်အကြောင်းလည်းသိရဲ့သားနဲ့၊ နဂိုကတည်းက ဒေါသကြီးတဲ့သူတစ်ယောက်,

www.burmeseclassic.com

www.burmeseclassic.com



သွေးဆာနေတဲ့သူတစ်ယောက်၊ အခုဆိုရင် စိန်ဆိုတဲ့ လောဘတရားကပါ ကပ်ငြိသွားပြီဆိုတော့ သူ့ကိုဟန့်တားတဲ့သူဟာ သူ့ရဲ့အကြီးဆုံးရန်သူဖြစ်သွားလိမ့်မယ် မင်းမောင်''

''ဟုတ်ပါတယ် မင်းမောင်ရယ် ... ဒီလိုခေတ်ဆိုးခေတ်ပျက်ကြီးထဲမှာ ကိုယ့်ရဲ့အသက်ကိုတောင် မနည်းရှင်သန်ခွင့်ရအောင်ကြိုးစားနေရတာ ... အဲဒီလိုကြီး သူနဲ့အတိုက်အခံသွားမလုပ်ပါနဲ့ မင်းမောင်ရယ်''

နောက်ဆုံးတော့ မင်းမောင်မှာ အားမတန်မာန်လျှော့လိုက်ရပါတော့သည်။ သို့သော် ... သူ၏အကြားအာရုံထဲမှာတော့ အိပ်မက်ထဲမှ မြွေနတ်သမီး၏စကားသံအချို့ကို ပြန်လည်၍ကြားယောင်လာခဲ့မိပါ၏။

''ဒီမှာ လူကလေး ... ငါ့ရဲ့မျက်ရှင်တော်တွေကိုပဲ ဖြစ်ဖြစ်, ငါ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကိုပဲဖြစ်ဖြစ် ... မသန့်ရှင်းမစင်ကြယ်တဲ့ စိတ်ဆန္ဒနဲ့ကိုယ်တွယ်ယူငင်ခဲ့မိရင် အဲဒီလူကို မိုးအဆုံး မြေအနှံ့မတွေ့မနေရှာဖွေပြီး လက်စားချေဒဏ်ခတ်တတ်တယ် ... ကွယ့်''

''နောက်ပြီး ... လူမျိုးခြားမိစ္ဆာကောင်တွေရဲ့ လက်ထဲကိုပါသွားတဲ့ ငါ့ရဲ့မျက်ရှင်တော်နှစ်လုံးကို မင်းကိုယ်တိုင် ပြန်လည်ရယူပြီး ငါ့ဆီကိုလာပို့ပေးရဦးမယ် လူကလေး၊ ငါ့ရဲ့ မျက်ရှင်တော်တွေကိုပြန်ပြီး ရယူပေးနိုင်ဖို့ဆိုတာ လူကလေးတစ်ဦးထဲရှိတာမို့ မင်းဆီမှာ အကူအညီတောင်းခံရတာပါ''



မင်းမောင်တစ်ယောက် မြွေနတ်သမီး၏ပြောစကားများကိုသာပြန်လည်ကြားယောင်လျက်ရှိစဉ် ဗူးဗူးဝါးဝါးအော်ဟစ်လိုက်သည့်အသံကြီးကြောင့် လွင့်မျောနေသည့်အသိစိတ်များက ပစ္စုပ္ပန်လက်ရှိရင်ခွင်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။

''အားပါး ... ရပြီ ... မေဂျာရေ ... ရပြီ နည် ... နည်းတဲ့စိန်တုံးကြီးတွေ မဟုတ်ဘူးဟ''

ကျောက်ဖြူသားမြွေခေါင်းရုပ်တုကြီး၏ ဦးခေါင်းထက်သို့တက်ရောက်ကာ မျက်ရှင်တော်ဟုခေါ်သည့် 'စိန်တုံးကြီးနှစ်တုံး'ကို တော်နီနှင့်ဒေါ်ဆင်တို့နှစ်ယောက် ဓားမြှောင်နှင့်ထိုးကော်၍ ဖြုတ်ယူနိုင်ခဲ့ပါပြီ ...။

လောဘဒေါသအခိုးအလျှံများ စွန်းထင်းပေကျံနေ သည့် မေဂျာစမစ်၏ မျက်နှာပြင်ထက်မှာတော့ အပြုံးပန်းပွင့် လေးက လင်းလက်လျက် ...။ ထိုအခိုက်မှာပင် ...

စိန်တုံးကြီးထိုးကော်ယူလိုက်သဖြင့် တွင်းချိုင့်ဟောင်းလောင်းကြီးဖြစ်နေသည့် မျက်လုံးအိမ်ကြီးထဲမှ မြွေဖြူနှစ်ကောင်ရုတ်တရက်ထွက်လာပြီး အပြစ်သားတော်နီအား ရှူးခနဲဖြင့် ဒေါသတကြီးပေါက်သတ်လိုက်ပါတော့သည်။

'ရှူး .. ဖျီး .. ဖောက်'

''ဟာ ... အ ... အား ... အား''

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား ဟစ်အော်လိုက်သည့် တော်နီ၏ အသံဆိုးကြီးနှင့်အတူ ရဲတိုက်ကြမ်းပြင်ထက်သို့ ဖွဲအိတ်ကြီးတစ်ခုနှယ် ဘုန်းခနဲပစ်ကျသွားလေ၏။ အဆိပ်များဖြင့် မည်းမှောင်နေသော တော်နီမှာနေရာတွင်ပင် မြွေဆိပ်များတက်ကာ သေဆုံးသွားလေတော့သည်။

ထိုစဉ် . . . လေကိုခွင်း၍ပြေးဝင်လာသော မြားတစ်စင်းက မြွေကြီး၏ဦးခေါင်းထက်မှ ကပျာကယာဆင်းနေသည့် တစ်ယောက်သားဒေါ်ဆင်၏ကျောပြင်ကြီးတွင် စူးနစ်စွာစိုက်ဝင်သွားပါလေ၏။

'ရွှစ် . . ဒုတ်'

"အား . . . ဘုန်း"

ဒေါ်ဆင်တစ်ယောက်လည်း တော်နီ၏နည်းအတိုင်း ဖင်မြွေရုပ်တုကြီးပေါ်မှ မြားမှန်ကာပြုတ်ကျလာပြီး ကြမ်းပြင်ထက်ဝယ် ဘုန်းခနဲပစ်ကျကာ ငြိမ်သက်သွားပါတော့သည်။

"ဟာ . . . ရန်သူဟော့ . . . FIRE . . . FIRE}'

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

ထိုအခါမှကြောင်ငေးကြည့်နေသည့် မေဂျာစမစ်မှာ သတိဝင်လာပြီး မသက်ာဖွယ်နေရာများသို့ တဒိုင်းဒိုင်းနှင့်ပစ်ခတ်စေသည်။ တစ်ချိန်တည်းမှာပင် ကျောက်ဖြူသားမြွေရုပ်တုကြီး၏ မျက်လုံးဟောက်ပက်ကြီးထဲမှ သွေးများနီရဲစွာထွက်ကျလာသည်ကို အံ့သြစဖွယ်တွေ့မြင်လိုက်ကြရပါချေပြီကော . . .



သက်မဲ့ကျောက်သားမြွေရုပ်တုကြီးမှာလည်း မေဂျာစမစ်တို့ လူတစ်စုကိုသွေးစွန်းနေသည့် မျက်လုံးဟောက်ပက်ကြီးနှင့် ကြည့်ကာ တဟင်းဟင်းနှင့်ညည်းညူရင်း ပါးပျဉ်းကြီးများလှုပ်ယမ်းယိမ်းယိုင်လာသည်သို့

'ဟီး . . ဟီး . . အီး . . ဟီး . . ဟီး'

ရဲတိုက်ကြီးထဲမှ အော်ဟစ်သံများလေလား . . . လေတိုးသံများလေလားမသိနိုင်ခဲ့ပါချေပြီ၊ မေဂျာစမစ်မှာ အံ့အားသင့်ငေးမောကြည့်နေရာမှ သတိဝင်လာကာ သေဆုံးနေပြီဖြစ်သည့် တော်နီ၏လက်ထဲမှ စိန်ကြီးနှစ်လုံးကို ဖြုတ်ယူလိုက်သည်။

"ထွက် . . . ထွက် . . . ထွက်ကြဟေ့ . . . မြန်မြန်ဖောင်ဆီကိုပြေးကြ"

'ရှီ . . ရှီ . . ရှီး . . ရှီ'

'ဟီး . . ဟီး . . အီး . . ဟီး . . ဟီး'

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

တဝေါဝေါနှင့် အသံကြီးများထွက်ပေါ်လာရာသို့ . . . သေနတ်များဖြင့် တဒိုင်းဒိုင်းပစ်ခတ်ကြရင်း ကျောက်ဖြူသားရဲတိုက်ကြီးထဲမှ တဝုန်းဝုန်းပြေးထွက်လာခဲ့ကြသည်။ ဟယ်လင်မှာလည်း ငူငူငေါင်ငေါင်ဖြစ်နေသည့် မင်းမောင်၏လက်ကို ဆွဲကာ ရဲတိုက်ကြီးအပြင်ဘက်သို့ အပြေးကလေးထွက်လာခဲ့သည်။ ရေလယ်ကျွန်းတစ်ခုလုံး မြွေတွန်သံကြီးများ၊ တဝုန်းဝုန်းနှင့် ပြို

www.burmeseclassic.com

www.burmeseclassic.com



ကျသံများ၊ သေနတ်သံ၊ ပေါက်ကွဲသံကြီးများဖြင့် ကမ္ဘာပျက်သကဲ့သို့ ရှိနေပါချေပြီ ...။

နောက်ဆုံးမှာတော့ ကျွန်းကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် ဝါးဖောင်ကြီးပေါ်သို့ အလုအယက်ပင်ပြေးတက်ကြရာ ရေလယ်ကျွန်းကြီးမှ အမြန်ဆုံးထွက်ခွာလာခဲ့ကြပါလေ၏၊ မေဂျာစမစ်မှာ ဝါးဖောင်ကိုလျင်မြန်စွာလှော်ခတ်စေရင်း ရေအိုင်ထဲမှ မိကျောင်းအန္တရာယ်ကိုလည်း သတိမပြတ်ထား၍ စောင့်ကြည့်နေရသည်။

"မြန်မြန်ယက်စမ်းဟေ့ ... ထိုးဝါးမှီရင် ထိုးဝါးကူစမ်းဟို ... ရေအိုင်ထဲက မိကျောင်းကြီးကိုလည်း သတိမလစ်စေနဲ့ဟေ့ ... ဝါးဖောင်နားကပ်လာရင် ဝိုင်းပြီးပစ်ကြစမ်း"

ဝါးဖောင်ကို လျင်မြန်စွာလှော်ခတ်ခဲ့ကြသဖြင့် ရေလယ်ကျွန်းမှ ရဲတိုက်ကြီးနှင့် တဖြည်းဖြည်းဝေးကွာလာခဲ့သည်။ နောက်တွင်ဝေး၍ ... ဝေး၍ကျန်ရစ်ခဲ့ပြီဖြစ်သော ရေလယ်ကျွန်းဆီမှ လေတိုက်သံလိုလို ... ငိုရှိုက်သံလိုလို ... မြွေတွန်သံလိုလို လေချွန်သံလိုလိုနှင့် အသံကြီးများက မေဂျာစမစ်တို့ဖောင်စီးခရီးသည်များထံသို့ လေစီးနှင့်အတူ ဝဲနိုလွင့်မျောလျက်လိုက်ပါလာကြသည်သို့ ...။

* * *

## အခန်း(၁၈)

### ◇ တစ်ရေးတည်းစီးတစ်ခရီးတည်းသွားသူများ...သို့မဟုတ် ◇

မေဂျာစမစ်က စစ်သုံးမှန်ပြောင်းတစ်လက်ဖြင့် တောင်စောင်းများ၊ တောင်တန်းများတစ်လျှောက် သေချာစွာ လေ့လာအကဲခတ်လျက်ရှိသည်။ စိတ်ချရလောက်ပြီဆိုတော့မှ ... မင်းမောင်ကိုရှေ့ဆုံးမှလမ်းပြချီတက်စေပြီး ခရီးဆက်ခဲ့ကြသည်။

ယခုတစ်ကြိမ်တွင်မူ မေဂျာစမစ်၏အင်ဖာ စစ်ကြောင်းသည် မင်းမောင်နှင့်ဟယ်လင်တို့အပါအဝင် တစ်ဆယ့်ငါးယောက်ခန့်သာကျန်ရှိတော့သည်။ ဤခရီးကြောင်းက မြက်ရိုင်းများထူထပ်ပြီး ဝါးပင်များပေါသည်။ လမ်းကြောင်းက တောကြီးအတွင်းသို့ နက်ရှိုင်းစွာဝင်သွားပြီးမှ အလယ်တွင်မြေပြည်ပြန့်သွားသည့်နေရာ၌ ကိုင်းပင်မြက်ရိုင်းပင်များက ထူထပ်စွာပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြပါ၏။

'ဝေါ ‥ ဖျော ‥ ခွီး ‥ ခွီး ‥ ဖရော ‥ ခွီး ‥ ခွီး'

မင်းမောင်တို့ လက်နက်ကိုင်လူတစ်စုကို တွေ့မြင်လိုက်ရသည့် မျောက်တစ်အုပ်မှာ တခွီးခွီးနှင့်အော်မြည်ကာ သစ်ဝင်များထက်သို့ပြေးတက်သွားကြသည်။ စစ်သားနှစ်ယောက်က ပစ်ခတ်ရန်ပြင်လိုက်ကြသည်ကို မေဂျာစမစ်က ဟန့်တားလိုက်သည်။

"ဟေး ... ပစ်မနေကြနဲ့ ... မလိုအပ်ဘဲ သေနတ်သံမထွက်စေနဲ့၊ ခပ်သွက်သွက်ခရီးနှင်ကြမယ်၊ အင်ဖာကိုရောက်မှ အနားယူကြစို့"

ထိုစဉ် ရှေ့တည့်တည့် ကိုက်နှစ်ရာခန့်ဆီမှ ချိုးတစ်ကောင်၏အချိုအချကူညံ့များကို မင်းမောင်ကြားလိုက်ရသည်။ ထိုချိုးကူသံကြောင့် မင်းမောင် အတော်လေးစိတ်သက်သာရာရသွားပါ၏။ မကြာခင် တောမြိုင်ကြီးထဲမှ ထွက်ရပေတော့မည်။ ကွင်းကျကျ သို့မဟုတ် တောမရှည်သော ကွင်းပြင်တစ်ခုနှင့် မလွဲမသွေကြုံတွေ့ရပေလိမ့်မည်။ လွင်ပြင်ကျယ်သို့ရောက်မှ စိတ်ချလက်ချအေးရန် ကင်းကင်းနှင့်နားနိုင်ပေလိမ့်မည်။

မှန်သည် ... နေမစောင်းခင်မှာ သက်ကယ်တောနှင့်ကိုင်းတောရောနှောပေါက်ရောက်နေသည့် မြိုင်အဆုံးတွင် အလင်းရောင်များ တဖွားဖွားနှင့်လွင်ပြင်ကျယ်၏အရိပ်နိမိတ်တို့ကို



တင်ကာတွေ့ကြရပြီမဟုတ်ပါလား ...။ သို့သော် တကယ်ဆမ်းလွင်ပြင်ကိုတွေ့သည့်အခါတွင်မူ မင်းမောင်မျှော်လင့်ထားသကဲ့သို့ မကျယ်ပြောလှ။

လွင်ပြင်က ကိုက်သုံးရာခန့်သာကျယ်ပြီး လွင်ပြင်ကိုလွန်မြောက်သည်နှင့် သစ်ရိပ်ဝါးရိပ်ထူထပ်လှသော တောအုပ်ကြီးက ရင်မောဖွယ် ဆီးကြိုနေပါလေ၏။ လမ်းကြောမှာ ကွေ့တာ၊ ဝိုက်ကာ၊ ပတ်ကာနှင့်သွားလာနေရသဖြင့် ရှေ့ကိုက်ငါးဆယ်မှကျော်လွန်၍ မည်သည့်ရန်သူ ရှိသည်,မရှိသည်ကိုပင်ခန့်မှန်း၍ မမြင်သာအောင် သဘာဝတရားက ဖန်တီးထားပါလေ၏။

ထို့ကြောင့် မင်းမောင်မှာ ဟယ်လင်ကို သူ၏နောက်မှကပ်လိုက်စေပြီး မျက်စိရှင်ရှင်၊ နားပါးပါးနှင့် သတိကပ်ကာဝဲယာရှေ့နောက် အလစ်မပေးစတမ်း ချီတက်ခဲ့ပါသည်။ ထိုစဉ်နောက်ဘက်ဆီမှ ဆူဆူညံညံအသံတချို့နှင့် တဖျောဖျော တောတိုးပြေးလွှားသံများကို ကြားလိုက်ရသဖြင့် မင်းမောင် ခရီးဆက်နေရာမှ ရပ်ပစ်လိုက်သည်။

"ဘာဖြစ်တာလဲ ... ဆာဂျင် ... တောတိုးသံတွေလည်းကြားရတယ်၊ လူသံတွေလည်းကြားရတယ်၊

"NO‥NO‥NO ... ငါလည်းမသိဘူး မင်းမောင်"

ထိုအချိန်တွင် နောက်တန်းမှ အင်္ဂလိပ်စစ်သားသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက်က အတော်အတန်ကြီးများလှသော ဖါတ်ကြီးတစ်ကောင်ကို ခါးမြှောင်နှင့်ဝိုင်းဝန်းပစ်ခတ်ဖမ်းဆီးကာ မေဂျာစမစ်ထံသို့ မျက်နှာလုပ်ကာ လာရောက်ပို့ဆောင်ကြသသည်။

"OH . . . YES . . . YES . . . ဒီညစာတော့ ကောင်းကောင်းစားရတော့မယ်ဟေ့ . . . ဟင်း . . . ဟင်း . . . တော်တယ်၊ မင်းတို့သိပ်တော်တယ်၊ ညနေစောင်းကျမှ ရမ်တစ်လုံးဆုချမယ်၊ ဟေး ဆာဂျင်မက်သရူး . . . ဟို မုဆိုးကောင်ကိုပြောလိုက် . . . နေရာကောင်းတစ်ခုကိုတွေ့ရင် စခန်းချမယ်လို့"

"ဟုတ် . . . မေဂျာ"

ထိုအချိန်တွင် ရှေ့ဆီမှ မင်းမောင်နှင့်အတူ လမ်းရှင်းကာ ချီတက်နေသည့် အင်္ဂလိပ်စစ်သားတစ်ယောက်မှာ အားခနဲအသံနက်ကြီးတစ်ခုနှင့်ဟစ်အော်ရင်း မြက်ရိုင်းပင်များကြားတွင် ‹ဝုန်းခနဲပစ်လဲကျသွားသည်။

"ဟာ . . . အ . . . အား"

"ဟာ . . . မာတင် . . . မာတင်"

'ရှူး'

"ဟာ . . . မြွေ . . . မြွေဖြူကြီး"

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

တစ်ခဏအတွင်းမှာပင် အော်ဟစ်သံ၊ တောတိုးသံ၊ သေနတ်သံကြီးများက ဆူညံစွာ ထွက်ပေါ်လာပါတော့သည်။



သို့သော် မြက်ရိုင်းပင်များကြားမှ မြွေဖြူကြီးအား ထိဟန်မတူ . . . လျှောခနဲလှုပ်ယမ်းသွားသည့် မြက်ရိုင်းတောကြီးထဲတွင် ပျောက်ကွယ်သွားပါလေတော့သည်။

"ဟေး . . . ဘာဖြစ်တာလဲဟေ့ . . . ဘာတွေ့လို့ပစ်ရတာလဲ"

"မာ . . . မာတင်ကို မြွေ . . . မြွေဖြူကြီးတစ်ကောင်ကိုက်သွားတယ် မေဂျာ"

"OH . . . ဂေါ့ . . . မြွေဖြူကြီး . . . ဟုတ်လား"

မြွေဖြူကြီးဆိုသောစကားကြောင့် မေဂျာစမစ်မှာ မျက်လုံးမျက်ဆန်များပင် ပြူးကျယ်သွားပါ၏။ မာတင်အား သွားရောက်စစ်ဆေးကြည့်လိုက်တော့ မြွေဆိပ်များနှင့်မည်းမှောင်ကာ သတိရတစ်ချက် မရတစ်ချက်ဖြင့် ညည်းတွားလျက်ရှိသည်ကို သနားစဖွယ်တွေ့မြင်လိုက်ရပါတော့သည်။

မင်းမောင်နှင့် ဆာဂျင်မက်သရူးတို့ကိုယ်တိုင် ဝိုင်းဝန်းပြုစုကုသကြသော်လည်း အခြေအနေသည် အားရစရာမရှိလှပါ။ ထူးထူးခြားခြားမြွေဖြူကြီးတစ်ကောင်အကိုက်ခံလိုက်ရသည့် မာတင့်အတွက် မင်းမောင် စိတ်မကောင်းကြီးစွာ ဖြစ်ရပါ၏။

တပ်ကြပ်လေးမာတင်မှာ အင်္ဂလန်ရှိ မိခင်အိုကြီးအား ထုပ်ကိုင်ကျွေးမွေးနေသူတစ်ယောက် ဖြစ်သည်။ သားမယားမရှိ မိခင်အိုကြီးနှင့် အတူတကွနေထိုင်လျက်ရှိစဉ် မြန်မာပြည်စစ်

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်သို့ အရေးတကြီးတာဝန်ထမ်းဆောင်ရန် လိုက်ပါလာခဲ့ရာမှ ယခုကဲ့သို့ ပြည်တော်ပြန်ခရီးလမ်းကြောင်းတွင် သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။ ထိုအကြောင်းများကို မင်းမောင်နှင့်ဟယ်လင်တို့အား သွားရင်းလာရင်းပြောပြခဲ့သည်မို့ မင်းမောင်ရင်ထဲတွင် နာကျင်စူးရှနေခဲ့ခြင်းဖြစ်ပါ၏

"ဆာဂျင် ... သူ့ကို အရေးပေါ်ထမ်းစင်နဲ့ သယ်ကြမယ်၊ နာရီဝက်လောက်ဆက်လျှောက်ရင် ရိုးချောင်းတစ်ခု တွေ့ရလိမ့်မယ် ... အဲဒီမှာ စခန်းချရင်း မာတင့်ကို ဆက်ပြီးကုသကြသေးတာပေါ့"

အင်္ဂလိပ်စစ်သားများမှာ မာတင်အားမြွေဖြူကြီးတစ်ကောင်ကိုက်သတ်သွားသည်ဆိုသော သတင်းကြောင့်ထိတ်လန့်တုန်လှုပ်လျက်ရှိသည်။ သူတို့စိတ်ထဲတွင် ရေလယ်ကျွန်းရှိ ရဲတိုက်ပျက်ကြီးဆီမှ မြွေဖြူကြီးများလိုက်လာ၍ကိုက်ခဲ့သွားခြင်းလေလားဟု ... သံသယဝင်နေကြသည်။ သို့သော် ... ဒေါသကြီးသလောက် ... လက်ရဲဇက်ရဲနိုင်လှသော မေဂျာစမစ်ကို ကြောက်လန့်ကြ၍ မည်သူမျှပါးစပ်မဟရဲကြ။

မြွေဆိပ်ကြောင့် နှာခေါင်းမှသွေးများပင်လျှံကျလာသည့် မာတင်ကို အရေးပေါ်ထမ်းစင်ပြုလုပ်ကာ မင်းမောင်တို့လူစုသယ်ယူလာခဲ့ကြသည်။ ရပ်နားစခန်းချမည့် ရိုးချောင်းလေးအနီးသို့ အရောက်မှာပင် မာတင်တစ်ယောက် မြွေဆိပ်များ တက်



တာ သေဆုံးသွားခဲ့ပါတော့သည်။

သူ၏ရဲဘော်များ၏အခြေအနေကို ရိပ်စားမိလိုက်သည့် မေဂျာစမစ်မှာ ... ဆာဂျင်မက်သရူးအားခေါ်ယူကာ မာတင်၏အလောင်းကို ချောင်းရိုးနံဘေးတွင် ချက်ချင်း မြေမြှုပ်သင်္ဂြိုဟ်ခိုင်းလိုက်ပါ၏။

"မြန်မြန်တူးပြီး ခြေရာလက်ရာပျောက်အောင် မြေမြှုပ်လိုက်ပေတော့၊ စစ်မြေပြင်မှာ စစ်သားတစ်ယောက်သေသွားတာဟာ ဘာမှမဆန်းဘူး၊ တစ်ယောက်သေလို့လျော့သွားရင် ကျန်ရစ်တဲ့သူတွေ ဝေစုခွဲရင်ပိုပြီးရတာပေါ့ ... ဟင်း ဟင်း ... ကဲ ... အခုအချိန်ကစပြီး ကိုယ့်ကိုယ်ကိုယ်မသေအောင်ပဲ ဂရုစိုက်ကြ"

မင်းမောင်မှာ မေဂျာစမစ်၏စကားကြောင့် ဆတ်ခနဲခေါင်းထောင်ကြည့်လိုက်သည်။ ဤမျှ အကြင်နာတရား စာနာစိတ်တရားခေါင်းပါးလှသော မေဂျာစမစ်ကို ချက်ချင်းပင် လည်ချိုကိုညှစ်၍သတ်ပစ်ချင်စိတ်များပင် တဖွားဖွားပေါ်ပေါက်လာခဲ့ပါ၏။ သူ့အား အမြဲတစေ ... အကဲခတ်နေသည့် ဟယ်လင်၏သတိပေးချက်ကြောင့်သာ စိတ်ကိုဖြေလျှော့ချလိုက်ရသည်။

"စိတ်လိုက်မာန်ပါ မလုပ်မိပါစေနဲ့နော်၊ ယူ့ရဲ့နောက်မှာ ဟယ်လင်ရှိနေသေးတယ်ဆိုတာ မမေ့လိုက်နဲ့ဦး၊ ဒါပေမဲ့ အဲဒီ ... ဆုံးခင်က ဟယ်လင့်ကို တိုးတိုးတိတ်တိတ်မှာထားတာ ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



. . . မေဂျာစမစ်ကို မယုံဖို့, သတိထားဖို့ မှာခဲ့တယ် မင်းမောင်"

သူ၏လက်မောင်းကိုဆုပ်ကိုင်ကာ မျက်နှာငယ်လေးနှင့် သတိပေးနေရှာသည့် ဟယ်လင်၏မျက်နှာနွမ်းနွမ်းလေးကို ကြည့်လိုက်ပြီး မင်းမောင်သက်ပြင်းမောကြီးတစ်ခုကိုသာ မသက်မသာနှင့်ချလိုက်ပါလေ၏။

"တောက် . . . ဒီလူရဲ့စိတ်ဓာတ်က တော်တော်အောက်တန်းကျတာပဲ၊ အဲဒါကြောင့် ဟယ်လင့်ရဲ့အဖေက ကြိုတင်ပြီး သတိပေးခဲ့တာဖြစ်မယ် . . . ဖြစ်နိုင်ရင် . . . ဒီလောဘကောင်ကြီးဟာ စိန်တွေကို သူတစ်ယောက်တည်းတောင် ပိုင်ဆိုင်ချင်ပုံရတယ်"

မေဂျာစမစ်၏ လောဘ၊ ဒေါသ၊ မောဟများကို မင်းမောင်မြင်တွေ့လိုက်ရသဖြင့် ယခုကဲ့သို့ မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ သူ၏ကျောထက်ရှိ ကျောပိုးအိတ်ကြီးကိုဖြုတ်ချလိုက်ပြီး ဟယ်လင်နှင့်အတူ သစ်ပင်ရိပ်တစ်ခုအောက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပါ၏။

ဤချောင်းရိုးအနီးတွင် တစ်ညတာအတွက် စခန်းချရပ်နားကြမည်ဖြစ်သဖြင့် အရိပ်အာဝါသကောင်းလှသော ကညင်ပင်ကြီးသုံးပင်ဆိုင်၍ပေါက်နေသည့်အလယ်တွင် မေဂျာစမစ်တို့ လူစုနားခိုရန်စီစဉ်နေကြသည်။

"စိတ်ချပါ . . . ဟယ်လင် သူသဲကြီးမဲကြီးမက်မောနေ



တဲ့ ရတနာပစ္စည်းတွေကို ငါလုံးဝစိတ်မဝင်စားပါဘူး၊ ဟယ်လင့်ကို ငဲ့ညှာပြီးတော့သာ ငါ့စိတ်ကိုထိန်းနေရတာ၊ ဟင်း . . . ငါ့သဘောအတိုင်းသာဆိုရင်တော့ အဲဒီ ဥစ္စာရူးကောင် . . . စမစ်သေတာကြာလှပြီ၊ အခုကြည့်လေ . . . မြွေဖြူရုပ်တုကြီးက မျက်လုံးတော်စိန်ကြီးတွေကို ဖြုတ်ယူယူချင်း တော်နီနဲ့ဒေါ်လ်ဆင်တို့နှစ်ယောက် သေကြရတယ်၊ ရေလယ်ကျွန်းတိုက်ပွဲမှာလည်း ရဲဘော်တွေ လေးငါးခြောက်ဦး အလဟသအကြောင်းမဲ့ သေကျေပျက်စီးခဲ့ကြရတယ်၊ ဟော . . . အခုလည်း မြွေဖြူကြီးတစ်ကောင်ကြောင့် တပ်ကြပ်မာတင် သေဆုံးခဲ့ရပြန်ပြီလေ"

ထိုစဉ်မှာပင် ဆာဂျင်မက်သရူးတစ်ယောက် မျက်နှာမကောင်းစွာပင် သူတို့အနီးသို့ရောက်ရှိလာသည်။ မာတင်သေဆုံးခြင်းနှင့်ပတ်သက်လိမ့်မည်။ အကြောင်းမှာ တပ်ကြပ်မာတင်သည် သူ၏လက်ရုံးတပည့်တစ်ယောက်ဖြစ်နေခြင်းကြောင့်ပင်တည်း။

"အင်း . . . မာတင်အတွက် စိတ်တောင်မကောင်းဘူး မင်းမောင်၊ ဘာပဲဖြစ်ဖြစ် ယုံကြည်စိတ်ချရတဲ့ လူယုံတစ်ယောက် လျော့သွားတယ်လေ၊ ဒါထက် စောစောက မင်းပြောတာ ငါကြားလိုက်ရပါတယ် . . . ရဲဘော်လေးငါးခြောက်ယောက် အကြောင်းမဲ့သေဆုံးခဲ့ကြတယ်ဆိုတာ . . . ဟို . . . ဟိုရေလယ်ကျွန်းက မြွေဖြူရဲ့တိုက်ကြီးတိုက်ပွဲကို ပြောတာမဟုတ်လား မင်းမောင်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ဆာဂျင် . . . တကယ်တော့ ငါတို့အားလုံး ဆင်ခြင်တိုင်းထွာမှုတရား ခေါင်းပါးတဲ့အပြင် လောဘ, ဒေါသကြီးတဲ့ခေါင်းဆောင်တစ်ယောက်ကြောင့် ရည်မှန်းချက်ပန်းတိုင်မရောက်ခင်မှာ လမ်းပျောက်ကြလိမ့်မယ်ထင်တယ်”

“ဟုတ်တယ် ဆာဂျင်မက်သရူး . . . တကယ်တော့ မေဂျာစမစ်ဟာ တစ်ကိုယ်ကောင်းသမားတစ်ယောက်ပဲ၊ ကိုယ်ချင်းစာတရားကင်းမဲ့တဲ့အပြင် အမြဲလိုလို သတ်ချင်ဖြတ်ချင်စိတ်တွေပဲကြီးစိုးနေတယ်၊ အဲဒါကြောင့် ဒယ်ဒီက သူမသေခင်မှာ မေဂျာစမစ်ကို သတိထားဖို့ ဟယ်လင့်ကိုမှာခဲ့တာကိုး”

မင်းမောင်နှင့် ဟယ်လင်တို့၏စကားများကို ဆာဂျင်မက်သရူးတိတ်ဆိတ်စွာပင်နားထောင်နေပါ၏။ ဆာဂျင်မက်သရူးကိုယ်တိုင်မေဂျာစမစ်အကြောင်းကို သိရှိထားသော်လည်း စစ်စည်းကမ်းအရ အထက်အရာရှိ၏စစ်မိန့်ကိုဖီဆန်၍မရနိုင်သဖြင့် အလိုက်သင့်နေထိုင်ခဲ့ခြင်းသာဖြစ်သည်။

“အင်း . . . ခရီးဆုံးဖြစ်တဲ့ အင်ဖာစစ်မြေပြင်ကို မရောက်မချင်းတော့ ဒီလိုပဲစိတ်ရှည်ရှည်နဲ့သည်းခံအောင့်အီးပြီး သွားရမှာပဲ ဟယ်လင်၊ အခုလောလောဆယ်တော့ သူပြောသလို ကိုယ့်ကိုယ်ကိုယ် မသေအောင်ပဲ ဂရုစိုက်နေရတော့မှာပဲ ဟယ်လင်ရေ . . . ဟင်း”

“တကယ်တော့ . . . ဒီကိစ္စတွေဟာ ဘယ်လိုမှမဖြစ်



သင့်တဲ့ကိစ္စတွေပဲ ဆာဂျင်၊ ငါ အတန်တန်တားတဲ့ကြားထဲကနေကိုယ်နဲ့မသက်ဆိုင်တဲ့ ရေလယ်ကျွန်းက မြွေနတ်သမီးကျောင်းဆောင်ကြီးထဲကို ဖွတ်တိုးပြီးဝင်တယ်၊ နောက်ပြီး သူတစ်ပါးပိုင်နက်ထဲက အဖိုးတန်ရတနာပစ္စည်းတွေကို ခွင့်ပြုချက်မရဘဲ ဖွတ်အမွှဖျက်ဆီးယူငင်တယ်၊ ဟော . . . အခုဆိုရင် မြွေနတ်သမီးရဲ့ မျက်လုံးတော်ဖြစ်တဲ့ စိန်ကြီးနှစ်လုံးက သူ့ရဲ့ဇာတိကိုပြလာပြီလေ . . . ဒါကြောင့် အစကတည်းက ဒီပစ္စည်းတွေဟာ ကျိန်စာဆိုထားတဲ့ ရတနာပစ္စည်းတွေဖြစ်နိုင်တယ်လို့ ကြည့်နေ ဆာဂျင် . . . နောက်ထပ် ဘယ်သူတွေ မြွေနတ်သမီးရဲ့ကျိန်စာသင့်ပြီး သေကြဦးမလဲဆိုတာ . . . စောင့်သာကြည့်ပေတော့”

ထိုအချိန်တွင်ပင် မေဂျာစမစ်နှင့် ရဲဘော်များဝိုင်းနေသည့် မီးဖိုဆီမှ ဆူဆူညံညံအသံများနှင့်အတူ လေနှင့်လွင့်ပါးလာသည့် ဖွတ်ကင်ညှော်နံ့ကြီးက ရှူးရှူးဝါးဝါးထွက်ပေါ်လာပါလေ၏။

“အိုး . . . မေဂျာစမစ်တို့လူစု ညနေက ရဲဘော်တွေရခဲ့တဲ့ ဖွတ်ကြီးကို ကင်နေကြတာထင်တယ်၊ ဖွတ်ကင်နံ့က မွှေးနေတာပဲ မင်းမောင်ရေ၊ အင်း . . . ဒီခရီးစထွက်ကတည်းက ကောင်းကောင်းမစားသောက်ခဲ့ရတာတော့ အတိုးချပြီး စားရတော့မှာပဲ မင်းမောင်ရေ့ ကဲ . . . သွားလိုက်ဦးမယ် ဟယ်လင်”

မွှေးပျံ့ကြိုင်သင်းလျက်ရှိသော ဖွတ်သားကင်နံ့၏ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ညို့ငင်မှုကြောင့် ဆာဂျင်မက်သရူးမှာ မေဂျာစမစ်တို့၏ မီးဖိုဝိုင်းဆီသို့ ခြေဦးလှည့်သွားပါလေ၏။ မင်းမောင်တစ်ယောက် သာ အဆီအချွဲများသော ဖွတ်ကင်နှင့် ဖွတ်အရေခွံများကို မီး လောင်၍ထွက်လာသော ညှော်နံ့ကြီးကြောင့် ထူးထူးခြားခြား မျက်မှောင်ကုတ်၍သာ ငြိမ်သက်လျက်ရှိပါ၏။

"အင်း ...ဖွတ်သားကင်နံ့ကြောင့် ...ဟို ...ဟို လေ ...မင်းမောင်နဲ့ဦးဆုံးစတွေ့တဲ့ ညကစားခဲ့ရတဲ့ဖွတ်သား မီးကင်တဲ့အနံ့လေးကို ဟယ်လင်သတိရနေမိတယ်၊ မင်းမောင် ရော ဗိုက်မဆာဘူးလားဟင် ...ဟယ်လင့်မှာ ဘီစကစ်ခြောက် နည်းနည်းကျန်သေးတယ် ...စားမလားဟင်"

မေဂျာစမစ်တို့၏ စားပွဲသောက်ပွဲဝိုင်းသို့ မင်းမောင် သွားမှန်းသိသဖြင့် ဟယ်လင် ဘီစကစ်ထုပ်ကိုယူရန် ကျောပိုး အိတ်ဆီသို့ လက်လှမ်းလိုက်သည်၊ သို့သော် ...သူ၏လက်က လေးကို မင်းမောင် ဖျတ်ခနဲဆွဲကိုင်ဟန့်ထားလိုက်ပါ၏။

"ခဏနေဦး ဟယ်လင် ...လာ ...လိုက်ခဲ့ ... တော်ကြာဆိုရင် မှောင်လာတော့မယ်၊ သိပ်မှောင်သွားရင် ဘာမှ မြင်ရမှာမဟုတ်တော့ဘူး"

ရုတ်တရက် ပြောပြောဆိုဆိုနှင့် ဟယ်လင်၏လက်ကို ဆွဲကာ အနီးရှိသစ်ပင်ကြီးများပေါ်သို့ မော့၍ကြည့်ကာတစ်စုံတစ် ရာကို အရေးတကြီးရှာဖွေနေပါ၏။ ချောင်းရိုးအနီးရှိ ကညင်ပင်



ကြီးများမှာ အမြစ်၊ အခေါက်၊ အပွေးများ၊ နွယ်ဒန်းကြီးများနှင့် ရှုပ်ထွေးသွယ်တန်းစွာရှိနေသဖြင့် အတန်ကြာမျှရှာဖွေနေရသည်။

"ဘာ ဘာတွေအရေးတကြီးရှာနေတာလဲ မင်းမောင်"

"မေဂျာစမစ်လုပ်ပုံနဲ့တော့ ဒီနေ့ည လုံခြုံရေးစည်း ပေါက်သွားနိုင်တယ် ဟယ်လင် ...ဒါကြောင့် သစ်ပင်မြင့်မြင့်မှာ တက်ပြီးနေရာယူထားမှ စိတ်ချရမယ်"

မင်းမောင်ပြောဆိုလုပ်ကိုင်နေသည်များကို ဟယ်လင် တစ်ခုမျှနားမလည်။ ခါတိုင်းဆိုလျှင် ကျောက်ဂူတစ်ခုခု သို့မ ဟုတ် ကျောက်တုံးမြင့်မြင့်များထက်တွင် မီးဖို၍နားနေအိပ်စက် လေ့ရှိခဲ့သည်။ ယနေ့ညမှာပင် ထူးထူးခြားခြားသစ်ပင်ကြီးများ ထက်တွင်နေရာရှာဖွေနေသဖြင့် ဟယ်လင်နားမလည်နိုင်အောင် ဖြစ်သွားမိခြင်းပင်။

နောက်ဆုံး ...မေဂျာစမစ်တို့ ဝိုင်းဖွဲ့စားသောက်နေ ကြသည့် ကညင်ပင်ကြီးသုံးပင်ကိုသာ မင်းမောင်စိတ်ကြိုက်တွေ့ ရှိလိုက်ရပါ၏။ အောက်ခြေရှင်းလင်း၍ အပေါ်ဘက် သစ်ကိုင်း သစ်ခက်ချင်းယှက်ကာ ခွဆုံကြီးများဖြင့် အသိုက်ဖွဲ့နေသည့် ကညင်ပင်ကြီးသုံးပင်သည် သူတို့၏တစ်ညဥ့်တာနားခိုအိပ်စက် ရန် သို့မဟုတ် ...ပုန်းခိုရန် အသင့်တော်ဆုံးနေရာတစ်ခုပင် မဟုတ်ပါလား။

နက်ရှိုင်းသော တောဇ၏အမှောင်သည် နှင်းငွေ၊ နှင်းခဲ၊

www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူမှုန်တို့ကိုပါ သယ်ဆောင်လျက် စောစီးစွာနေရာယူစိုးမိုးလျက်ရှိသည်။ လမိုက်ညဖြစ်သဖြင့် သစ်ပင်ဝါးပင်ကြီး၏ ခက်လက်ရိုးတံအကြိုအကြားမှ ကွက်တိကွက်ကြားမြင်တွေ့နေရသော ညဥ္စကောင်းကင်ထက်တွင် ကြယ်စင်တချို့သာ မှိတ်တုတ်မှိတ်တုတ်ဖြင့်မင်းမူစိုးမိုးနေကြပါတော့သည်။

✵ ✵ ✵

## အခန်း(၁၉)

## ✧ ဟောဒါပဋ္ဋလက်...ဟောဒါမာယာ ✧

ရုတ်တရက် ...မင်းမောင်ထံမှ အမိန့်ပေးသံ ဆန့်ကြားလိုက်ရသောကားကြောင့် မေဂျာစမစ်ဇာစ်ယောက် စားသောက်နေရာမှ ဝုန်းခနဲထလိုက်သည်။

"NO...NO...NO...ရှပ်တ်အပ် ...မင်း ...ဘာတွေလာပြီး အမိန့်ပေးနေရတာလဲကွ ...ဟေ"

"ဟုတ်တယ် မေဂျာစမစ် ...ငါပြောလိုက်တာ မင်းရဲ့ထဲမှာ အဝင်ဆိုးချင်ဆိုးသွားမယ်၊ ဒါပေမဲ့ ငါ့ရဲ့စကားဟာ ဘာတွေအားလုံးရဲ့အသက်အန္တရာယ်အတွက်ဆိုတာ နားလည်ပေးပါ။ ငါဟာ မင်းရဲ့လက်အောက်က စစ်သားတစ်ယောက်တော့ဘူး နောက်ပြီး ...ဒါဟာ စစ်မြေပြင်လည်းမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှအန္တရာယ်တွေ, ရန်စွယ်တွေ မျက်စိနဲ့မမြင်နိုင်တဲ့ သဘာဝအန္တရာယ်တွေ ဝိုင်းရံနေတဲ့ တောနက်ကြီးထဲမှာ ငါတို့ တစ်တွေရောက်နေကြတယ်ဆိုတာ မမေ့ပါနဲ့''

ဒီမှာ မေဂျာစမစ် ... ငါဟာ မုဆိုးတစ်ယောက်ပဲ တောတောင်တွေထဲမှာ ဘယ်လိုသွားရလာရနေရမယ်ဆိုတာ တွေ, ဘယ်လိုစားသောက်ရမယ်ဆိုတာတွေဟာ မင်းတို့သင်ကြား ခဲ့ရတဲ့ စစ်စည်းကမ်းတွေလို ဒီမှာလည်း တောစည်းကမ်းတွေ တယ်၊ လိုက်နာရမယ့်အချက်တွေ, ရှောင်ကျဉ်ရမယ့်အချက်တွေ တရားသေရှိပြီးသားပါ မေဂျာ''

''ဟုတ်တယ် မေဂျာ ... သူဟာ ငါတို့လမ်းပြဖို့ ထားတဲ့ မုဆိုးတစ်ယောက်လေ၊ ငါတို့စစ်ကြောင်း အင်ဖာ မြေပြင်အထိ အန္တရာယ်ကင်းကင်းနဲ့ ရောက်ရှိသွားနိုင်ဖို့ သူ့မှာ တာဝန်ရှိတယ်၊ ကိုင်း ... ပြောစမ်း မင်းမောင် ... အခု ငါတို့ တစ်တွေ ဘာတွေများအမှားလုပ်မိကြလို့လဲ၊ မှားယွင်းခဲ့တာ ရှိရင် လည်း အချိန်မီပြင်ဆင်ရအောင် ... ပြောမှ သိတော့မှာပေါ့

အရက်မူးမူး ဒေါသမူးမူးနှင့် ဘီလူးစီးနေသည့် မေဂျာ စမစ်၏ပခုံးကို ဆာဂျင်မက်သရူးက အသာအယာဖက်တွယ် လိုက်ရင်း ပဋိပက္ခတိုက်ပွဲနိဒါန်းကို ညင်သာပျော့ပျောင်းစွာကိုင် တွယ်ဖြေရှင်းရန် ကြားဝင်စေ့စပ်လိုက်ပါ၏။

''ဒါဆိုရင် ... အခု အချိန်မရှိတော့လို့ သိပ်ပြီးရှည်ရှည်



သေးမပြောတော့ဘူး ဆာဂျင် ... ဟောဒီလို တောထဲ တောင် ထဲမှာ အညှော်အဟောက်တွေသိပ်မလုပ်ရဘူး၊ အခုဆိုရင် ဖွတ် ကောင်ကြီးရဲ့ညှော်နံ့ဟာ လေတင်ကတစ်ဆင့် လေအောက်ထိ အောင် ပျံ့နှံ့ကုန်ကြပြီလေ၊ ဒါဟာ မမျှော်လင့်ဘဲ အန္တရာယ်ဖြစ် လာနိုင်တဲ့ အမိကအကြောင်းရင်းပဲ၊ အဲဒီတော့ မင်းတို့ကို ငါက အမိန့်ပေးနေတာတော့ မဟုတ်ဘူး၊ အေး ... ဒါပေမဲ့ ဒီည ဆက်ရှည်ရှည်နဲ့ လူ့ဘဝမှာဆက်ပြီးနေချင်သေးတယ်ဆိုရင် ဟောဒီကညင်ပင်ကြီးသုံးပင်ပေါ်မှာ လူခွဲပြီး တက်နေကြရမယ်''

''နေပါဦး မုဆိုးကောင်ရဲ့ ... ဒီဖွတ်ကင်နံ့ကြောင့် ဘယ် လိုသတ္တဝါမျိုးတွေက လာပြီး ငါတို့ကိုအန္တရာယ်ပြုမှာမို့လဲ ... ကင်၊ တို့အားလုံးမှာ လက်နက်မှာလက်နက်တွေ အပြည့်အစုံရှိ တယ်လေ ... ဘာကြောက်စရာရှိလဲ၊ အလကား ... ဘာလယ် မှ ... အရူးကောင်''

အရက်မူးနေသည့် မေဂျာစမစ်မှာ သူ့အား မင်းမောင် က အမိန့်ပေးနေသည်ဟုထင်မှတ်ကာ ဒေါသတကြီးဟစ်အော် ပြောဆိုနေပါ၏။ ဆာဂျင်မက်သရူးက ထိန်းခဲ့သော်လည်း လုံးဝ ဂရုမစိုက်ဘဲ မင်းမောင်ကိုသာ ရိုင်းပျစွာပြောဆိုလျက်ရှိသည်။

''NO ... NO ... ငါ့ကိုဘယ်သူမှ အမိန့်ပေးလို့မရဘူး ကွ ... မုဆိုးကောင် ... မင်းကြောက်ရင် မင်းဟာမင်း ... သစ်ပင်ပေါ်တက်ပြီးပုန်းနေ ... ဟွန်း ... မင်း ဘာကောင်လဲ''

www.burmeseclassic.com

www.burmeseclassic.com



မေဂျာစမစ်၏ စည်းလွတ်ဝါးလွတ်ရမ်းကားမှုကြော
မင်းမောင်သည်းမခံနိုင်တော့ဘဲ စမစ်ထံသို့ ဝုန်းခနဲရောက်
သွားပြီး အင်္ကျီကော်လံစကို ဆွဲကိုင်ကာ ...

"ဒီမှာ စမစ် ... ငါ့ကို ကြိုက်သလိုပြောလို့ရတယ်
ငါ့ရဲ့စေတနာကိုတော့ မစော်ကားနဲ့၊ မင်းထက်သတ္တိပိုပြီးရှိတယ်
လက်သီးချင်းယှဉ်ပြီးထိုးမလား၊ သေနတ်ချင်းယှဉ်ပြီးပစ်မလ
... ငါက အချိန်မရွေးပဲကွ ... ဟွန်း ... ငါ့မှာ ထောက်ထာ
ညာစရာသာမရှိခဲ့ဘူးဆိုရင် မင်းလိုအတ္တသမား ဥစ္စာရူးကောင်
တစ်စစီ အရေခွံဆုတ်ဖြဲပစ်တာ ကြာပြီ"

"NO ... NO ... မလုပ်နဲ့ မင်းမောင် ... မလုပ်
... တော် ... တော်ပါတော့"

ဟယ်လင်က စိုးရိမ်တကြီးနှင့် မင်းမောင်ကိုဆွဲယူ
ငင်ကာ ထိန်းချုပ်ထားလိုက်နိုင်သဖြင့် ပဋိပက္ခပွဲက ဤမျှ
ပြီးပြတ်သွားပါလေ၏။ မေဂျာစမစ်ကို ဆာဂျင်မက်သရူးနှင့် ဗ
ကြပ်ကြီးတစ်ဦးတို့က ဖျောင်းဖျပြောဆိုနေကြပါ၏။ ထို့နော
ဆာဂျင်မက်သရူးကပင် ရဲဘော်အားလုံးကို သုံးစုခွဲကာ .. ကည
ပင်ကြီးသုံးပင်ပေါ်သို့တက်ရောက်၍နေရာယူကြရန် နိုင်းစေ ည
ကြားလိုက်သည်။

"ဆာဂျင် မက်သရူး ... ဒီတစ်ညတော့ ငါ့ဆီက ဝ
မိန့်မရဘဲနဲ့ သေနတ်တစ်ချက်မှ မဖောက်မိပါစေနဲ့ ... တ



တည်း ရဲဘော်တွေကိုမှာထား‌ပေးပါ"

မင်းမောင်မှာ မေဂျာစမစ်တို့လူစု ပစ်စလက်ခတ်အရေ
ခွံများခွာပြီး လွှင့်ပစ်ထားခဲ့သည့် ဖွတ်အရေခွံများကို တုတ်တစ်
ချောင်းနှင့်မီးဖိုထဲမှ ထိုးကော်လွှင့်ပစ်နေရင်း ဆာဂျင်မက်သရူး
အား မှာကြားလိုက်သည်။

မေဂျာစမစ်နှင့်ရဲဘော်တစ်စုတို့ ပစ်စလတ်ခတ်လုပ်ထား
ခဲ့ကြသော ဖွတ်အရေခွံပြားကြီးများမှာ ... အဆီတစ္ဆဲစ္ဆဲ တရွဲရွဲ
နှင့် တဖျင်းဖျင်း တဖြစ်ဖြစ်မြည်ကာ မီးထလောင်လျက်ရှိသည်၊
အဆီအစ္ဆဲများသော ဖွတ်အရေခွံကြီးကိုမီးလောင်ကျွမ်းသည့်
ညှော်နံ့များမှာ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မွှန်ထူနေပါလေ၏။

"တောက် ... စည်းစနစ်ကြီးလွန်းလှတဲ့ အင်္ဂလိပ်စစ်
တပ်က စစ်ဗိုလ်တစ်ယောက်လုပ်နေပြီး တောတောင်တွေထဲမှာ
အညှော်အဟောက်တွေမလုပ်ရဘူး ... အန္တရာယ်ရှိနိုင်တယ်ဆို
တာ မသိဘူးလားမသိဘူး"

မင်းမောင်မှာ ... မီးဖိုနားမှ မီးထလောင်နေသေးသည့်
ဖွတ်အရေခွံများကို တုတ်တစ်ချောင်းနှင့် ယက်ကော်ထုတ်ပစ်ရင်း
တတွတ်တွတ်နှင့်ပြောဆိုနေပါ၏။ မည်သို့ပင်ဖြစ်စေ မေဂျာစမစ်
ကတော့ သောက်လက်စ အရက်ပုလင်းပြားတစ်လုံးနှင့် ဖွတ်ခေါင်
တစ်ပိုင်းကိုတော့ သူပုန်းခိုရာ ကညင်ပင်ကြီးထက်သို့ ယူဆောင်
လာခဲ့ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညသည် တစ်စ၊ တစ်စည့်နက်လာခဲ့ပြီမို့ နက်မှောင်သော အမှောင်ကမ္ဘာကြီးကလည်း တောနက်ကြီးတစ်ခုလုံးအားလွှမ်းခြုံအုပ်မိုးသွားခဲ့ပါ၏။ နှင်းမိုးစက်ကျသံတဖျောက်ဖျောက်ကြားမှ ပုစဉ်းရင်ကွဲနှင့် ပိုးကောင်မွှားကောင်လေးများ၏ တစီစီအော်မြည်ကြသံများက ဟိုမှသည်မှ ညံလျက်ရှိသည်။

ရဲဘော်များအားလုံး ကညင်ပင်ကြီးများပေါ်သို့ အသီးသီးရောက်ရှိသွားကြမှ နောက်ဆုံး မင်းမောင်မှာ ဟယ်လင်အားပို့ဆောင်ထားသည့် ကညင်ပင်ကြီးပေါ်သို့ နွယ်ဒန်းများမှတစ်ဆင့်တက်ရောက်လာခဲ့သည်။ ရေစက်မကုန်ချင်သေးတော့ မင်းမောင်တက်ခဲ့သည့် ကညင်ပင်ကြီးပေါ်တွင် မေဂျာစမစ်ကိုတွေ့လိုက်ရပါ၏။ သို့သော် . . . မေဂျာစမစ်တစ်ယောက် အတန်ငယ်ကျယ်ပြန့်သော သစ်ခွဆုံချိုင့်ခွက်ကြီးထဲတွင် တရှူးရှူးနှင့် အိပ်မောကျလျက်ရှိနေပါတော့သည်။

တစ်နေကုန် တောတိုးလာခဲ့ကြသည့် ရဲဘော်များမှာလည်း ပင်ပန်းနွမ်းနယ်မှုတို့၏ဒဏ်၊ ဖွတ်သားစားထားကြသဖြင့် အကြောတက်မိုက်လေးသည့်ဒဏ်တို့ကြောင့် တခေါခေါနှင့်အိပ်မောကျနေကြပါလေ၏။ ဟယ်လင်ပင် . . . မင်းမောင်၏ပခုံးကိုမှီကာ နှစ်ခြိုက်စွာအိပ်ပျော်လျက်ရှိသည်။ ညဉ့်နက်လာသည်နှင့်အမျှ နှင်းပွင့်နှင်းခဲများနှင့် အရိုးကွဲလုမတတ် အအေးဒဏ်တို့က မင်းမောင်တို့လူစုအား နှိပ်စက်ကလူပြုပါလေတော့သည်။ တစ်



ောင်ကျော်လောက်က အော်မြည်သွားသည့် ကျားတစ်သံသဲ့သဲ့ကိုကြားလိုက်ရပြီးနောက် တောကြီးတစ်ခုလုံး မြူနှင်းကမ္ဘာအောက်တွင် ထူးထူးခြားခြားပင် တိတ်ဆိတ်ငြိမ်သက်သွားပါလေတော့သည်။ ထိုအချိန်တွင် . . .

'ဝေါ . . ဝေါ . . ဖရော . . ဖျော'

ထူးခြားသော တောတိုးသံသဲ့သဲ့ကြောင့် ငိုက်မြည်းလုလုင်းမောင်၏မျက်လုံးများက ရုတ်ခြည်းပင်ပြူးကျယ်သွားသည်သို့ . . . "ဟော . . . ဘာသံတွေလဲ"

ဟုတ်သည် . . . ရိုးချောင်းဖျားဘက်ကျသော တောက်ကြီးဘက်ဆီမှ တဝေါဝေါနှင့်အော်မြည်လာသော အသံသဲ့သဲ့က တစ်စ တစ်စနှင့် ပို၍ကျယ်လာသည်ဟု မင်းမောင်စိတ်ထဲတွင်ထင်မှတ်နေပါ၏။ သူ၏ပခုံးအား မှီ၍အိပ်ပျော်နေသည့် ဟယ်လင်နိုးလာမည်စိုးသဖြင့် ခန္ဓာကိုယ်ကြီးကို မရွေ့လျားဘဲ သေသေချာချာအာရုံစူးစိုက်၍နားထောင်ကြည့်သည်။

ဟုတ်ပါသည် . . . မင်းမောင်ကြားနေရသော တဝေါဝေါနှင့်အော်မြည်သံကြီးသည် သူတို့ရှိရာသို့ဦးတည်လာနေသလိုလိုခံစားလိုက်ရပါ၏။ သူ့စိတ်ထင် ရေလယ်ကျွန်းရှိ မြွေနတ်သမီးကျောင်းဆောင်မှ မြွေဖြူကြီးများလိုက်လာလေသည်လားဟု . . ။

"ဘုရား ဘုရား . . . မေဂျာစမစ်ကို မကျေနပ်လို့များမြွေဖြူကြီးကို လွှတ်လိုက်လေသလားမသိဘူး၊ ဆာဂျင် ဆာဂျင်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လင်နိုးသွားမည်စိုးသဖြင့် နံဘေးမှ ဆာဂျင်မက်သရူးကို ခပ်တိုးတိုးခေါ်ငင်၍နှိုးလိုက်သည်။ အအိပ်ဆတ်နား[...]သော ဆာဂျင်မက်သရူးက ငေါက်ခနဲထလိုက်သည်။

"ဘာလဲ မင်းမောင် ... ဘာဖြစ်လို့လဲ"

"အင်း ... ငါ့နားထဲမှာ ထူးထူးခြားခြား တောဟီးကြီးတစ်ခု ကြားလိုက်ရသလားလို့၊ သေသေချာချာနားထော[င်]ကြည့်စမ်း ဆာဂျင် ... တစ်ခုခုတော့ တစ်ခုခုပဲ"

ဆာဂျင်မက်သရူးမှာ မင်းမောင်၏စကားကြောင့် အိပ်ချင်မူးတူးစိတ်များပင် ပြေပျောက်သွားပါလေ၏။ ထို့ကြော[င့်] ကြယ်ရောင်ပျပျအောက် ညည့်ရှင်ခွင်ထဲတွင် ဂရုတစိုက်နားစွ[င့်]လိုက်မိသည်။ သူ နားစွင့်နေခိုက်မှာပင် ရိုးချောင်းဖျားဘက်ဆီမှ တဝေါဝေါနှင့်အော်မြည်သံကြီးများကို နှစ်ယောက်သား ပီပြင်စွာပင် ကြားလိုက်ရပါလေတော့သည်။

"ဟုတ်တယ် မင်းမောင် ... ရေတွေစီးကျလာတဲ့ အသံတွေလား၊ လေယာဉ်ပျံတွေရဲ့အသံတွေလား၊ ဘာလားတော့ မသိဘူး ... အသံတွေကတော့ ကြားနေရတယ်၊ ရဲဘော်တွေကိုနှိုးပြီး အဆင်သင့်ပြင်ခိုင်းထားမှ ထင်တယ်"

ထို့နောက် ဆာဂျင်မက်သရူးမှာ ကြိုတင်စီစဉ်ထားသည့်အတိုင်း အခြားကညင်ပင်ကြီးနှစ်ပင်နှင့် ဆက်သွယ်ထားသည့်ကြိုးများကိုလှုပ်ယမ်းကာအချက်ပေးလိုက်သည်။ မကြာမီ ရဲ



ဘော်များအားလုံး နိုးထလာကြသကဲ့သို့ မေဂျာစမစ်နှင့် ဟယ်လင်တို့မှာလည်း လန့်ဖျပ်နိုးထလာကြသည်။

"အီး ... အား ... ဆာဂျင် ... ဆာဂျင့်မက်သရူး ဘာတွေဖြစ်နေကြတာလဲ"

"မင်းမောင် .. အင်း .. မင်းမောင် ဘာဖြစ်လို့လဲဟင်"

သူတို့နှစ်ယောက် မေးမြန်းနေကြစဉ်မှာပင် တောနက်ကြီးထဲမှ တဝေါဝေါနှင့် အော်မြည်သံများက သူတို့ရှိရာပြေးဝင်လာနေသကဲ့သို့ကြားလိုက်ရသည်။

"နေ ... နေပါဦး မင်းမောင် ... ငါကြားဖူးတဲ့ ဟို ... ဟို ... တောကြီးမြိုင်ကြီးတွေထဲမှာဖြစ်တတ်တဲ့တော ... တောခြောက်တယ်ဆိုတာများလား ... ဟင်"

ဆာဂျင်မက်သရူးက ပိန်းပိတ်အောင်နက်မှောင်နေသည့် အမှောင်ထုကြီးထဲသို့ စူးစူးစိုက်စိုက်ကြည့်နေရင်းမှ မင်းမောင်အား မေးလိုက်သည်။

"အင်း ... ငါလည်းနားထောင်နေတာပဲ ဆာဂျင်၊ ဒါပေမဲ့ တောခြောက်တာမျိုးလည်းမဟုတ်ဘူး၊ တောကောင်ကြီးတွေ တောတိုးလာတာဆိုရင်လည်း ဖြိုးဖြိုးဖြောက်ဖြောက်နဲ့ ပြတ်တောင်းပြတ်တောင်းပဲကြားနေရမှာ၊ ဒီလို အသံမျိုးကြီးက တောထဲတောင်ထဲ ငါ တစ်ခါမှမကြားဖူးတဲ့အသံမျိုးဖြစ်နေတယ်"

မင်းမောင်၏အဖြေစကားကြောင့် ဟယ်လင့်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



နွမ်းနွမ်းလေးမှာ ကြောက်စိတ်များ နိုဝင်သွားလေသည်သို့ . . .။

ရဲဘော်များအားလုံးကမူ သေနတ်များကိုအသင့်ကိုင်လျက် တဖြည်းဖြည်းနှင့်ကျယ်လောင်စွာအော်မြည်လာသည့် တဝေါဝေါနှင့်မြည်သံကြီးကို တထိတ်ထိတ်နှင့် နားစွင့်နေကြပါလေ၏။

'ဝေါ . . ဝေါ . . ဖျော . . ဖရော . . ဝေါ . . ဝေါ'

ဟုတ်သည်။ တဝေါဝေါ တဖျောဖျော . . . နှင့် အဆက်မပြတ် အော်မြည်ဟစ်ကြွေးလာသည့်အသံကြီးမှာ ကြိုးရှည်ကြီးတစ်ချောင်းကို ရှက်ကြွေတောမြေပြင်ထက်တွင် တရွတ်တိုက်ကာဆွဲပြေးလာသကဲ့သို့ တစ်တောလုံး တစ်တောင်လုံး သောသောညံနေပါလေ၏။ တဖြည်းဖြည်းနှင့် ဆူညံစွာမြည်ဟည်းထွက်ပေါ်လာသည့်အသံကြီးက ပိုမို၍ကျယ်လောင်လာခဲ့ပါချေပြီကော။

တောတောင်အကြောင်းကို လုံးဝမသိနားမလည်ကြသည့် ရဲဘော်တစ်စုမှာ မကြိုစဖူး အော်မြည်ဟစ်ကြွေးကာ သူတို့ရှိရာသို့ပြေးဝင်လာနေကြသလို ထင်မြင်ယူဆနေကြသည်မို့ သွေးပျက်ချောက်ချားလျက်ရှိကြပါပြီ။ ထို့ကြောင့် မင်းမောင်တစ်ယောက်ဖြစ်နိုင်ခြေရှိသည့်အရာများကို လျင်မြန်စွာတွေးတောနေမိသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် တောထဲ တောင်ထဲတွင်လှည့်လည်သွားလာနေထိုင်ခဲ့သူတစ်ယောက်မို့ အခြေအနေကိုလည်း တွက်ဆနေပါ၏။

ယခု ကြားနေရသောအသံသည် မြွေမိတ်လိုက်သံလေ



များလား။ မြွေများမိတ်လိုက်လာသံဆိုလျှင်တော့ ကြောက်လန့်စရာမရှိ။ မြွေများမှာထိုအချိန်တွင် လူကိုအန္တရာယ်ပြုရန်ထက် မြွေမိတ်လုံးကြီးထဲသို့ပြေးဝင်ပူးကပ်နိုင်ရန် စိတ်စောနေတတ်ကြသည်။ မြွေမိတ်လမ်းကြောင်းပေါ်သို့ကျနေသည့်တိုင် စိုးရိမ်စရာမလိုပါ။ အကြောင်းမှာ မြွေမိတ်လုံးကြီးမှာ မြင့်ရာမှ နိမ့်ရာသို့သာ လိမ့်ဆင်းသွားလေ့ရှိသဖြင့် သစ်ပင်အမြင့်ထက်သို့ရောက်နေကြသည့် သူတို့အဖို့အန္တရာယ်လုံးဝမရှိနိုင်ပါ။ ထိုအချိန်တွင် တဝေါဝေါနှင့်အော်မြည်သံကြီးများက သူတို့ရှိရာသို့ဦးတည်လာနေသကဲ့သို့ တစ်စ တစ်စ ကျယ်လောင်လာသဖြင့် မင်းမောင်တစ်ယောက်ဝေခွဲမရဖြစ်နေပါလေ၏။ သစ်ပင်ထက်မှ မျှော်ကြည့်လိုက်သည့်တိုင် အမှောင်ညဖြစ်နေသဖြင့် ဘာကိုမျှသဲကွဲစွာမမြင်ရ . . . အတွေးထဲတွင်ပိုမို၍ချောက်ချားလာလေသည်သို့။

"ဟော . . . ဟော . . . ဘာသံကြီးတွေလဲဟေ့ . . . ငါ့အထင်တော့ အကောင်ကြီးတစ်ကောင် ငါတို့ရှိရာကို တရကြမ်းပြေးဝင်လာနေသလိုပဲဟေ့၊ စက်သေနတ်နဲ့ အတောင့်လိုက်သာဆွဲလိုက်ရရင်တော့လားကွာ . . . ဟင်း"

မေဂျာစမစ်က မူးမူးရူးရူးနှင့် တစ်စခန်းထလာပြန်သည်မို့ ဆာဂျင့်မက်သရိုင်းက တိုးတိုးသာသာဖျောင်းဖျလိုက်ပါ၏။ ထိုစဉ် မင်းမောင်၏အတွေးထဲတွင် တစ်စုံတစ်ရာက ဖျတ်ခနဲပူးကပ်ဝင်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား . . . ငါ့အတွေးထဲကအတိုင်းတော့ ဖြစ် . . . ဖြစ်မလာစေပါနဲ့"

သူ၏နောက်ဆုံးအတွေးထဲတွင် ရေလယ်ကျွန်းမှ မြွေနတ်သမီး၏မြွေဖြူကြီးကို ဖျတ်ခနဲသတိရလိုက်မိသည်။ ဖြစ်နိုင်ခြေလည်းများသည်။ အကြောင်းမှာ ညည့်ဦးပိုင်းက မေဂျာစမစ်တို့ကင်ထားသည့် ဖွတ်ကင်မှညှော်နံ့များကိုခြေရာခံလျက် မြွေဖြူကြီးများလိုက်လာလေပြီလားဟု . . . ဤအတွေးစိတ်ကူးသာ မှန်ခဲ့လျှင် သူ . . . သူ . . . ဘာလုပ်ရမည်နည်း။

အကယ်၍ မြွေဖြူကြီးသာဖြစ်ခဲ့လျှင် အသက်အန္တရာယ်နှင့် မုချရင်ဆိုင်ကြရပေတော့မည်။ ထိုသို့ဆိုလျှင် မေဂျာစမစ်တို့ကလည်း လက်နက်အစုံအလင်ဖြင့် ခုခံပစ်ခတ်ကြမည်မှာ အသေအချာပင် . . .။

"မင်းမောင် . . . မင်းမောင် . . . အခြေအနေကတော့မကောင်းတော့ဘူးထင်တယ်၊ ဟို . . . ဟို . . . ဟို . . . မင်းပြောသလို မြွေ . . . မြွေနတ်သမီးက သူ့ရဲ့မြွေကြီးတွေကိုများလွှတ်လိုက်ပြီလားမသိဘူး၊ ဒီအတိုင်းသာဆိုရင်တော့ ငါတို့အသက်အန္တရာယ်အတွက်ရင်ဆိုင်ပစ်ခတ်ရလိမ့်မယ် ထင်တယ်"

ဆာဂျင်မက်သရူးကလည်း သူနှင့် အတွေးတူညီနေပါသည်ကော . . .။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးအချိန်အထိတော့ တတ်နိုင်သမျှထိန်းသိမ်းပေးမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါလေ၏။



"အင်း . . . အသံတွေကတော့ ငါတို့ဆီကို ဦးတည်ပြီးာနေသလိုပဲ ဆာဂျင်၊ ငါ့အထင်ပြောရရင်တော့ ဖွတ်ကင်ကညှော်နံ့တွေကြောင့် သတ္တဝါကြီးတစ်ကောင်ကောင်တော့ လာနေထင်တယ်၊ ဒါပေမဲ့ . . . ဆန္ဒတော့မစောပါနဲ့၊ အခုအသံတွေကြားနေရတာက မြေပြင်ပေါ်ကပဲ . . . ငါတို့အားလုံးက သစ်ပင်မြင့်တွေပေါ်မှာဆိုတော့ စိုးရိမ်စရာမရှိပါဘူး၊ ဒါပေမဲ့ သေနတ်တွေကိုတော့ အသင့်ပြင်ထားကြ၊ ငါက ပစ်ဆိုမှ ပစ်ကြပါစေ၊ အား . . . ငါမပစ်ဘဲနဲ့တော့ ဘယ်သူမှစပြီး သေနတ်တစ်ချက်ဖောက်မိပါစေနဲ့၊ ဒါဟာ . . . စစ်မြေပြင်မှာစစ်တိုက်နေတာတုတ်ဘူး . . .၊

အန္တရာယ်တွေ, မာယာပဋိလက်တွေသိပ်များတဲ့ တောမာယာနဲ့ လူသားတွေရဲ့အသိဉာဏ် ယှဉ်ပြိုင်ကြတဲ့ . . . အသက်လုပွဲတစ်ခုပဲ၊ တစ်ချက်ကလေးမှားသွားတာနဲ့ အသက်ပါင်းများစွာ ပေးဆပ်လိုက်ရမှာဆိုတာ မမေ့ပါနဲ့ ဆာဂျင်"

မင်းမောင်၏ ပြတ်သားစွာပြောလိုက်သော စကားကြောင့် မည်သူမျှစောဒကမတက်ဝံ့ကြဘဲ သေနတ်များကိုသာဆင်သင့်ပြင်ဆင်စေလျက် ရင်တထိတ်ထိတ်နှင့် စောင့်ကြိုနေကြပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

## ❖ တောနက်ကြီးထဲမှကြောက်မက်ဖွယ်သတ္တဝါကြီးများ ❖

မကြာမီ . . . တောနက်ပိုင်းကြီးထဲမှ တဝေါဝေါ၊ တဖျော
ဖျောအော်မြည်လာကြသည့် အော်သံကြီးများမှာ နောက်ဆုံးတွင်
မင်းမောင်နှင့်စစ်သားတစ်စုပုန်းခိုနေကြသော ကညင်ပင်ကြီး သုံး
ပင်အောက်သို့ရောက်ရှိလာခဲ့ပါတော့သည်။

'ဝေါ . . ဖရော . . ဝေါ ဝေါ . . ဖရော . . ဂျစ် . . ဂျစ်

အသံကြီးများ ပြေးဝင်လာကြရသို့ သူတို့အားလုံး လှမ်း
ကြည့်လိုက်ကြသည်။

"OH . . . GOD'

"ဟာ" . . . "ဟယ်"

တွေ့မြင်လိုက်ရပါပြီ။ တောတိရစ္ဆာန်တစ်ကောင်ကောင်



၏ မျက်လုံးအစုံဟုထင်မှတ်ရသော နီနီရဲရဲမီးကျီမီးခဲနှစ်ခုကို
အမှောင်ထဲတွင် သွေးပျက်ချောက်ချားဖွယ် မြင်တွေ့လိုက်ရခြင်း
ပင်တည်း။

"ဟာ . . . မြွေ . . . မြွေနတ်သမီးရဲ့ . . . မြွေ . . . မြွေ
ဖြူကြီးပါလား . . . ဘုရား ဘုရား"

အမှောင်ထဲတွင် တဝေါဝေါနှင့်သွားလာလှုပ်ရှားနေသော
မီးကျီမီးခဲမျက်လုံးပိုင်ရှင်မှာ စောစောက သူတွေးထင်ထားသကဲ့
သို့ပင် မြွေဖြူကြီးဟုမှတ်ယူလိုက်စဉ်မှာပင် နောက်ထပ်မီးကျီမီး
ခဲမျက်လုံးအစုံမှာ ဟိုမှသည်မှ အလျှိုလျှိုထွက်ပေါ်လာကြပြန်
သည်။

"OH . . . မြွေ . . . မြွေကြီးတွေ အများကြီးပါလား"

"ဟာ . . . ဘာ . . . ဘာကောင်ကြီးတွေလဲ မသိဘူး၊
မျက် . . . မျက်လုံးကြီးတွေ ဟို . . . ဟိုမှာ . . . မျက်လုံးကြီးတွေ
အများကြီးပဲဟေ့"

ဟုတ်သည် . . . ကြည့်နေစဉ်အတွင်းမှာပင် မီးကျီမီးခဲ
မျက်လုံးပိုင်ရှင်များမှာ ကညင်သုံးပင်ဖိုခနောက်ဆိုင်ပေါက်နေ
သည့်အလယ်တွင် မရေမတွက်နိုင်လောက်အောင် များပြားလာခဲ့
ပါချေပြီကော . . .။ သူတို့၏မျက်လုံးနီနီကြီးများမှာ အမှောင်ထဲ
ဝယ် အရောင်တလက်လက်နှင့် မီးစုန်းများပမာလင်းလက်နေ၍
လှုပ်ရှားနေကြသည်ကို သွေးပျက်ချောက်ချားစွာတွေ့မြင်လိုက်ကြရ

www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

"မင်း ... မင်းမောင် ... ဟယ် ... လင် ... ကြောက် ... ကြောက်တယ်၊ အဲဒီ ... သတ္တဝါကြီးတွေ သစ်ပင်ပေါ်တက်လာကြရင် ဘယ်လိုလုပ်ကြမလဲ ဟင်"

"မကြောက်နဲ့ ဟယ်လင် ... ငါ မင်းရှေ့မှာရှိတယ်၊ တစ်ခုပဲခက်နေတယ် ... အဲဒါကတော့ ကညင်ပင်တွေအောက်မှာရောက်နေတဲ့ သတ္တဝါတွေဟာ မြွေကြီးတွေမဖြစ်နိုင်ဘူးဆိုတာကိုပဲ ဟယ်လင်"

"အိုး ... ဂေါ့ ... ဒါ ... ဒါဆို ဘာကောင်တွေဖြစ် ... ဖြစ်နိုင်သလဲ မင်းမောင်"

သည်တစ်ကြိမ်တော့ ... မေဂျာစမစ်ကိုယ်တိုင်ပင် မင်းမောင်အနီးသို့ ရွေ့ပြောင်းရောက်ရှိလာပါ၏။ ဆာဂျင်မက်သရူကမူ သေနတ်ကိုသာ အသင့်ချိန်ရွယ်ထားရင်း ကညင်ပင်အောက်မှရွေ့လျားနေကြသော နီနီရဲရဲမျက်လုံးကြီးများကိုသာ မျက်ခြည်မပြတ် ကြည့်ရှုနေပါသည်။

တောထဲတောင်ထဲတွင် အဆိပ်ရှိသော သတ္တဝါများလူကိုအန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန်များ၏ မျက်လုံးများမှာ မီးကျီမီးခဲကဲ့သို့ ရဲရဲနီလျက်ရှိပြီးလူကိုအန္တရာယ်မပြုနိုင်သော တောတိရစ္ဆာန်များ၏မျက်လုံးများမှာမူ အစိမ်းရောင်အလင်းများနှင့်လင်းလက်နေတတ်ပါလေ၏။



ထိုစဉ်မှာပင် ... မျက်လုံးနီနီရဲရဲ သတ္တဝါများမှာ ကညင်ပင်ကြီးသုံးပင်အလယ်ရှိ မြေပြင်ထက်တွင် တစ်စုံတစ်ရာကို လှည့်ပတ်ရှာဖွေနေသကဲ့သို့ သစ်ရွက်ခြောက်များအား တက်နင်းသွားလာနေသည့်အသံ တဝေါဝေါကို ကြားနေရပါသည်။ ကညင်ပင်သုံးပင်အလယ်မှာတော့ မေဂျာစမစ်တို့ရဲဘော်တစ်စုဦးပိုင်းက ဖွတ်ကင်ထားသည့် မီးဖိုမှမီးကြွင်းမီးကျန်တချို့က အနည်းငယ်လင်းလက်နေကြပါသေးသည်။ ထိုမီးရောင်ရိပ်ရိပ်အောက်တွင် မည်းမည်းသတ္တဝါန်ကြီးများက ချောက်ချားဖွယ်ရာသွားသွားလာလာရှုပ်ရှက်နေကြသည်ကို ဝိုးတဝါးတွေ့မြင်နေကြပါချေပြီကော ...။

'ဝေါ ..ဖရော ..ဖျော ..ဂျီး ..ဂျီး ..ဖရော'

မကြာမီ ဖွတ်ကင်ထားသည့် မီးဖိုကြီးအား သူတို့၏ လက်ခြေကားရားကြီးများနှင့်ဆွဲယက်ဖျက်ဆီးနေကြသည်။ သတ္တဝါကြီးများဖျက်ဆီးယက်ဖယ်နေကြသဖြင့် မီးကြွင်းမီးကျန်များ၏ အလင်းရောင်အောက်တွင် မည်းမည်းသတ္တဝါန်သတ္တဝါကြီးများကို မင်းမောင်တို့ကွဲကွဲပြားပြားသိမြင်လိုက်ကြရပါလေပြီ။

"ဟာ ... ကင်း ... ကင်းခြေများကြီးတွေပါလား၊ ဘုရား ဘုရား ... ဒီလောက်ကြီးတဲ့ ကင်းခြေများကြီးတွေကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဂုပ် ... ကင်းခြေများ ... ဂုပ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် … လူကြီးလက် တစ်လံ၊ နှစ်လံကျော်မျှ ရှည်လျားသော ကင်းခြေမြားကြီးများက မီးဖိုထဲမှ ဖွတ်အရေခွံအကြွင်းအကျန်များကို လုယက်စားသောက်နေကြသည်မှာ မြင်ရသူများအဖို့ ထိတ်လန့်ချောက်ချားဖွယ် မြင်ကွင်းတစ်ရပ်ပင် ဖြစ်ပါလေ၏။

'ကျီး … ဂျစ် … ဂျစ် … ဖျော … ဖရော … ဝေါ'

"OH … GOD … သစ် … သစ်ပင် … ပင်ပေါ်ကို များ တက်လာကြရင်တော့ ဒုက္ခပဲ မင်းမောင်ရေ၊ ဒီလိုအချိန်မှာ ဖြစ်နိုင်ရင် သေနတ်သံတွေ မဘွက်ချင်ဘူး"

"ရပါတယ် ဆရာချင် … အခြေအနေကို စောင့်ကြည့်ပါဦး … မတတ်သာတော့လည်း ပစ်ခတ်ရမှာပေါ့"

ထိုအချိန်တွင် မီးဖိုကြီးအား သူ၏ကြီးမားသောခြေလက်များဖြင့် ဆွဲယက်ဖျက်ဆီးနေသည့် ခေါင်းဆောင်ဟုထင်ရသော ကင်းကြီးမှာ ကညင်ပင်ကြီးပေါ်သို့ ခေါင်းမော့အနံ့ခံကြည့်နေသည့်အခါ သူ့အနီးရှိ နောက်လိုက်ကင်းခြေမြားကောင်ကြီးကလည်း ကညင်မင်ပေါ်သို့ အားလုံးခေါင်းကြီးများ ဆန့်တန်းကာ မော့ကြည့်နေကြပါသည်။

အနံ့ … အနံ့ … ဖွတ်ကင်နံ့၊ ထိုအနံ့မြစ်ဖျားခံရာ ကညင်ပင်ကြီးထက်သို့ လည်တဆန့်ဆန့်၊ ခေါင်းတမော့မော့နှင့် ကြည့်နေကြသည့် ကြောက်မက်ဖွယ်ကင်းခြေမြားကောင်ကြီးများ



ကိုကြည့်ရင်း … မင်းမောင်စိတ်ထဲတွင် မသင်္ကာဖြစ်လာခဲ့သည်။

ထို့ကြောင့် … ဖျတ်ခနဲ နောက်သို့လှည့်ကာ မေဂျာ စမစ်အားစူးစူးရဲရဲကြည့်လိုက်ပြီး …

"ဒီမှာ မေဂျာ … ခင်ဗျား ဒီအပင်ပေါ်ထိ ဖွတ်ကင်တွေ ယူလာသေးလား။ ဟိုမှာ … အောက်က အန္တရာယ်ကောင်ကြီးတွေက ဖွတ်ကင်အနံ့ရရင် ကညင်ပင်ပေါ်အထိ သဲကြီးမဲကြီး တက်လာကြမှာနော်"

မင်းမောင်၏အရေးတကြီးအမေးစကားကြောင့် မေဂျာ စမစ် မျက်စိမျက်နှာပျက်လျက် သူ့နောက်ဘက် ကညင်ပင်ကိုင်းတွင်ချိတ်ဆွဲထားသည့် ဖွတ်ကင်တစ်ပိုင်းကို မေးငေါ့၍ပြလိုက်သည်။

"တောက် … ဒီလောက်တောင် အန္တရာယ်တွေ ဝိုင်းနေတဲ့ကြားက ခင်ဗျားမို့လို့ ဒီဖွတ်ကင်ကြီးကို သွားလေရာယူလာကြတယ်လို့၊ အောက်ကိုပစ်ချလိုက် … မြန်မြန်ပစ်ချလိုက်ပါ … တော်ကြာ အားလုံးဒုက္ခရောက်ကုန်မယ်"

မင်းမောင်၏စကားမဆုံးခင်မှာပင် … ဟယ်လင်က ရုတ်တရက်ထရပ်လိုက်ပြီး ကညင်ပင်ကိုင်းတွင် ချိတ်ဆွဲထားသည့် အဆီတရွှဲရွှဲနှင့် ဖွတ်ကင်တစ်ခြမ်းကို ကမန်းကတန်းဆွဲဖြုတ်ကာ ကပျာကယာ အောက်သို့ပစ်ချလိုက်ပါတော့သည်။

ကညင်ပင်ကြီးများအောက်တွင် အစာရမှုကိစ္စဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီးဖြစ်နေကြသည့် ကင်းခြေများကောင်ကြီးများသည် ဟယ်လင်ပစ်ချလိုက်သော ဖွတ်ကင်တစ်ခြမ်းကိုအနံ့ခံကာ အမှောင်ထဲတွင် တဝုန်းဝုန်း တရုန်းရုန်းနှင့် အလုအယက်ရှာဖွေနေကြပါ၏။

'ဝေါ ..ဖရော ..ဂျစ် ဂျစ် ..ဗျစ် ..ဖရော ..ဝေါ'

'ဂီး ..ဂဲ ..ဂျစ် ..ဂျစ်'

ကြီးမားလှသော ကင်းခြေများကြီးများမှာ တစ်ကောင်နှင့်တစ်ကောင် တကျိုကျို၊ တဂျစ်ဂျစ်နှင့် မာန်ဖီကာ တဝုန်းဝုန်းနှင့်လုယက်နေကြသော အရိပ်မည်းကောင်ကြီးများကို မေဂျာစမစ်တို့လူစု တထိတ်ထိတ်နှင့်ကြည့်နေကြရပါတော့သည်။

"ဟူး ...တော်ပါသေးရဲ့ ဟယ်လင် ...လက်မြန်ခြေမြန်နဲ့ ပစ်ချလိုက်လို့သာပေါ့၊ နို့မို့ဆိုရင် ဒီသတ္တဝါကြီးတွေ သစ်ပင်ပေါ်ထိတက်လာကြမှာ သေချာတယ် မင်းမောင်ရေ"

မေဂျာစမစ်ကမူ မကျေနပ်လှသော်လည်း သူ့အပြစ်နှင့်သူမို့ ငြိမ်ကုပ်၍နေပါ၏။ မေဂျာစမစ်ထံ ဖွတ်ကင်တစ်ခြမ်းပါလာသည်ကို ရဲဘော်များကသိကြသော်လည်း မည်သူမျှမပြောရဲကြ။

ခဏအကြာတွင် ...ကင်းခြေများကြီးတစ်ကောင်သည် ဖွတ်ကင်ကြီးကို အမိအရကိုက်ချီကာ ကညင်ပင်ကြီးများအောက်ဆီမှ တဝေါဝေါနှင့်ထွက်ပြေးသွားသည်။ ထိုအခါ ကျန်သောကင်းခြေများကောင်ကြီးများအားလုံး ...ဖွတ်ကင်ကြီးကိုကိုက်ချီ



ပြေးသွားသည့် ကင်းခြေများကြီးနောက်သို့ ပြန်လှည့်ကာပြေးလိုက်သွားကြပါတော့သည်။

'ဝေါ ..ဖရော ..ဝေါ ..ဖျော ..ဘရော ..ဝေါ'

ကြောက်မက်ဖွယ်ရာ ကင်းခြေများကြီးများ နောက်ကြောင်းသို့လှည့်ကာ ပြန်ပြေးသွားကြသည့် အသံကြီးများမှာလည်း သူတို့လာစဉ်ကကဲ့သို့ပင် တဝေါဝေါ၊ တဖျောဖျော၊ တသောသောနှင့် တစ်တောလုံး ကမ္ဘာပျက်သည့်အလား ဆူညံပွက်ကာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ...သွားကြပါလေတော့သည်။

မင်းမောင် ဟယ်လင်နှင့်ဆာဂျင်မက်သရူးတို့မှာ ကင်းခြေများကြီးများထွက်ခွာသွားကြပြီး လုံးဝအသံတိတ်သွားမှပင် တစ်ယောက်နှင့်တစ်ယောက် စကားပြောနိုင်ကြတော့သည်။

"တွေ့တယ်မဟုတ်လား ဆာဂျင် ...တောထဲ တောင်ထဲမှာလည်း သူ့စည်းကမ်းနဲ့သူရှိနေတယ်ဆိုတာလေ၊ အေး ...စည်းဖောက်မိခဲ့ရင်လည်း အန္တရာယ်ဘယ်လောက်ကြီးတယ်ဆိုတာ လက်တွေ့သင်ခန်းစာ ရလိုက်တာပဲမဟုတ်လား၊ ညဦးပိုင်းကတည်းက ဖွတ်ကင်အနံ့ကြီးက ဒီလောက်ညှော်တူးနေတော့ အန္တရာယ်တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ ငါရိပ်စားမိခဲ့တယ်၊ ဒါပေမဲ့ ...ဒီလောက်ထိ အန္တရာယ်ကြီးတဲ့ ကင်းခြေများကောင်ကြီးတွေ ရောက်လာကြလိမ့်မယ်လို့တော့ မထင်ခဲ့ဘူးပေါ့"

"အေး ...ကံကောင်းလို့ပေါ့ မင်းမောင်ရယ် မင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တွေးခေါ်ပြီး ကညင်ပင်ကြီးတွေပေါ်တက်ပြီး ပုန်းခိုဖို့ မစီမံခဲ့ရင် . . . အခုလောက်ဆို ဒီကင်းခြေများကောင်ကြီးတွေနဲ့ ပစ်ကြခတ်ကြနဲ့ သေတဲ့သူတွေလည်း သေကုန်ကြရမှာဟေ့”

မင်းမောင်နှင့်ဆာဂျင်မက်သရူးတို့စကားကောင်းနေစဉ် သူတို့နှင့်မျက်နှာချင်းဆိုင် ကညင်ပင်ကြီးပေါ်တွင်ရှိနေကြသည့် စစ်သားသုံးလေးဦးထံမှ ရုတ်ရုတ်သဲသဲအသံတချို့ကို ကြားလိုက်ရသည်နှင့် . . .

“ဟေ့ကောင်တွေ . . . ဘာဖြစ်နေကြလို့ ဒီလောက်တောင် ဝရုန်းသုန်းကားဖြစ် . . . ဖြစ်”

“ဟာ . . မြွေ . . မြွေဖြူကြီး မြွေဖြူကြီး . . အ . . အား”

‘ဝေါ . . ဖရော . . ဖရော . . ဘုန်း’

‘ဒိန်း . . ဒိန်း . . ဒိန်း’

ဆာဂျင်မက်သရူး၏ စကားမဆုံးခင်မှာပင် အော်ဟစ်သံကြီးများနှင့်အတူ သစ်ပင်ထက်မှ . . . တစ်စုံတစ်ယောက် တဖျောဖျောနှင့်ပြုတ်ကျသံကြီးထွက်ပေါ်လာပြီး တစ်ဆက်တည်းမှာပင် သေနတ်သံများ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။

“ဟေ့ ဘာဖြစ်လို့ သေနတ်သံထွက်ရတာလဲကွ ဟေ”

“ဟို . . . မ . . . မဟုတ်ဘူးဆာဂျင် . . . မြွေ . . . မြွေကြီးတစ်ကောင် သစ်ပင်ပေါ်မှာတွေ့လိုက်ရတာနဲ့ ပစ်လိုက်ရတာပါ။ နောက်ပြီး . . . ဂျိုးလည်းမြွေကိုက်ခံရလို့ သစ်ပင်ပေါ်ကနေ



ပြုတ်ကျသွားပါတယ် ဆာဂျင်”

“ဟာ”

မြွေဟူသောစကားသံကြောင့် မေဂျာစမစ်တစ်ယောက် ဟာခနဲဖြစ်သွားကာ ရှေ့နောက်မလုံမလဲဖြစ်သွားရသည်။ ဆာဂျင်မက်သရူးမှာ လက်နှိပ်ဓာတ်မီးနှင့် အောက်မြေပြင်သို့ ထိုးကြည့်လိုက်သည်။ မြွေကိုက်ခံရသောစစ်သားမှာ ကညင်ပင်ခြေရင်းတွင် မှောက်လျက်ငြိမ်သက်နေသည်ကိုသာ တွေ့မြင်လိုက်ရပါလေ၏။

“ဘုရား ဘုရား . . . ရှေ့က . . . ကင်းခြေများကောင်ကြီးတွေကို မဲနေတုန်း နောက်ကနေ မြွေကြီးက ဆော်ထည့်လိုက်တာဖြစ်မယ်၊ အောက်ကိုဆင်းလို့မဖြစ်ဘူး ဆာဂျင်၊ ညဥ့်ဘက်မှာ အန္တရာယ်ရှိနိုင်တယ်၊ မနက်မိုးလင်းမှပဲ ဆင်းမှဖြစ်မယ်၊ အခုတောင် သုံးနာရီထိုးနေပြီဆိုတော့ မိုးလင်းအောင် နာရီပိုင်းလောက်ပဲစောင့်ရတော့မှာပါ ဆာဂျင်”

မင်းမောင်၏စိတ်ထဲတွင်မူ ရေလယ်ကျွန်းမှ မြွေနတ်သမီးသည် သူ၏ကိုယ်ရံတော်မြွေကြီးများကိုစေလွှတ်၍ မေဂျာစမစ်တို့အပြစ်သားများအား လိုက်လံ၍ ကလဲ့စားချေနေပြီလားဟု ထင်မြင်နေမိပါတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၁)

## ❖ ကယ်တင်ရှင်...မြွေနတ်သမီးလော ❖

အေးမြတိတ်ဆိတ်နေသော အရုဏ်မတက်မီကာလ...

အမှောင်လွှာမပျောက်သေးသည့်အာကာပြင်ထဲသို့ အလင်းစတို့တိုးဝင်ခြေချရန် အားယူနေဆဲအချိန် ...အရှေ့ပြင်ဆီမှ ဝိုးတဝါးနေခြည်ဖျော့ဖျော့လေးများက နေ့တစ်နေ့၏ အရုဏ်ဦးရှေ့ပြေးရောင်နီအဖြစ် နက်မှောင်သောတိမ်တိုက်တိမ်လွှာများကြားမှ ထွက်ပြူစပြုနေပါပြီ။

မကြာမီ ငှက်ခါးတစ်ကောင်သည် တကျည်ကျည် အော်မြည်ကာ ထွက်ပြူစနေခြည်အလင်းတန်းအောက်တွင် ဝမ်းတစ်ထွာစစ်ဆင်ရေးကို စတင်၍ခင်းကျင်းလျက်ရှိပါ၏။ ခပ်ပါးပါးမျှသာကျန်ရှိတော့သည့် နှင်းလွှာထုကမူ တဖွဲဖွဲနှင့် ကျဆင်းလျက်ရှိ



နေဆဲ ...မြေဝပ်ငှက်တစ်ကောင်သည် အရုဏ်ဦးနေခြည်သစ်အောက်တွင် လှုပ်ရှားနေကြသည့် မေဂျာစမစ်တို့၏ သဏ္ဍာန်များကြောင့် အစာရှာဖွေနေရာမှ ဝိုးခနဲ ပျံတက်ပြေးသွားပါ၏။

ရက်ရက်ရောရော အေးစက်လှသည့် နှင်းဆွတ်လေပြင်းသည် မင်းမောင်ဦးစီးသည့် ...မေဂျာစမစ်တို့ စစ်သျှစ်သားတစ်စုအား စတင်ကာ တိုက်စစ်ဆင်လေပြီထင့်။ အရုဏ်မတက်ခင်ကတည်းက မင်းမောင်နှင့်မေဂျာစမစ်တို့အားလုံးကညင်ပင်များထက်မှဆင်းကာ ...မြွေကိုက်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရရှာသည့် စစ်သားတစ်ယောက်၏ ရုပ်အလောင်း ကိုသင့်တော်ရာနေရာတွင် မြှုပ်နှံလိုက်ကြသည်။ ထို့နောက်မှ ရည်မှန်းချက်ရှိရာ အင်ဖာစစ်မြေပြင်သို့ ခရီးပြင်းချီတက်ခဲ့ကြခြင်းဖြစ်ပါလေ၏။

နေလုံးက မပြူတပြူ နှင်းခဲနှင်းထွေးကြီးများက လည်းနံနက်လင်းမှပင် တဖွဲဖွဲကျဆင်းနေကြသည်မို့ နှင်းတမြူမြူ တွင်ရှေ့သို့ဝါးတရိုက်မျှထက်ပို၍မမြင်ရပါချေ ...ရဲဘော်များအားလုံးမှာလည်း ညဥ့်ကတစ်ညလုံးနီးပါး အိပ်ပျက်ခဲ့ကြသဖြင့် နွမ်းနယ်နေကြသည့်နယ် ...ထိုအချိန်တွင် ...

'ဒိုင်း'

ရုတ်တရက်ကျယ်လောင်စွာထွက်ပေါ်လာသော သေနတ်သံတစ်ချက်နှင့်အတူ ဆာဂျင်မက်သရူးအနီးမှ ရဲဘော်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာခွေခနဲလဲကျသွားသည်။

"ဟာ ... ရန်သူဟေ့ ... ရန်သူ"

ဆာဂျက်မက်သရူး၏ အော်ဟစ်သတိပေးသံနှင့်အတူ သူ၏သေနတ်ပြောင်းဝမှ မီးများအဆက်မပြတ်ပွင့်ထွက်သွားကြသည်။

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

"OH ... GOD ... FIRE ... FIRE ... FIRE"

'ဒိန်း ..ဒိန်း ..ဒိန်း'

တစ်ချိန်တည်းမှာပင် မင်းမောင်၊ ဟယ်လင်နှင့် ရဲဘော်များထံမှလည်း သေနတ်သံများက ဆူညံစွာထွက်ပေါ်လာပါတော့သည်။

"FIRE ..ပစ်ကြစမ်းဟေ့ ... ဒီ ဂျပန်ကောင်တွေ တစ်ကောင်မှလွတ်ထွက်မသွားစေကြနဲ့။ အကုန်သတ်ပစ်ကြ အေး ... တစ်ယောက်ယောက်အသက်ရှင်လျက်လွတ်မြောက်သွားတာနဲ့ ငါတို့အသက်တွေအားလုံးသေမင်းလက်ကို ဝကွက်အပ်လိုက်ကြရလိမ့်မယ်"

မင်းမောင်တို့လူစု ... ခင်တန်းတစ်ခုသို့ ချိုးအကွေ့တွင် ကင်းလှည့်ဂျပန်စစ်တပ်မှ စစ်ကြောင်းတစ်ကြောင်းနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံခဲ့ကြခြင်းဖြစ်သည်။ ကံကောင်းသည်မှာ ဂျပန်ကင်းလှည့်တပ်စိတ်သည် ရဲဘော်ဆယ်ယောက်ခန့်မျှသာ



ရှိပြီး ထမ်းစင်နှင့်လူနာတစ်ယောက်လည်းပါရှိသဖြင့် မေဂျာစမစ်တို့၏ဆုပ်ခွာစစ်ကြောင်းကို မထိန်းနိုင်ဖြစ်နေပါ၏။

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်'

မေဂျာစမစ်တို့စစ်သားတစ်စုမှာ ဂျပန်စစ်သားများ၏ အားနည်းချက်ကိုသိရှိသွားကြသဖြင့် သဲသဲမဲမဲဖိ၍တိုက်စစ်ဆင်ကြသည်။ သည်ကြားထဲ မေဂျာစမစ်၏ စစ်ဆင်ရေးမှာ ဂျပန်စစ်သားတစ်ဦးတစ်ယောက်မျှ အသက်ရှင်လျက် လွတ်မြောက်မသွားစေရေး ...ဟူသော အဓိကရည်ရွယ်ချက်ဖြင့်တိုက်ပွဲကို ဆင်နွှဲနေသဖြင့် ဂျပန်စစ်သားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေကြပါတော့သည်။

"ဟေး ခူးရကား ...အ ...အား"

'ဒိုင်း ..ဒိုင်း'

ထိုစဉ် ... မင်းမောင်မှာ တိုက်ရင်းခိုက်ရင်းမှ ဟယ်လင်နှင့်လူချင်းကွဲကာ မမျှော်လင့်ဘဲ သတ်ကွင်းထဲသို့ရောက်ရှိသွားပါ၏။ ကျည်ဆန်များက ...မင်းမောင်အကာအကွယ်ပြုထားသည့် ကျောက်စွယ်လေးအား တဖန်းဖန်းလာရောက်ထိမှန်သည်။

'ဒိုင်း ..ဒိုင်း ..ဒိုင်း' ..ဒိုင်း'

ကျောက်စွယ်အကွယ်တွင် လှုပ်မရ၊ ထွက်မရနှင့် မင်းမောင်အကျဉ်းအကျပ်ဖြစ်နေသည်ကို နောက်မှပြေးထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဟယ်လင်နှင့်ဆာဂျင်မက်သရူးတို့တွေ့မြင်သွားကြသည်။

"ဟင် ... ဟို ... ဟိုမှာ မင်းမောင်ကို ဂျပန်တွေ ဝိုင်းပြီးပစ်ခတ်နေကြပြီ ဆာဂျင်၊ လုပ် ... လုပ် ... ပါဦး"

ဟယ်လင်၏ အကူအညီတောင်းခံမှုကြောင့် ဆာဂျင်မက်သရူးမှာ မင်းမောင်ထွက်ပေါက်ရစေရန်အတွက် ရန်သူများ ထံသို့စက်သေနတ်ကိုကျည်တစ်ကတ်မျှကုန်သည်အထိ ကာပစ်ပစ်ပေးလိုက်ပြီး ...

"မင်းမောင် ... မင်းမောင် ... ထွက် ... ထွက် မြန်မြန်ထွက်ပြီး ... နောက်ဘက်ကိုဆုတ်ခဲ့"

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒက် .. ဒက် .. ဒက် .. ဒက်'

ဟယ်လင်နှင့် ဆာဂျင်မက်သရူးတို့အော်ဟစ်သတိပေးသံကြောင့် မင်းမောင်သေနတ်ကိုပိုက်ကာ တဒိုင်းဒိုင်းနှင့်ပစ်ခတ်ရင်း ကျောက်စွန်းအကွယ်မှခုန်၍ထွက်လိုက်သည်။ ထိုစဉ်မှာပင် ရန်သူ၏ကျည်ဆန်တစ်တောင့်က မင်းမောင်၏ နှလုံးသားတည့်တည့် ရင်ဘတ်ကြီးဆီသို့ ပြေးဝင်လာသည်တွင် ...

"ဟာ ... အ"

ရုတ်တရက် မင်းမောင်မှာ တစ်စုံတစ်ယောက်က နောက်မှဆောင့်တွန်းလိုက်သကဲ့သို့ ... ရှေ့သို့ငိုက်ကျသွားသဖြင့် ကျည်ဆန်က မင်းမောင်၏နံကြားသို့သာ ရှပ်၍ထိမှန်သွားသည်။



"OH ... GOD ... မင်းမောင် ... မင်းမောင်"

ဟယ်လင်၏ စိုးရိမ်တကြီးအော်ဟစ်သံကိုကြားလိုက်ရပြီး ... မင်းမောင်တစ်ယောက်သေနတ်ဒဏ်ရာဖြင့် သတိလစ်လုဆဲဆဲတွင် နွေးထွေးကြင်နာသော တစ်စုံတစ်ရာက မင်းမောင်အားထွေးပွေ့သယ်ဆောင်သွားသကဲ့သို့ ခံစားလိုက်ရပြီးသည့်နောက်မှာတော့ ...။

✱

အမှောင်ကမ္ဘာတစ်ခု ...။

နက်ရှိုင်းပိတ်မှောင်နေသည့် ... အမှောင်ကမ္ဘာကြီးတစ်ခု ...။

ထို ... အမှောင်ကမ္ဘာကြီး၏ အစွန်အဖျားဆီမှလိုလို။ အနီးဆုံးသောတစ်နေရာရာမှလိုလိုနှင့် ညို့ငင်အားကောင်းလှသော အသံတစ်ခုကို သံစဉ်အနိမ့်အမြင့် ညီညီညာညာဖြင့် မင်းမောင်ကြားလိုက်ရသည်သို့ ...။

"ဒီမှာ လူကလေး ... မင်းရဲ့မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်စမ်း ... ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်စမ်း ... ဖွင့် ... ကြည့် ... လိုက် ... စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဩဇာစက်အပြည့်အဝပျော်ဝင်နေသည့် ညို့အားသံစဉ်သည် မင်းမောင်၏မျက်ခွံပါးပါးလေးကို ဖြည်းဖြည်းချင်းပွင့်ဟလာစေခဲ့သည်။ ပွင့်ဟလာသည့် မျက်စိအလင်းတွင် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ... မင်းမောင် ထိတ်ခနဲပင် ရင်ခုန်သွားပါ၏။

သူ၏ရှေ့တည့်တည့်တွင် ...

လွန်စွာချောမောလှပသော နတ်သမီးတစ်ပါးနှင့် သူ့မအား ကြောက်မက်ဖွယ်ရစ်ပတ်တွယ်ငင်ထားသည့် မြွေဖြူကြီးတစ်ကောင်က နတ်သမီးလေး၏ဦးခေါင်းထက်တွင် ကြီးမားလှသော ပါးပျဉ်းကြီးကိုထောင်၍ ဟိုသည်ယိမ်းနွဲ့လှုပ်ရှားလျက်။

သို့သော် ... နတ်သမီးလေးကို ရစ်ပတ်ထားသည့် မြွေကြီး၏မျက်လုံးနှစ်လုံးနေရာတွင် ... သွေးစက်လက်ဖြင့် ဟောင်းလောင်းပေါက်ကြီးဖြစ်နေသည်ကို ထူးခြားစွာတွေ့လိုက်ရသည်။

ရုတ်တရက်မို့ မင်းမောင်ထိတ်လန့်သွားကာ ပါးစပ်မှလည်း ဗိုးတိုးဝါးတားရွတ်ဆိုနေမိသည်။

"ဟာ ... မြွေ ... မြွေ ... မြွေ ... နတ် ... သမီး"

"အေး ... အသင်ပြောတာမှန်တယ် ... ငါဟာ မြွေနတ်သမီးရှန်ကာဒေဗီပဲ၊ ငါတို့တစ်တွေဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးကြဘဲ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်ရဲ့ကျွန်းပေါ်မှာ ကိုယ့်မျိုးနွယ်စုနဲ့ကိုယ် အေးအေးချမ်းချမ်းနေထိုင်ခဲ့ကြတာပါလူကလေး"



သူနှင့်သက်တူရွယ်တူခန့်မျှသာရှိမည့် ရုပ်ဆင်းအင်္ဂါချောမောလှပသော မြွေနတ်သမီးလေးက သူ့အား ... လူကလေး ... ဟု ခေါ်ဆိုနေသဖြင့် မင်းမောင် မကျေမနပ်သကဲ့သို့ ခံစားမိပါသည်။ သူရောက်ရှိနေရာဝန်းကျင်ကို အကဲခတ် ကြည့်ရှုလိုက်တော့ တစ်ခါကရောက်ဖူးခဲ့သော ကျောက်ဖြူသားရဲတိုက်ကြီးထဲတွင်ရောက်ရှိနေကြောင်းသိလိုက်ရပါ၏။

"ဒါနဲ့တောင်မှ ... အသင်နဲ့အတူပါလာကြတဲ့ လူမျိုးခြားမိစ္ဆာကောင်တွေက ဟောဒီ ငါ့ရဲ့အစောင့်တော် မြွေဖြူကြီးရဲ့မျက်လုံးတော်တွေကို ဖျက်ဆီးခိုးယူသွားကြတယ်လေ၊ နောက်ပြီး ငါ့ရဲ့မျိုးနွယ်စုတွေကိုလည်း ရက်ရက်စက်စက် မီးပေါက်လက်နက်တွေနဲ့ပစ်ခတ်သတ်ဖြတ်သွားခဲ့ကြသေးတယ်"

"ဟုတ် ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီလိုမျိုးတွေ မဖြစ်အောင် ငါကိုယ်တိုင် အတတ်နိုင်ဆုံး တားပါသေးတယ် မြွေ ... မြွေနတ်သမီး"

ဘာကြောင့်ရယ်မသိ ... မင်းမောင်မှာ အဖြစ်အပျက်တချို့ကို မြွေနတ်သမီးအားရှင်းပြနေမိသည်။ ဟုတ်သည် ... ဆင်ခြင်တုံတရားကင်းမဲ့စွာလုပ်ဆောင်ခဲ့သော မေဂျာစမစ်၏လုပ်ရပ်ကြောင့် ရှေ့အနာဂတ်ခရီးသည် သွေးစွန်းလမ်းအဖြစ်ရှိဖြစ်ရတော့လေမည်လား ...။

www.burmeseclassic.com

www.burmeseclassic.com



"အင် . . . အသင်ပြောတာကို လက်ခံပါတယ် . . . အခုလည်း သင့်မှာအပြစ်မရှိမှန်းသိလို့ သေတွင်းထဲကနေ ငါကိုယ်တိုင်ဆွဲထုတ်ကယ်တင်ခဲ့တာပေါ့ . . . လူကလေးရယ်"

"ဗျာ . . . ဘယ် . . . ဘယ်လို . . . သေ . . . တွင်းထဲကနေ ကယ် . . . တင် . . . ခဲ့တာ . . . ဟုတ်လား မြွေနတ်သမီး"

မြွေနတ်သမီး၏စကားကြောင့် မင်းမောင်အံ့သြတကြီးနှင့် ပြန်လည်မေးလိုက်မိသည်။

"ဟုတ်တယ်လေ . . . ငါသာအချိန်မီတွန်းမထုတ်လိုက်ရင် ဟို . . . မီးပေါက်လက်နက်ရဲ့ သေမင်းတမန်က သင့်ရဲ့နှလုံးသွေးကိုသောက်နေလောက်ပြီပေါ့ . . . ဒီမှာ ကြည့်လိုက်ပါဦး လူကလေး . . . သူ့ကိုရော မှတ်မိပါသေးရဲ့လား"

မြွေနတ်သမီးညွှန်ပြရာသို့ မင်းမောင်လှည့်ကြည့်လိုက်တော့ တဖွဲဖွဲကျဆင်းနေသည့် နှင်းခဲနှင်းဖတ်နှင်းမှုန်များအောက်တွင် ငြိမ်သက်စွာထိုင်နေသည့် သဏ္ဌာန်တစ်ခုကို ဝိုးတဝါးတွေ့မြင်လိုက်ရသည်။ သေချာစွာကြည့်လိုက်တော့ မင်းမောင် နှုတ်ဖျားမှ အာမေဍိတ်သံများပင် ထွက်ကျသွားပါ၏။

"ဟာ . . . ဆ . . . ဆ . . . ဒူး . . . ကြီး"

ဟုတ်ပါသည်။ ရေခဲလုမတတ် အေးခဲလှသည့် နှင်းခဲဖုံးတောင်ထက်ဝယ် ခန္ဓာကိုယ်တွင် အဝတ်တစ်ထည်မျှမပါရှိဘဲ အရှက်လုံရုံမျှလန်ကွတ်တီလေးတစ်ထည်နှင့် တင်ပျဉ်ခွေ



ထိုင်နေသော . . . ဆာဒူးကြီးဗိသျှကုမာရကို အံ့သြစွာ တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ဆာဒူးကြီးဗိသျှကုမာရမှာ မင်းမောင်၏အသံကြောင့် မှိတ်ထားသောမျက်စိအစုံကို ဖွင့်၍ကြည့်လိုက်သည်။

"သြော် . . . သင်ရောက်လာပြီကိုး။ ဘယ်လိုလဲ . . . သွားခင်းနိမိတ်နဲ့ လူမျိုးခြားမိစ္ဆာတွေကြားမှာ သင်လုပ်ကိုင်ဆောင်ရွက်ရမယ့် 'အမှန်တရား' ကိုရှာဖွေတွေ့ရှိခဲ့ပြီလားကောင်လေး။ ဒါပဲဖြစ်ဖြစ် အရာဝတ္ထုတစ်ခုဟာ သူ့ရဲ့နဂိုမူလနေရာမှာပဲရှိနေတာဟာ အကောင်းဆုံးပဲလေ . . . ဒါကြောင့် ကိုယ် တာဝန်ယူထုတ်ဆောင်ရမယ့်အပိုင်းနဲ့ ကတိသစ္စာတစ်ခုကို တန်ဖိုးထားသိတတ်ပါစေ ကောင်လေး"

ဆာဒူးကြီးဗိသျှကုမာရ၏ စကားဆုံးသည်နှင့် သိပ်သည်းထူထပ်စွာကျဆင်းလာသည့် နှင်းဖတ်နှင်းခဲထုကြီးအောက်တွင် ဆာဒူးကြီး၏ခန္ဓာကိုယ်ကြီးမှာ တစ်စ တစ်စ နစ်မြုပ်ပျောက်ကွယ်သွားပါလေတော့သည်။

"ဟုတ်တယ် လူကလေး . . . အဲဒီကတိသစ္စာတစ်ခုကြောင့် လူကလေးကို သေတွင်းထဲကနေ ဆွဲထုတ်ကယ်တင်ပေးခဲ့တာပေါ့။ ဒီမှာကြည့်စမ်း လူကလေး . . . လောဘသား မိစ္ဆာကောင်တွေ တွေ့မြင်မသွားတဲ့ ငါ့ရဲ့ကိုယ်ပွားရုပ်တုနဲ့ ဘိုးဘေးစဉ်ဆက် ကမ္ဘည်းထိုးကျိန်စာတိုက်ခဲ့တဲ့ မြွေနတ်သမီးရဲ့ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com



ပုရပိုက်တွေလေ၊ ရော့ . . . လူကလေးကိုယ်တိုင် သေချာ ဖတ်ကြည့်စမ်း''

မြွေနတ်သမီးကိုယ်တိုင် ကမ်းပေးလိုက်သည့် ကြေး ရပိုက်များနှင့် ရွှေသားစစ်စစ်နှင့် သွန်းလုပ်ထားသည့် မြွေနတ် သမီးရုပ်တုလေးကိုလက်ခံယူလိုက်ပြီး ဘိုးဘွားစဉ်ဆက် ကမ္ဘည် ထိုးကျိန်စာဆိုထားသည်ဆိုသည့် ကျိန်စာစာတန်းများကို တစ်လုံး ချင်း တစ်ပုဒ်ချင်း ဖတ်ရှုလိုက်ပါတော့သည်။

'မြွေနတ်သမီး၏ကျိန်စာ'

ကြေးပုရပိုက်အဖွင့် ခေါင်းစည်းစာတန်းကိုဖတ်ရှုလိုက် ရကတည်းက မင်းမောင်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ပင် တဖြန်းဖြန်းထသွားကြသည်သို့

ငါသည် . . . လောကကိုစောင့်ရှောက်၏။ ငါသည် မြေ ရေ လေ မီးကို ပိုင်ဆိုင်၏။ ငါ၏ မျက်လုံးတော်နှစ်လုံးတွင် သန္တေတည်ကိန်းဝပ်သော . . . (MOON STARS)ခေါ် တန်ဖိုးအနှ ထိုက်တန်လှသည့် အဖြူရောင်လကြယ်စင်စိန်ကြီးနှစ်လုံးတွင် အဖိုးတန်မြကျောက်ရတနာများကို စီခြယ်ကာ မျက်ရှင်တော်ထု ဖန်ဆင်းထားခဲ့သည်။

ငါ၏ မျက်ရှင်တော်မှာ . . . လပြည့်လကွယ်ညဉ့်များတွင် ထူးခြားသောရောင်စဉ်တန်းများကိုစေလွှတ်၍ ကောင်းကင်ယံ ထက်တွင် ပျော်ပါးကျက်စားလေ့ရှိသည်။ ငါ့အား ယုံကြည်ကြ



ချည်းကပ်ကိုးကွယ်သူများကို သင့်တင့်မျှတသော မြေရေလေမီး ဓာတ်လေးပါးကိုပေး၍ ထူးခြားသောအကျိုးလာဘ်လာဘများကို ပေးစွမ်းပါ၏။

ထို့အတူ . . . ငါ့အား မထီမဲ့မြင်နှင့် ပြစ်မှားစော်ကား မှုပြု၍ လောဘအမှောင်ဖုံးကာ ငါ၏မျက်ရှင်တော်များအား ထိပါးအံ့ . . .။ ထိုသူတို့သည် . . . ဘုန်းဘေး၊ ရေဘေး၊ မီးဘေး၊ လေဘေး၊ မားလုံလက်နက် . . . မီးပေါက်လက်နက် စသော ဘေးဆိုးများဖြင့် သင့်ရုံမျှမက . . . ငါ၏ကိုယ်စားကိုယ်ပွား မြွေ အမျိုးပေါင်းတစ်ထောင်ကျော်တို့က ထိုသူ့အားလည်းကောင်း၊ မိသားစုအားလည်းကောင်း၊ ချစ်ခင်သူတို့အားလည်းကောင်း ဘေးဒုက္ခကပ်ဆိုးကြီးများပေးကာ နောက်ဆုံး၌ . . . သေခြင်း တရားနှင့် ရင်ဆိုင်ကြုံတွေ့ရပါစေသတည်း။

သွေးပျက်ချောက်ချားဖွယ် ကြောက်ခမန်းလိလိရေးသား ထားသည့် ကျိန်စာအောက်တွင် 'ရှန်ကာဒေဝီမြွေနတ်သမီး' ဟုရေးထိုးထားသည့် ကျိန်စာကိုဖတ်ပြီးသည်နှင့် မင်းမောင်၏ ခန္ဓာကိုယ်အနှံ့ရှိ သွေးကြောများက ဆူဝေပွက်လျှံလာကြသည် သို့ . . .။

''တွေ့တယ်မဟုတ်လား လူကလေး . . . ဒါတင် ဘယ် ကမလဲကွယ် . . . ငါ့ရဲ့ မျက်ရှင်တော်ကိုပဲဖြစ်ဖြစ်, ငါ့ရဲ့ခန္ဓာ ကိုယ်ကအစိတ်အပိုင်းတစ်ခုခုကိုပဲဖြစ်ဖြစ် . . . မသန့်ရှင်း မစင်

www.burmeseclassic.com

www.burmeseclassic.com



ကြယ်တဲ့စိတ်ဆန္ဒနဲ့ ကိုင်တွယ်ယူငင်မိခဲ့ရင်လည်း မိုးအဆုံး ... မြေအနံ့ မတွေ့မနေရာဖွပြီး ကလဲ့စားချေတတ်သေးတယ်ကွယ်"

မြွေနတ်သမီးပြောသမျှအားလုံးကို မင်းမောင်တ… ယောက် ညို့ကွင်းမိနေသူနှယ် ... ပါးစပ်အဟောင်းသားနှင့်သ… နားထောင်နေပါ၏။

"အခုတော့ ဒီတာဝန်ကို မင်းကိုလွှဲပြောင်းပေးလိုက်… ... အဲဒါကြောင့် လူကလေးကို မရဏာခ်တွင်းထဲကနေ ဆွဲထု… ကယ်တင်ပေးခဲ့တာပေါ့၊ ဘာလဲ ... အံ့သြသွားသလား လူ… လေး၊ ဒါတွေဟာ တကယ်တော့ ဘာမှအံ့သြစရာမဟုတ်… ဘူးကွယ်၊ ငါ့ရဲ့မျက်ရှင်တော်ကိုပြန်ပြီးယူပေးနိုင်တာဆိုလို့ လူ… လေးတစ်ယောက်ပဲရှိတာမို့ သင့်ဆီမှာ အကူအညီတောင်းရ… ပါ၊ ဒီလိုမှမဟုတ်ရင် ငါတို့တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတ… ပစ္စည်းတွေဟာ လူမျိုးခြား လောဘသားမိစ္ဆာတွေကတစ်… တိုင်းတစ်ပါးကိုရောက်ရှိသွားနိုင်တယ် လူကလေး ...၊

အဲဒီတော့ ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူကလေ… ကိုယ်တိုင် ငါ့ရဲ့မျက်ရှင်တော်တွေကို ယူဆောင်ပြီး သူ့ရဲ့မူလ… ရာမှာ ပြန်ပြီးထားပေးလှည့်ပါ၊ အဲဒီအတွက်လည်း ငါနဲ့အ… မြွေနတ်သမီးရဲ့ကောင်းကင်ဘုံက မျိုးနွယ်စုတွေက သင့်ကို ဆေ… ရှောက်ပေးကြပါလိမ့်မယ်ကွယ်"

မယုံကြည်နိုင်ဖွယ် ထူးဆန်းသောဖြစ်ရပ်များကြော…



မင်းမောင်အံ့သြထိတ်လန့်စွာ ငေးကြည့်နေဆဲမှာပင် သူ၏ရှေ့တွင်ယိမ်းထိုးလှုပ်ယမ်းနေသည့် မြွေနတ်သမီးနှင့် မြွေဖြူကြီးတို့မှာ တဖွဲဖွဲကျဆင်းလာနေသည့် နှင်းလွှာထုကြီးအောက်တွင် တစ်စ ... တစ်စ ... ဝေဝါးပျောက်ကွယ်သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၂)

## ❖ သက်ရောက်လာသည့်မြွေနတ်သမီး၏အာဂါစက်များ ❖

"အား ... အီး ... အင်း ... မြွေ ... မြွေ ... မြွေ နတ် ... သ ... မီး ... အင်း"

"မင်းမောင် ... မင်းမောင် ... မင်းမောင်"

သူ့နာမည်ကို ခေါ်ငင်နေသည့်အသံလေးက တစ်ခါတစ် ရံဝေးသွားလိုက် ... အဆင်သင့်လျှင် နီးလာလိုက်နှင့် သူ့အနီး တွင် စီးမျောဝေ့ဝဲနေသည့်သို့ ...။ ထိုအခိုက် နံကြားဆီမှ တစစ်စစ် နာကျင်မှုနှင့်အတူ မင်းမောင်တစ်ယောက် ပြန်လည် သတိရလာခဲ့သည်။

"အား ... အီး ... ဟယ် ... ဟယ်လင် ... ကျွတ် ကျွတ်"



"အို ... မင်းမောင် ... မင်းမောင် ... သတိရလာပြီ လား ... ဟင်"

ဟယ်လင်မှာ ... မင်းမောင်ဒဏ်ရာနှင့် သတိလစ်မေ့ မြောသွားကတည်းက ရှိစုမဲ့စုဆေးဝါးများဖြင့် ဒဏ်ရာကို ဆေး ထည့်၍ပတ်တီးစည်းနှောင်ထားခဲ့ပါ၏။ သံယောဇဉ်ကြောင့်ဖြစ် တည်လာသော မျက်ရည်စများကို နလုံးသားမှယိုစီးလာသည်သို့ မင်းမောင်သေနတ်ထိမှန်ကာ ... သတိမေ့မြောသွားမှပင် မင်း မောင်အပေါ်သံယောဇဉ်မည်မျှကြီးမားကြောင်း ဟယ်လင်သိလာ ခဲ့ရသည်။ မင်းမောင် သတိပြန်ရလာပြီး ... ဟယ်လင်၏ နာမည်ကိုတမ်းတရွတ်ဆိုလိုက်မှသာ နလုံးသားအမောပြေသွား ရပါ၏။

"ဟား ... ဟယ်လင် စိတ်ပူလိုက်ရတာမင်းမောင်ရယ်၊ ဒီကြားထဲ မင်းမောင်က ဘာတွေမှန်းမသိဘူး ... ယောင်ရမ်းပြီး ကယောင်ကတမ်းအော်ဟစ်နေတော့ ဟယ်လင်ဘာလုပ်ရမှန်း တောင် မသိတော့ဘူး။ တော်သေးတယ် ... ဒဏ်ရာက နံဘေး ကို ရှပ်ပြီးမှန်သွားလို့၊ အင်း ... ကံကြီးပေလို့ပေါ့ မင်းမောင် ရယ်"

ထိုအချိန်တွင် မေဂျာစမစ်ကိုယ်တိုင် မင်းမောင်အနီးသို့ ရောက်ရှိလာပြီး ...

"ဘယ်လိုလဲ မုဆိုးလေး ... သေနတ်ကျည်ဆံက

www.burmeseclassic.com

www.burmeseclassic.com



နံစောင်းကိုပဲရုပ်ပြီးမှန်သွားတာပါ၊ အဲဒါတောင် နာရီခက်ကျော်

ကျော်လောက် သတိမေ့သွားရတယ်လို့ . . . ဟင်း ဟင်း . . .

မောင်ရင်ကံကောင်းသွားတာပေါ့၊ ငါက စေစုပေးရမယ့်သူ ထ

ယောက်တော့ ထပ်လျော့သွားပြီလို့တောင် အောက်မေ့နေတာပေ့

. . . ဟား ဟား ဟား ဟား"

မညှာမတာ ရက်ရက်စက်စက်ပြောထွက်လိုက်သည့် မေ

ဂျာစမစ်၏စကားသံကြောင့် မင်းမောင်ဒေါသတို့က သွေးကြော

နှံ့ဆူပွက်စီးမျောလာကြသည်သို့ . . .။ မင်းမောင် ဟယ်လင့်တ

တွင်မှိုလဲနေရာမှ အနီးရှိ ကညင်ပင်ကြီးအားပြောင်း၍မှီလိုက်

ရင်း သူသတိလစ်မေ့မြောနေစဉ်က ကြုံတွေ့ခဲ့ရသော မြွေနတ်

သမီး၏ကျိန်စာရွတ်ဆိုသံများကို ပြန်လည်ကြားယောင်လာ

သည်။

"ငါ့ရဲ့ မျက်ရှင်တော်ကိုပဲဖြစ်ဖြစ်၊ ငါ့ရဲ့ခန္ဓာကိုယ်ထ

အစိတ်အပိုင်းတစ်ခုခုကိုပဲဖြစ်ဖြစ် မသန့်ရှင်းမစင်ကြယ်တဲ့စိတ်

ဆန္ဒနဲ့ ကိုင်တွယ်ယူငင်မိခဲ့ရင်လည်း မိုးအဆုံး,မြေအနှံ့ မ

မနေ ရှာဖွေပြီး ကလဲ့စားချေတတ်သေးတယ် . . . လေ"

ကာယကံရှင် မေဂျာစမစ်တော့မသိ . . . မင်းမောင်

တော့ တစ်ကိုယ်လုံးကြက်သီးမွေးညင်းများပင် တဖြန်းဖြန်းထ

ပါလေ၏။ သစ်ပင်ကြီး၏ပင်စည်ကိုလက်ထောက်ကာ မှီနေ

မှ မင်းမောင် ထရပ်လိုက်သည်။



"ဒီမှာ မေဂျာစမစ် . . . မေဂျာ ယုံတာ,မယုံတာ လက်ခံ

တာ,လက်မခံတာ ဖယ်ထား . . . ငါကတော့ ငါ့ရဲ့ တာဝန်အရ

ပြောစရာရှိတာကိုတော့ ပြောရမှာပဲ၊ အခု . . . ဟို ရေလယ်ကျွန်း

က မေဂျာယူလာခဲ့တဲ့စိန်ကြီးနှစ်လုံးဟာ ထကယ်တော့ မြွေနတ်

သမီး ရှန်ကာဒေဝီရဲ့ မျက်ရှင်တော်တွေပဲ မေဂျာ . . .၊

အဲဒီ မျက်ရှင်တော်ဖြစ်တဲ့ စိန်ကြီးနှစ်လုံးကို (MOON

STAR) 'လကြယ်စင်' လို့လည်း ခေါ်တယ်၊ တန်ခိုးသိဒ္ဓိထူးတွေ

ရှိတဲ့ မျက်ရှင်တော်ဟာ လပြည့်လကွယ်ညဉ့်တွေတိုင်းမှာ ကောင်း

ကင်ယံကိုတက်ပြီး ပျော်မြူးကျက်စားလေ့ရှိတယ်တဲ့၊ သူ့ကို ယုံ

ကြည်ကိုးကွယ်ရင် စောင့်ရှောက်ကူညီပေးလေ့ရှိသလို သူ့ကိုစော်

ကားရင်လည်း အဲဒီလူကို ဆွေစဉ်မျိုးဆက်အထိ လိုက်ပြီး

လက်စားချေလေ့ရှိတယ်တဲ့ မေဂျာ"

ထို့နောက်မှာတော့ . . . မင်းမောင်မှာ တစ်ချိန်သောအ

ခါက မြင်မက်ခဲ့သောအိပ်မက်နှင့် သူ သေနတ်ဒဏ်ရာဖြင့် သတိ

လစ်မေ့မြောနေစဉ်က ထူးခြားဆန်းကြယ်သော မြွေနတ်သမီးနှင့်

တွေ့ရှိခဲ့ပုံ၊ မြွေနတ်သမီး၏ကျိန်စာပုရပိုက်ကို သူကိုယ်တိုင် ဖတ်ရှု

ခဲ့ရပုံများအား မေဂျာစမစ်အား ခရေစေ့တွင်းကျ ပြောပြလိုက်ပါ

လေတော့သည်။

သို့သော် . . . သူ၏စကားဆုံးသည်နှင့် ဘာမပြော ညာ

မပြော မေဂျာစမစ်က တဟားဟားနှင့် ဟားတိုက်ရယ်မောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါလေ၏။

"ဟား ဟား ဟား ဟား ...ငါက ဘာများလဲလို့ နားထောင်နေမိတာ ...နောက်ဆုံးတော့ ကယောင်ချောက်ချား အိပ်မက်တွေနဲ့ သွေးရူးသွေးတန်းစကားတွေချည်းပါပဲလား ...ဟင်း ဟင်း ...ငါ့အတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ မင်းတို့အာရှတိုက်သားတွေသာ အခြေအမြစ်မရှိ, နိုင်နိုင်မာမာမရှိတဲ့ ရှေးကျလွန်းတဲ့ အယူအဆတွေ, ကျိန်စာတွေကို ယုံကြည်စွဲလမ်းနေကြတာ၊ ငါတို့က ဒီလိုကိစ္စမျိုးတွေကို သိပ်အစွဲအလမ်းကြီးတဲ့သူတွေ, အယူသီးတဲ့သူတွေကိုသာ ဒုက္ခပေးတတ်ကြတာပါ မှဆိုးရယ် ...ဟင်း ဟင်း"

မေဂျာစမစ်က မင်းမောင်အလေးအနက် ထား၍ ပြောသောစကားများကို ပေါ့ပျက်ပျက်နှင့်ရယ်ပွဲဖွဲ့ပစ်လိုက်သဖြင့် မင်းမောင်၏ဒေါသမီးက ဝုန်းခနဲတောက်လောင်တော့မည်ကဲ့သို့။

မင်းမောင်၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်၍ သတိပေးမည့် ဟယ်လင့်အနီးနားတွင်မရှိခဲ့လျှင် တစ်ယောက်ယောက်တော့ တစ်ခုခုဖြစ်သွားနိုင်ပါ၏။ သည်ကြားထဲ မေဂျာစမစ်၏ ခပ်ရိရိပြောဆိုသွားသောစကားတစ်ခွန်းကြောင့်လည်း မင်းမောင်မှာ တက်တစ်ခေါက်ခေါက်နှင့် ကျန်ရစ်ခဲ့ပါလေတော့သည်။

"ကိုင်း ...ဒဏ်ရာသက်သာရင် အချိန်ရှိတုန်း ခရီးဆက်ကြရအောင် မှဆိုးရေ၊ မင်းရဲ့တောစည်းကမ်းအရတော့ မသိဘူး၊ ငါတို့စစ်စည်းကမ်းအရဆိုရင်တော့ ဒီနေရာဟာ လုံခြုံမှုအပြည့်အဝမရှိဘူး၊ အချိန်မရွေး ရန်သူရောက်လာနိုင်တယ် ...ဒါကြောင့် နေရာရွှေ့ရမယ်"



မေဂျာစမစ်နှင့် ရဲဘော်နှစ်ယောက်တို့မှာ သေနတ်များကိုလွယ်လျက် ...ဆုံးစမမြင်နိုင်သော ရွက်ကြွေတောကြီး၏ အနောက်မြောက်စူးစူးသို့ ဦးတည်ကာ ထွက်ခွာသွားကြပါတော့သည်။ အနောက်ဘက် ကောင်းကင်တစ်ခိုမှာတော့ ညနေခင်း၏တိမ်ရောင်စုံတို့က ဖြာယှက်လျက်ရှိပါချေပြီကော ...။

*

လပြည့်ရန်သုံးလေးရက်ခန့်လိုသေးသော်လည်း နှင်းမြူပါးသောညဥ့်ဖြစ်၍ ငွေလဝန်းကြီးသည် အရှေ့ဘက်တောင်တန်းမြင့်မြင့်ကြီးများပေါ်မှကျော်တက်ရွေ့လျားလျက်ရှိသည်။ ရွှန်းပဝင်းလက်စွာသာနေသည့် လရောင်အောက်တွင် တောအလုံးတောင်အလုံးသည် မြူပါးပါးနှင့် မသာစတောင်းသာယာလှပလျက်ရှိသည်။

ရွက်အုပ်မိုးသစ်ပင်ကြီးများ၏ ခက်လက်ရိုးတံအကြား အကြားမှထိုးဖောက်ကျဆင်းလာသည့် လရောင်က မြေပြင်ထက်

www.burmeseclassic.com



တွင် ကွက်တိကွက်ကျားအလင်းဖြင့် ဖြန့်ကျက်ပေးထားပါ၏။ သစ်ခက်သစ်ရွက်ပေါ်မှတစ်ဆင့် နှင်းရည်ပျော်ကာလျှောကျလာသည့် နှင်းစက်ကျသံ တဖျောက်ဖျောက်က နရီစည်းချက်ညီညီနှင့် ...။

အတွေးကိုယ်စီနှင့်လွင့်မျောနေကြသည့် မင်းမောင်နှင့် ဟယ်လင်တို့နှစ်ဦးမှာ ... အိပ်မပျော်နိုင်သည့် လသာသာညဦး ခရီးရှည်ကြီးကို ညီးငွေ့စွာဖြတ်ကျော်နေကြသည်။

သစ်ပင်ကိုမှီ၍ သစ်ရွက်သစ်ခက်များကြားမှ ရိုးတိုးရိပ်တိပ်တွေ့မြင်နေရသည့် ငွေလဝန်းကြီးကို မင်းမောင် ငေးမောကြည့်နေမိရင်း သက်ပြင်းယဲ့ယဲ့ကို အသာအယာချလိုက်ပါ၏။

"မင်းမောင် ... ဒါလင် ... ဘာတွေများ ဒီလောက်တောင်စဉ်းစားနေရတာလဲ ဟင်"

စိမ့်နေအောင်အေးနေသည့်တိုင်လုံခြုံရေးကြောင့် မီးမဖိုရဲသဖြင့်ပင်စည်အခြေသို့ တိုးကပ်ရင်း မင်းမောင်၏ပခုံးတွင် မှီလှဲနေသည့် ဟယ်လင်က သက်ပြင်းချသံသဲ့သဲ့ကြောင့် မေးမြန်းလိုက်ခြင်းဖြစ်သည်။

"ဩော် ... ဘာလိုလိုနဲ့ ဆယ်ရက်ကျော်ကျော်ခရီးအတွင်းမှာ တဖြုတ်ဖြုတ်နဲ့သေကုန်ကြတာ အခုဆိုရင် သူတို့စစ်သားလေးယောက်နဲ့ ငါတို့နှစ်ယောက်ပဲ ကျန်တော့တာကို စဉ်းစားနေမိတာပါ ဟယ်လင်ရယ်"



"အင်း ... ယူကသာ အဲဒီလိုတွေးနေတာ၊ ဟို မေဂျာ...စ်ဆိုတဲ့ အတ္တဘီလူးကြီးကတော့ ဝေစုခွဲတမ်းပေးရမှာ လျော့သွားလေလေ သူ့အတွက် ကြိုက်လေလေဖြစ်နေပြီပေါ့မင်းမောင်"

"အမှန်တော့ ... အခုလိုကြုံနေရတာတွေဟာ သူ့ကြောင့်ဖြစ်နေကြတာပါ၊ သူရဲ့အတ္တကြီးမှု, အလိုရမ္မက်ကြီးမှုတွေကြောင့် အားလုံးဟာ ဒုက္ခမရောက်ကြသင့်ဘဲ ရောက်နေကြရတာ ဟယ်လင်ရဲ့၊ အေးလေ ... ဘာပဲဖြစ်ဖြစ် ရှန်ကာဒေဝီ မြွေနတ်သမီးပြောသလို ဖြစ်မလာပါစေနဲ့လို့ပဲ ဆုတောင်းနေရတော့မှာပဲပေါ့ ... ဟင်း"

နောက်ဆုံးတော့ သက်ပြင်းမောကြီးတစ်ခုကိုသာချလိုက်ရရှာသည့် ချစ်ရသူ မုဆိုးရိုင်းလေး မင်းမောင်၏ရင်ခွင်ထဲတွင် ဟယ်လင် အားကိုးတကြီးခိုဝင်လိုက်ရင်း ...

"ဩော် ... မင်းမောင်ရယ်"

ဟယ်လင်၏ အသံလေးကကြေကွဲမှုကြောင့် တုန်ယင်လှိုက်မောနေပါသည်။ သစ်ရွက်စိမ်းတစ်ရွက်က နှင်းရည်တို့လေးပိမှုကြောင့် ကြွေချိန်မတန်ဘဲနှင့် ကြွေသက်ကျလာသည်ကို ငေးကြည့်နေမိပါ၏။

"အင်း ... ဘာလိုလိုနဲ့ ငါတို့နှစ်ယောက်ရဲ့ ခရီးစဉ်လည်းပြီးဆုံးခါနီးပြီ၊ အင်ဖာစစ်မြေပြင်ကိုရောက်တာနဲ့ ငါနဲ့ ဟယ်လင်ရဲ့အိပ်မက်ရှည်ကြီးက ပြီးဆုံးသွားပြီပေါ့ ... ဟောဒီ

www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီးအတွင်းမှာ ... ဘယ်သူမှ သေမယ်ရှင်မယ် မသိနိုင်သလို ... ဟယ်လင်နဲ့လည်းနောက်ထပ်တစ်ကြိမ်ဆုံတွေ့နိုင်ဖို့ဆိုတာ ... ဘယ်လိုမှ မျှော်လင့်လို့မရနိုင်တော့ဘူးလေ ... ဟင်း"

"ဪ မင်းမောင်ရယ် ... ဟယ်လင့်ကို အထင်သေးလှချည်လားကွာ၊ ဟယ်လင့်ရဲ့အချစ်ဟာ မင်းမောင်ကို အိပ်မက်လို ခဏသာတွေ့ကြုံခဲ့ရပေမယ့် ဟယ်လင့်တစ်ဘဝလုံးစာအတွက် ပုံပြီးချစ်ခဲ့ရတာပါ၊ ဟောဒီစစ်ကြီးပြီးသွားလို့ မင်းမောင်ရော, ဟယ်လင်ပါ အသက်မသေကြဘူးဆိုရင် မင်းမောင်ရှိတဲ့နေရာကို ဟယ်လင်ဆက်ဆက်လာခဲ့ပါ့မယ် ဒါလင်ရယ်"

ဟယ်လင်က ... ချစ်ရသူမင်းမောင်၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်ရင်း ခပ်ညှစ်ညှစ်လေး ဖက်တွယ်ထားလိုက်ပါ၏။ သစ်ရွက်သံစ်ခက်ရိုးတံများအကြားမှ ဖိတ်စဉ်ယိုစီးကျလာသည့် လရောင်ကွက်တိကွက်ကျားအောက်မှ ချစ်ရသူဟယ်လင်၏ မျက်နှာလေးကိုသာ ... မင်းမောင် တရှိုက်မက်မက်ငေးမောကြည့်နေမိပါတော့သည်။

တိတ်ဆိတ်စွာ အိပ်မောကျနေသည့် ညဉ့်ရင်ခွင်အောက်မှာတော့ တရွေ့ရွေ့ခရီးနှင်နေရှာသည့် ငွေလဝန်းကြီးနှင့် မြူနှင်းမိုးစက်တို့ကြွေသက်ကျသံတဖျောက်ဖျောက်တို့ကသာ ... ပွဲတင်စီးမျောလျက် ...။

* * *

## အခန်း(၂၃)

### ◈ မပြီးဆုံးနိုင်သေးသော...မြေနုတ်သမီးကျိန်စာ ◈

ထွက်ပြူစနံ့နက်ခင်းနေခြည်အောက်ဝယ် ဂျပန်စစ်စခန်းတစ်ခုဟု ထင်မှတ်ရသော တောင်ကုန်းမြင့်ထက်ရှိ အလံတိုင်ထိပ်ဖျားတွင် ဂျပန်အလံက လေတွင်တဖျပ်ဖျပ်နှင့် လွင့်ပျံလျက်ရှိသည်။

ရွက်ဖျင်တဲသုံးလုံးက တုတ်ကျင်းများနှင့် ဘန်ကာများပါ တူးထားသဖြင့် ဤတောင်ကုန်းထိပ်တွင် ဂျပန်တို့က စစ်စခန်းတစ်ခုခိုင်ခိုင်မာမာဆောက်လုပ်ထားကြသည်ဟု ခန့်မှန်းတွက်ချက်မိပါ၏။ ထိုအထဲတွင်မှ ... စစ်ယာယီရုံးအဆောက်အအုံဟု ထင်မှတ်ရသော အလံတိုင်ရှေ့မှရွက်ဖျင်တဲကြီးထဲ၌ ဂျပန်အရာရှိတချို့ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကိုင်းမျက်မှန်အဝိုင်းလေးတပ်ဆင်ထားသည့် ဂျပန်စစ်ဗိုလ်တစ်ဦး၏အရာရှိငယ်တချို့ ထမ်းစင်ထက်တွင်ဒဏ်ရာများနှင့် သေလုမျောပါးရှိနေသည့် ဂျပန်တပ်ကြပ်ကြီးတစ်ဦးထံမှ အရေးတကြီးစစ်သတင်းတချို့ကို မကြားတစ်ချက် ကြားတစ်ချက်နှင့် နားစွင့်နေကြပါ၏။

ဒဏ်ရာများနှင့်ရောက်ရှိလာသော ဂျပန်တပ်ကြပ်ကြီးမှာ ဝင်သက် ထွက်သက်ကို ခဲယဉ်းပင်ပန်းစွာပင် ရှူရှိုက်နေရသည်။ စကားတစ်လုံးပြောဆိုနိုင်ရန်အတွက်ပင် သူ့မှာ အတော်လေး ကြိတ်မှိတ်ခံစားနေရဟန်တူပါ၏။

“ဘာ ... ဘာပြောတယ် ရာရှီဒါ ... ဗြိတိသျှစစ်သားသုံးလေးယောက်နဲ့ အမျိုးသမီးတစ်ယောက် ... ဟုတ် ... ဟုတ်လား၊ ပြောစမ်း ပြောစမ်း ... ဘယ်နေရာမှာလဲ ဘယ်နေရာမှာတိုက်ပွဲဖြစ်ခဲ့တာလဲ ... ပြော ... ပြောစမ်းပါ ရာရှီဒါ”

ထူးခြားမှုရှိသော တိုက်ပွဲသတင်းတစ်ခုကို အတည်ပြုရယူနေခြင်းဖြစ်ပါ၏။ ဂျပန်ဗိုလ်မှူးကြီးအိုဆာဆုမိ၏ ... ရွှေကိုင်းမျက်မှန်အဝိုင်းလေးအောက်မှ နီကြင်ကြင်မျက်လုံးများက ဒေါသရောင်ကြောင့်လင်းလက်နေသည်သို့ ... လွန်ခဲ့သောနှစ်ရက်ခန့်ကမှ အင်္ဂလိပ်စစ်ကြောင်းများဆုပ်ခွာလာနိုင်သည့် နယ်မြေအတွင်းသို့ ကင်းလှည့်စစ်ကြောင်း သုံးကြောင်းစေလွှတ်ခဲ့ရာမှ ဂျပန်တပ်ကြပ်ကြီး ရာရှီဒါဦးဆောင်သည့် ဂျပန်တပ်စိတ်တစ်ခု



သည် အင်္ဂလိပ်တို့၏ခွာစစ်တစ်ခုနှင့် အမှတ်မထင် ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်။

ထိုတိုက်ပွဲတွင် သူ၏ဂျပန်ကင်းလှည့်စစ်ကြောင်းမှ တပ်စိတ်တစ်စိတ်လုံးကျဆုံးခဲ့ကြပြီး တပ်ကြပ်ကြီးရာရှီဒါတို့ ဒဏ်ရာပရပွနှင့် တခြားကင်းလှည့်တပ်စိတ်က ကယ်တင်လာခဲ့ရခြင်းဖြစ်ပါ၏။ ထို့ကြောင့် ဗိုလ်မှူးကြီး အိုဆာဆုမိတစ်ယောက် အကြီးအကျယ်ဒေါသထွက်နေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဒဏ်ရာများနှင့်သေလုမျောပါးဖြစ်နေရာသည့် တပ်ကြပ်ကြီးရာရှီဒါထံမှ ရနိုင်သမျှစစ်ရေးသတင်းအချက်အလက်များကို ကိုယ်တိုင်စိစစ်မေးမြန်းနေခြင်းဖြစ်ပါ၏။

“သေချာပြောပြစမ်း ရာရှီဒါ ... ဘယ်နေရာမှာ ... ဘယ်နှစ်ယောက်လဲဆိုတာ ... သေသေချာချာ ပြောစမ်း”

တပ်ကြပ်ကြီးရာရှီဒါမှာ ထိုမေးခွန်းကိုဖြေကြားနိုင်ရန်အတွက် ခဲခဲယဉ်းယဉ်းအသက်ရှူနေရသည်။ အတန်ကြာမှ ဗိုလ်မှူးအိုဆာဆုမိ လိုချင် သိချင်နေသော စကားလုံးတချို့ တစ်လုံးချင်းထွက်ကျလာခဲ့သည်။

“ဟို ... ဟို ... တောင် ... တောင်နီတောင်ခြေမှာ မြန်မာ မု ... မုဆိုးတစ် ... တစ်ယောက် လမ်း ... လမ်းပြခိုင်းပြီး အင် ... အင် ... အင်ဖာစစ်ကြောင်းကို ဦး ... ဦးတည်ပြီး သွား ... သွား ... အ ... အင့်”

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးရာရှီဒါမှာ သေလုမျောပါးဒဏ်ရာများကြားမှ အရေးတကြီးစစ်သတင်းတစ်ခုကို အားခဲကာ ပြောကြားနေရာမှ ဆတ်ခနဲ ငိုက်ကျသွားခဲ့ရာမှ ငြိမ်သက်သွားပါလေတော့သည်။

ဂျပန်ဗိုလ်မှူးကြီးအိုဆာဆုမိမှာ မေးကြောကြီးများထောင်ထလာသည့်အထိ အံကိုတင်းတင်းကြိတ်လိုက်ရင်း တာဝန်ကျေသွားပြီဖြစ်သည့် တပ်ကြပ်ကြီးရာရှီဒါ၏ မျက်နှာအားစောင်ပါးလေးနှင့်ဖုံးအုပ်ကာ ကြေကွဲစွာအလေးပြုလိုက်ပါလေ၏။

"တောက်

"ဟိုက် ... မာစတာ"

ဤသို့ဖြင့် သူ၏ကင်းလှည့်ဂျပန် တပ်စိပ်တစ်ခုလုံး အားသတ်ဖြတ်ချေမှုန်းသွားခဲ့သော မေဂျာစမစ်တို့ ဗြိတိသျှစစ်သားလက်တစ်ဆုပ်စာအား ချေမှုန်းသုတ်သင်နိုင်ရေးအတွက် စစ်ဆင်ရေးတစ်ခု လျှင်မြန်စွာထွက်ပေါ်လာခဲ့ပါချေပြီတည်း။

*

"အား"

ရုတ်တရက် အလန့်တကြားထွက်ပေါ်လာသည်ကြောင့်



ဟစ်အော်သံကြီးကြောင့်အနီးရှိ ဆာဂျင်မက်သရူးနှင့်အတူ မင်းမောင်နောက်ဘက်သို့ လှည့်၍ပြေးလာခဲ့သည်။ မေဂျာစမစ်ကမူ အိပ်ရေးပျက်မှု၊ ခရီးပန်းမှုတို့ကြောင့် ပင်ပန်းနွမ်းနယ်နေသည့်ထင့် ... ကြောင်စီစီငေးငေးဖြစ်နေသည့်နှယ် လေးတွဲ့စွာရှိနေပါ၏။

မင်းမောင်တို့ရောက်ဖေ ရဲဘော်ကလင့်တစ်ယောက်မြက်ပင်ရှည်ကြီးများကြားတွင် ညည်းညူကာလဲကျနေသည်ကိုတွေ့ရသည်။

"ဘာ ... ဘာဖြစ်တာလဲ ... ကလင်"

"ဟို ... ဟို ... မြွေ ... မြွေဖြူကြီး ... မြွေဖြူကြီး"

ကလင့်လက်ညှိုးညွှန်ပြရာသို့ မင်းမောင်နှင့်မေဂျာစမစ်တို့လှည့်ကြည့်လိုက်တော့ မြက်ရိုင်းပင်များကြားသို့ လျှောခနဲတိုးဝင်သွားသည့် မြွေဖြူကြီးတစ်ကောင်ကို ဖျတ်ခနဲတွေ့မြင်လိုက်ရသည်။

"ဟာ ... ပစ် ... ပစ်လေကွာ မှဆိုး ... ပစ်လေ"

သူ၏နောက်ဘက်မှ မေဂျာစမစ်၏ ကမူးရှူးတိုး အမိန့်ပေးစေခိုင်းသံကိုကြားလိုက်ရသည့်တိုင် ... မင်းမောင် မလှုပ်ရှားမိပါ။ သူ၏နားထဲတွင် မြွေနတ်သမီး၏ကျိန်စာက ပဲ့တင်ရိုက်ခတ်နေသည့်သို့ ...။

"ငါ့အား မထီမဲ့မြင်နှင့် ပြစ်မှားစော်ကားမှုပြုခဲ့ ငါ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်ရှင်တော်များအား ထိပါးယှင်သူတို့သည် ... ကုန်းဘေး ရေဘေး၊ မီးဘေးလေဘေး ...၊ ဓားလှံလက်နက် ...မီး ပေါက်လက်နက်စသော ဘေးဆိုးများဖြင့် ... သင့်ရုံမျှမက ... ငါ၏ ကိုယ်စားကိုယ်ပွား ... မြွေမျိုးပေါင်းတစ်ထောင်ကျော်တို့က ထိုသူ့အားလည်းကောင်း ...၊ ထိုသူ၏ မိသားစုတို့အား လည်းကောင်း''

"တောက် ... စမစ်ရယ် ... ခင်ဗျားကြီးရဲ့ မဆင်မ ခြင်ပြုလုပ်ခဲ့တဲ့ အပြစ်ကြီးကြောင့် ဘာမှမဆိုင်တဲ့သူတွေ အားလုံး ဒုက္ခရောက်ကြရတယ်ဗျာ ... ဟင်း''

လွတ်ထွက်သွားသော ဒေါသနှင့်အတူ မင်းမောင်ယူ ကျုံးမရစွာပြောဆိုလိုက်ရင်း ညည်းညူအော်ဟစ်နေရှာသည့် ကလင့်အနီးတွင် ဒူးထောက်၍ထိုင်ချလိုက်သည်။ မေဂျာမက်သရူးက မြွေကိုက်ဒဏ်ရာအား ရှေးဦးသူနာပြုစုနည်းနှင့်လုပ်ကိုင် ဆောင်ရွက်နေပါ၏။

"အား ... အီး ... ငါ့ခြေထောက်ကို မြွေ ... မြွေဖြူ ကြီး ကိုက် ... ကိုက်သွားတယ်၊ ငါ့ ... ငါ့မျက်လုံးတွေ ပြာ ... ပြာလာကြပြီ ဆာဂျင် ... ငါ့ကို ကယ် ... ကယ်ပါဦး''

ညည်းညူအော်ဟစ်နေရှာသည့် ကလင့်၏ပါးစပ်မှ သွေး များထွက်ကျလာကြပြီး ... တစ်ကိုယ်လုံးမှာလည်း မြွေဆိပ် များကြောင့်ချက်ချင်းပင် မည်းမှောင်လာခဲ့ပါ၏။ မင်းမောင်၏



အနောက်ဘက်မှ ဟယ်လင်မှာ ... ကလင့်၏အဖြစ်ဆိုးကြီးကို ကြည့်ကာ အင့်ခနဲငိုရှိုက်ရင်း မျက်နှာကိုလက်ဝါးဖြင့် အုပ်လိုက် သည်။

ထိုအခိုက် မင်းမောင်ကိုတွန်းဖယ်လိုက်ပြီး မေဂျာစမစ် က ကလင့်အနီးတွင်ဒူးထောက်၍ မြွေကိုက်ဒဏ်ရာကို စစ်ဆေး ကြည့်ရှုလိုက်သည်။

"အား ... အီး ... မေဂျာ ... ငါ ... ငါ ... မနေရ တော့ဘူးထင်တယ် ... ဟို ... ဟိုမှာ သူ ... သူတို့ ငါ့ကိုခေါ် ... ခေါ်နေကြပြီ ... အား ... အင့်''

"တိတ်စမ်း ကလင့် ... မင်းကို ငါကယ်မယ်၊ ထင်ရာ မြင်ရာတွေ စွတ်ပြီးအော်မနေနဲ့''

မေဂျာစမစ်က အော်ဟစ်နေသည့် ကလင့်ကို ငေါက် ငန်းလိုက်ပြီး ဆာဂျင်မက်သရူးနှင့်အတူ ကလင့်၏မြွေကိုက်ဒဏ် ရာမှ မြွေဆိပ်တို့ကို ဓားဖြင့်ခွဲထုတ်ရန် လုပ်ကိုင်နေကြပါ၏။

"မ ... မဟုတ်ဘူး မေဂျာ၊ ဟို ... ဟိုမှာ ငါ ... ငါမြင်နေရတယ်လေ ... ဟို မြွေ ... မြွေနတ်သမီးကို မြွေ ဖြူကြီးတစ်ကောင်က ပတ်ပြီး ငါ့ကို လက်ညှိုးကြီးထိုးပြီး ခေါ်နေ ပြီ ... ခေါ် ... နေ ... တယ် ... အ ... အီး ... လာ ... လာပြီ ... လာပါပြီ မြွေ ... မြွေ နတ် ... သမီး ... ရယ် ... အ ... အင့်''

www.burmeseclassic.com

www.burmeseclassic.com



ကလင့်မှာ မေဂျာစမစ်တို့ချုပ်ကိုင်ထားသည့်ကြားမှ ရုန်းကန်တွန်းထိုးဟာစ်အော်ရင်း ဖက်ကျိုးကျသွားကာ ငြိမ်သက်သွားပါတော့သည်။

မေဂျာစမစ်နှင့်ဆာဂျင်မက်သရှူးတို့မှာ ဝိညဉ်ချုပ်ငြိမ်းသွားပြီဖြစ်သော ကလင့်အနီးမှထရပ်လိုက်သည်။ ဆာဂျင်မက်သရှူး၏လက်ထဲမှာတော့ ကလင့်လည်ပင်းမှာ ခရစ်တော်၏လက်ဝါးကပ်တိုင်ဆွဲကြိုးလေးက လှုပ်ခါယမ်းလျက် ...။

ဟယ်လင်က ဖြူဖပ်ဖြူရော်မျက်နှာလေးဖြင့် မင်းမောင်၏လက်ကို ဆုပ်ကိုင်ထားရင်း တုန်တုန်ယင်ယင်အသံလေးနှင့် မေးမြန်းလိုက်ပါ၏။

"သူ ... သူ ... ဗသ ... သေသွားပြီလားဟင်"

မင်းမောင်ကမူ လယ်ဟင်၏စကားသံကို မကြားလေသည်ထင့် မြူနှင်းများအောက်တွင် ဆိတ်ငြိမ်သက်စွာလဲလျောင်းနေသည့် တောင်တန်းကြီးဆီသို့ ငေးမောနေရင်းမှ အသိမဲ့စွာ ရေရွတ်နေမိသည်သို့ ...။

"သြော် ... မြွေနတ်သမီးရယ် ... မင်းရဲ့ကျိန်စာဆိုးကြီးက ဘယ်တော့များမှပျက်ပြယ်ပြီးဆုံးနိုင်တော့မှာလဲကွယ်"

ဟုတ်သည် ... ယခုဆိုလျှင် လက်ကျန်လူဦးရေမှာ စုစုပေါင်းငါးယောက်တိတိသာကျန်ရှိပါတော့သည်။ ကြေးမုံရုပ်ထဲမှ မြွေနတ်သမီး၏ကျိန်စာသင့်ခံရခြင်းပင်လေလား။ သို့



တည်းမဟုတ် ... မရေရာ ... မသေချာသော ... စစ်မက်အရေးအခင်းကာလကြောင့်ပင် တဖြုတ်ဖြုတ်နှင့်သေဆုံးခဲ့ရလေသည်လား တိတိပပမပြောနိုင်ခဲ့သည့်တိုင် ရုန်ကာဒေဝီမြွေနတ်သမီး၏ (MOON STARS)ခေါ် လကြယ်စင်မျက်ရှင်တော် စိန်ကြီးနှစ်လုံးကိုအတင်းအကျပ်ဖြုတ်ယူလာခဲ့သည့် အချိန်မှစ၍ ကုန်းဘေး၊ ရေဘေး၊ မီးပေါက်လက်နက်ဘေးစသော ဘေးကပ်ဆိုးကြီးနှင့် မြွေသတ္တဝါကြီးများ၏ အန္တရာယ်ပေးမှုတို့ကြောင့် ဆုံးရှုံးကြွေလွင့်ခဲ့ရသော အသက်ပေါင်းများစွာတို့သည်။

"ခရီးဆက်မယ် မှဆိုးရေ ... တွေးမနေနဲ့ ငေးမနေနဲ့၊ ငါပြောခဲ့တဲ့အတိုင်း လူနည်းသွားလေလေ ... ဝေစုခွဲတမ်း ပိုပြီးရလေလေပဲ မှဆိုးရေ ... ဟင်း ဟင်း"

မေဂျာစမစ်၏လောဘသံသြသြကြီးက ညနေခင်းလေပြည်ထဲတွင် စီးမျောပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၄)

## ❖ အသက်ဝင်လာသောမြွေနတ်သမီး၏မျက်ရှင်တော် ❖

လပြည့်ည၏ ရွှန်းမြဝင်းပသော ငွေလပန်းကြီးက ညို့ကောင်းကင်ယံထက်တွင် မီးလုံးကြီးတစ်ခုချိတ်ဆွဲထားသည့်နှယ် မြူနှင်းလွှာပါးပါးကြားဝယ် တန့်တည်နေပါ၏။ ရွှန်းပသာယာလရောင်သည် . . . မင်းမောင်တို့တစ်ညဉ့်တာ နားခိုအိပ်စက်နေသည့် ဝါးရုံတောကြီးတစ်ပိုက်တွင် ကြဲဖြန့်လင်းလက်ပေးထားသည်။

လသာလျှင် တစ်ညဉ့်လုံးအိပ်ရေးပျက်ခံကာ မြည်ကြွေးနေတတ်သော ပန်းတိမ်ငှက်တစ်ကောင်၏ တကြော်ကြော်အော်မြည်သံက အလွမ်းဓာတ်ခံရှိသူများအား ပိုမို၍လွမ်းမောဆွတ်ပျံ့ဖွယ်ကောင်းအောင်ဖန်တီးနေသည်သို့ . . . ဝေရီညို့မှေးသော



လျှိုမြောင်ကြီးကြား သစ်ပင်ကြီးတစ်ပင်ထက်ဆီမှ . . . အချက်ကျကျတောက်နေသည့် ဖီးကွက်တစ်ကောင်၏ တောက်သံကလည်း လပြည့်ညဉ့်ရင်ခွင်ထဲတွင် လေးလေးမှန်မှန်ထွက်ပေါ်လျက်ရှိသည်။

အချုပ်ဆိုရပါမူ မြူနှင်းဖာလွှာပါးပါးလွှမ်းခြုံထားသည့် လပြည့်ည၏လရောင်ကြောင့် တောတောင်အလုံးသည် ပို၍လှပသာယာနေသည်သို့ . . .။

ညနေခင်းက ချောင်းရေစပ်တွင် ဆာဂျင်မက်သရူးဖမ်းမိလာခဲ့သောငါးနှစ်ကောင်ကို မင်းမောင်က ကြိမ်ခါးဖူးနှင့်ရောနှော၍ တောချက် ချက်ပြုတ်၍ကျွေးမွေးသဖြင့် ဟယ်လင်ပင် စားကောင်းကောင်းနှင့် စားသောက်ခဲ့သည်။ စားသောက်ပြီးစီးသည်နှင့် မေဂျာစမစ် . . . သူ၏ဆူဖြိုးထွက်လာသော ဝမ်းဗိုက်ကြောင့် စစ်ခါးပတ်ကြီးကိုချွတ်ကာ ပခုံးထက်တွင်တင်ထားလိုက်ပါ၏။ ဤသည်မှာ အစာစားစားပြီးလျှင် ပြုမူနေကျ မေဂျာစမစ်၏အကျင့်ပင်ဖြစ်သည်။

ဟယ်လင်က သူ၏ကျောပိုးအိတ်ထဲမှ လက်ကျန်ကော်ဖီမှုန့်ကိုသကြားနှင့်အချိုးကျရောစပ်၍ဖျော်ကာ အားလုံးမျှဝေ၍ သောက်ကြသည်။ မေဂျာမက်သရူး၊ ရဲဘော်ဂျိုးဇက်နှင့်မင်းမောင်တို့မှာ ထွေရာလေးပါးပြောဆိုကြရင်း ညဉ့်နက်သည်အထိ မအိပ်နိုင်ကြသေးဘဲရှိပါ၏။ ဝါးရုံတောကြီးသည် တောင်ကြားရှိ

www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်မြောင်ကြီးထဲတွင်ဖြစ်၍ မီးဖို၍ချက်ပြုတ်စားသောက်ကြခြင်းဖြစ်သည်။ လွင်ပြင်ဆိုလျှင် ရန်သူက မီးရောင်မြင်သွားမည်စိုး၍ မီးပင်မဖိုရဲကြ။ ရိက္ခာခြောက်များဖြင့်သာ ဝမ်းကိုပြီးစလွယ် ဖြည့်တင်းကြရသည်မဟုတ်ပါလား ...။

အချိန်က တရွေ့ရွေ့နှင့် သန်းခေါင်ယံပင် နီးကပ်လာခဲ့ပြီ။ တောတစ်ခုလုံးကျော် တောင်စောင်းဆင်ခြေလျှောတစ်နေရာမှ ချေငယ်တစ်ကောင် အထိတ်တလန့်ဟောက်သံနှင့် တောကြက်များလန့်ပြီးပြေးသံများထွက်ပေါ်လာခဲ့ပြီးနောက် ညဉ့်သည်ပြန်လည်၍တိတ်ဆိတ်သွားပါတော့သည်။

ထိုအချိန်တွင် ...

သစ်ပင်တွင် ကျောမှီ၍အိပ်မောကျနေသည့် မေဂျာစမစ်၏ပခုံးထက်တွင်တင်ထားသည့် ခါးပတ်ခေါင်းထဲမှ လင်းခနဲ လက်ခနဲ အလင်းတန်းများယှက်ဖြာထွက်လာသည်ကို ... မင်းမောင်တို့လူစု အံ့သြစွာမြင်တွေ့လိုက်ကြရပါသည်။

"ဟာ ...ဟို ...ဟိုမှာ ဘာဖြစ်တာလဲဟေ့ ... အလင်းတန်းကြီးတွေ လင်းနေပါလား"

"ဟုတ်တယ် ... မေဂျာစမစ်ရဲ့ပခုံးပေါ်ကနေ ထွက်နေတာကွ ...ဟော ...ဟော ... ကြည့် ...ကြည့်စမ်း ... ကောင်းကင်ယံကိုအလင်းတန်းကြီးနှစ်ခုထိုးတက်သွားပြီဟေ့"

"OH ... GOD ... ဘာတွေဖြစ်ကုန်ပြီလဲဟေ့"



ဆူဆူညံညံအသံများကြောင့် မေဂျာစမစ်နှင့် ဟယ်လင်တို့ပင်လန့်၍နိုးလာကြပါ၏။ နှစ်ဦးသားနိုးနိုးချင်းမှာပင် စူးရှလင်းလာသော အလင်းတန်းများကြောင့်မျက်လုံးများကို ကပျာကယာပင် ပြန်၍မှိတ်လိုက်ကြသည်။

"ဟေး ... ဘာတွေဆူဆူညံညံဖြစ်နေတာလဲ ဆာဂျင်"

"ဩော် ... မေဂျာရဲ့ ပခုံးပေါ်က ... ခါးပတ်ထဲကထင်တယ် ... ရောင်ခြည်တန်းတွေလင်းဖြာသွားပြီး ကောင်းကင်ကို ထိုးတက်ပျံသန်းသွားတာပါ မေဂျာ ... ဟို ... ဟိုမှာ ကြည့်ပါလား"

ဆာဂျင်မက်သရူးက မေဂျာစမစ်အား ကောင်းကင်ထက်တွင် ဖျံ့ဝဲကာလင်းလက်နေသည့် မီးလုံးကြီးနှစ်လုံးကို ညွှန်ပြလိုက်သည်။ ထိုအခြင်းအရာကြောင့် မေဂျာစမစ်မှာ သူ၏ခါးပတ်ခေါင်းအား အထိတ်တလန့်ပင် ယောင်ယမ်း၍စမ်းလိုက်သည်။ စင်စစ် သူ၏စစ်ခါးပတ်ခေါင်း၏ လျှို့ဝှက်အိတ်ထဲတွင် မြွေနတ်သမီး၏မျက်ရှင်တော်ဟုခေါ်ဆိုသည့် (MOON STAR) စိန်ကြီးနှစ်လုံးကို သိမ်းဆည်းထားခဲ့သည် မဟုတ်ပါလား။

"OH GOD ... လျှို့ဝှက်အိတ်ထဲမှာလည်း စိန်ကြီးနှစ်လုံးကရှိနေပါတယ် ...ဒါက ဘယ်လိုဖြစ်တာပါလိမ့်"

စစ်ခါးပတ်ခေါင်း၏ လျှို့ဝှက်အိတ်ထဲတွင် စိန်ကြီးနှစ်လုံးက နေရာမပျက်ရှိနေသည်မို့ ထိုအဖြစ်အပျက်ကို မေဂျာစ

www.burmeseclassic.com

www.burmeseclassic.com



မစ် အံ့သြတကြီးရှိနေပါနေ၏။ မင်းမောင်နှင့် ဟယ်လင်တို့ကမူ ညဉ့်ကောင်းကင်၏လပြည့်ဝန်းကြီးအနီးတွင် စုန်းတောက်စားသကဲ့သို့ ဝပ်ပျံလင်းလက်နေသည့် မျက်ရှင်တော်နှစ်လုံးကို အံ့သြစွာ ပင်ငေးကြည့်နေကြပါသည်။

"အဲဒါ ... မြေနုတ်သမီးရဲ့ မျက်ရှင်တော်နှစ်လုံးပဲ ... ဟယ်လင် ... သူ့ရဲ့ကျိန်စာပုရပိုက်ထဲမှာ ဖတ်ခဲ့မိတဲ့အတိုင်းဆိုရင် အဲဒီ ... မျက်ရှင်တော်ဟာ လပြည့်၊ လကွယ်ညတွေမှာ ကောင်းကင်ယံကိုတက်ပြီး ကျက်စားပျော်မြူးလေ့ရှိတယ်တဲ့ ... ဟယ်လင်"

"OH ... YES .. တကယ့်ကို မယုံကြည်နိုင်စရာပဲနော် ... မင်းမောင် ... မြွေဖြူကြီးရဲ့ မျက်လုံးမှာတပ်ထားတဲ့ စိန်ကြီးနှစ်လုံးဟာ မေဂျာစမစ်ဆီမှာမဟုတ်လား။ အခုဘာဖြစ်လို့ ကောင်းကင်ပေါ်ကိုရောက်သွားရထာလဲ ... မင်းမောင်"

ဟယ်လင်၏မေးခွန်းကို ဆာဂျင်မက်သရူးတို့ကလည်း စိတ်ဝင်တစားစနားထောင်ပေါ်၏။

"အင်း ... အဲဒါက ဆာဂျင်တို့နားလည်အောင် ဘယ်လိုပြောရမလဲ ... မသိဘူး ... ပြောရမယ်ဆိုရင်တော့ မျက်ရှင်တော်လို့ခေါ်တဲ့ (MOON STAR) စိန်ကြီးတွေရဲ့ တန်ခိုးသိဒ္ဓိထူးတွေပဲလို့ပြောရမယ်၊ ဟို ... ဟို ... စိန်ကြီးတွေ ကိုယ်တိုင်ကောင်းကင်မှတက်ပြီး မြူးကြ၊ ပျော်ပါးကြတာမဟုတ်ဘူး



လေ ... မျက်ရှင်တော်မှာရှိတဲ့ စွမ်းအင်သိဒ္ဓိထူးတွေက အခုလို လပြည့်ညတို့ လကွယ်ညတို့မှာ ကောင်းကင်ယံကိုတက်ပြီး ပျော်ပါးကျက်စားကြတာပါ။ ငါ့အထင် ပြောရရင် ... ခဏလောက်ကြာတဲ့အခါ သူတို့ဟာ ကောင်းကင်ကနေစိန်ကြီးရှိတဲ့နေရာကိုပြန်ပြီးဆင်းလာကြလိမ့်မယ်"

ရှည်လျားစွာရှင်းပြနေသည့် ... မင်းမောင်၏စကားများကို မေဂျာစမစ်ကိုယ်တိုင်ကလည်း မသိမသာနားစွင့်လျက် နားထောင်နေပါ၏။ မကြာမီကောင်းကင်ထက်တွင် ပျံဝဲပျော်မြူးနေကြသည့် အဖြူရောင်အလင်းတန်းကြီးနှစ်ခုမှာ အတန်ကြာမျှလှည့်ပတ်ဝေ့ဝဲနေကြရမှ ... တဖြည်းဖြည်းအလင်းများမှေးမှိန်ဖျော့တောလာပြီး ... သစ်ပင်အောက်ရှိ မေဂျာစမစ်ရှိရာသို့ ငှက်တစ်ကောင်ကဲ့သို့ ပျံဝဲတိုးဝင်သွားကာ ဖျတ်ခနဲပျောက်ကွယ်သွားပတော့သည်။

"OH ... YES .. မင်းမောင်ပြောတာ မှန်နေပါလား၊ ဟယ်လင်တောင် အစကအပိုစကားတွေ မဖြစ်နိုင်ပါဘူးလို့ ထင်နေမိတာ"

"ဟုတ်တယ် ဟယ်လင် .. ဒီအတိုင်းဆိုရင် မေဂျာစမစ်ယူလာခဲ့တဲ့ မျက်ရှင်တော်စိန်ကြီးနှစ်လုံးဟာ တော်တော်တန်ခိုးသိဒ္ဓိတွေရှိတာပဲ၊ နောက်ပြီး သူ့ရဲ့ကျိန်စာထဲကလို ကြက်လည်း သိပ်ပြီးခိုက်မယ့်ပုံပဲလေ၊ အေး ... ငါတို့ဆီမှာ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးခဲ့တဲ့ ကိုဟီးနူးစိန်ကြီးလိုဖြစ်မယ်ထင်တယ် ဟယ်လင်"

"OH ... NO ... NO .. ဘလယ်ဒီဖူးလ် ... ဖူးလ် ဖူးလ် ... အရူးတွေ ... အရူးတွေ ... မင်းတို့အားလုံး အရူးတွေချည်းပဲ ဒီမုဆိုးကောင်ပြောတိုင်း ယုံနေကြတယ်၊ ဟောဒီ ငါ့ရဲ့လက်ထဲက စိန်ကြီးတွေကို ဘယ်သူမှယူလို့မရဘူး၊ အေး ... ငါ့စကားကိုနားထောင်ရင် မင်းတို့အားလုံး ဝေစုရမယ်၊ ငါ့ကို ဆန့်ကျင်ဘက်လုပ်ရင်တော့ ကျည်ဆန်ပဲ ရမယ် ... ကြိုက်ရာကို ရွေးကြ ... ဟွန်း"

မေဂျာစမစ်မှာ သူရူးကြီးတစ်ယောက်နှယ် ဟစ်အော်ကြိမ်းမောင်းရင်း သူ၏စစ်ခါးပတ်ကြီးကိုခါးတွင်သေချာစွာ ပြန်၍ပတ်လိုက်သည်။ သူသည် မကြာမီ အင်ဖာစစ်မြေပြင်သို့ ရောက်ရှိပြီးပြီး ထိုမှတစ်ဆင့် အိန္ဒိယသို့၊ အိန္ဒိယမှတစ်ဖန် အင်္ဂလန်သို့ အန္တရာယ်ကင်းစွာရောက်ရှိပေလိမ့်မည်ဟု ယခုတိုင်ယုံကြည်နေဆဲဖြစ်ပါ၏။

မင်းမောင်နှင့်ဟယ်လင်ကမူ လောဘရူး၊ ဥစ္စာရူးကြီးကဲ့သို့ဖြစ်နေသည့် မေဂျာစမစ်ကိုကြည့်ကာ ခေါင်းတရမ်းရမ်းနှင့် အနီးရှိ သစ်ပင်အောက်တွင်ထိုင်ချလိုက်ကြပါ၏။ ဆာဂျင်မက်သရူးနှင့် ဂျိုးဇက်တို့က သူတို့၏သေနတ်များကိုတိုက်ချွတ်စစ်ဆေးနေကြသည်။

အရုဏ်သည် အမှောင်ထုကိုစစ်ခင်းလျက် နယ်လှည့်



ထွင်လာကြသည်။ တောကြက်ဖတို့၏ တစ်တောတစ်ကြက်ဖ တွန်သံသဲ့သဲ့ကို အရပ်ရှစ်မျက်နှာမှ ကြားလာရပါ၏။ တောနက်ကျ၍ လျှို့ချိုင့်ကြီးထဲသို့ရောက်ရှိနေကြသဖြင့် နေအရုဏ်ရောင်ခြည်ဦးကိုကား လုံးဝမမြင်ကြရသေးပါ။

လျှိုကြီး၏တစ်ဖက်ဝါးရုံတောအစပ်ဆီမှ ... ကျားဟိန်းသံ၊ ချေ (ဂျီ)ဟောက်သံ၊ ဆတ်တစ်သံကြီးများနှင့် တောကောင်ကြီးများဖြတ်သွားသဖြင့် ကြက်ငှက်သတ္တဝါငယ်လေးများ၏ လန့်ဖျပ်ပျံသန်းပြေးသံ၊ တောတိုးသံအချို့ကိုလည်း ကြားလိုက်ရသည်။ နေထွက်ပြီဟုဆိုနိုင်သော်လည်း နေလုံးနီနီကြီးကိုကား မတွေ့မမြင်ရသေး၊ မကြာမီ နှင်းဇာခြည်လွှာပါးပါးကို မဝံ့မရဲထိုးဖောက်လာကြသည့်နေခြည်အလင်းတန်းများ လျှိုကြီးထဲသို့ဖြန့်ဆင်းလာမှာပင် ... မင်းမောင်နှင့်ဆာဂျင်မက်သရူးတို့ ဦးဆောင်၍ ရှေ့ခရီးကိုဆက်ခဲ့ကြသည်။

ဝါးရုံတောကြီးမှလွန်မြောက်သည်နှင့် အကျယ်အဝန်းပေတစ်ရာကျော်လောက်ရှိသည် ... ရေသေမြောင်း သို့မဟုတ် လျှိုကြီးတစ်ခုကိုထပ်မံ၍တွေ့ရသည်။ ဟင်းလင်းပြင်နှင့် လတာကွင်းပြင်တို့မှ ဖြတ်သန်းသွားလာသည်နှင့်ဆိုလျှင် လျှိုထဲ ချိုင့်ထဲမှသွားလာရခြင်းကပို၍ပင် အန္တရာယ်ကင်းရှင်းသည်ဟု ဆာဂျင်မက်သရူးထင်မြင်ယူဆမိသည်။

သူတို့ရှေ့မှ ပိတ်ဆီးနေသည့်လျှိုကြီးကို သေချာစွာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ မြောင်ဆိုမှမြောင်။ လှိုဏ်ဆိုမှလှိုဏ်ပင်တည်း။ ဘေးတစ်ဖက်တစ်ချက်က ဝါးလုံးရှည်ကြီးများထောင်ထားသလို တောင်ကမ်းပါးယံကြီးတွေက အရိပ်ပမာကာဆီးထားပါလေ၏။ ဆာဂျင်မက်သရူးသေနတ်ကိုအသင့်ကိုင်လျက် လှိုဏ်ကြီးဆီသို့ ခြေလှမ်းပြင်လိုက်သည်တွင် ...။

“ဟိုး ...ဟိုး ...ခဏ ...ခဏလောက်နေပါဦး ဆာဂျင်၊ ဒီမှာ ...မသင်္ကာစရာလေးတွေ တွေ့နေရသလားလို့”

မင်းမောင်က ဆာဂျင်မက်သရူးကို ဟန့်တားလိုက်ပြီး နှင်းရည်များတစ်ဝသောက်ပြီး အစိမ်းရင့်ရောင်ပြေးနေသည့် မြေဆီလွှာဆီသို့ ငုံ့ကာစစ်ဆေးနေပါ၏။ စင်စစ် အသွားအလာအဝင်အထွက်ကျဉ်းမြောင်းသော လှိုဏ်ကြီးထဲသို့ ဝင်ရောက်သွားရမည်မို့ အသေးစိတ်ခြေရာလက်ရာများကို ကြည့်ရှုနေခြင်းဖြစ်ပါသည်။

“ဟင်”

ရုတ်တရက်မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မင်းမောင်ထိတ်ခနဲရင်ခုန်သွားပါ၏။ လှိုဏ်ကြီး၏အဝင်ဝတစ်ဖက်တွင် လူခြေရာများရှုပ်ယှက်ခတ်နေသည်ကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသည်။ သေချာဂရုတစိုက်ကြည့်လိုက်သောအခါမှ လှိုဏ်ထဲသို့ ဝင်သွားကြသည့်ခြေရာများသာ တွေ့ရှိရပြီး အပြန်ခြေရာတစ်ခုတလေမျှ မတွေ့ရှိရခြင်းက မင်းမောင်၏စိတ်ကို ပို၍



သံသယပွားစေပါ၏။

ထို့ကြောင့် ...ဆာဂျင်မက်သရူးတို့အား လှည့်၍ သတိပေးရန်ပြင်လိုက်စဉ်မှာပင် ...

‘ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း’

စင်စစ် ...မင်းမောင်တို့လူစုအား လှိုဏ်ကြီးထဲသို့ကျူးသွင်း၍ခြုံခိုတိုက်ခိုက်ရန် အပိုင်စီစဉ်ထားခြင်းဖြစ်ပါ၏။ သို့သော် မင်းမောင်၏မသင်္ကာဖွယ် အရိပ်အယောင်များကြောင့် ဂျပန်များက စတင်၍တိုက်ခိုက်ကြခြင်းဖြစ်သည်။

“ရန်သူ ...ဟေ့ ...နေရာယူကြ”

‘ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း’

‘ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်’

“အင့် ...ဟု”

ပွဲဦးထွက်မှာပင် သစ်ပင်ရင်းသို့ပြေးဝင်ကပ်လိုက်သည့် ဗိုးဇက်မှာ လမ်းခုလတ်မှာပင် ရန်သူတပ်များ၏ကျည်သင့်ကာ လွင့်စဉ်ကျသွားခဲ့သည်။ မေဂျာစမစ်မှာ သူ၏ကျောတွင် လွယ်ထားသည့် စက်သေနတ်ကိုဖြုတ်ကာ လှိုဏ်ကြီးအတွင်းသို့ တရစပ်ပစ်ခတ်နေပါ၏။ မမျှော်လင့်ဘဲ တန်ပြန်တိုက်ခက်ကြောင့် လှိုဏ်ကြီးထဲမှ ...ဂျပန်စစ်သားများ အခက်တွေ့သွားကြသည်။

‘ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်’

ထိုစဉ် ...ဆာဂျင်မက်သရူးနှင့် မင်းမောင်တို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အချိန်ကိုက်ထားကြသည့်နှယ် ...

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

"အ ...အင့် ...အူး"

မေဂျာစမစ်၏ဆုံးဖြတ်မှု၊ ဆာဂျင်မက်သရူးနှင့်မင်းမောင်တို့၏ရဲဝံ့စွန့်စားမှုတို့ကြောင့် လှိုဏ်ကြီးထဲမှအပိုင်စောင့်ကာ ပစ်ခတ်တိုက်ခိုက်ကြမည့် ဂျပန်စစ်သားများမှာ အတုံးအရုံးကျဆုံးကုန်ကြသည်။ သို့သော်လည်း ...တိုက်ပွဲက မပျော်လင့်ဘဲအနီးကပ်တိုက်ပွဲအသွင်သို့ ကူးပြောင်းသွားပါလေ၏။

"မင်းမောင် ...သတိထား ...နောက်မှာ"

'ဒိုင်း'

"အင့်"

ဆာဂျင်မက်သရူးအော်ဟစ်သတိပေးရင်း ရန်သူဂျပန်အား အချိန်မီပစ်ခတ်နိုင်ခဲ့သည့်တိုင် ရန်သူ၏လှံစွပ်ကိုမူ ရှောင်တိမ်းရန်အချိန်မရလိုက်တော့ ...။

"အင့် ...အု"

"ဟာ ...ဆာဂျင် ...ဆာဂျင်"

ရန်သူ့လှံစွပ်က မင်းမောင်အား တွန်းလွှတ်လိုက်သည့်ဆာဂျင်မက်သရူး၏ရင်ဝကို နက်ရှိုင်းစွာဖောက်ဝင်သွားပါတော့သည်။ ရုတ်တရက် သူ့အားအကာအကွယ်ပေးရင်း လှံစွပ်ထိသွားရသည့် ဆာဂျင်မက်သရူးကိုကြည့်ကာ မင်းမောင်မျက်လုံးတို့ ပြာဝေသွားကြသည်။



"သေကြ ...သေကြစမ်းကွာ"

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

"အ ...အင်း ...အူး"

ဆာဂျင်မက်သရူး၏အဖြစ်ကြောင့် ရုတ်တရက်ပေါက်ကွဲသွားသည့် မင်းမောင်၏အနီးကပ်တိုက်ခိုက်ခြင်းများကြောင့် ဂျပန်စစ်သားလေးငါးယောက် ပြိုလဲကျသွားကြပြန်သည်။ ထိုအချိန်တွင် ...မေဂျာစမစ်မှာလည်း လှိုဏ်ကြီးထဲသို့ ဝင်ရောက်လာကာ မည်းမည်းမြင်သမျှဘီလူးသရဲစီးသလို ပစ်ခတ်နေပါတော့သည်။

"ဟေး ...သေကြစမ်း ...ဂျပန်ကောင်တွေ"

'ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက် ..ဒက်'

"အ ...အီး"

ကျည်ဆန်ကုန်သွားသော မင်းမောင်မှာ ခါးကြားမှဓားမြှောင်ကိုထုတ်ကာဂျပန်စစ်သားအား ဝင်လုံး၍တိုက်ခိုက်ပြန်သည်။ ကျဉ်းမြောင်းသောလှိုဏ်ခြေအတွင်းဝယ် အနီးကပ်တိုက်ပွဲဖြစ်ပွားခဲ့သည်မို့ လူချင်းလုံးထွေးကုန်ကြသည်။

"အင့် ...အူး ...အား"

"စွပ် ...ဖွ ...အင့်"

မကြာမီ ...မေဂျာစမစ်၏ဘီလူးသရဲတစ်ကောင်နှယ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နိုင်သောစွမ်းရည်နှင့် ကျားရိုင်းတစ်ကောင်နှယ် လတ်
မြန်ခြေမြန်နှင့်သတ်ရဲဖြတ်ရဲသော သွေးနီခြင်းအောက်တွင် ...
ဂျပန်စစ်သားများအားလုံး အသက်ပျောက်ကုန်ကြပါချေပြီကော
လျှိုကြီးထဲဝယ် အသက်မသေဘဲသွေးစွန်းဒဏ်ရာအချို့နှင့် ကျန်
ရစ်သူများမှာ မေဂျာစမစ်၊ မှဆိုးလေးမင်းမောင်နှင့်မြက်ရိုင်းတော
ကြီးထဲဝယ် ကိုယ်ရောင်ဖျောက်ကာ ဝပ်နေရှာသည့် ဟယ်လင်
တို့ပင်ဖြစ်ပါချေ၏။

မင်းမောင်ကတော့ ... ဂျပန်စစ်သားအလောင်းကောင်
များ၏အလယ်တွင်သွေးစွန်းဒဏ်ရာများနှင့် ကျားရဲတစ်ကောင်
နှယ် မားမားစွင့်စွင့်ရပ်ကာ ဓားမြှောင်တစ်ချောင်းကို အသင့်
ဆုပ်ကိုင်လျက် ...။

မေဂျာစမစ်ကမူ အဆီပြန်နေသည့် မျက်နှာနီနီရဲရဲကြီး
နှင့်သေနတ်ကိုအသင့်ကိုင်ကာ ... ဝန်းကျင်ကိုမျက်ခြည်မပြတ်
စေ့ပတ်ကြည့်နေပါ၏။ သို့သော် ... သူ၏နောက်ဘက် မြက်
ရိုင်းပင်များကြားမှ တလူပ်လူပ်နှင့်ထိုးထွက်လာသည့် သေနတ်
ပြောင်းဝတစ်ခုကိုမူ မေဂျာစမစ်တစ်ယောက် သတိမထားမိနိုင်
ခဲ့ ...။

ထိုမြင်ကွင်းကို ရိပ်ခနဲမြင်လိုက်ရသူက မင်းမောင်ပင်
ထို့ကြောင့် လက်ထဲမှ ဓားမြှောင်နှင့် စမစ်၏နောက်မှအန္တရာယ်
ကောင်ဆီသို့ ပစ်လွှတ်လိုက်သည်။



"မေဂျာ ... သတိထား ... နောက်မှာ"

'ဝုစ် ..ဝုစ် ..ဒုတ် ..အင့်'

'ဒိုင်း'

"အား"

လှုပ်ရှားမှုအားလုံး တစ်ပြိုင်တည်းဖြစ်သွားပြီးချိန်မှာတော့
မေဂျာစမစ် ခွေခနဲပြိုလဲကျသွားသည်။ အနီးကပ်ပစ်လိုက်သော
ကျည်ဆန်က မေဂျာစမစ်၏ကျောမှရင်ဘတ်သို့တိုင် ဖွင့်ထုတ်
ပစ်လိုက်ပါချေပြီကော ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

### ◈ ပြည်တော်ပြန်မျက်ရှင်တော်...သို့မဟုတ် ◈

မိုးအကုန် ...ဆောင်းအကူး တဟူးဟူးတိုက်ခတ်နေသည့် လေပြည်ထဲတွင် မြက်ရိုင်းပင်တို့က ယိမ်းနွဲ့ဝှေ့ယမ်းနေကြသည်။

လောဘသားအတ္တဘီလူးမေဂျာစမစ်အား မင်းမောင်ကပျာကယာပွေ့ထူလိုက်သည်။ တစ်ချိန်တည်း လောဘသက္ကာရဖုံးကာ မုဆိုးလေးမင်းမောင်အပေါ် အငြိုးအတေးဖွဲ့ခဲ့သည့် မေဂျာစမစ်တစ်ယောက် နောင်တတရားများရရှိလာချိန်မှာတော့ သူ၏နောက်ဆုံးအချိန်က လက်တစ်ကမ်းတွင် ရောက်ရှိနေပြီမဟုတ်ပါလား။

ထို့အတူ ...နောက်ဆုံးအချိန်အထိ ဖွဲကြီးကြီးနှင့် မေ



ဂျာစမစ်အား သတ်ဖြတ်သုတ်သင်နိုင်ခဲ့သည့် ဂျပန်တပ်ကြပ်ကြီးယာမာဂူချိမှာလည်း မင်းမောင်၏ဓားမြှောင်ပစ်ချက်အောက်တွင် ဝိညာဉ်ချုပ်ငြိမ်းခဲ့ရပါ၏။ ထိုစဉ် မေဂျာစမစ်ထံမှ ညည်းညူသံသဲ့သဲ့နှင့်အတူ စကားလုံးအချို့ထွက်ကျလာကြသည်။

"အင်း ...ကျွတ် ကျွတ် ...ငါ ...ငါမှားခဲ့တယ် မုဆိုးရေ၊ မင်းရဲ့စကားတွေကို နား ...နားမထောင်ခဲ့ဘဲ စိန်ကြီးတွေကို မက် ...မက်မောခဲ့လို့ နောက် ...နောက်ဆုံးတော့ မင်းပြောတဲ့ကျိန်စာအတိုင်း မြွေနတ်သမီးက ငါ့ ...ငါ့ကို ဒဏ် ...ဒဏ်ခတ်လိုက်ပြီ ထင်တယ် ...အင့် ...အီး"

လောဘသားကောင် မေဂျာစမစ်တစ်ယောက် နောက်ဆုံးအချိန်သို့ရောက်ခါမှ မြွေနတ်သမီး၏ကျိန်စာကို သတိရလာခဲ့လေသည်ထင့် ...။ မျက်ရည်များစီးကျလာကာ မင်းမောင်ကို မမြင်မစမ်းနှင့်မော့ကြည့်ရင်း တစ်လုံးချင်းပြောနေပါသည်။

"မေဂျာ ...စကားမပြောပါနဲ့ ...မောနေလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် မေဂျာတို့ကို အင်ဖာစစ်မြေပြင်အထိ ငါ ကိုယ်တိုင်အရောက်လိုက်ပို့ပေးမှာပါ"

"ဟင်း ဟင်း ...သင့်ခယူပါ မင်းမောင်၊ ဒါ ...ဒါပေမယ့် ငါ ...ငါ မနေရတော့ဘူး၊ ဟို ...ဟိုမှာ မြွေ ...မြွေနတ်သမီးက စိတ်ဆိုးမာန်ဆိုးနဲ့ ခါးကြီးထောက်ပြီး ငါ့ကို ကြည့် ...ကြည့်နေပြီ မင်းမောင် ...အ ...ကျွတ် ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



မေဂျာစမစ်မှာ ဒဏ်ရာကြောင့် ကယောင်ကတန်းနှင့် ပြောဆိုနေသဖြင့် မင်းမောင်တို့က နှစ်သိမ့်စကားပြောလိုက်ကြသည်။

"ဘယ်သူမှမရှိပါဘူး မေဂျာရဲ့ ... မေဂျာ့အနားမှာ မင်းမောင်နဲ့ဟယ်လင်တို့ပဲရှိကြတာပါ၊ စိတ်အေးအေးထားပါ မေဂျာ"

"OH... NO... NO... မင်း ... မင်းတို့ ငါ့ကိုညာ ... ညာနေကြတာပါ ဟယ်လင်ရယ်၊ ဟို ... ဟိုမှာ မင်းမောင် နောက်ကနေ ရပ်ပြီး ငါ့ကို စူးစူးရဲရဲကြည့် ... ကြည့်နေတာ မြွေ ... မြွေနတ်သမီး ရှန် ... ရှန်ကာဒေဝီလေကွာ၊ နောက် ... နောက်ပြီး သူ့ကိုယ်မှာရစ်ပတ်ထားတဲ့ မြွေ ... မြွေဖြူကြီး ကလည်း မျက် ... မျက်လုံးဟောက်ပက်ကြီးနဲ့ သွေး ... သွေး ... သွေးတွေ စီး ... စီးကျလို့၊ အင်း ... ကျွတ် ကျွတ် ... ငါ ... ငါမှားတယ် ... ငါမှားတယ် ...၊

ဟော ... ဟော ... မြွေနတ်သမီးက ငါ့ကိုကြည့်ပြီး ဟားတိုက်တောင် ရယ်နေပြီ ... အား ... မြွေဖြူကြီးရဲ့ မျက်လုံး တော်ကနေ သွေးတွေ ... သွေးတွေ၊ ငါ ... ငါ တောင်း ... တောင်း ... တောင်းပန်ပါတယ် မြွေ ... မြွေနတ်သမီးရယ်"

မေဂျာစမစ်တစ်ယောက် ကယောင်ချောက်ချားပြောဆိုနေရာမှ သူ၏မျက်လုံးများအတွင်းမှ နီရဲသောသွေးများက ထွေး



ဆန်းစွာပင် တစိမ့်စိမ့်ယိုစီးကျလာခဲ့ပါချေပြီကော။ ဟယ်လင်မှာ သွေးပျက်ချောက်ချားစွာနှင့် နောက်သို့ပင် ခြေတစ်လှမ်းဆုတ်သွားပါ၏။

"ဟုတ် ... ဟုတ်တယ် ... မြွေဖြူကြီးရဲ့ မျက်လုံးတွေကို ယူခဲ့မိလို့ ငါ ... ငါ ကျိန်စာသင့်ခဲ့ရတယ် မုဆိုးရယ်၊ ငါ နောင်တရပါပြီ၊ ငါ့ရဲ့ခါးပတ်ခေါင်းထဲက လျှို့ဝှက်အိတ်ထဲမှာ မျက်ရှင်တော်စိန်ကြီးနှစ်လုံး ရှိ ... ရှိတယ်၊ အဲ ... အဲဒါယူ ... ယူသွားပြီး ရေ ... ရေလယ်ကျွန်းက မြွေဖြူကြီးမှာ ပြန်ပြီးထား ... ထားပေးပါ မုဆိုးရယ်၊ ဒီ ... ဒီ ကျိန်စာဆိုးကြီးက ငါသေသွားခဲ့ရင်တောင် ငါ့တို့ရဲ့မိသားစုအထိ ဒုက္ခ ပေး ... ပေးမှာစိုးလို့ မင်း ... မင်း ကိုယ်တိုင် ပြန်ထားပေးပါ့မယ်ဆိုတဲ့ ကတိ ... ကတိတော့ ငါ့ကိုပေး ... ပေးပါမုဆိုးရယ် ... အား ... ကျွတ် ကျွတ်"

မင်းမောင်ကိုယ်တိုင်ပင် မေဂျာစမစ်၏အဖြစ်ဆိုးကို ကြည့်ကာ ကြေကွဲဆို့နင့်နေပါပြီ။ ထို့ကြောင့် မေဂျာစမစ်၏လက်ကိုဖျစ်ညှစ်အားပေးလိုက်ရင်း ...

"စိတ်ချပါ မေဂျာ ... ငါ ... ငါကိုယ်တိုင် မြွေဖြူရုပ်တုကြီးဆီကို သွားပြီး မျက်ရှင်တော်စိန်ကြီးတွေကို မူလနေရာမှာ ထားပေးပါ့မယ် မေဂျာ"

"အာ ... အီး ... ကျေး ... ကျေး ... ကျေးဇူးတင်

www.burmeseclassic.com

www.burmeseclassic.com



အာ . . . အင့်''

ဒဏ်ရာပြင်းထန်စွာရရှိထားသည့် မေဂျာစမစ်မှာ ကျေးဇူးတင်စကားပင်ဆုံးအောင်မပြောနိုင်ပါလေတော့ မင်းမောင်၏ လက်ပေါ်မှာပင် ဖက်ကျိုးကျကာ သေဆုံးသွားပါလေတော့သည်။ မင်းမောင်မှာ မေဂျာစမစ်၊ ဆာဂျင်မက်သရှူးနှင့်ရဲဘော်ဂျိုးဇက် တို့၏ရုပ်အလောင်းများကို တောင်ကုန်းမို့မို့ထက်တွင် ကျကျနန မြှုပ်နှံသဂြိုဟ်ပေးလိုက်ပါ၏။

ဆည်းဆာလေပြည်အဝေ့တွင် သစ်ရွက်ခြောက်တို့ တဖွဲဖွဲကြွေသက်လျက် . . .။ မြက်ရိုင်းပင်ရှည်ကြီးများကလည်း လေပြင်းကြောင့် ရံဖန်ရံခါ ဦးညွှတ်ယမ်းခါနေကြသည်။

''မေဂျာတို့သုံးယောက်စလုံး ကောင်းကင်ဘုံက ခရစ်တော်မှာ အိပ်စက်အနားယူနိုင်ကြပါစေ''

ထို့နောက်မှာတော့ . . . မင်းမောင်နှင့်ဟယ်လင်တို့ နှစ်ယောက်သား လက်ချင်းချိတ်လျက် အနိဋ္ဌာရုံမြက်ရိုင်းတောကြီးကို ကျောခိုင်းထွက်ခွာသွားကြပါတော့သည်။ ယခုအချိန်မှာတော့ သူတို့နှစ်ယောက်အင်ဖာစစ်မြေပြင်သို့ရောက်ရှိရန် မလွယ်ကူပါတော့။ အင်္ဂလိပ်တို့၏ဆုတ်ခွာစစ်ကြောင်းကို ရိပ်စားမိသွားပြီဖြစ်သည့် ဂျပန်တို့သည် အင်ဖာစစ်ကြောင်းသို့ ဝင်ရောက်နိုင်သည့် လမ်းဟူသမျှကို စနစ်တကျ ပိတ်ဆို့လိုက်ကြပြီဖြစ်ပါ၏။

ထို့အပြင် . . . သူတို့၏ရှေ့ပြေးကင်းတပ်စိတ်နှစ်စိတ်



လုံးကို တစ်ယောက်မကျန်ချေမှုန်းသုတ်သင်လိုက်သည့် အင်္ဂလိပ်ဗြိတိသျှစစ်သားများကိုတပ်ဖြန့်ကာ တောနင်း၍ သဲသဲမဲမဲရှာဖွေလျက်ရှိကြပါသည်။ ဝင်လမ်းထွက်လမ်းများကိုသာမက ပုန်းခိုနိုင်မည့်နေရာမှန်သမျှ ပိုက်စိတ်တိုက်ကာရှာဖွေနေကြသည်မို့ မင်းမောင်နှင့်ဟယ်လင်တို့မှာ အင်ဖာစစ်ကြောင်းနှင့် ဆက်သွယ်နိုင်ရန် များစွာအခက်အခဲရှိနေပါတော့သည်။

ယခုလောလောဆယ်မှာပင် . . . မင်းမောင်နှင့်ဟယ်လင်တို့မှာ ဝါးရုံပင်များနှင့်ထူထပ်စွာပိတ်ဆည်းနေသည့်ကြားမှ ကျောက်ဂူလေးထဲတွင်ပုန်းခိုနေကြသည် မဟုတ်ပါလား . . .။

''အင်း . . . အင်ဖာကို လောလောဆယ်တော့ ဘယ်လိုမှမလွယ်သေးဘူး . . . ဟယ်လင်၊ ရှေ့ကို ငါတို့အရဲကိုးပြီး ခရီးဆက်တာနဲ့ အန္တရာယ်ခံတွင်းဝထဲကိုရောက်သွားမှာပဲ၊ အဲဒီအတွက် ငါ . . . စိတ်မကောင်းပါဘူး ဟယ်လင်ရယ်''

''ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့ ဒါလင်ရယ် . . . ယူနဲ့ အတူမခွဲတမ်းနေနေရသ၍ အချိန်တိုင်းဟာ ဟယ်လင့်အတွက် အပျော်ဆုံးအချိန်တွေချည်းပဲ မင်းမောင်ရေ . . . ဟင်း ဟင်း''

''ခြော် . . . ဟယ်လင်ရယ်''

သူ၏ရင်ခွင်ထဲသို့ တိုးဝင်လာသည့် ဟယ်လင့်ခန္ဓာကိုယ်လေးကိုနွေးထွေးဖက်တွယ်ထားလိုက်မိသည်။ လူမျိုးမတူ ဘာသာခြားသည့်ဟယ်လင်မှာ မင်းမောင်အားအမှန်တကယ်ပင် မခွဲ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မခွာရက် စူးစူးနစ်နစ်ချစ်နေရှာပါချေပြီကော ...။ သည်အချိန်သည် သူတို့နှစ်ဦးအတွက် လွန်စွာမှအရေးကြီးသောအချိန်ကာလတစ်ခုဖြစ်ပါ၏။ ဤတော ... ဤတောင်သည် ချစ်သူနှစ်ဦးကို အပြည့်အဝလုံခြုံမှုပေးစွမ်းနိုင်ပါမည်လား ... သူတို့နှစ်ဦးမည်သည့်အချိန်ကာလအထိ ရန်သူဂျပန်များ၏ လက်မှ ပုန်းခိုရှောင်တိမ်းနိုင်ပါမည်နည်း။

ကျောက်ဂူအပြင်ဘက်မျ နှင်းဖွဲ့န်းလေပြည်က ဂူတွင်းထိတိုင် ဝေ့ဝဲတိုက်ခတ်လာပါ၏။ ဝါးရွက်၊ ဝါးကိုင်းတို့ကို တဖျတ်ဖျတ်နှင့်လေတိုးသံက တိတ်ဆိတ်ငြိမ်သက်နေသည့်အချိန်တွင်း အတန်ငယ်ကျယ်လောင်နေသည့်သို့ ...။

ထိုအခိုက်မှာပင် ... မင်းမောင်၏ အာရုံထဲသို့ အတွေးတစ်ခု ဖျတ်ခနဲဝင်လာသည်။

"ဟာ ... ဟယ်လင် ... ငါ အခုမှပဲတွေးမိတယ်"

"အလန့်တကြားရှိလိုက်တာ ... မင်းမောင်ရယ် ... ကဲ ပြော ဘယ်လိုအတွေးလဲဆိုတာ"

ဟယ်လင်က မင်းမောင်၏ဒူးခေါင်းထက်တွင် သူ၏မေးချွန်ချွန်လုံးလုံးလေးကိုတင်ကာ ချစ်ရသူပြောလာမည့်စကားသံတို့ကို နားစွင့်နေပါ၏။

"ဒီလို ဟယ်လင်ရဲ့ ... ငါတို့တစ်တွေ ဟိုပုန်းဒီရှောင်လုပ်နေကြရမယ့်အတူတူ ... ဟို ရေလယ်ကျွန်းဘက်ကိုသွားကြရင် ကောင်းမယ်ထင်တယ်၊ မေဂျာစမစ်ရဲ့ဆန္ဒအရ မြွေနတ်သမီးရဲ့စိန်ကြီးနှစ်လုံးကိုလည်း ပြန်ပြီးထားပေးရင်း ... အဲဒီမှာ ပုန်းခိုနေကြတာ ... ပိုပြီး ငါတို့အတွက် စိတ်ချရမယ်ထင်တယ် ... ဘယ့်နှယ့်လဲ ဟယ်လင်"

"OH ... GOOD IDEA ... ကောင်းလိုက်တဲ့ စိတ်ကူး ... ဟုတ်တယ် မင်းမောင် ... မြွေနတ်သမီးရဲ့ မျက်လုံးတော်တွေကို လက်ထဲမှာကြာကြာကိုင်ထားရတာ ... ဟယ်လင် စိတ်မသန့်ဘူး မင်းမောင်။ နောက်ပြီး ... အန္တရာယ်လည်းများတယ်၊ ဒီတော့ ... ဂျပန်တွေလက်ကနေရှောင်တိမ်းပြီးသားလည်းဖြစ်၊ မျက်ရှင်တော်တွေလည်း မြန်မြန်ပို့နိုင်ဆိုတော့ ... ဒါ ယင်ပြောတဲ့စိတ်ကူးဟာ အသင့်တော်ဆုံးပဲ ... မြန်မြန်သာ အကောင်အထည်ဖော်ပေတော့"

"သိပ်ပြီးလည်း စိတ်မပူပါနဲ့ ဟယ်လင်၊ မြွေနတ်သမီးရဲ့မျက်ရှင်တော်တွေဖြစ်တဲ့ ... စိန်ကြီးတွေနဲ့ပတ်သက်ပြီး ငါတို့ရဲ့ရင်ထဲမှာ လောဘဆိုလို့ မြူတစ်မှုန်တောင်ရှိတာမဟုတ်ဘူးဆိုတော့ ငါတို့နှစ်ယောက်လုံးမှာ အပြစ်ကင်းစင်ပါတယ် ဟယ်လင်ရယ်"

ဤသို့ဖြင့် မင်းမောင်နှင့်ဟယ်လင်တို့မှာ အန္တရာယ်များလှသော ရှေ့ခရီးအားမဆက်တော့ဘဲ မြွေနတ်သမီးရှိရာ ရေလယ်ကျွန်းကြီးဆီသို့ ထွက်ခွာလာခဲ့ကြပါတော့သည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆီမှာတော့ နက်ရှိုင်းသောတောနှင့်မြင့်မားသော တောင်စဉ်တောင်တန်းများကဆီးကြိုနေကြသည်။ သို့သော် . . . တောကျွမ်းသောမှုဆိုးနှင့်ချစ်သူနှင့်အတူယှဉ်တွဲနေထိုင်ရမည့် အိပ်မက်စိတ်ကူးတို့ဖြင့်ပျော်ရွှင်တက်ကြွနေသည့် လူသားနှစ်ယောက်တို့ကို အဘယ်သို့သောအရာက တားဆီးနိုင်ကြပါချေမည်နည်း။

မုဆိုးခြေထောက် . . . ဆူးမကြောက်။

တောင်ကြီး . . . ဖဝါးအောက် ဟူသော ဆောင်ပုဒ်စကားသည် . . .။

မင်းမောင်နှင့်ဟယ်လင်တို့နှစ်ယောက်အား ရည်စူးရေးသားခဲ့လေသည်ထင့် . . .။ ယခုအချိန်မှာတော့ အရာအားလုံးအတွက် ချစ်သူနှစ်ယောက် ဓားတောင်ကိုကျော်နင်း၍ မီးပင်လယ်ကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပြီမဟုတ်ပါလား။ စုစုပေါင်း လေးညနှင့်သုံးရက်တင်းတင်း ပြည့်သည့်နေ့လယ်ပိုင်းမှာတော့ ရည်မှန်းချက်ဖြစ်သည့် မြွေနတ်သမီးပျော်ပါးကျက်စားရာ ရေလယ်ကျွန်းကြီးဆီသို့ ရောက်ရှိလာခဲ့ပါတော့သည်။

ရေလယ်ကျွန်းကြီးပေါ်မှ ကျောက်ဖြူရဲတိုက်ကြီးကတော့ . . . မင်းမောင်တို့နှစ်ယောက်အား တိတ်ဆိတ်ငြိမ်သက်စွာပင် ဆီးကြိုနေသည်သို့ . . .။ ပို၍ အဆင်ပြေသည်မှာ မေဂျာစမစ်တို့ ပြုလုပ်ထားခဲ့သည့် ဝါးဖောင်လေးက ကမ်းစပ်တွင် အဆင်သင့်ဆိုက်ကပ်ထားပါလေ၏။



"ဟား . . . တယ်ဟုတ်ပါလားဟေ့ . . . မေဂျာတို့ လုပ်ထားခဲ့တဲ့ ဝါးဖောင်လေးက ကမ်းခြေမှာ ဒီအတိုင်းပဲရှိသေးတာကိုး။ လာ . . . ဟယ်လင်ရေ . . . အချိန်ရှိတုန်း ရေလယ်ကျွန်းဆီကိုသွားကြစို့ . . . တက် . တက် . . . သေချာတက်"

မင်းမောင်မှာ ဟယ်လင်ဖောင်ပေါ်သို့ အဆင်ပြေအောင်တက်နိုင်ရန်လက်ကိုဆွဲ၍ ထိန်းပေးလိုက်သည်။ ထိုးဝါးမှီသောနေရာအထိ ဝါးဖောင်ကို ထိုးဝါးနှင့်ရွှေ့လျားစေပြီး . . . ရေနက်သည့်ရေလယ်မှာတော့ ဝါးယက်နှင့်လှော်ခတ်နေသည်။ ရေအိုင်ထဲရှိ မီကျောင်းကြီးမှာ ဤတစ်ကြိမ်တွင် ထူးခြားစွာငြိမ်ချက်သားကောင်းနေပါလေ၏။

မကြာမီ . . . မင်းမောင်၏ဝါးဖောင်လေးသည် ရေလယ်ကျွန်း၏ကျောက်ဆောင်များကြားတွင် ဆိုက်ကပ်လိုက်ပါသည်။ ယခုအချိန်ထိတိုင် . . . မင်းမောင်တို့အား အန္တရာယ်ပေးမည့်သူ တစ်စုံတစ်ယောက်မှမရှိသေးပါ။ သေနတ်များကို အသင့်ကိုင်လျက်ကျွန်းပေါ်သို့ သတိနှင့်တက်လာခဲ့သည်။

"ဟာ . . . ဟို . . . ဟိုမှာ . . . မင်းမောင်"

ကျောက်ဖြူသားရဲတိုက်အနီးတွင် သေနတ်ဒဏ်ရာများနှင့် လဲကျသေဆုံးနေသည့် ကျွန်းစောင့်နှစ်ယောက်အား တွေ့လိုက်ရမှ . . . မင်းမောင်သဘောပေါက်နားလည်သွားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဟယ်လင် . . . ဒါ . . . မေဂျာစမစ်တို့နဲ့ တိုက်ပွဲမှာသေဆုံးသွားခဲ့ကြတဲ့ ကျွန်းစောင့်မျိုးနွယ်စုတွေပဲ . . . ဒီလိုဆို တိုက်ပွဲဖြစ်ပွားပြီးကတည်းက ကျွန်းပေါ်ကို ဘယ်သူမှ မရောက်ကြသေးဘူး ဟယ်လင်"

"ဟုတ်နိုင်ပါ့မလား . . . မင်းမောင်"

"သေချာပါတယ် . . . ငါတို့စီးလာတဲ့ ဝါးဖောင်အခြေမပျက်ရှိနေတာရယ် . . . သေဆုံးနေကြတဲ့အလောင်းတွေ ပုံစံမပျက်ရှိနေတာတွေက ဒီကျွန်းပေါ်က နောက်ထပ်တစ်ယောက်မှ ရောက်မလာခဲ့ကြဘူးဆိုတာ သက်သေပြနေကြတယ်လေ"

ကျွန်းပေါ်တွင် ခြေရာလက်ရာမပျက် တွေ့မြင်နေကြရသဖြင့် နှစ်ယောက်သား . . . မြွေနတ်သမီးစံပျော်ရာ ကျောက်ဖြူရဲတိုက်ကြီးအတွင်းသို့ ရဲရဲဝံ့ဝံ့ရောက်လာခဲ့ကြပါတော့သည်။ မင်းမောင်ထင်သည့်အတိုင်းပင် ကျောက်ဖြူရဲတိုက်ကြီးအတွင်းရှိ မြွေဖြူရုပ်တုကြီး၏ရှေ့တွင် မြွေဆိပ်များနှင့်သေဆုံးနေသော ဗြိတိသျှစစ်သားတော်နီ၏ ပုတ်ပွနေသော အလောင်းနှင့်မြားထိမှန်ကာ ရုပ်တုပေါ်မှလိမ့်ကျသေဆုံးခဲ့သည့် . . . ဒေါ်လ်ဆင်တို့၏ ရုပ်အလောင်းများက ကျက်သရေကင်းမဲ့စွာဆီးကြိုနေကြသည်သို့ . . .။

* * *

# အခန်း(၂၆)

## မြွေနတ်သမီးကျိန်စာ..နိဂုံးနိဒါန်း

တစ်ချိန်တည်းမှာပင် . . . မင်းမောင်တို့၏သတင်းကိုရရှိသွားသည့် ဂျပန်တပ်စိပ်တစ်စိတ်မှာ နောကမှခြေရာခံ၍ လိုက်လာကြရင်း မမျှော်လင့်ဘဲရေလယ်ကျွန်းသို့ရောက်ရှိလာခဲ့ကြပါလေ၏။ တောနက်ကြီးအတွင်းမှ ကျယ်ပြောလှသည့် ရေအိုင်ကြီးတစ်ခု . . . ထို . . . ရေအိုင်ကြီးအလယ်မှ . . . ထူးဆန်းသည့်ကျောက်ဖြူသားရဲတိုက်ကြီး . . . စသည် စသည်တို့က ဂျပန်တပ်စိတ်ကိုဦးဆောင်လာသည့် တပ်ကြပ်ကြီးယာမာရှိတာအား လွန်စွာစိတ်ဝင်စားသွားစေပါသည်။

"ဟား . . . ထူးဆန်းတဲ့ရေအိုင်ကြီးနဲ့ ရေအိုင်ကြီးအလယ်ကကျွန်းပေါ်မှာ ရဲတိုက်ကြီး . . . တစ်ခုပါလား အိုဆာကီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ...ဟုတ်တယ် ...ဒီရဲတိုက်ကြီးနဲ့ ဟို ... ထွက်ပြေးနေတဲ့ ဘိုမလေးတို့နဲ့ဘယ်လိုပတ်သက်နေသလဲမှ သိတာ ...ဟို ...ဟို ...စကားပြန်ငတင်ကိုမေးကြည့်ရ တော့ သိနိုင်မယ်ထင်တယ်"

"ဟေး ...မောင်တင်စံ ...မောင်တင်စံ"

တပ်ကြပ်ကြီးယာမာရှိတာက သူတို့၏စကားပြန် မောင်တင်အားခေါ်လိုက်သည်။ မရှေးမနှောင်းမှာပင် စကားပြန် မောင်တင်ရောက်ရှိလာခဲ့သည်။

"မောင်တင်စံ"

"ဟိုက် ...မာစတာ"

"ဟောဒီရေအိုင်ကြီးနဲ့ ဟိုမှာမြင်နေရတဲ့ ရဲတိုက်လိုလို အဆောက်အအုံကြီးက ဘာလဲ မောင်တင်စံ"

ရေအိုင်ကြီးကိုမြင်ကတည်းက သူ့ကိုမေးတော့မည်မှန်း ကြိုတင်သိနေသဖြင့် မောင်တင်မှာ မသိမသာရှောင်နေခြင်းဖြစ် သည်။ ယခုကဲ့သို့ တပ်ကြပ်ကြီးယာမာရှိတာကိုယ်တိုင် မေးမြန်း နေသည့်အခါမှာတော့ ...မည်သို့မျှ ကွယ်ဝှက်၍ မဖြစ်ပါလေ တော့ ...။

"ငါမေးနေတယ်လေ မောင်တင်စံ"

"ဟို ...ဟို ...အဲ ...အဲဒါ ...မြွေ ...မြွေနတ် သမီးကျွန်းလို့ခေါ်ပါတယ် မာစတာ၊ ဒီရေအိုင်ကတော့ မရော



ရေအိုင်ပါ ...ရေအိုင်ကြီးထဲမှာ မိကျောင်းတွေရှိတယ်၊ အင်း ...အဲ ...အဲဒီမိကျောင်းတွေကို ဟို ...ဟို ...မြွေ ...မြွေ နတ်သမီးက မွေး ...မွေးထားတာတဲ့ မာစတာ"

"ဘာ ...မြွေ ...နတ် ...သမီး ...ဘာဂဲရီး မြွေနတ်သမီး"

"ဟိုက် ...ဟိုက် ...မြွေနတ်သမီးလို့ခေါ်ပါတယ် မာစတာ ...အင်မတန်ကြောက်စရာကောင်းသလောက် အန္တ ရာယ်များတယ် မာစတာ၊ မသွားပါနဲ့ မာစတာ ...နောက်ပြီး အဲဒီကျွန်းပေါ်မှာ အဆိပ်ပြင်းတဲ့မြွေကြီးတွေလည်း အများကြီး ရှိတယ် မာစတာ"

စကားပြန်မောင်တင်က မြွေနတ်သမီးကျွန်းအကြောင်း ကို ကြားဖူးနားဝရှိထားသဖြင့် တပ်ကြပ်ကြီးယာမာရှိတာအား ဟန့်တားပြောဆိုနေသော်လည်း ယာမာရှိတာက နားမဝင်။ ဘိုမ လေးနှင့်မုဆိုးလေးအားဖမ်းဆီးနိုင်ရေး၊ ကျွန်းပေါ်သို့ရောက်ရှိနိုင် ရေးအတွက် ဝါးဖောင်တစ်ခုကို အလျင်အမြန်ပြုလုပ်ရန် ခိုင်းစေ လိုက်ပါတော့သည်။

ထိုအချိန်တွင် ကျောက်ဖြူရဲတိုက်ကြီးအတွင်းရှိ ကြီးမား လှသော မြွေဖြူရုပ်တုကြီး၏ရှေ့တွင် မင်းမောင်မှာ (MOON STARS)ခေါ် မျက်ရှင်တော်စိန်ကြီးနှစ်လုံးကို ရှိသေစွာကိုင်တွယ် ၍ တစ်စုံတစ်ရာကိုပြောဆိုရေရွတ်နေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို ... လောကကိုစောင့်ရှောက်အပ်တဲ့ ရန်ကာဒေဝီ မြွေနတ်သမီး ... သင့်ရဲ့ အကူအညီတောင်းစေခိုင်းမှုကြောင့် မြွေနတ်သမီးရဲ့ မျက်ရှင်တော်ဖြစ်တဲ့ စိန်ကြီးနှစ်လုံးကို ငါကိုယ်တိုင် လာပြီးပို့ပေးပါတယ် ...

မြွေနတ်သမီးကို ပြစ်မှားစော်ကားခဲ့ကြတဲ့ အပြစ်သားတွေဟာလည်း မြွေနတ်သမီးရဲ့ကျိန်စာထဲကအတိုင်း သေကျေပျက်စီးကုန်ပါပြီ၊ သူတို့ကျူးလွန်ခဲ့တဲ့အပြစ်တွေကိုလည်း ကျေပါ၊ ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ...၊

ဟောဒီ မျက်ရှင်တော်လို့ခေါ်တဲ့ ... စိန်ကြီးနှစ်လုံးကိုလည်း မူလ ... မြွေဖြူရုပ်တုကြီးမှာ ပြန်လည်တပ်ဆင်ပေးပါ့မယ် ... ခွင့်ပြုတော်မူပါ ရန်ကာဒေဝီမြွေနတ်သမီး"

ထို့နောက်မှာတော့ ... ဟယ်လင်ကို သေနတ်တစ်လက်နှင့်အောက်တွင်ထားရစ်ခဲ့ပြီး ... မျက်ရှင်တော်စိန်ကြီးနှစ်လုံးကို ယူကာ မြွေဖြူရုပ်တုကြီးပေါ်သို့ မင်းမောင်ခိုတွယ်၍ တက်ခဲ့ပါတော့သည်။ မြွေဖြူရုပ်တုကြီး၏ဦးခေါင်းပေါ်သို့ရောက်သည်နှင့် စိန်ကြီးနှစ်လုံးကို မူလမျက်လုံးတော်နေရာဖြစ်သော တွင်းချိုင့်ကြီးထဲသို့ စနစ်တကျတပ်ဆင်ပေးလျက်ရှိပါ၏။

ထိုစဉ်မှာပင် ...

ဂျပန်တပ်ကြပ်ကြီးယာမာရှီတာဦးစီးသော ဂျပန်တပ်စိတ်သည် ရေလယ်အိုင်ထဲရှိ ကျောက်ဖြူရဲတိုက်ကြီးရှေ့သို့



ရောက်ရှိလာခဲ့ကြပါသည်။ သို့သော် ... ဂျပန်တပ်စိတ်သည် ကျောက်ဆောင်ကွယ်များနောက်တွင် တိတ်တဆိတ်ချောင်းမြောင်းနေကြသည့် ကျွန်းစောင့်မျိုးနွယ်စုတို့အား သတိမထားမိကြပါလေ ...။

တပ်ကြပ်ကြီးယာမာရှီတာက ကျောက်ဖြူရဲတိုက်ကြီးထဲသို့ချီးကွေ့ဝင်ရောက်လိုက်သည်နှင့် ကြီးမားလှသောမြွေဖြူရုပ်တုကြီးပေါ်မှဆင်းလာနေသည့်မင်းမောင်နှင့် ရွှေရောင်ဆံပင်မလေးဘိုမလေး ဟယ်လင်တို့ကိုတွေ့ရှိသွားပါလေတော့သည်။

"ဩော် ... ခင်းတို့က ဒီ ရဲတိုက်ကြီးထဲမှာ လာပြီး ခိုအောင်းနေကြတာကိုး ... ဟင်း ဟင်း ... သေပေတော့"

ယာမာရှီတာက ... မြွေဖြူရုပ်တုကြီးပေါ်မှ ပြန်၍ဆင်းသက်နေသည့် မင်းမောင်အား ပစ္စတိုသေနတ်ဖြင့် ပစ်ချလိုက်သည်တွင် ...

"ဟာ ... မင်း ... မောင် ... ဒါလင် ... ရန်သူ"

ချစ်သူအား ဟစ်အော်သတိပေးရင်း ယာမာရှီတာ၏ သေနတ်ကိုင်လက်ပေါ်သို့ ပြေးလွှား၍ခုန်အုပ်လိုက်သည်။

'ဒိုင်း'

"အင့်"

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ယာမာရှီတာက မင်းမောင်ထံသို့ချိန်ရွယ်၍ ပစ္စတိုသေနတ်မောင်းခလုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ချလိုက်ချိန် . . . ဟယ်လင်က ရုတ်တရက်ပြေးဝင်လာ ပြီး ယာမာရှိတာ၏ ပစ္စတိုသေနတ်ပေါ်သို့ . . . မှောက်ချလိုက်သည် နှင့် ပေါက်ကွဲသံတို့က ပြိုင်တူဖြစ်ပေါ်သွားကြပါတော့သည်။

"ဟာ . . . ဟယ်လင် . . . ဟယ်လင်"

မင်းမောင်မြေရုပ်တုကြီးပေါ်မှ လွှားခနဲခုန်ချလိုက် ကာ ချစ်ရသူဟယ်လင်က တဖြည်းဖြည်းပြိုလဲကျနေပါချေပြီကော။

"ဟယ်လင် . . . ဟယ်လင် . . . ကိုင်းကွာ"

ဟယ်လင်အား သေနတ်ထိမှန်သွားသဖြင့် ကြောင်စီစီ ဖြစ်သွားသည့် ယာမာရှိတာ၏ ရင်ဝသို့ . . . မင်းမောင်၏ ဓား မြှောင်ကဒေါသတကြီးစူးနစ်ဝင်ရောက်သွားပါတော့သည်။

'ဝှစ် . . ဒုတ်'

"အား"

ခွေလဲကျသွားသည့် ဂျပန်စစ်သား၏သေနတ်ကို မင်း မောင်ကောက်ယူကာ ရဲတိုက်ကြီးအတွင်းသို့ ဝင်ရောက်လာကြ သော ဂျပန်စစ်သားများကို ဆက်တိုက်ပစ်ချလိုက်ပါတော့သည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

"အ . . . အား . . . အီး"

မင်းမောင်၏ ဘီလူးသရဲစီးနေသော သေနတ်ပစ်ချက် များအောက်တွင် ဂျပန်စစ်သားတချို့ အတုံးအရုံးလဲကျသေဆုံး ကုန်ကျသကဲ့သို့ အပြင်ဘက်ရှိဂျပန်စစ်သားများမှာလည်း ကျွန်း



စောင့်မျိုးနွယ်စုတို့၏ မြားချက်အောက်တွင်မရှုမလှသေဆုံးကုန် ကြပါလေ၏။ တိုက်ပွဲက မင်းမောင်၏ နှလုံးသွေးပျက်လုခမန်း ပစ်ခတ်မှုအောက်တွင် နိဂုံးချုပ်သွားခဲ့ပါပြီ။ မြေနုတ်သမီး၏ ကျောင်းဆောင်ရဲတိုက်ဝန်းကျင်မှာတော့ ဂျပန်စစ်သားများ၏ အလောင်းများက သွေးသံတရဲရဲနှင့် မြင်မကောင်းအောင် လဲကျ သေဆုံးလျက်ရှိကြသည်။

မြေနုတ်သမီးကျွန်းပေါ်မှာတော့ . . . အသက်မက ချစ် လှပါသော ဟယ်လင်၏သွေးများက ယိုစီးကျလျက် . . .။ နာကျင် သောရင်၊ ကြေကွဲသောနှလုံးနှင့် သူ့အားအသက်ပေး၍ချစ်ပြ သွားသော ဟယ်လင်၏ရုပ်အလောင်းလေးကို ထွေးပွေ့လိုက် သည်။

"ဖြစ်မှဖြစ်ရလေ ဟယ်လင်ရယ် . . . ငါတို့ရည်မှန်း ချက်တွေ ပြည့်ဝအောင်မြင်ခါနီးမှကွာ . . .၊ ငါလိုမှဆိုးအရိုင်း တစ်ယောက်အတွက် မင်းရဲ့အသက်ကိုတောင်စွန့်ပြီး ချစ်ပြသွား ရသလား ချစ်သူရယ်"

ကျွန်းပေါ်မှာတော့ ညနေခင်းလေပြည်က ဝေ့ဝဲတိုက် ခတ်လျက်ရှိပါ၏။ မည်သည့်နေရာမှထွက်ပေါ်လာသည်မသိသော တချွင်ချွင်နှင့်လှုပ်ခတ်သံလေးက . . . ဟယ်လင်၏နောက်ဆုံး ခရီးကိုလွမ်းမောဖွယ်ဖန်တီးနေလေသည်လား . . . ချစ်ရပါသော ဟယ်လင်၏သက်မဲ့ခန္ဓာကိုယ်လေးကို မြတ်နိုးယုယစွာ ပွေ့ချီ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဝါးဖောင်ပေါ်သို့ တင်ကာ ရေလယ်ကျွန်းမှထွက်ခွာလာခဲ့သည်။

"ဩော် . . . ချစ်ရတဲ့ ဟယ်လင်ရယ် . . . မှားယွင်းတဲ့ လောဘရမ္မက်ဆိုးတွေနဲ့ မပြစ်မှားသင့်တဲ့ ရှန်ကာဒေဗီ မြွေနတ်သမီးကို ပြစ်မှားကျူးလွန်ခဲ့ကြလို့ ကျိန်စာသင့်ခဲ့သူတွေလည်း သင့်ခဲ့ရပြီ၊ ငါ့အတွက် အသက်စွန့်ပြီးချစ်သွားခဲ့တဲ့ ဟယ်လင်နဲ့တော့ နောင်တမလွန်ဘဝတွေမှာ ပြန်လည်ဆုံစည်းစေဖို့သာ ဆုတောင်းပေးပါတော့ မြွေနတ်သမီးရယ်"

ချစ်သူကိုတင်ဆောင်လာသည့် ဝါးဖောင်လေးက ရေလယ်တွင် တရွေ့ရွေ့နှင့် . . .။

ထိုစဉ်မှာပင် . . .

မြွေနတ်သမီးကျောက်ဆောင်ရဲ့ဝိုက်ကြီးဆီမှ ကြီးမားလှသော မြွေဖြူကြီးကိုရစ်ပတ်လျက် မင်းမောင်အားပြုံးချိုကြည်စွာ ကြည့်ရင်းလက်ပြ‌နှုတ်ဆက်နေသည့် . . . မြွေနတ်သမီး ရှန်ကာဒေဗီ၏ ရုပ်သွင်ကို နှလုံးသားထဲမှ ထင်လင်းစွာမြင်တွေ့လိုက်ရပါတော့သတည်း။

ယောနိသောမနသိကာရ

# သက်မင်းကျူလိုင်

www.burmeseclassic.com